www.burmeseclassic.com

ဝဏ္ဏအောင်

နေဝန်းသစ်စာပေ

# ဒေါင်းနဂါးမဝါ



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

စာမူကြိုတင်ခွင့်ပြုချက်အမှတ်　　၇၃၃ / ၉၂ (၁၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်　　၇၇၁ / ၉၂ (၁၂)

ပထမအကြိမ်၊ ၁၉၉၃ ခုနှစ်၊
ဖေဖော်ဝါရီလ၊
အုပ်ရေ ၄၀၀၊
တန်ဖိုး ၄၅/-

**မျက်နှာဖုံးရိုက်၊**

ဦးတိုးဝင်း (မြဲ – ၀၂၄၃၁) နေလရောင်အော့ဖ်ဆက်
၉၆၊ ၁၁ လမ်း၊ ရန်ကုန်မြို့

**ထုတ်ဝေသူ၊**

ဦးသောင်း [မြဲ ၀၁၁၁၄] ရွှေပင့်ကူစာပေ အမှတ် ၅၂၅/ခ၊
ဧရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်

**ပုံနှိပ်သူ၊**

ဒေါ်ကျင်ငွေ (မြဲ – ၀၃၁၄၆)-မျှူးအောင်ပုံနှိပ်တိုက်
အမှတ်-၁၊ စပယ်ခြံ ၃-လမ်း၊ ကမာရွတ်၊ ရန်ကုန်

# ဒေါင်းနဂါးပဝါ

# ဝဏ္ဏအောင်



www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး.... (ဒို့အရေး)

တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး.... (ဒို့အရေး)

အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး.... (ဒို့အရေး)

စည်းကမ်းလိုက်နာ ဘေးကင်းကွာ။
စည်းကမ်းရှိမှ တိုးတက်မည်။
စည်းကမ်းကိုက်ညီ ဘေးကင်းမည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန်ဖြစ်သည်။

## မျှော်လင့်ချက် မနက်ဖြန်

(ကုန်လွန်ပြီးခဲ့သည့်အချိန်သည် ဆုံးရှုံးခြင်းနှင့်တူသည်။
ကြိုးစားဆဲကာလသည် ယနေ့ဖြစ်သည်။
မနက်ဖြန်သည်ကား....
ဘဝ၏ရှေ့ဝင်နီ မျှော်လင့်ချက် ဖြစ်ပေတော့သည်။)

....o....

www.burmeseclassic.com



'ကျင်းသန်' ၏ အသုဘအခမ်းအနားသည် တိတ်ဆိတ်စွာဖြင့် ပြီးဆုံးသွား၏။

သုဘရာဇာ နှစ်ယောက်သည် အခေါင်းကို မြေကြွင်းထဲ ချပြီးသည်နှင့် ခပ်သွက်သွက်ပင် မြေဖို့ပစ်လိုက်ကြသည်။

သူ့အတွက် အမှတ်တရ မြေပုံမှတ်တိုင်စိုက်ထူရန် အစီအစဉ် မရှိခဲ့ပါ။

လောကပေါ်မှ လူသားတစ်ယောက် အပြီးတိုင် ပျောက်ကွယ်ပျောက်သွားခြင်းသည် တန်ဖိုးနည်းလွန်းလှသည်။

မြေဖို့ပြီးသည်နှင့် သုဘရာဇာနှစ်ယောက်သည် ပေါက်ချွန်း၊ ဂေါ်ပြားများကို ထမ်းပိုးကာ အလျင်အမြန် ထွက်သွားကြ၏။

ငွေများများရနိုင်မည့် ချမ်းသာသော အသုဘ တစ်ခုကို သူတို့ ပို၍မျှော်လင့်ကြမည်ဖြစ်သည်။ ချို့တဲ့သည့် ကျင်းလန်၏ အသုဘသည်ကား သူတို့အတွက် စိတ်ပျက်စရာ ဖြစ်နေမည်မှာ မလွဲချေ။

အသုဘပို့ သူဟူ၍လည်း 'ဦးလေးလေ့ကုန်း' နှင့် 'ဒေါ်ဒေါ်မေယုံ' တို့ နှစ်ယောက်တည်းသာ ရှိပေသည်။

သူတို့နှစ်ယောက်သည်သာလျှင် အသုဘကိစ္စ အဝဝကို တာဝန်ယူ စီစဉ်ခဲ့ကြသူများ ဖြစ်သည်။

သူတို့သာလျှင် အသုဘရှင်၊ သူတို့သာလျှင် အသုဘ လိုက်လံပို့ဆောင်သူများ ဖြစ်ကြလေသည်။

သူတို့သာမရှိလျှင် ယန်ခွမ်းသည် မိခင်ဖြစ်သူ၏အလောင်းကို ကိုယ်တိုင်ထမ်းချရမည့်ကိန်းနှင့် ကြုံရမည်ဖြစ်ပေသည်။

'ငိုချလိုက်စမ်း...ငိုချလိုက်'



ဒေါ်ဒေါ်မေယုံက ယန်ခွမ်း၏လက်ကို ဆုပ်ကိုင်ဖျစ်ညှစ်ကာ တိုက်တွန်းလိုက်သည်။

သူမ၏ ဆံပင်များက သိပ်ဖိုဖတ်သီဖြစ်ကာ ရှုပ်ပွနေသည်။ အဝတ်အစားများလည်း ချွေးအလိမ်းလိမ်းကပ်ငြိပေကျံကာ အရောင်အဆင်းမပေါ်တော့ဘဲ မဲညစ်ညစ်ဖြစ်နေ၏။

ဟင်းသီးဟင်း ရွက်များ နွမ်းယိပုပ်ပွသွားသောအခါ ထွက်ပေါ်လာသည့် အနံ့မျိုးနှင့်တူသော အနံ့တစ်မျိုးမှာ သူမ၏ ခန္ဓာကိုယ်မှ အမြဲတမ်း ထွက်ပေါ်နေတတ်၏။

သူမ၏ မျက်လုံးများ မှိုအစ်နေပြီး နှာခေါင်း နီရဲကာ ခပ်ပွပွဖြစ်နေသည်။

ကျင်းလန်အတွက် ငိုကျွေးမည့်သူမှာ သူမတစ်ယောက်တည်းသာ ရှိပေတော့သည်။

ဦးလေးလေ့ကုန်းသည် ကျင်းလန်၏အလောင်းကို မြေမြှုပ်ပြီးသည်နှင့် သင်းချိုင်းမြေမှ ထွက်သွားရန် ဟန်တပြင်ပြင်ဖြစ်နေသည်။

---

မကြာမီ ညနေစောင်းပေတော့မည်။

မြို့လယ်ဈေးရှေ့ လမ်းထောင့်တစ်နေရာ၌ဖွင့်လှစ်ထားသည့် အရက်ဆိုင်ကလေးမှာ မကြာမီ လူစည်ကားတော့မည်ဖြစ်သည်။

ထိုအရက်ဆိုင်ကလေး၌ ဗာဟီရကိစ္စများ ကူညီလုပ်ကိုင်ပေးခြင်းဖြင့် ဦးလေးလေ့ကုန်း ရေချိန်ကိုက်အောင် အရက်သောက်နိုင်သကဲ့သို့ အိမ်အပြန်တွင် ငွေအနည်းငယ်နှင့် စားသောက်စရာ အနည်းငယ် ရရှိနိုင်ပေသည်။

www.burmeseclassic.com



ထို့ကြောင့် ညနေစောင်းသည်နှင့် အရက်ဆိုင်ကလေးသို့ ဦးလေးလှေကုန်း ရောက်သွားတတ်စမြဲ။

အရောက်မသွားနိုင်လျှင် သူ့အတွက် တစ်နေ့စာ နှစ်နာ သွားပေမည်။ ထိုသို့နစ်နာသွားမည်ကို ဦးလေးလှေကုန်း သေလ မှထတ် ကြောက်သကဲ့သို့ ဒေါ်လေးမေယုံလည်း စိုးရိမ်မှုပန်မည် ဖြစ်ပေသည်။

ဦးလေးလှေကုန်းနှင့် ဒေါ်လေးမေယုံတို့သည် အလွန်ဆင်း ကြပါသည်။

ကျင်းလန်နှင့် ယန်ခွမ်းတို့သားအမိကား သူတို့ထက် ပို နွမ်းပါးသဖြင့် သူတို့၏အိမ်၌ ကပ်နေခဲ့ကြရသည် မဟုတ် ပါလား။

'ငါ့တူရယ်…မင်းအမေဟာ တကယ့်ကိုချစ်စရာကောင်းတဲ့ ကလေးမတစ်ယောက်ပါ၊ ဘယ်လောက်ပဲဆင်းရဲဆင်းရဲ လိုလေ သေးမရှိအောင် လုပ်ကိုင်ကျွေးမွေးခဲ့ပါတယ်ကွယ်၊ နေထိုင် မကောင်းဖြစ်နေတာတောင် ဆေးမကုခဲ့ဘူး၊ ဆေးဖိုးကုန်ရင် မင်းကို ဝဝလင်လင် မကျွေးနိုင်မှာစိုးလို့တဲ့'

ဒေါ်ဒေါ်မေယုံသည် ပြောရင်း မျက်ရည်များ ကျဆင်း လာပါသည်။

ယန်ခွမ်းလည်း ငိုချင်လာသည်။

သို့သော် ငို၍မရပါ။

ဝမ်းနည်းခြင်း၊ ငိုကြွေးခြင်းကို သူ၏မိခင် သဘောမကျမှန်း သူ ကောင်းစွာ နားလည်ထားသည်။



ဒေါ်လေးမေယုံ တိုက်တွန်းနေသည့်တိုင် ငို၍ မရသဲ တောင့်တောင့်ကြီး ရပ်နေမိသည်။ မိခင်ဖြစ်သူ၏ အမှတ်အသား မရှိသော မြေပုံမို့မို့ကလေးကို မျက်တောင်မခတ် စိုက်ကြည့် နေမိပါသည်။

ဦးလေးလှေကုန်းသည် စိတ်မကောင်း ဖြစ်နေသော်လည်း စိတ်မရှည်နိုင်တော့ပုံ ရသည်။

'မိန်းမရေ…ငါတို့ပြန်ကြစို့'

ဟု ပြောလာလေတော့သည်။

ဒေါ်လေးမေယုံက…

'ယန်ခွမ်း…မင်းအမေ လည်းပြည်မှာ မရှိတော့ဘူး၊ ဟိုး ကောင်းကင်ဘုံကို ရောက်သွားပြီကွယ့်၊ ကဲ…လာ…လာ တို့ပြန် ကြရအောင်'

ပြောရင်း ယန်ခွမ်း၏လက်ကိုဆွဲကာ ထွက်သွားရန် ဟန်ပြင် လိုက်လေသည်။

ယန်ခွမ်း တောင့်တောင့်ကြီး ရပ်နေဆဲ…

'ယန်ခွမ်း လာလေ…'

ဦးလေးလှေကုန်းကပါ ပြောလိုက်တော့မှ ယန်ခွမ်း၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။

သူ၏ခြေထောက်များ စတင်လှုပ်ရှားလာသည်။

ဦးလေးလှေကုန်းနှင့် ဒေါ်ဒေါ်မေယုံတို့ နှစ်ယောက်က တစ်ယောက်လက်တစ်ဘက်စီ ဆွဲကာ ခေါ်သွားရာနောက်သို့ မိခင်၏မြေပုံကို လှည့်ကြည့်လှည့်ကြည့်ဖြင့် လိုက်ပါသွားတော့၏။

www.burmeseclassic.com

www.burmeseclassic.com



သေဆုံးသွားသူတိုင်းအား သင်းချိုင်းမြေ၌ မြှုပ်နှံထားပစ်ရမည်ဟူသော အသိမရှိခဲ့ပါချေ…

အခြားအခြားသော အသုဘကိစ္စများကို တွေ့မြင်ခဲ့ဖူးခြင်းမရှိခဲ့ပါချေ…

ယန်ခွမ်းသည် မိခင်၏အလောင်း မြှုပ်နှံထားရာ သင်းချိုင်းမြေမှ ထွက်သွားလိမ့်မယ် မဟုတ်ပါ။

လောကကြီးပေါ်၌ သူ ခင်မင်တွယ်တာရမည့်သူဟူ၍ မိခင်တစ်ယောက်တည်းသာ ရှိသည်မဟုတ်ပါလား။

ယခု သူ၏မိခင် ကွယ်လွန်သွားခဲ့ပြီ ဖြစ်လေသည်။

အကယ်၍ သူ၏မိခင်သည် သေအံ့မူးမူးအချိန်တွင် နောက်ဆုံးစကား မှာကြား ခြွင်းခြွင် ခြေ…ချက်တစ်ခု ပေးအပ်ခဲ့ခြင်း မရှိလျှင်…

ယင်းကောင်ကြက် တင်မျက်နှာ မျက်နှာမဲ့ယန်ခွမ်းအတွက် မနက်ဖြန်ဟူသည် ရှိတော့မည် မဟုတ်ချေ။

မျှော်လင့်ချက်ဟူသည် လူတစ်ယောက်အသက် ဆက်လက်ရှင်သန်နိုင်ရန် ခွန်အားများ ပေးဆက်နိုင်စွမ်း ရှိပေသည် မဟုတ်ပါလား…

…ဝ…



နေဝန်းနီမှာ အနောက်ဘက်တွင် ငုပ်လျှိုး ကွယ်ပျောက်သွားတော့မည် ဖြစ်ပေသည်။

ယန်ခွမ်းသည် တဲပုပ်ကလေးရှေ့ ဖိနပ်ချွတ်တွင်ထိုင်ကာ နေလုံးကြီးကို ငေးမော‌ကြည့်နေမိ၏။

ကောင်းကင်ပေါ်၌ အိပ်တန်းပြန်ငှက်များကို တွေ့မြင်နေရလေသည်။

ငှက်ကလေးများပင်လျှင် ပြန်စရာနေရာ ရှိပေသေးသည်။

ယန်ခွမ်း၏ ဘဝသည်ကား…

ယန်ခွမ်း လူမှန်းသိတတ်လာသည့် အချိန်တွင် သူ့တစ်ပါးအိမ်၌ မှီခိုနေထိုင်ရသည့်ဘဝ ရောက်နေခဲ့ပြီးဖြစ်သည်။

သူ့မိခင်ကျစ်းလန်သည် ဒေါ်ဒေါ်ဖေယုံနှင့်အတူ အလုပ်အကိုင်လုပ်ရင်း သားအမိနှစ်ယောက်၏ စားဝတ်နေရေးကို ဖြေရှင်းရလေသည်။

နေပူမရှောင် မိုးရွာမရှောင် ပင်ပန်းကြီးစွာ အလုပ်လုပ်ရသည့်အပြင် ချို့ငဲ့ ချို့ငဲ့ နေထိုင်စားသောက်ခဲ့ရသဖြင့် ယန်ခွမ်း၏ အသက် ဆယ်နှစ်အရွယ် ရောက်သောအခါ ကျန်းမာရေးချို့ယွင်းကာ တရှောင်ရှောင် ဖြစ်လာသည်။

သို့တိုင် သူမသည် ငွေမလျော့အဲ သားအမိနှစ်ယောက် စားဝတ်နေရေးအတွက် ဆက်လက်ရုန်းကန်ခဲ့၏။

ဤသို့ဖြင့် တစ်နှစ်ခန့်ကြာသောအခါ ဟန်မဆောင်နိုင်တော့ဘဲ အိပ်ရာထဲ ဘုန်းဘုန်းလဲလေတော့သည်။

ဦးလေးလေ့ကုန်းနှင့် ဒေါ်ဒေါ်မေယုံတို့မှာ ကိုယ်ဝမ်းစာအနိုင်နိုင်ဖြစ်ရကား သူမအား လှည့်မကြည့်နိုင်ခဲ့ကြချေ။

www.burmeseclassic.com

www.burmeseclassic.com



နေစရာမရှိသည့် သားအမိအတွက် အိမ်ပေါ်တင်ထားသည်ကိုပင် ကျေးဇူးတင်ရလိမ့်မည် ဖြစ်လေသည်။

မိခင်ဖြစ်သူ အိပ်ရာထဲလဲလျှင် စားဝတ်နေရေးတာဝန်သည် ယန်ခွမ်း၏ပခုံးပေါ် လုံးလုံးလျားလျား ပုံကျလာ၏။

ဥမမယ် စာမမြောက်အရွယ် ယန်ခွမ်းသည် လမ်းပေါ်၌ ကျင်လည်ကျက်စားရသည့်ဘဝ ရောက်ခဲ့ပေတော့သည်။

ယန်ခွမ်းသည် နေလုံးကြီးနှင့် အိပ်တန်းပြန် ငှက်များကို ငေးမောကြည့်နေရာမှ တစ်စုံတစ်ခုကို သတိရလာပြီး ဝေါက်ခနဲ ထကာ အိမ်ထဲသို့ ဝင်သွားသည်။

ပြန်ထွက်လာသောအခါ လက်ထဲ၌ အဝတ်ထုပ်ကလေး တစ်ထုပ် ပါလာသည်။

အားမျှော့နေပြီဖြစ်သော အလင်းရောင် အောက်ဝယ် အဝတ်ထုပ်ကလေးကို ဖြည်လိုက်၏။ အထုပ်ထဲ၌ ဘူးကလေး တစ်ခု ရှိနေသည်။

ယန်ခွမ်းသည် ဘူးကလေးကို တယုတယ ကိုင်ကာ ဖွင့်လိုက်၏။ ဘူးထဲ၌ ပဝါတစ်ပိုင်း ရှိနေ၏။

ပိုးချည်ဖြင့် ရက်လုပ်ထားပြီး နဂါးတစ်ကောင်၏ ရုပ်ပုံ ဖော်ထားသည်။

ပိုးပဝါမှာ အလယ်မှ ထက်ဝက် ပိုင်းထားခြင်း ဖြစ်သည်။

သူ၏မိခင် ကျင်းလန်သည် ပိုးပဝါ တစ်ပိုင်းကို အဘယ်ကြောင့် တယုတယ သိမ်းဆည်းထားရပါသနည်း။

ပဝါကိုင်ထားသည့် ယန်ခွမ်း၏ လက်များ တဆတ်ဆတ် တုန်ယင်လာ၏။



သူ၏ မျက်ဝန်းအစုံ၌ မျက်ရည်များ ရစ်ဝဲလာသည်။

သူ၏နှုတ်ခမ်း တလှုပ်လှုပ်ဖြစ်လာပြီး တစ်စုံတစ်ခု ရေရွတ်လိုက်၏။

သို့သော် အသံထွက်မလာဘဲ လည်ချောင်းထဲ၌ပင် တစ်ဆို့ ကွယ်ပျောက်သွားလေသည်။

မိခင်ဖြစ်သူအား မြေမြှုပ်သင်္ဂြိုဟ်ခဲ့စဉ် ဝမ်းနည်းကြေကွဲသည့် အသွင် ပေါ်လွင်မလာဘဲ ပိုးပဝါတစ်ပိုင်းကိုတွေ့မှ ကြေကွဲသည့် အသွင်ဆောင်လာရသည်မှာ အဘယ်ကြောင့်ပါနည်း။

အကယ်၍သာ ယန်ခွမ်း ရေရွတ်လိုက်သည့် အသံကို ကြားရနိုင်မည်ဆိုပါမူ....

'အမေ....'

ဟု ခေါ်လိုက်ခြင်း ဖြစ်ကြောင်း သိရမည် ဖြစ်လေသည်။

ယန်ခွမ်း၏ဖခင်အကြောင်း ကျင်းလန်က တစ်ကြိမ်တစ်ခါမျှ မပြောဖူးပါ။

သူမအား မည်သူကမျှလည်း အရေးလုပ်ပြီး မေးမြန်းခဲ့ခြင်း မရှိပါ။

ယန်ခွမ်းသည်ပင် မိခင် ကွယ်လွန်ကာနီးအချိန်ရောက်မှ ဖခင်ဖြစ်သူအကြောင်း သိခဲ့ရပေသည်။

ယန်ခွမ်း၏ မျှော်လင့်ချက်သည် ဖခင်နှင့် တွေ့ဆုံနိုင်ရန် ဖြစ်လေသည်။

....o....

www.burmeseclassic.com

www.burmeseclassic.com



နေဝန်းနီမှာ အရှေ့ဘက်မှ ထွက်ပေါ်လာခဲ့ပြီ ဖြစ်သည်။

တစ်ညတာ အချိန်သည် မျက်စိတစ်မှိတ် လျှပ်တစ်ပြက် အတွင်း ကုန်ဆုံးသွားသည့် ထင်မှတ်ရပေသည်။

မိုးလင်းလာသည်နှင့် ယန်ခွမ်းသည် မြို့လယ်ဈေးရှေ့သို့ ရောက်ရှိလာခဲ့လေသည်။

ဈေးသည်များသည် ရောင်းချစရာ ပစ္စည်းများ ထမ်းပိုး သယ်ဆောင်ကာ အရပ်လေးမျက်နှာမှနေ၍ တဖွဲဖွဲ ရောက်ရှိ လာကြသည်။

ဈေးဝယ်သူများ ရောက်မလာမီ၊ ကုန်ပစ္စည်းများ ခင်းကျင်း နေရာချသားခြင်း မပြုသေးမီ ဈေးသည်များသည် ဈေးနှင့် ကပ်လျက်ရှိသော စားသောက်ဆိုင် လက်ဖက်ရည်ဆိုင်များသို့ အသီးသီးဝင်ကာ စားသောက်ရင်း နှီးစပ်ရာ အချင်းချင်း အရောင်းအဝယ်စကား ဆိုကြလေသည်။

ထို့ကြောင့် မိုးလင်းကာစ အချိန်၌ ဈေးနှင့် ကပ်လျက် စားသောက်ဆိုင်တန်းမှာ အမြဲ စည်စည်ကားကား ဖြစ်နေတတ် ပေတော့သည်။

ယန်ခွမ်းသည် အဝတ်ထုပ်ကလေးကို ပခုံးပေါ် ချိတ်ကာ ဈေးတန်းသို့ ရောက်ရှိလာလေသည်။

ခါတိုင်းဆိုလျှင် ဈေး တန်း က လေး သို့ ရောက်လာလျှင် ယန်ခွမ်း အလွန် ပျော်ရွှင်နေတတ်ပေသည်။

ဈေးသည်များက တောက်တိုမယ်ရ ခိုင်းစေသည့်အခါ ငွေစ ကလေးများ ရတတ်သည် မဟုတ်ပါလား။



ထမ်းရင်းပိုးရင်း၊ ပြေးရစ်းလွှားရင်း ချွေးတလုံးလုံးဖြင့် ရရှိ လာသည့် ငွေစကလေးများကို ကျစ်ကျစ်ပါအောင် သိမ်းဆည်း ကာ မိခင်အတွက် အစားအစာနှင့် ဆေးဝါး ဝယ်ယူပြီး အိမ်သို့ အပြေးပြန်ရစမြဲပင်။

မောပန်းသည် ပင်ပန်းသည် သဘောမထားဘဲ မိခင်အား ရှာဖွေကျွေးမွေးရသည့် ဘဝတွင် ပျော်ပိုက်နေမိခဲ့ပေသည်။

ဈေးတန်း အတွင်း၌ သူနှင့် ဘဝတူ လူငယ် လူရွယ်များ ရှိလေရာ ယန်ခွမ်းအတွက် ပျော်စရာ ကမ္ဘာကလေး ဖြစ်ခဲ့သည် မှာ မဆန်းပါချေ။

ယခုလည်း မိုးလင်းသည်နှင့် ဈေးတန်းကလေးသို့ ရောက်ရှိ လာခဲ့ခြင်း ဖြစ်၏။

သို့သော် ယန်ခွမ်းသည် ခါတိုင်းလို အလုပ် လုပ်ရန် ရည်ရွယ်ချက် မရှိတော့ပေ။

'ဟေ့...ယန်ခွမ်း'

ရုတ်တရက် ခေါ်သံတစ်ချက် ထွက်ပေါ်လာ၏။

ယန်ခွမ်း လှည့်ကြည့်လိုက်သောအခါ သူနှင့် သက်တူရွယ်တူ ခန့်ရှိ အသားမည်းမည်း ကောင်လေးတစ်ယောက် ပြေးလာ သည်ကို တွေ့ရလေသည်။

ထိုကောင်လေးသည် ယန်ခွမ်းအား တွေ့မြင်ရခြင်းကြောင့် ဝမ်းသာနေပုံရလေသည်။

အနီးသို့ ရောက်လာသည်နှင့် ယန်ခွမ်း၏ လက်ကို ဆွဲကိုင် လှုပ်ယမ်းရင်း...

www.burmeseclassic.com

www.burmeseclassic.com



'ယန်ခွမ်း…မင်းအမေ သေသွားပြီ ဆိုတာ တကယ်ပဲလားကွ'

ဟု မေးလေသည်။

ယန်ခွမ်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ် မီးသွေးတုံး၊ ငါ့အမေ သေသွားပြီ၊ မနေ့ကပဲ မြေမြှုပ်သင်္ဂြိုဟ်လိုက်တယ်'

မီးသွေးတုံးဆိုသည့် အသားမည်းမည်းကောင်လေးမျက်နှာ မသာမယာ ဖြစ်သွား၏။

'ငါစိတ်မကောင်းပါဘူးကွာ၊ မင်းဆီကိုငါလာဖို့ ကြိုးစားသေးတယ်ကွ၊ ဒါပေမယ့်….'

'ဘာလဲ၊ ဘီလူးကြီးက မင်းကို အပြစ်ပေးထားလို့ မဟုတ်လား'

ယန်ခွမ်းက ကြားဖြတ်ပြောလိုက်ရာ မီးသွေးတုံး ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။

'မှန်တာပေါ့ကွာ၊ ခုထိ မနားရသေးဘူးကွ'

ယန်ခွမ်း ပင့်သက်ရှိုက်လိုက်မိလေသည်။

သူတို့၏ အသက်အရွယ်သည် ဆယ့်သုံးနှစ်ကျော် ဆယ့်လေးနှစ်အတွင်း ဝင်ရုံသာ ရှိကြပါသေးသည်။

သူတို့လုပ်ရသည့်အလုပ်ကား လူကြီးများပင် ညည်းညူရသည့် အလုပ်မျိုးများချည်း ဖြစ်ပေသည်။

အပင်ပန်းဆုံး၊ အကြမ်းတမ်းဆုံး၊ လုပ်ခအနည်းဆုံးအလုပ်များ ဖြစ်သည်။



ဈေးသည်များက အသုံးလိုမှခိုင်းပြီး၊ အသုံးမလိုလျှင် လှည့်ပင် ကြည့်ကြသည် မဟုတ်ပါ။

သူတို့အား အလုပ်မပြတ်အောင် ပေးနိုင်သူမှာ ဘီလူးကြီး တစ်ယောက်သာ ရှိပေသည်။

အော်လိုက်၊ ဟောက်လိုက်၊ ရိုက်ပုတ်လိုက်ဖြင့် ကြမ်းကြမ်းတမ်းတမ်း ခိုင်းတတ်ခြင်းကြောင့် ယန်ခွမ်းနှင့် မီးသွေးတုံးကဲ့သို့ အလုပ်သမားမည်သော အလုပ်သမားကလေးများက ဘီလူးကြီးဟု အမည်ပေးထားကြခြင်း ဖြစ်ပေသည်။

အလုပ်လုပ်ရင်း တစ်စုံတစ်ခုမှားယွင်းသည်နှင့်၊ ပျက်စီးဆုံးရှုံးသွားသည်နှင့် ဘီလူးကြီးကလျော်ကြေးအနေဖြင့် လုပ်ခမပေးဘဲ အလုပ်လုပ်ခိုင်းတတ်သည်။

ယန်ခွမ်းက မီးသွေးတုံးကိုကြည့်ကာ….

'မင်းက ဘီလူးကြီးရဲ့ ဘဲဥသေတ္တာကွဲသွားအောင် လုပ်လိုက်တယ်လို့ ငါကြားတယ်'

ဟု ပြောလိုက်လေသည်။

မီးသွေးတုံး၏မျက်နှာ ရှုံ့မဲ့သွား၏။

'ငါက တမင်လုပ်တာ မဟုတ်ပါဘူးကွာ၊ တစ်သေတ္တာပဲပင်ပါတယ်လို့ ပြောနေတဲ့ကြားက သေတ္တာနှစ်လုံးဆင့်ပြီးထမ်းခိုင်းတော့ ချော်လဲပြီး ကွဲကုန်တာပေါ့၊ အလကားပါကွာ၊ ကွဲသွားတာ နည်းနည်းလေးပါ၊ ပုံကြီးချဲ့ပြီး တမင်ခိုင်းနေတာပေါ့'

ကွဲသွားသော ဘဲဥများအတွက် အလျော်မပေးနိုင်သဖြင့် လုပ်အားဖြင့် ပေးဆပ်ရခြင်းဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



အချောင်သမား ဘီလူးကြီးသည် လုပ်အားကို အခမဲ့လိုချင်သဖြင့် အကြောင်းရှာနေသူ ဖြစ်ကြောင်း ယန်ခွမ်း နားလည်ထားပေတော့သည်။

သူတို့နှစ်ယောက် စကားကောင်းနေစဉ်...

'ဟာ...ယန်ခွမ်းပါလား'

'ယန်ခွမ်း လာတယ်ဟေ့'

ဆူဆူညံညံ အသံများ ထွက်ပေါ်လာပြီး မီးသွေးတုံးနှင့် အသင်မတူသည့် ညစ်ပေပေ ကောင်လေးတစ်သိုက် ရောက်ရှိလာကြလေသည်။

ထိုကောင်လေးများအညီ ယန်ခွမ်းနှင့် မီးသွေးတုံးကဲ့သို့ ဈေးတန်းအနီးဝယ် ကူလီထမ်း အလုပ်လုပ်ရင်း ဘဝကို ရှင်းသန်နေကြသူလေးများ ဖြစ်ပေသည်။

ကောင်လေးများ ဝိုင်းအုံရောက်ရှိလာသည်နှင့် မီးသွေးတုံးက...

'မင်းတို့ကလဲကွာ၊ ယန်ခွမ်းက သူ့အမေ သေသွားလို့ ဝမ်းနည်းနေရတဲ့ကြားထဲ ဆူဆူညံညံ မလုပ်ကြစမ်းပါနဲ့ကွာ'

ဟု ခပ်တည်တည်ပြောလိုက်လေသည်။

ကောင်လေးများ တစ်မုဟုတ်ချင်း ငြိမ်ကျသွား၏။

ကရုဏာသက်သွားကြဟန်ဖြင့် ယန်ခွမ်းကို ဝိုင်းကြည့်နေကြ၏။

ယန်ခွမ်း ဝမ်းနည်းဝမ်းသာ ဖြစ်သွား၏။

အဝတ္တချင်း ကိုယ်ချင်းစာနာ နားလည်တတ်သည့် သဘောတရားကို ထင်ထင်ရှားရှား သိမြင်ခံစားလာရ၏။



တစ်ခဏတာ ငြိမ်သက်သွားပြီးမှ ကောင်လေးတစ်ယောက်က...

'ယန်ခွမ်း.... မင်းအမေ မရှိတော့ဘူးဆိုတော့ ဒေါ်ဒေါ်မေယုံတို့က မင်းကိုဆက်ပြီး လက်ခံထားဦးမှာလား၊ သူတို့အိမ်မှာပဲ မင်း ဆက်နေမှာလား'

ဟု မေးလာလေသည်။

ဤတွင် ကျန် ကောင်လေးများလည်း လှုပ်လှုပ်ရှားရှား ဖြစ်သွားကြပြီး သူတစ်ခွန်း ငါတစ်ခွန်း ပြောလာကြလေတော့သည်။

'ဒေါ်ဒေါ်မေယုံက သဘောကောင်းပါတယ်ကွ၊ ယန်ခွန်းကိုလဲ ချစ်တာပဲ၊ ဘာဖြစ်လို့ ဆက်မနေနိုင်ရမှာလဲ'

ဒေါ်ဒေါ် မေယုံနှင့် ဦးလေး လေကန်းတို့ အကြောင်း သိသော ကောင်လေးတစ်ယောက်က ပြောခြင်းဖြစ်သည်။

'အို...သူတို့ မနေနိုင်းတော့ ဘာအရေးလဲ၊ လမ်းဘေးမှာ အိပ်စရာ နေရာတွေ ပုံလို့၊ ယန်ခွန်း....ငါနဲ့လိုက်ခဲ့၊ မြို့စွန်က ဘုံကျောင်းအနောက်ဘက်မှာ အိပ်လို့ရတယ်ကွ၊ မိုးလုံလေလုံ လုံလုံခြုံခြုံ ရှိတယ်'

'ဟုတ်တယ်၊ ဟုတ်တယ်၊ ချမ်းလဲမချမ်းဘူး၊ ခြင်လဲ မကိုက်ဘူးကွ'

အိမ်ခြေရာခြေမဲ့ လမ်းပေါ်အိပ်၊ လမ်းပေါ်စားကောင်လေး နှစ်ယောက်က ပြောသည်။

စိုးရိမ်ပူပန်တတ်သော ကောင်လေးတစ်ယောက်ကမူ—

'ယန်ခွမ်း….ဘိုလူးကြီးက မင်းကိုစိတ်ဆိုးနေတယ်ကွ၊ မင်းက တစ်နေ့စာလုပ်ခယူပြီး နေ့တစ်ဝက်ပဲ အလုပ်လုပ်လို့ မင်းကို ကျောပွတ်လက်ထဲအပ်မယ်လို့ ပြောနေတယ်'

ဟု ပြောလေသည်။

စုဆုံညီညံ့အသံများ တမုဟုတ်ချင်း ငြိမ်ကျသွားပြန်သည်။

အားလုံး၏မျက်နှာတွင် စိုးရိမ်ပူပန်သည့်အရိပ်အယောင်များ ဖြစ်ပေါ်လာလေသည်။

မီးသွေးတားသည် ထောင်ယမ်းပြီး တင်ပါးကို လက်ဖြင့်စမ်းမိ လိုက်လေသည်။

ကျောပွတ် ဆိုသည်မှာလည်း မီးသွေးတုံးတို့ မေးသားသည့် အမည်ဖြစ်လေသည်။

ဘိုလူးကြီး၏ လက်စွဲတော် လူရမ်းကား တစ်ယောက် ဖြစ် သည်။

ကျောပွတ်တစ်ချောင်းကို လက်ထဲမှ မချတမ်းကိုင်ပြီး မည်သူ့ အား မည်သို့အကြောင်းရှာပြီး ရိုက်နှက်ရပါမည်နည်းဟု အချိန် တိုင်း စဉ်းစားတောကြံဆနေသူ ဖြစ်ပေသည်။

ကျောပွတ်၏လက်သံကို မမြည်းမစမ်းရသူဟူ၍ရှားရှားပါးပါး ယန်ခွမ်းတစ်ယောက်သာလျှင် ရှိသည်ဟု ဆိုရာပေမည်။

ကျောပွတ်သည် အပြင်းသာရှန့် အမြဲတမ်း စောင့်ကြည့်နေသော်လည်း ယန်ခွမ်းအပေါ် အပြစ်ရှာ၍မရသဖြင့် သူ့လက်သံချောက်ရ မည်ဟု မနေကျမနပ်ကြုံးဝါးနေသူ ဖြစ်ပေသည်။

ယန်ခွမ်းသည် မိခင်အတွက် ဆေးဝယ်လိုသဖြင့် ငွေကို ကြိုတင်ထုတ်ယူခဲ့သည်။



နေ့တစ်ဝက် အလုပ်နားချိန်၌ ဆေးဝယ်ကာ အိမ်ပြန်သွား ခဲ့သည်။

အိမ်အရောက်တွင် မိခင်ကြီးမှာ ရောဂါဖောက်လာသဖြင့် အလုပ်ပြန်မလုပ်နိုင်တော့ပေ။

ထိုနေ့မှာပင် သူ၏မိခင် ကွယ်လွန်သွားသဖြင့် ဘိုလူးကြီးထံမှ လုပ်ခကြိုတင်ယူလာခဲ့သည်ကိုပင် မေ့လျော့နေခဲ့ပေတော့သည်။

ကောင်လေး တစ်ယောက်က အစဖော်လိုက်မှ ယန်ခွမ်း ပြန်လည်သတိရလာလေသည်။

ဘိုလူးကြီးအကြောင်း၊ ကျောပွတ်အကြောင်း ကောင်းစွာ သိနားလည်ထားသော်လည်း အလုပ်လုပ်ပေးလိုစိတ် မရှိပါချေ။

သူ၏စိတ်ကို စိုးမိုးချုပ်ကိုင်ထားသည့် မျှော်လင့်ချက်တစ်ခု ရှိနေပြီ မဟုတ်ပါလား။

မီးသွေးတားက ခေါင်းကုပ်ရင်း….

'ကျောပွတ်တော့ အကြိုက်တွေ့သွားမှာပဲ၊ ယန်ခွမ်း….မင်း ဘယ်လိုလုပ်မလဲ၊ အလုပ်ပြန်ပေးမယ်ဆိုရင်တောင် ကျောပွတ်က ချမ်းသာပေးမှာမဟုတ်ဘူး'

ဟု ပြောလေသည်။

ယန်ခွမ်းမှာ မည်သို့မျှ ခံစားပုံမရှိချေ။

'ငါက သူပေးတာထက် တန်အောင် ပိုပြီးလုပ်ပေးခဲ့တာ ချည်းပဲ၊ နေ့ဝက်စာ မလုပ်ပေးတော့ကော ဘာဖြစ်သလဲ၊ ငါ အခု လာခဲ့တာ မင်းတို့ကို နှုတ်ဆက်မလို့'

'ဟင်….မင်းဘယ်သွားမလို့လဲ'

'ငါ ဒီကထွက်သွားတော့မယ်'

www.burmeseclassic.com

www.burmeseclassic.com



'ယန်ခွမ်း....မင်း....မင်း....'

ယန်ခွမ်း ပြုံးလိုက်သည်။

'ငါ့အမေသေသွားပေမယ့် ငါ့မှာ....'

ရုတ်တရက် ရှေ့ဆက်မပြောနိုင်ဘဲ စကားတစ်ပိုင်းတစ်စဖြင့် ရပ်တန့်သွား၏။

အမှန်တော့ 'ငါ့မှာ အဖေရှိသေးတယ်' ဟု ဆက်ပြောမည် ဖြစ်ပေသည်။

သို့သော် သူ၏ဖခင်အကြောင်း သူကိုယ်တိုင်ပင် ရေရေရာရာ မသိသေးပါ။

ထို့ကြောင့် 'အဖေ' ဆိုသည့် စကားလုံး သုံးစွဲရန် အချိန်စောလွန်းသေးသည်ဟု တွေးမိပြီး စကားကို ရပ်ပစ်လိုက်ခြင်း ဖြစ်လေသည်။

မီးသွေးတုံးက....

'ယန်ခွမ်း....မင်း ဘာဖြစ်လို့ ထွက်သွားမှာလဲ၊ ဘယ်ကိုသွားမှာလဲ၊ ဘယ်သူနဲ့သွားမှာလဲကွ'

မေးခွန်းများ အငမ်းမရမေးလာသည်။

ဘဝတူများအနက် မီးသွေးတုံးသည် ယန်ခွမ်းအား အခင်မင်ဆုံး မဟုတ်ပါလား။

ယန်ခွမ်း ပြုံးလိုက်သည်။

'ပြည်မကိုသွားမှာ၊ ငါတစ်ယောက်တည်းပဲသွားမယ်'

ဟု မယုတ်မလွန် ဖြေလိုက်လေသည်။

မီးသွေးတုံး အားမလို အားမရ ဖြစ်သွားသည်။

'ယန်ခွမ်း၊ မင်းဘယ်ကိုသွားမှာ....'



သူက ထပ်မေးသော်လည်း ဆုံးအောင်မမေးလိုက်ရပါ။ အကြောင်းမှာ မိုးခြိမ်းသံကဲ့သို့ ကျယ်လောင်သောအသံဝါကြီး ထွက်ပေါ်လာခြင်းကြောင့် ဖြစ်ပေသည်။

'ခွေးကောင်တွေ၊ မင်းတို့က ဒီမှာလာပြီး အချိန်ဖြုန်းနေကြတယ်ပေါ့လေ'

အသံထွက်ပေါ်လာရာဆီသို့ အားလုံး လှည့်ကြည့်လိုက်ကြသည်။

ထိုအခါ ကျာပွတ်တစ်ချောင်းကိုင်ထားသည့် အသက်နှစ်ဆယ် အစိတ်ခန့်ရှိလူရွယ်တစ်ယောက် လှမ်းလာနေသည်ကို တွေ့မြင်ရလေသည်။

'ကျာပွတ် လာပြီဟေ့'

ညစ်ပေပေကောင်လေးများသည် တစ်သံတည်းရေရွတ်လိုက်ကြပြီး အလျှိုအလျှို ထွက်ပြေးသွားကြလေတော့သည်။

....ဝ....

www.burmeseclassic.com

www.burmeseclassic.com



မိုးသေးတုန်း မျက်နှာမှောက်သွားသည်။

ရှောင်ထွက်သွားရန် ခြေလှမ်းပြင်လိုက်ပြီးမှ ယန်ခွမ်းက မလှုပ်မယှက် ရပ်နေသည်ကိုတွေ့ရလျှင် ထွက်မသွားဖြစ်တော့ချေ။

'ယန်ခွမ်း စကားကို ချိုချိုသာသာပြော၊ သူ့ကိုစိတ်ဆိုးအောင်မလုပ်နဲ့'

ဟု ခပ်တိုးတိုးလှမ်းပြောလိုက်၏။

ယန်ခွမ်းမှာ သူ၏စကားကို မကြားသလို ရပ်မြဲရပ်နေ၏။

ကျားပွတ်ကိုင်ထားသည့်လူရွယ်သည် သူတို့အနီးသို့ ရောက်ရှိလာလေသည်။

ထိုလူရွယ်မှာ ယန်ခွမ်းတို့ကဲ့သို့ ဘဝပေးအခြေအနေမလှသည့် ကောင်လေးမျိုးအပေါ် အနိုင်ကျင့်ဗိုလ်ကျနေသည့် ကျားပွတ်ဖြစ်ပေသည်။

ကျားပွတ်သည် ယန်ခွမ်း၏ရှေ့တွင်ရပ်ကာ ဟန်ပါပါဖြင့် ခါးထောက်လိုက်၏။

ယန်ခွမ်းအား ခြေဆုံးခေါင်းဆုံးကြည့်လိုက်ပြီး ပြုံးစစဖြင့်...

'လုပ်ခကြိုယူပြီး အလုပ်မလုပ်ဘဲ ရှောင်နေတာက ဘာသဘောလဲကွ၊ မင်းအမေသေလို့ အမွေတွေရပြီး ဘဝင်မြင့်နေတာပေါ့ဟုတ်လား'

ဟု ခနဲ့လိုက်လေသည်။

သူ၏စကား ရင့်သီးလွန်းလှပေသည်။

ယန်ခွမ်း၏မျက်နှာ ရဲခနဲဖြစ်သွားသည်။



စကားတစ်လုံးမျှ ပြန်မပြောဘဲ ကျားပွတ်၏မျက်နှာကို စေ့စေ့ကြည့်နေလေသည်။

ကျားပွတ်က....

'မင်းအမေသေတာကို ရေးကြီးခွင်ကျယ်လုပ်ပြီး အလုပ်မလုပ်ဘဲရှောင်နေတာ ငါသိတယ်၊ ငွေးကောင် မင်းကိုဆုံးမဖို့ ငါစောင့်နေတာ ကြာပြီကွ'

စကားဆုံးလျှင် ကျားပွတ်ဖြင့် ဆတ်ခနဲ လှမ်းရိုက်လိုက်လေသည်။

အရွယ်ချင်း ဆင်နှင့်ဆိတ်ပမာ ကွာခြားသကဲ့သို့ ကျားပွတ်သည် နဂိုကတည်းက လူရမ်းကားတစ်ယောက် ဖြစ်ပေသည်။

ယန်ခွမ်းအနေဖြင့် ကျားပွတ်အားဖက်ပြိုင်ရန်ဆိုသည်မှာ မိုးကို ဒူးဖြင့်တိုက်ရန် ကြိုးစားသူပမာ ဖြစ်လိမ့်မည်။

'ဖြန်း'

မြည်သံနှင့်အတူ ကျားပွတ်သည် ယန်ခွမ်း၏ပခုံးပေါ် ကျရောက်သွား၏။

ယန်ခွမ်း၏ခန္ဓာကိုယ် ဆတ်ခနဲတုန်သွားသည်။

သို့သော် ညည်းညူခြင်းမရှိပါ။

တုန့်ပြန်ပြောဆိုခြင်း၊ ရှောင်တိမ်းခြင်း၊ ခုခံတိုက်ခိုက်ရန် ဟန်ပြင်ခြင်းလည်း မရှိပါ။ ကျောက်ရုပ်ကြီးတစ်ရုပ်ပမာ ရပ်နေလေ၏။

ကျားပွတ် မျက်မှောင်ကုပ်သွား၏။

သူက တအားရိုက်ချလိုက်သော်လည်း ယန်ခွမ်းထံမှ ညည်းညူသံ ထွက်မလာသဖြင့် မကျေမနပ်ဖြစ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



အခြားကလေးများဆိုပါလျှင် တစ်ချက် ရိုက်လိုက်သည်နှင့် အမယ်လေး အဘလေး အော်ဟစ်ကာ နောက်ထပ်မရိုက်ဖို့ တောင်းပန်ကြလေ့ ရှိပေသည်။ အော်ဟစ် ညည်းညူသံနှင့် တောင်းပန်သံများသည် ကျော်ပွတ်အတွက် သာယာနာပျော်ဖွယ် ဂီတသံများ ဖြစ်ပေတော့သည်။

ယခု ယန်ခွမ်းက မတုန်မလှုပ်ရှိနေခြင်းကြောင့် ဒေါပွသွားပြီး....

'မင်းသတ္တိမဆိုးဘူး၊ မင်းရဲ့အရေပြားက ကျွဲသားရေလို ထူနေလို့လားကွ'

ပြောပြောဆိုဆို တဖြန်းဖြန်းမြည်အောင် သုံးလေးချက်မျှ ရိုက်ချလိုက်လေသည်။

ပြင်းထန်သော ရိုက်ချက်များကြောင့် ယန်ခွမ်း၏ခန္ဓာကိုယ် ယိမ်းယိုင်သွား၏။

သို့သော် တောင်းပန်တိုးလျှိုးခြင်း အလျဉ်းမရှိချေ။

ကျော်ပွတ် ဒေါသအိုးပေါက်ကွဲသွားလေတော့သည်။

'ခွေးကောင်၊ မင်းကငါ့ကို အာခံချင်တယ်ပေါ့လေ၊ မိမစစ် ဖမစစ်တဲ့ကောင်'

ခက်ထန်ကြမ်းတမ်းသူပီပီ ရုန့်ယင်းသော စကားများပြောရင်း ကျော်ပွတ်ဖြင့်ရိုက်ချရုံနှင့် အားမရသေးဘဲ လှမ်း၍ကန်ကျောက်လိုက်၏။

သူ၏ခြေထောက်ကန်ချက်မှာ ယန်ခွမ်း၏ဝမ်းဗိုက်သို့ တည့်တည့်မတ်မတ်ထိသွားသဖြင့်....

'အင့်'



မသဲမကွဲညည်းညူသံနှင့်အတူ ယန်ခွမ်းမှာမြေပေါ် ဘိုင်းခနဲ လဲကျသွားလေသည်။

ယခုမှ ကျော်ပွတ်ကျေနပ်သွားပြီး သဘောကျစွာဖြင့် ဟားတိုက်ရယ်မောလိုက်လေသည်။

မီးသွေးတုံး၏မျက်နှာ ငိုမဲ့မဲ့ဖြစ်နေသည်။

ယန်ခွမ်းအတွက် ခြေမကိုင်မိ လက်မကိုင်မိဖြစ်နေ၏။

ကျော်ပွတ်သည် ဗလအားကိုးဖြင့် ကြိုးနိုင်ငယ်ညှဉ်းလုပ်နေသော်လည်း ဘာမျှမတတ်နိုင်သဖြင့် လက်ပိုက်ကြည့်နေရပေသည်။

ထိုအချိန်မှာပင် ယန်ခွမ်းသည် မြေပေါ်မှလူးလိမ့်ကာ ထလာလေသည်။

ကျော်ပွတ်က....

'ခွေးကောင်လေး မှတ်ပြီလား၊ ငါ့ကိုမော့မကြည့်ရဲအောင် မင်းကိုသင်ခန်းစာ ပေးရဦးမယ်'

ပြောပြောဆိုဆို ရှေ့တိုးသွားပြီး ယန်ခွမ်းအားဆောင့်ဆွဲရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်မှာပင် ယန်ခွမ်း၏လက်တစ်ဘက် အပေါ်မြှောက်တက်လာလေသည်။

မြေပေါ်လဲကျသွားစဉ် စမ်းမိသော ကျောက်ခဲတစ်လုံးကို ဆုပ်ကိုင်၍ လူးလိမ့်ထလာနိုင်သည်နှင့် ကျော်ပွတ်အားတုန့်ပြန် တိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်။

ယန်ခွမ်းပစ်ပေါက်လိုက်သော ကျောက်ခဲသည် ကျော်ပွတ်၏ မျက်နှာတည့်တည့်သို့ တိုးဝင်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



'ခွပ်'

'အား'

ကျားပွတ်မှာ ငယ်သံပါအောင်ဟစ်ကာ ဖက်လက်လန်လဲကျသွားလေသည်။

မျက်နှာကို လက်ဝါးနှစ်ဘက်ဖြင့်အုပ်ရင်း စူးစူးရှရှ အော်ဟစ်နေ၏။ သူ၏လက်ချောင်းကလေးကြားမှသွေးများ ယိုစီးကျလာပါသည်။

ယန်ခွမ်းသည် ခံစားချက်ကင်းမဲ့သောမျက်နှာဖြင့် ကျားပွတ်ကို မမှိတ်မသုန် ကြည့်နေ၏။

မီးသွေးတုံး မျာယာခတ်သွားလေတော့သည်။

'ဒုက္ခပဲ…ယန်ခွမ်း၊ မင်းကတော့ ကြက်ယင်မီးခဲကိုမှ သွားပြီးရန်စလိုက်ပြီ'

ဟု အော်နေ၏။

ထိုအချိန်တွင်…

'မင်းကို ငါသတ်ပစ်မယ်'

ကျားပွတ်သည် ဒေါသတကြီး ကြုံးဝါးရင်း ခုန်ထလာသည်။

လက်နှစ်ဘက်ဆန့်တန်းကာ ယန်ခွမ်းထံသို့ ဂမူးရှူးထိုး ပြေးဝင်လာလေသည်။

ယန်ခွမ်း မလှုပ်မယှက် ရပ်နေဆဲပင်…

ကျားပွတ်၏ လက်ထဲရောက်သွားလျှင် သက်သာမည်မဟုတ်ရကား မီးသွေးတုံး မျက်လုံးပြူးသွားပြီး…

'ယန်ခွမ်း….ပြေး….ပြေး'

အလောတကြီး အော်ပြောလိုက်သည်။



တစ်ဆက်တည်းပင် ကျားပွတ်အား ခြေတို့ခံပေးလိုက်လေတော့သည်။

ကျားပွတ်သည် မီးသွေးတုံး၏ခြေထောက်ကို ဝင်တိုက်မိကာ မြေပေါ် ဘိုင်းခနဲ လဲကျသွားလေတော့သည်။

ယခုတစ်ကြိမ်တွင် ကျားပွတ် ပြန်ထလာနိုင်မည် ဆိုပါက သူလည်း သက်သာမည်မဟုတ်မှန်း မီးသွေးတုံး နားလည်ထားပါလေ၏။

ထို့ကြောင့်…

'ယန်ခွမ်း…မင်းဘာလုပ်နေတာလဲ၊ သေချင်ပြီထင်တယ်'

အော်ပြောကာ ယန်ခွမ်း၏လက်ကို အတင်းဆွဲပြီး ဒရောသောပါး ထွက်ပြေးလေသည်။

ယန်ခွမ်းသည် မီးသွေးတုံးဆွဲခေါ်ရာနောက်သို့ ကန့်လန့်…ကန့်လန့်ဖြင့် ပါသွား၏။

မင်းတို့ ပြေးလို့လွတ်မလား။

ကျားပွတ်သည် မြေပေါ်မှ လူးလိမ့်ထကာ အော်ဟစ်ကြုံးဝါးရင်း ပြေးလိုက်လာလေသည်။

သို့သော် ယန်ခွမ်း၏လက်ချက်ဖြင့် မျက်နှာတစ်ခုလုံး ရစရာမရှိအောင် ကွဲပြဲကုန်ရကာ ဒယီးဒယိုင်ဖြစ်နေပြီး ဖြောင့်ဖြောင့်တန်းတန်း မလိုက်နိုင်တော့သဖြင့် ယန်ခွမ်းနှင့် မီးသွေးတုံးတို့ လွတ်မြောက် သွားကြလေတော့သည်။

….ဝ….

www.burmeseclassic.com

www.burmeseclassic.com

ယုံကြည်မှု ခရီး

(အခက်အခဲဟူသည် နေရာတိုင်း၌ ရှိပေသည်။
အောင်မြင်ခြင်းပန်းတိုင်သည် « ဇွဲသတ္တိမရှိဘဲ ရမည်မဟုတ်ပါချေ။
မိမိကိုယ်ကို ယုံကြည်မှု ရှိခြင်းသည် ဘဝခရီးအတွက် အကောင်းဆုံးသော အဖော်မွန်ပင် ဖြစ်ပေသည်။)

....o....



အရောင်အသွေးစုံလင်စွာ ဝတ်ဆင်ထားကြသူများ ဥဒဟို သွားလာနေကြ၏။

ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် လှပတင့်တယ်စွာ ဆောက်လုပ်ထားသည့် အဆောက်အအုံများသည် လမ်းဘေး တစ်ဘက်တစ်ချက်၌ အစီအရီ ရှိနေသည်။

စားသောက်ဆိုင်များ၊ တည်းခိုခန်းများသည် ကြီးမားသော ဆိုင်းဘုတ်များ ချိတ်ဆွဲထားကြပြီး လမ်းသွားလမ်းလာများကို ဆွဲဆောင်နေ၏။

ဈေးဆိုင်များမှ ဈေးသည်များ၏ ဝယ်ပါယူပါ အသံများ စီစီညံနေသည်။

ပွဲတော်ကြီးတစ်ခု ခင်းကျင်းထားသည့်အလား ကြက်ပျံမကျ စည်ကားဆိုက်မြိုက်လှသော မြို့ကြီးတစ်မြို့ ဖြစ်ပေသည်။

'စည်ကားလိုက်တာကွာ၊ ငါတို့ မြို့နဲ့တော့ ဆိမ့်နဲ့ရေလို ကွာတယ်'

မီးသွေးတုံးက မြင်တွေ့လိုက်ရသမျှကို တအံ့တဩ ငေးမောကြည့်ရှုရင်း ပြောလေသည်။

သူ၏စကားကို ယန်ခွမ်းမကြားလိုက်ပါ....

'ဒီမြို့မှာ ငါ့အဖေရှိချင် ရှိနေမှာ'

ဟု တွေးနေသည် မဟုတ်ပါလား။

သူတို့နှစ်ယောက်သည် တရွေ့ရွေ့ လျှောက်လာကြရင်း စားသောက်ဆိုင်တစ်ဆိုင်ရှေ့သို့ ရောက်ရှိလာကြလေသည်။

ဆိုင်ထဲမှ မွှေးကြိုင်သင်းပျံ့သော အနံ့အသက်များသည် လမ်းပေါ်သို့တိုင် လွင့်ပျံ့လာပါ၏။

www.burmeseclassic.com

www.burmeseclassic.com



မီးသွေးတုံးက နှာခေါင်းတရှုံ့ရှုံ့ဖြင့်....

'မွှေးလိုက်တာဗျာ၊ စားလိုက်ရရင် သိပ်ကောင်းမှာပဲ'

ဟု လွှတ်ခနဲ ပြောလေသည်။

ယခုတစ်ကြိမ်တွင် ယန်ခွမ်းသည် သူ၏စကားကို ကြားသွားခဲ့လေသည်။

ခြေလှမ်းရပ်ကာ မီးသွေးတုံးကို ကြည့်လိုက်ပြီး....

'မင်း ဆာနေပြီလား'

ဟု မေးလိုက်၏။

မီးသွေးတုံးက ရယ်ကျဲကျဲဖြင့်....

'ဟဲ...ဟဲ...မဆာပါဘူးကွ၊ မင်းကော'

ယန်ခွမ်း ပခုံးတွန့်လိုက်သည်။

ဘာမှမပြောဘဲ ရှေ့ဆက်လျှောက်သွားလေသည်။

မီးသွေးတုံး ခေါင်းယမ်းလိုက်၏။

အစားအသောက်အကြောင်း ဘာမျှ ထပ်မပြောတော့ဘဲ ပါးစပ်ပိတ်ကာ နောက်မှလိုက်သွားလေသည်။

သူတို့ဘဝသည် ဆာတိုင်း အစားအစာရှာလေ့ရှိသည့် ဘဝ မဟုတ်ကြောင်း နားလည်ထားပြီး မဟုတ်ပါလား။

မိမိ၏ဘဝအခြေအနေကို သိလျက် မဖြစ်နိုင်သည့် အရာကို မျှော်လင့်တမ်းတနေလျှင် ရူးသွပ်နေခြင်းသာ ဖြစ်ပေမည်။

ယန်ခွမ်းသည် ဘယ်တုန်းကမျှ မရူးခဲ့ကြောင်း မီးသွေးတုံး သိရှိထားပေတော့သည်။

သူတို့နှစ်ယောက် ရှေ့ဆက်လျှောက်လာခဲ့ရာ ကုန်လှောင်ရုံ တစ်ခုအနီးသို့ ရောက်ရှိလာကြလေသည်။



ကုန်လှောင်ရုံရှေ့၌ အမိုးမရှိသည့် ပက်လက်မြင်းလှည်းများ အစီအရီ ရပ်ထားနှင့်၏။

အလုပ်သမားများသည် မြင်းလှည်းပေါ်မှ အထုပ်များကို ထမ်းပိုးကာ ကုန်လှောင်ရုံအတွင်းသို့ သွင်းနေကြလေသည်။

လူခပ်ဝဝကြီး တစ်ယောက်သည် အလုပ်သမားများအား ကြီးကြပ်စေခိုင်းနေသည်ကို တွေ့ရ၏။

ယန်ခွမ်း ခြေလှမ်းရပ်သွားသည်။

မီးသွေးတုံးအား ပြုံးကြည့်လိုက်၏။

မီးသွေးတုံး နှာခေါင်းရှုံ့လိုက်သည်။

တစ်ဆက်တည်းပင်....

'ထမ်းရပိုးရတဲ့ဘဝက အယ်တော့မှလွတ်မလဲ မသိဘူး'

ဟု ညည်းညူလိုက်လေသည်။

ယန်ခွမ်းသည် မိခင်ခေါင်းချခဲ့သည့်မြို့ကလေးကို ကျောခိုင်းထွက်လာခဲ့ရာ မိဘမဲ့ တစ်ကောင်ကြွက် မီးသွေးတုံးကလည်း ယန်ခွမ်းနှင့်အတူ လိုက်လာခဲ့လေသည်။

မီးသွေးတုံးအတွက် ဘယ်အရပ်သို့ရောက်ရောက်၊ ဘယ်ဘဝ ရောက်ရောက် မထူးတော့ပြီ မဟုတ်ပါလား။

အဆောက်အအုံ ပုံမှီများပြားခြင်း၊ လူနေထူထပ်ခြင်း၊ ပို့ဆောင်ရေး စည်ကားသိုက်မြိုက်ခြင်းမှ လွဲပြီး ဤမြို့၌လည်း ကျောမွဲများ၏ ဘဝ ထူးခြားမှုမရှိသည်ကို တွေ့မြင်ရနေရပါ၏။

ကုန်လှောင်ရုံအတွင်းသို့ ပစ္စည်းများ သယ်ပိုးပို့ဆောင်ရာ၌ သူတို့နှင့် အရွယ်မတိမ်းမယိမ်းရှိသည့် ကောင်လေးများလည်း ပါဝင်လုပ်ကိုင်နေသည်ကို တွေ့မြင်နေရသည် မဟုတ်ပါလား။

www.burmeseclassic.com



ယန်ခွမ်းက....

'အစားအသောက်မက်တဲ့လူဟာ အလုပ်ကို ပိုလုပ်ရတယ်ကွ'

ဟု ပြုံး၍ပြောလေသည်။

မီးသွေးတုံး မျက်နှာမဲ့သွား၏။

'ပိုလုပ်တိုင်း ကောင်းကောင်းစားရမယ်လို့ မင်းကို ဘယ်သူ ပြောသလဲ၊ ခိုင်းတော့သာ မိုခိုင်းချင်တာ၊ ပေးတော့ လျှော့ပေးချင်ကြတာကွ'

ဘီလူးကြီးက လူငယ်လေးများ၏လုပ်အားအပေါ် ခေါင်းပုံဖြတ်မှုကို ရည်ရွယ်ကာ ပြောလိုက်ခြင်း ဖြစ်လေသည်။

ယန်ခွမ်းက....

'လူတိုင်းက ဘီလူးကြီးမှ မဟုတ်တာ'

'မင်းပြောနိုင်လို့လား'

'နားထောင်ကြည့်ပါဦးလေ'

မီးသွေးတုံးက အလုပ်ရှင်ဖြစ်ဟန်ရှိသော လူဝကြီးကို လှမ်းကြည့်လိုက်လေသည်။

လူဝကြီး၏အသံကို သူတို့ရပ်နေသည့်နေရာမှပင် ကောင်းစွာ ကြားနေရပါသည်။

'ကြိုးစားကြဟေ့၊ မခိုမကပ် လုပ်တဲ့လူဆို ဆုချမယ်၊ ကြိုးစားကြ'

မီးသွေးတုံး မျက်လုံးပြူးသွားလေသည်။

'ဒီလို လူစားမျိုး တကယ်ရှိလို့လား'

ဟု လွှတ်ခနဲ ရေရွတ်လိုက်၏။



ယန်ခွမ်းက....

'သေချာတာပေါ့ကွာ၊ ဘီလူးကြီးလို လူစားမျိုးတောဝ ရှိနေသေးတာပဲ၊ ဒီလိုလူစားမျိုး ဘာကြောင့် မရှိရမှာလဲ၊ မင်း ကြည့်စမ်း၊ သူက သဘောကောင်းတော့ အလုပ်သမားတွေက ခိုကပ်နေကြတယ်၊ တမင် အချိန်ဆွဲပြီး လုပ်နေကြတာ တွေ့လား'

မီးသွေးတုံး သေသေချာချာ ကြည့်လိုက်၏။

အလုပ်သမားများသည် အားကြိုးမာန်တက် လုပ်ကိုင်ရမည့် အစား ယန်ခွမ်း ပြောသကဲ့သို့ ခိုကပ်ကာ ဟန်ဆောင်လုပ်ကိုင် နေကြသည်ကို တွေ့ရလေသည်။

ယန်ခွမ်းက....

'အလုပ် လုပ်ရင် ထမင်းတော့ စားရမှာပဲ၊ မခိုမကပ်ဘဲ လုပ်ရင် ဆုတောင် ရဦးမယ်'

'မင်းကို သူက လက်ခံမှာလား'

'သူ လက်ခံအောင် လုပ်တဲ့ နည်းရှိပါတယ်'

စကားဆုံးလျှင် ယန်ခွမ်းသည် မြင်းလှည်းများ အနီးသို့ သွက်သွက် လျှောက်သွားလေသည်။

ပိုင်ရှင်လူဝကြီးထံမှ ခွင့်ပြုချက် မတောင်းဘဲ မြင်းလှည်း ပေါ်မှ အထုပ်တစ်ထုပ် ဆွဲယူကာ ထမ်းပိုးလိုက်ပြီး အခြား အလုပ်သမားများနှင့်အတူ ကုန်လှောင်ရုံ အတွင်းသို့ သယ်ပို့ လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘစ်ပန် နေ့ဘက်ထပ် တစ်ခေါက် သယ်ပို့ပြန်သည်။

အခြားအလုပ်သမားများကဲ့သို့ ပျင်းရိဖင့်နွှဲမနေဘဲ အားသွန်ခွန်စိုက် ကြိုးစားလုပ်ကိုင်လိုက်ခြင်း ဖြစ်သည်။

သူနှင့် ရွယ်တူ ကောင်လေးများ တစ်ခေါက် သယ်ပို့ပြီးချိန်၌ သူက သုံးခေါက်မျှ သယ်ပို့ခဲ့လေသည်။

ယန်ခွမ်းက ဝင်ရောက်သယ်ပိုးနေပြီ ဖြစ်၍ မီးသွေးတုံးလည်း မနေနိုင်တော့ဘဲ ဝင်သယ်သေးသည်။

ပိုင်ရှင်လူဝကြီးသည် သူတို့နှစ်ယောက်အား မျက်မှောင်ကုပ်ကာ ကြည့်နေပါ၏။

တစ်အောင့်မျှအကြာတွင် သူ၏မျက်နှာ ပြုံးပြုံးရွှင်ရွှင်ဖြစ်လာလေသည်။ အားမြစ်ခြင်း၊ မေးမြန်းစုံစမ်းခြင်း မပြုဘဲ အသာပင် လက်ပိုက်ကြည့်နေလေသည်။

ယန်ခွမ်းနှင့် မီးသွေးတုံးတို့သည် ဘီလူးကြီးထံတွင် ပင်ပန်းကြီးစွာ လုပ်ခဲ့ကြရသဖြင့် ထုသားပေသားကျနေကြပြီ ဖြစ်လေသည်။

ထမင်းတစ်အိုးချက်ခန့် အချိန်ကြာအောင် ချွေးဘလုံးလုံးဖြင့် သယ်ပိုးခဲ့ကြသော်လည်း ခြေလှမ်းကျမသွားကြချေ။

သူတို့အား ရွယ်တူ ကောင်လေးများ မဆိုထားနှင့် အလုပ်သမားကြီးများပင် တအံ့တသြ ဖြစ်လာကြရလေသည်။

ပိုင်ရှင်လူဝကြီးကား သူတို့ကို ကြည့်ကာ အကြီးအကျယ် သဘောကျနေပေတော့သည်။

ကုန်ပစ္စည်းများအားလုံး ကုန်လှောင်ရုံအတွင်းသို့ သယ်ပိုးပြီးစီးသွားသည်နှင့်...



'မင်းတို့နှစ်ယောက် ငါ့ဆီ လာခဲ့ဦး'

ပိုင်ရှင်လူဝကြီးသည် ယန်ခွမ်းနှင့် မီးသွေးတုံးအား လှမ်းခေါ်လိုက်၏။

ယန်ခွမ်းတို့က သူ၏ ရှေ့တွင် ခပ်ယို့ယို့ ရပ်လိုက်ကြလေသည်။

လူဝကြီးသည် သူတို့ နှစ်ယောက်အား အကဲခတ် ကြည့်လိုက်ပြီး....

'မင်းတို့ဟာ ငါ့အလုပ်သမားတွေ မဟုတ်ဘဲ ငါ့အလုပ်ကို ဝင်လုပ်ကြတာ ဘာကြောင့်လဲကွ'

ဟု မေးလေသည်။

ယန်ခွမ်းက....

'လုပ်အားခ လိုချင်လို့ပါ'

'ဪ... မင်းက အလုပ် လုပ်ရင် လုပ်အားခ ရမယ်လို့ တွက်ထားတာကိုး?'

'ဟုတ်ပါတယ်ခင်ဗျာ'

'ဟင်း....ဟင်း....မင်းတို့ နှစ်ယောက်ကိုတော့ ငါ သဘောကျသွားပြီ၊ ငါ့အလုပ်သမားတွေ မဟုတ်ပေမယ့် လုပ်အားခကို တခြားလူတွေပေးတဲ့အတိုင်းပဲ ပေးလိုက်မယ်၊ မင်းတို့က ကြိုးစားလို့ ချီးကျူးလိုက်မယ်၊ တစ်ယောက်ကို ငွေငါးဆယ်စီ ယူသွားကြပြီလား'

မီးသွေးတုံးနှင့် ယန်ခွမ်းတို့ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘီလူးကြီးထံ၌ တစ်နေ့ကုန် တစ်နေခမ်းလုပ်မှ ငွေတစ်ဆယ်ခန့် ဖျစ်ဖျစ်ညှစ်ညှစ် ရလေ့ရှိပါသည်။

မည်သို့ပင် ကြိုးစားစေကာမူ ဘီလူးကြီး သဘောမကျလျှင် ငွေတစ်ဆယ်ပြည့်အောင်ပင် မရချေ။

ယခုမူ စာနာ နားလည်တတ်သည့် လူဝကြီးက ထိုက်ထိုက်တန်တန် ပေးလေသည်။

'ကျေးဇူးတင်ပါတယ်ခင်ဗျာ'

မီးသွေးတုံးနှင့် ယန်ခွမ်းတို့ ပြိုင်တူ ပြောလိုက်ကြလေသည်။

လူဝကြီးက....

'မင်းတို့နှစ်ယောက် ငါ့ဆီမှာ အလုပ်လုပ်ကြမလား'

ဟု မေးလေသည်။

မီးသွေးတုံးက ယန်ခွမ်းကို ကြည့်လိုက်၏။

ယန်ခွမ်း ခေါင်းခါယမ်းလိုက်လေသည်။

'ကျွန်တော်တို့ မကြာခင် ဒီမြို့ကထွက်သွားမှာမို့ ဦးဆီမှာဆက်ပြီး မလုပ်နိုင်တော့ ဝမ်းနည်းပါတယ်ခင်ဗျာ'

ဟု တောင်းပန်လိုက်လေသည်။

လူဝကြီး ခေါင်းညိတ်လိုက်သည်။

'အင်းလေ....မင်းတို့မှာ အခက်အခဲရှိနေတယ်ဆိုရင်လဲ ငါအတင်းခေါ်မထားပါဘူး၊ ရော့....ရော့.... မင်းတို့ရဲ့လုပ်အားယူသွားကြပေတော့'



ပြောရင်း တစ်ယောက်ကို ငွေငါးဆယ်စီ ထုတ်ပေးလေသည်။

ယန်ခွမ်းနှင့် မီးသွေးတုံးတို့သည် လူဝကြီးအား နှုတ်ဆက်ကာ ထွက်လာခဲ့ကြလေတော့သည်။

....၁....

ယန်ခွမ်းနှင့် မီးသွေးတုံးတို့ တစ်ယောက်ကို တစ်ယောက်ကြည့်လိုက်ကြလေသည်။

ထို့နောက်....

'ဟား....ဟား....ဟား'

ပြိုင်တူ ရယ်မောလိုက်ကြလေသည်။

ယန်ခွမ်းက....

'ဆိုင်ထဲကထွက်လာတဲ့ အနံ့တွေကို ရပ်ပြီးရှူရှိုက်နေလို့ စားရမှာမဟုတ်ဘူးကွ၊ ခုဆိုရင် စားချင်ရာစားလို့ရပြီ'

ဟု ပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မီးသွေးတုံးက အတည်ပေါက်ဖြင့်....

'ဒါတော့ မင်းပြောမှလားကွ၊ အလုပ်လုပ်ရင် စားရမယ် ဆိုတာ ငါသိသားပဲ'

'ဘာလဲ,..မင်းက မလုပ်ဘဲ စားချင်လို့လား'

'မဟုတ်ဘူး၊ အနီး ခံချင်လို့၊ ဟား....ဟား....ဟား'

'ဟား....ဟား....ဟား'

သူတို့နှစ်ယောက် ရယ်မောလိုက်ကြပြန်သည်။

သီလွှားကြီးနှင့်ကွာခြားလှသည့် အလုပ်ရှင်လူဝကြီးနှင့် တွေ့ခဲ့ရသဖြင့် သူတို့၏စိတ်ထဲ ပေါ့ပါးလွတ်လပ်နေ၏။

နှစ်ယောက်သား တစ်ယောက်ခုံး တစ်ယောက်ဖက်ကာ ရှေ့ဆက်သွားရန် ဟန်ပြင်လိုက်ကြ၏။

ဆိုသော်....

'လူဝကြီးက ဆုချလိုက်လို့ မင်းတို့ သိပ်ပျော်နေတယ်ပေါ့'

ခက်ထန် မာကျောသော စကားသံ ထွက်ပေါ်လာသဖြင့် ခြေလှမ်း တုံ့ ခနဲရပ်တန့်သွားရပါတော့သည်။

သူတို့၏ရှေ့တွင် ကောင်လေးတစ်သိုက် လမ်းပိတ်ထားကြလေသည်။

ဦးဆောင်လာသည့် ကောင်လေးမှာ အသက်ဆယ့်ခြောက်နှစ်ခန့်ရှိပြီး ဆံပင်နီကျင်ကျင်၊ လူကောင်ခပ်ထွားထွား ဖြစ်လေသည်။

ကျန်ကောင်လေးများသည် ယန်ခွမ်းတို့အား ရှုသိုးသိုးဖြင့် ကြည့်နေ၏။



ယန်ခွမ်းနှင့် မီးသွေးတုံးတို့ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြသည်။

မီးသွေးတုံးက ယန်ခွမ်း၏အင်္ကျီစကိုဆွဲကာ....

'လာပါကွာ....ငါတို့ သွားကြရအောင်'

ဟု ခပ်တိုးတိုးပြောလေသည်။

ယန်ခွမ်းက ဘာစကားမှ မလုပ်ဘဲ ရပ်နေ၏။

ဆံပင်နီကျင်ကျင်နှင့်ကောင်လေးသည် သူတို့အနီးသို့ လှမ်းလာနေ၏။

မီးသွေးတုံး မျက်နှာပျက်သွားပြီး နောက်ဆုတ်လိုက်ရာ ယန်ခွမ်းမှာ အလိုလိုနေရင်း ရှေ့သို့ထွက်လိုက်သကဲ့သို့ ဖြစ်သွားလေသည်။

ဆံပင်နီကျင်ကျင်ကောင်လေးသည် ယန်ခွမ်းနှင့် လက်တစ်ကမ်းအကွာ၌ ရပ်လိုက်လေသည်။

သူတို့နှစ်ယောက် တည့်မိုး ရပ်လိုက်ကြသောအခါ ထိုကောင်လေးမှာ ယန်ခွမ်းထက် ခေါင်းတစ်လုံးစာမျှ ပိုမြင့်နေပါ၏။

'မင်းတို့နှစ်ယောက်ကို ဒီမြို့မှာ တစ်ခါမှ မတွေ့ဖူးပါဘူး၊ မင်းတို့ ဘယ်ကလာတာလဲ၊ ဘာကြောင့်ငါတို့အလုပ်ကိုဝင်လုပ်တာလဲ'

ထိုကောင်လေးက ငေါက်ငမ်းလာသည်။

ယန်ခွမ်းက ဘာမျှမပြောဘဲ ငြိမ်နေ၏။

ထိုကောင်လေးမှာ မြို့ခံဖြစ်သလို အသက်အရွယ်ကော၊ လုံးလုံးလုံး ပိုကြီးသဖြင့် ယန်ခွမ်းအား အနိုင်ကျင့်ချင်စိတ် ကြီးစားလာသည်။

www.burmeseclassic.com

www.burmeseclassic.com



'လူဝကြီးကိုငါတို့ညာစားနေတာကြာပြီ၊ မင်းတို့ရောက်လာမှပဲ ငါတို့ နာမည်ပျက်တော့တယ်၊ မင်းတို့ကို မှတ်လောက်သားလောက်ဖြစ်အောင် ဆုံးမရမယ်'

ထိုကောင်လေးက ကြုံးဝါးလိုက်လျှင် ကျန်ကောင်လေးများက....

'အစ်ကိုကြီးကျောက်ခဲ၊ လူစွာလုပ်တဲ့ကောင်တွေကို ဆုံးမလိုက်စမ်းပါ'

'သူတို့ဆီကပိုက်ဆံကို လုယူထားလိုက်'

ဟူ၍ တစ်ယောက်တစ်ပေါက် အော်ပြောလာကြသည်။

ကျောက်ခဲအမည်ရှိ ဆံပင်နီကျင်ကျင်နှင့် ကောင်လေးမှာ ပို၍ ရဲရဲတင်းတင်းဖြစ်လာသည်။

ယန်ခွမ်းက ဘာတစ်ခွန်းမျှမပြောဘဲ သူ့အား စိုက်ကြည့်နေသဖြင့်....

'သူများရပ်ရွာမှာလာပြီး လူစွာလုပ်ရအောင် မင်းက တော်တော်သတ္တိကောင်းနေတယ်ပေါ့ ဟုတ်လား၊ ကဲ-ကောင်းဦးကွာ'

ပြောပြောဆိုဆို ယန်ခွမ်းအား ပါးရိုက်ချလိုက်၏။

ဖြန်းခနဲမြည်သံများ ထွက်ပေါ်လာပြီး ယန်ခွမ်း၏ပါးပြင် ရဲရဲနီသွား၏။

'ယန်ခွမ်း'

မီးသွေးတုံး လှတ်ခနဲအော်လိုက်သည်။

ယန်ခွမ်းကား မားမားမတ်မတ် ရပ်နေဆဲ....

ကျောက်ခဲသည် ယန်ခွမ်းအား စော်ကားလိုက်ရသဖြင့် ကျေနပ်သွားပြီး ဟားတိုက်ရယ်မောလိုက်၏။



သို့သော်....

'ဟား....ဟား....ဟား'

'ခွပ်'

'အမယ်လေး'

ရုတ်တရက် ယန်ခွမ်းသည် ခြေဖျားထောက်ကာ ကျောက်ခဲ၏ မျက်နှာကို လက်သီးဖြင့် ထိုးချလိုက်လေသည်။

အကြောက်အရွံ့မရှိဘဲ တုန့်ပြန်လာလိမ့်မည်ဟု မမျှော်လင့်ခဲ့သဖြင့် ကျောက်ခဲမှာ မရှောင်နိုင်ဘဲ လက်သီးစာမိသွားလေတော့သည်။

မျက်လုံးထဲ ကြယ်များလမျှား တွေ့သွားပြီး ယိမ်းယိုင်သွားလေသည်။

ယန်ခွမ်း၏လက်သီးချက်မှာ ပြင်းလှသဖြင့် မျက်နှာတစ်ခုလုံး ထုံသွား၏။

'အစ်ကိုကြီးကျောက်ခဲ၊ ဘာလုပ်နေတာလဲ'

'သူ့ကို ထိုးချလိုက်ပါတော့လား'

'သူ့ခေါင်းကို ရိုက်ခွဲပစ်လိုက်'

ကောင်လေးများသည် ကျောက်ခဲအား သွေးထိုးမြှောက်ပင့်ပေးလိုက်ကြလေသည်။

ကျောက်ခဲကိုယ်တိုင်လည်း ဒေါသထွက်နေပြီဖြစ်ရာ....

'မင်းက ငါ့ကိုအာခံရဲတယ်ပေါ့၊ ကိုင်းကွာ'

အော်ငေါက်ရင်း ယန်ခွမ်းအား လက်သီးဖြင့်ထိုးချလိုက်၏။

'ခွပ်'

ခပ်အုပ်အုပ်အသံတစ်ချက် ထွက်ပေါ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ယန်ခွမ်း၏ခန္ဓာကိုယ် ယိမ်းယိုင်သွား၏။

ကျောက်ခဲ၏ လက်သီးချက်ကြောင့် နှုတ်ခမ်းပေါက်သွားပြီး သွေးများစီမံ့ထွက်လာသည်။

နာကျင်သွားသည့်တိုင် ယန်ခွမ်းက ညည်းညူခြင်းမပြုပါ။

ချက်ချင်းပင် ခြေဖျားထောက်ကာ ကျောက်ခဲ၏မျက်နှာကို လက်သီးတစ်လုံး ဝင်သွင်းလိုက်လေသည်။

'နှပ်'

'အား'

ကျောက်ခဲ အော်လိုက်၏။

သူ၏နှာခေါင်းရိုး ကျိုးသွားသဖြင့် မျက်နှာတစ်ခုလုံး သွေးချင်းချင်း နီရဲသွား၏။

သူ့ထက်ငယ်သော ယန်ခွမ်းက ကြက်ခေါင်းဆိတ်မခံ တုန့်ပြန်လာသည်ဖြစ်၍....

'သိကြသေးတာပေါ့ကွာ'

ဒေါသဖြင့် ယန်ခွမ်းကို ထိုးချလိုက်လေသည်။

ယန်ခွမ်းက ရှောင်တိမ်းရန် မကြိုးစားပါ။

ကျောက်ခဲ၏ လက်သီးဒဏ်ကြောင့် ယိမ်းယိုင်သွားသည့်တိုင် ချက်ချင်းပင် ခြေဆောင့်ခုန်ပြီး ကျောက်ခဲ၏မျက်နှာကို ပြန်ထိုးလေသည်။

ကျောက်ခဲက တစ်ချက်ထိုးလိုက်တိုင်း သူကလည်း တစ်ချက် ပြန်လည်၍ အမိအရထိုးလေသည်။



တစ်ယောက်ကိုတစ်ယောက် လေးငါးဆယ်ချက်ခန့် ထိုးပြီးသောအခါ နှစ်ယောက်စလုံး၏မျက်နှာမှာ ပြင်မကောင်းအောင် သွေးချင်းချင်းနီရဲသွားလေတော့၏။

လက်သီးတစ်လုံးတိုင်းတစ်လုံးတိုင်း ရှိသမျှအား အကုန်သုံးကာ ထိုးလိုက်ကြသဖြင့် အထိုးခံရသည့် နှစ်ယောက်စလုံး သက်သာလှသည် မဟုတ်ပါချေ။

မျက်နှာကဲ့ပြကုန်သည့်အပြင် ခေါင်းထဲချာချာလည်အောင် မူးနောက်လာကြလေသည်။

သို့တိုင် ယန်ခွမ်းသည် တောင့်တောင့်ကြီး ရပ်နေဆဲပင်။

ကျောက်ခဲသည် ယန်ခွမ်းကိုကြည့်ကာ အတော့်လိုနေရင်း ထိတ်လန့်လာ၏။

သူက တစ်ချက်ထိုးလိုက်သည်နှင့် ယန်ခွမ်းက တစ်ချက် ပြန်ထိုးမည်ဖြစ်ရာ ယန်ခွမ်းအား ထိုးရန်ပင် မစွံမရဲဖြစ်လာ၏။

ယန်ခွမ်းအား ထိုးပြီး ပြန်လည် တုံ့ပြန်လာသောအခါ ရှောင်တိမ်းမည်ဟုကား မစဉ်းစားရုံပါ။

အကြောင်းမှာ ယန်ခွမ်းသည် ရှောင်ရန် လုံးဝမစဉ်းစားဘဲ ချက်ချင်း တုံ့ပြန်ခြင်းကြောင့် ဖြစ်သည်။

ပမာဆိုရလျှင် ကျောက်ခဲ၏လက်သီးသည် ယန်ခွမ်းအား ထိသည်နှင့်တစ်ပြိုင်နက် ယန်ခွမ်း၏လက်သီးမှာလည်း ကျောက်ခဲအား ထိပြီးဖြစ်နေပေလိမ့်မည်။

ကျောက်ခဲသည် နှာခေါင်းမှ သွေးများကိုသုတ်ရင်း....

'မင်း....မင်း လူဟုတ်ရဲ့လား'

ဟု မယုံကြည်နိုင်စွာ ရေရွတ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



များသောအားဖြင့် ယန်ခွမ်းအရွယ် ကောင်လေးများသည် အနည်းငယ်မျှ အသားနာသွားရုံနှင့် အရှုံးပေးတတ်ကြ၊ ထွက်ပြေးသွားတတ်ကြသည် မဟုတ်ပါလား။

ယန်ခွမ်းကား ထိုသို့မဟုတ်ဘဲ တစ်ချက် ထိသွားတိုင်း တစ်ချက် ထိထိမိမိ ပြန်လည်တုံ့ပြန်နေ၏။

ယန်ခွမ်းအား တစ်ချက်ထိုးလျှင် မိမိလည်း တစ်ချက် ပြန်အထိုးခံရမည် ဟူသော အသိဝင်ရောက်လာပြီး နောက်ပိုင်း ကျောက်ခဲမှာ ယန်ခွမ်းအား မထိုးဝံ့တော့ချေ။

ယန်ခွမ်းနှင့်ယှဉ်ပြီး အသား အနာမခံနိုင်တော့ပါ။

ဝိုင်းကြည့်နေကြသည့် ကောင်လေးများလည်း အသံ တိတ်သွားကြ၏။

ကျောက်ခဲသည် နောက်သို့ တရွေ့ရွေ့ ဆုတ်သွားသည်။

ခပ်လှမ်းလှမ်းသို့ ရောက်လျှင် ချာခနဲ လှည့်ထွက်သွားလေသည်။

ကောင်လေးများသည် တိတ်ဆိတ်စွာပင် ကျောက်ခဲ နောက်သို့ လိုက်သွားကြ၏။

ထိုအခါမှ မီးသွေးတုံး သတိဝင်လာပြီး ယန်ခွမ်းအနီးသို့ ချဉ်းကပ်သွားကာ....

'ယန်ခွမ်း၊ မင်း ဟန်နိုင်ရဲ့လား'

ဟု မျာမျာသလဲ မေးလိုက်လေသည်။

ယန်ခွမ်းသည် သွေးများပေကျံနေသည့်ကြားမှ ပြုံးလိုက်ပြီးမှ....



'ငါ့ကိုယ်ငါယုံပေမယ့် သူကတော့ သူ့ကိုယ်သူ မယုံဘူးကွ'

ဟု ပြောလေသည်။

မီးသွေးတုံး ခေါင်းခါယမ်းလိုက်သည်။

'မင်းကိုယ်မင်းယုံတာ မဟန်သေးပါဘူးကွာ'

ဟု ညည်းညူလိုက်လေသည်။

ယန်ခွမ်းက....

'ငါ့ကိုယ်ငါမယုံရင် ငါ့အခုလို မတ်မတ်ရပ်နေနိုင်မယ်လို့ မင်း ထင်သလား'

မီးသွေးတုံး ပါးစပ်ပိတ်သွားသည်။

ယန်ခွမ်းသာ အန္တရာယ်ကို ရင်ဆိုင်ကျော်ဖြတ်နိုင်မည်ဟု ယုံကြည်ချက်မရှိခဲ့ပါလျှင် သူတို့နှစ်ယောက် မြေပေါ် ပြားကပ်သွားသည်အထိ ကျောက်ခဲက နှိပ်စက်သွားမည်ဖြစ်ကြောင်း နားလည်သွားပေတော့သည်။

ထိုအချိန်တွင် လူရိပ်တစ်ခုသည် သူတို့အနီးသို့ ရောက်ရှိလာသည်။

ယန်ခွမ်းနှင့် မီးသွေးတုံးတို့ မော့ကြည့်လိုက်ကြ၏။

ထိုအခါ အပြာရောင်ဝတ်ဆင်ထားသည့် အသက်လေးဆယ်ခန့် ရှိသူတစ်ယောက် ဖြစ်နေသည်ကို တွေ့ရလေသည်။

ထိုလူသည် ယဉ်းကျေးသိမ်မွေ့သည့် အသွင်သဏ္ဍာန် ရှိလေသည်။

ယန်ခွမ်းအား ပြုံးပြရင်း....

'ငါညီတို့ကို အစ်ကိုကြီး ကြည့်နေတာ ကြာပြီ၊ ငါ့ညီ တော်တော် သတ္တိကောင်းတာပဲ'

www.burmeseclassic.com

www.burmeseclassic.com



ဟု ချီးကျူးလိုက်လေသည်။

ယန်ခွမ်းက ဘာမျှမပြောဘဲ ထိုလူအား အကဲခတ်ကြည့်နေလေသည်။

မီးသွေးတိုးက....

'နောင်ကြီးက...'

'ကျုပ်က သမားတော်တစ်ယောက်ပါ။ ငါ့ညီတို့ရဲ့သတ္တိကို သဘောကျလွန်းလို့ ငါ့ညီရဲ့ဒဏ်ရာတွေကို ဆေးကုပေးပါရစေကွာ၊ ဆေးဖိုးဝါးခ တစ်ပြားတစ်ချပ်မှ မယူပါဘူး'

ထိုစကားကြားလျှင် မီးသွေးတိုး အသားတုန်အောင် ဖြစ်သွားလေသည်။

ယန်ခွမ်းအတွက်လည်း ဝမ်းသာသွား၏။

'ယန်ခွမ်း...မင်းဒဏ်ရာတွေကို ဆေးထည့်ဖို့...'

သူ၏စကား မဆုံးသေးမီ ယန်ခွမ်းက ကြားဖြတ်ပြောလိုက်လေသည်။

'ကျောပွတ်ကြောင့် သမားတော်နဲ့ပြတဲ့လူ ရှိဖူးလို့လား'

မီးသွေးတိုး ငြိမ်ကျသွား၏။

မှန်ပေသည်။ ကျောပွတ်၏လက်ချက်ဖြင့် ဒဏ်ရာရခဲ့သူများသည် ဆေးဖိုးဝါးခ မတတ်နိုင်ခြင်းကြောင့် သမားတော်ထံ သွားမပြနိုင်ဘဲ တောသမျှ ဟုသမျှ ကြားဖူးသမျှ ဆေးမြီးတိုများ မှီခိုကာ သက်သာပျောက်ကင်းရသည်ချည်း ဖြစ်လေ၏။

မည်သူကမျှ ဈေးကြီးခွင်ကျယ်လုပ်ကာ ပြောဆိုနေကြခြင်း မရှိချေ။



လောက၏ ထူထောင်းရိုက်ပုတ်မှုကြောင့် သူတို့၏ခန္ဓာကိုယ်များသည် သံတွေခဲများဖမာ ဖြစ်နေပြီဟု တွေးနေမိလေတော့သည်။

ယန်ခွမ်းက သမားတော်ဆိုသူအား စိုက်ကြည့်ရင်း....

'နောင်ကြီးရဲ့ စေတနာကို လေးစားပါတယ် ခင်ဗျား၊ ကျွန်တော့်ဒဏ်ရာလောက်နဲ့ ဆေးကုစရာ မလိုသေးပါဘူး၊ ကျွန်တော်တို့ကို သွားခွင့်ပြုပါဦး'

ဟု ပြောလိုက်၏။

တင်ဖုန်...

'မီးသွေးတိုး ...ငါတို့သွားကြစို့'

ပြောပြီး ခပ်သွက်သွက် ထွက်သွား၏။

မီးသွေးတိုးက နောက်မှ ပြေးလိုက်သွားလေသည်။

သမားတော်ဆိုသူသည် ယန်ခွမ်းအား တအံ့တဩ ငေးမော ကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။

မီးသွေးတိုးသည် ယန်ခွမ်းနောက်သို့ လိုက်သွားပြီး သမားတော်နှင့် အတော်ဝေးဝေးသို့ ရောက်လာမှ....

'ယန်ခွမ်း၊ သူ့ဘာသာ ပျောက်သွားတာဆက် ဆေးကုလိုက်ရင်က ပိုပြီး မြန်မြန်မပျောက်ဘူးလားကွ'

ဟု ခပ်တိုးတိုး ပြောလိုက်၏။

ယန်ခွမ်း၏ခြေလှမ်း တုန့်ခနဲ ရပ်သွား၏။

မီးသွေးတိုးအား စေ့စေ့ကြည့်ကာ....

'ငါ့အမေကို ဘယ်သူကမှ အလကားဆေးကုပေးပါမယ်လို့ ပြောခဲ့ကြဘူးကွ'

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေသည်။

မီးသွေးတုံး မျက်နှာပျက်သွား၏။

ပထမဆုံး အကြိမ်အဖြစ် ယန်ခွမ်း၏ အသည်းနှလုံးကို ထိုးဖောက် တွေ့မြင်လိုက်ရသည်ဟု ခံစားရလေသည်။

ယန်ခွမ်းက....

'ငါက သူ့ကို မယုံဘူး'

ဟု လေသံမျှဖြင့် ပြောကာ ချာခနဲ လှည့်ထွက်သွားလေ၏။

မီးသွေးတုံးလည်း တိတ်ဆိတ်စွာဖြင့် နောက်မှလိုက်သွားလေတော့သည်။

....၁....

## ရောင်စဉ် အသွယ်သွယ်

(ပန်းချီတို့သည် ရောင်စဉ်အသွယ်သွယ်ကို တတ်ကျွမ်းလိမ္မာကြပေသည်။

ကံကြမ္မာသည်ကား ပန်းချီကျော်တို့ထက်ပို၍ တတ်ကျွမ်းလိမ္မာ၏။

အဖြူရောင်နှလုံးသားကို အရောင်အမျိုးမျိုး ခြယ်သနိုင်စွမ်း ရှိပေသည်တကား။)

....၁....

www.burmeseclassic.com

www.burmeseclassic.com



လေပြည်လေညင်း ဝေ့ယမ်းတိုက်ခတ်နေ၏။

မွှေးကြိုင်သင်းပျံ့သော တောပန်းရနံ့များ လေပြည်နှင့်အတူ လွင့်ပျံ့လာ၏။

ယန်ခွမ်းနှင့် မီးသွေးတုံးတို့သည် တောလမ်းကလေးအတိုင်း ပခုံးချင်းယှဉ်ကာ လျှောက်လာကြလေသည်။

ယန်ခွမ်း၏မျက်နှာပေါ်မှ သွေးစသွေးနများကို ဆေးကြောသုတ်သင်ခဲ့ပြီး ဖြစ်ပေသည်။

ထို့ကြောင့် အညိုအမည်းကွဲကာ ရောင်ကိုင်းနေခြင်းမှာ ထင်ရှားပေါ်လွင်လာလေသည်။ သို့သော် ယန်ခွမ်းသည် သူ၏ဒဏ်ရာများနှင့် ပတ်သက်ပြီး တစ်လုံးတစ်ပါဒမျှ ပြောဆိုခြင်း မပြုခဲ့ချေ။

မီးသွေးတုံးသည် ယန်ခွမ်း၏အကြောင်း သိထားသူဖြစ်ရာ စိုးရိမ်ပူပန်မိသော်လည်း ဘာမှမပြောဘဲ နေလိုက်၏။

သူတို့နှစ်ယောက် လျှောက်လှမ်း လာနေခဲ့ကြစဉ်မှာပင် ခပ်လှမ်းလှမ်းမှစူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ယန်ခွမ်း ခြေလှမ်း တုံ့ခနဲရပ်သွား၏။

မီးသွေးတုံးက....

'ရှေ့မှာဘာ တစ်ခုခုဖြစ်နေပြီကွ'

ဟု အသိတ်တသန့် ပြောလေသည်။

ယန်ခွမ်းသည် အနည်းငယ်စဉ်းစားလိုက်ပြီး....

'တို့ သွားကြည့်ကြရအောင်'



စကားဆုံးသည်နှင့် အော်ဟစ်သံများ ထွက်ပေါ်လာရာသို့ ဦးတည်ပြေးလွှားသွားလေသည်။

မီးသွေးတုံးလည်း မနေနိုင်တော့ဘဲ လိုက်သွားရ၏။

သူတို့နှစ်ယောက်သည် သစ်ပင်ချုံနွယ်များကြားမှ ဖြတ်ပြေးသွားကြရာ တောင်ကုန်းလေးတစ်ခုပေါ်သို့ ရောက်ရှိသွားကြလျှင် တောင်ကုန်းတစ်ဘက်၌ တိုက်ပွဲတစ်ခု ဖြစ်ပွားနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ယန်ခွမ်းသည် မီးသွေးတုံး၏ လက်ကိုဆွဲကာ မြေပေါ် မှောက်ချလိုက်၏။

နှစ်ယောက်သား တိုက်ပွဲကို အပေါ်စီးမှ ကြည့်နေလိုက်ကြလေသည်။

အပြာရောင်ဝတ် လူတစ်စုသည် မြင်းလှည်း တစ်စီးအား အကာအကွယ်ပြုကာ ခုခံနေကြ၏။

အရောင်အသွေးစုံလင်စွာ ဝတ်ဆင်ထားကြသူများက ဝိုင်းရံ တိုက်ခိုက်နေကြ၏။

မြင်းလှည်းပေါ်၌ တရိုက်ပုံသဏ္ဌာန် အလံတစ်ခု လွင့်ထူထားလေသည်။

ထိုအလံပေါ်တွင်....

'ရွှေနဂါးအာမခံဌာန'

ဟု ရေးထားသည့် စာလုံးများ ပေါ်လွင်နေ၏။

'အာမခံပစ္စည်းတွေကို လုယက်ဖို့ ကြိုးစားနေကြတာပဲကွ'

မီးသွေးတုံးက တုန်ယင်နေသည့်အသံဖြင့် ပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယန်ခွမ်း ဘာမျှမပြောဘဲ တိုက်ပွဲကို မျက်တောင်မခတ် စိုက်ကြည့်နေ၏။

ရွှေနဂါးအာမခံဌာနမှ လူများသည် အပြင်းအထန် ခုခံကာကွယ်နေသည့်ကြားမှ တဖြည်းဖြည်း အရေးနိမ့်လာလေသည်။

ဝိုင်းရံတိုက်ခိုက်နေသူများဘက်မှ ဓားနှစ်လက် ကိုင်ဆောင်ထားသည့် အနက်ရောင် ဝတ်ဆင်ထားသူ တစ်ယောက်သည် အာမခံဌာနမှလူများကို အကြီးအကျယ် ဒုက္ခပေးလျက် ရှိနေပါ၏။

ထိုလူ၏ ဓားနှစ်လက် လှုပ်ရှားသွားတိုင်း အာမခံဌာနမှ လူများ ကားခနဲ ကားခနဲဖြင့် မြေပေါ် လဲကျသွားလေသည်။

'အား'

'အွန့်'

'အမယ်လေး'

ရှသောအော်ဟစ်သံများ ကြောက်ခမန်းလိလိထွက်ပေါ်နေ၏။

လူလူချင်း ညှာတာထောက်ထားခြင်း မရှိဘဲ အသက်ကို ဖက်ရှက်ပမာသဘောထားကာ တိုက်ခိုက် သတ်ပုတ်နေကြသည်ကို ပထမဦးဆုံးအကြိမ်အဖြစ် တွေ့မြင်လိုက်ရသဖြင့် မာကျောလှသည့် ယန်ခွမ်းပင်လျှင် မျက်နှာပျက်သွားလေသည်။

မီးသွေးတုံးကား မျက်နှာ ဖြူဖပ်ဖြူလျော် ဖြစ်နေလေတော့သည်။



သူတို့ကြည့်နေစဉ် အချိန်အတွင်း ရွှေနဂါး အာမခံဌာနမှ လူများတစ်ယောက်ပြီးတစ်ယောက်လဲကျသွားကြရာ နောက်ဆုံး သုံးလေးယောက် မျှသာ ကျန်ရစ် တော့သည်ကို တွေ့ရလေသည်။

ထိုလူသုံးယောက်သည် ဆက်လက်တိုက်ခိုက်ခြင်း မပြုဝံ့ကြတော့ဘဲ လက်နက်ချ အညံ့ခံလိုက်ကြ၏။

'ဟား....ဟား....ဟား'

အနက်ရောင် ဝတ်ဆင်ထားသူသည် အောင်ပွဲခံနိုင်ပြီဖြစ်၍ ဟားတိုက်ရယ်မောလိုက်လေသည်။

သူ၏လူများကို လက်ဝေ့ယမ်းပြလိုက်ပြီး....

'မြင်းလှည်းထဲကအာမခံပစ္စည်းတွေကိုသယ်ကြ၊ မြန်မြန်လုပ်' ဟု အမိန့်ပေးလိုက်လေသည်။

ဓားပြများသည် ဝမ်းသာအားရ ဟေးခနဲ ဟစ်ကြွေးလိုက်ကြပြီး မြင်းလှည်းတံခါးကို ရိုက်ချိုး ဖျက်ဆီးပစ်လိုက်ကြ၏။

ထို့နောက် အာမခံပစ္စည်းများကို ထမ်းပိုးကာ အလျိုလျို ထွက်သွားကြလေသည်။

အနက်ရောင်ဝတ်ဆင်ထားသူသည် ပစ္စည်းများ ရရှိပြီးသည်နှင့် လက်နက်ချအညံ့ခံခဲ့သူ လေးယောက်ကိုကြည့်ကာ...

'ငါ ဘယ်သူလဲဆိုတာ မင်းတို့သိကြသလား'

ဟု မေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အာမခံဌာနမှ လူတစ်ယောက်က...

'ခဝ်ဗျားဟာ မြို့လယ်က သိုင်းဆရာဝေခုံးဆိုတာ ကျုပ်တို့ အားလုံးသိတယ်၊ လူတိုင်းက ခင်ဗျားကို ကြည်ညိုလေးစားနေကြတာ၊ ခင်ဗျားကလူကြီးလူကောင်း ဟန်ဆောင်မျက်နှာဖုံးစွပ်ထားတဲ့ဓားပြကြီးတင်ယောက်ဆိုတာ ခုမှပဲသိရတော့တယ်'

တု ပြောလေသည်။

အခြားတင်ယောက်ကလည်း...

'ကျုပ်တို့ ရွှေနဂါးအာမခံဌာနပိုင်ရှင်နဲ့ ခင်ဗျားဟာ ခင်မင်ရင်းနှီးတဲ့လူတွေပါ၊ ဒီလိုလုပ်ဖို့ မကောင်းပါဘူး'

ဟု အော်ပြောလေသည်။

ကျန်နှစ်ယောက်လည်း မနေနိုင်တော့ဘဲ...

'ကျုပ်တို့ အချိန်မီရောက်မသွားရင် ဆရာထင်းလိုက်လာလိမ့်မယ်၊ သူရောက်လာရင် ခင်ဗျားမလွယ်ဘူး'

'ဝေခုံး၊ မြို့တော်ဝန်က ခင်ဗျားရဲ့လုပ်ရပ်အတွက် သေဒဏ်အပြစ်ပေးလိမ့်မယ်'

ဟုရှဲ တစ်ယောက်တစ်ပေါက် ပြောလိုက်ကြလေသည်။

အနက်ရောင် ဝတ်ဆင်ထားသူ(ဝါ)သိုင်းဆရာဝေခုံးသည် သူတို့၏စကားကို ဂရုမစိုက်သည့်အလား ဟားတိုက်ရယ်မောလိုက်လေသည်။

'ဟား...ဟား...ဟား'



ရွှေနဂါးအာမခံဌာနမှ လူလေးယောက်သည် မခံချိမခံသာဖြင့် နေကြသည့်တိုင် အရေးနိမ့်နေပြီဖြစ်၍ အကြိတ်ထားရုံမှလွဲပြီး ဘာမျှမတတ်နိုင်ဘဲ ဖြစ်နေကြလေသည်။

သိုင်းဆရာဝေခုံးသည် ဟားတိုက်ရယ်မောပြီးလျှင်...

'ငါက ဓားပြကြီးပါလို့ လူသိခံမယ်တဲ့လားကွာ၊ မင်းတို့ကို ချမ်းသာပေးမယ်များ မှတ်နေသလား၊ ငါ့အကြောင်းသိသွားတဲ့ လူတွေကို ရှင်းပစ်မယ်ဆိုတာ မင်းတို့မရိပ်မိကြဘူးလား'

စကားဆုံးလျှင် လက်နှစ်ဘက်ရှိဝ ယမ်းလိုက်လေသည်။

ဓားနှစ်လက်ဖြင့် အာမခံဌာနမှ လူလေးယောက်အား ခုတ်ချပစ်လိုက်ခြင်း ဖြစ်လေသည်။

ထိုလူလေးယောက်သည် ခုခံနိုင်ခြင်းမရှိရကား ထွက်ပြေးရန် ကြိုးစားလိုက်ကြပါသော်လည်း လွတ်မြောက်နိုင်ခြင်း မရှိတော့သဖြင့်...

'အား'

'နှီး'

'အယော်လေး'

စူးရှစွာအော်ဟစ်ကာ မြေပေါ်အတုံးအရုံး လဲကျသွားလေသည်။

'ဟား...ဟား...ဟား'

သိုင်းဆရာဝေခုံးသည် သဘောကျစွာ ရယ်မောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



တဖန် သူ၏လူများကိုလက်ဝေ့ယမ်းပြရင်း ထွက်ခွာသွားရန် ဟန်ပြင်လိုက်၏။

သူ၏လူအတော်များများသည် အာမခံပစ္စည်းများကို သယ်ဆောင်ကာ ထွက်သွားနှင့်ကြပြီ ဖြစ်လေသည်။

သူနှင့်အတူ ငါးယောက်ခန့်သာ ကျန်ရစ်ခဲ့ပါတော့၏။

သိုင်းဆရာကြီးဝေခိုးတို့ ထွက်သွားရန် ဟန်ပြင်လိုက်ကြစဉ်မှာပင်....

'ခွပ် ခွပ်....ခွပ် ခွပ်'

မြင်းခွာသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

တောင်ကုန်းပေါ်မှကြည့်နေသည့် ယန်ခွမ်းနှင့် မီးသွေးတုံးတို့သည် အပြာရောင် ဝတ်ဆင်ထားသူတစ်စု မြင်းဒုန်းစိုင်းနှင်လာနေကြသည်ကို အငေါ်စီးမှလှမ်းပြီး မြင်တွေ့လိုက်ရပေသည်။

ထိုလူများသည် အာမခံပစ္စည်းများ အချိန်မီရောက်မလာသဖြင့် စိတ်ပူကာလိုက်လာကြသည့် ရွှေနဂါးအာမခံဌာနမှ လူများဖြစ်ကြောင်း ဆင်ခြင်မိလျှင်....

'ပွဲကြီးပွဲကောင်းပဲဟေ့'

ယန်ခွမ်း တီးတိုးရေရွတ်လိုက်လေသည်။

မီးသွေးတုံးက....

'ကောင်းတယ်၊ သိုင်းဆရာဝေခိုးဆိုတဲ့လူကို သုံးမလိုက်ကြစမ်းပါကွာ'

ဟု မေတ္တာပို့လိုက်လေသည်။



ဓားပြခေါင်းဆောင်ဝေခိုး ဒုက္ခရောက်တော့မည်ဟု သူတို့နှစ်ယောက် တွေးနေကြစဉ်မှာပင် အံ့သြဖွယ်ကောင်းသည့် မြင်ကွင်းအား တွေ့မြင်လိုက်ရလေတော့သည်။

....၀....

မြင်းခွာသံများ ထွက်ပေါ်လာ၏။

ရွှေနဂါးအာမခံဌာနမှ သိုင်းသမားများသည် မြင်းဒုန်းစိုင်းစီးနင်းကာ တစ်ဟုန်ထိုး ထွက်ပေါ်လာကြလေသည်။

သိုင်းဆရာ ဝေခိုး လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

အခြေအနေအရ မည်သို့မျှ ပြေးလွတ်တော့မည် မဟုတ်မှန်း နားလည်သွားလေသည်။

သူ၏ လူများလည်း ထိတ်လန့်သွားကြ၏။

'ဆရာ ဝေခိုး....ဘယ်လိုလုပ်ကြမလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်တို့ ပြေးလို့ လွတ်မှာ မဟုတ်ဘူး'

တစ်ယောက်တစ်ပေါက် ပြောလိုက်ကြလေသည်။

သိုင်းဆရာဝေခိုးသည် တဒင်္ဂမျှ တွေဝေသွားပြီးနောက် ချက်ချင်းပင် ရွှင်ရွှင်လန်းလန်း ဖြစ်လာလေသည်။

'လွယ်ပါတယ်ကွာ၊ ငါ ဖြေရှင်းပြပါ့မယ်'

စကားဆုံးလျှင် ဓားဝေ့ယမ်းကာ သူ၏လူများကို ပြန်လည်တိုက်ခိုက်ပစ်လိုက်လေသ...။

မမျှော်လင့်သော ဖြစ်ရပ်ကြောင့် သူ၏ လူငါးယောက် အငိုက်မိသွားကြ၏။

ဓားရောင် ဝင်းလက် ထွက်ပေါ်လာပြီးလျှင်....

'အား....'

'အမယ်လေး'

လူနှစ်ယောက်မှာ သိုင်းဆရာဝေခိုး၏ ဓားချက်မိကာ မြေပေါ် လဲကျသွားကြလေသည်။ ကျန်သုံးယောက်သည် သတိဝင်လာကြပြီး ချက်ချင်း ပြန်လည်တိုက်ခိုက်ကြ၏။

ထိုအချိန်မှာပင် ရွှေနဂါးအာမခံဌာန သိုင်းသမားများ တစ်ဟုန်ထိုး ရောက်ရှိလာကြလေတော့သည်။

ရှေ့ဆုံးမှ ဦးဆောင်လာသူမှာ အသက်လေးဆယ်ခန့် ရှိပြီး ဥပဓိရုပ်ကောင်းသူ ဖြစ်၏။

ထိုလူကိုမြင်လျှင် သိုင်းဆရာဝေခိုးမှာ....



'မိတ်ဆွေကြီး ထင်းပေ-မြန်မြန်လာဗျို့၊ ဓားပြတွေ လုယက်ပြီးထွက်ပြေးကုန်ပြီ'

ဟု အော်ပြောလိုက်လေသည်။

သူ၏ လူသုံးယောက် ဒေါသထွက်သွားကြသကဲ့သို့ ထိတ်လန့်၍လည်း သွားကြမိ၏။

ဝေခိုးသည် သူ့လူ ကိုယ့်ဘက်သား လုပ်နေပြီ မဟုတ်ပါလား။

နှစ်ယောက်သည်...

'လူယုတ်မာကြီး'

ဟု အော်ငေါက်ကာ ဝေခိုးအား တိုက်ခိုက်လိုက်ကြသကဲ့သို့ ကျန်တစ်ယောက်မှာ ထွက်ပြေးသွားရန် ကြိုးစားလေသည်။

သို့သော် ရွှေနဂါးအာမခံဌာနခေါင်းဆောင် ထင်းပေက...

'မင်း ပြေးလို့ လွတ်မလား'

ကြုံးဝါးရင်း ဓားဖြင့် ပစ်ပေါက်လိုက်လျှင်....

'ဒုတ်....'

'အင့်....'

အော်ဟစ် ညည်းညူသံနှင့်အတူ မြေပေါ် ခွေခနဲ လဲကျသွားတော့၏။

ထိုလူ လဲကျသွားပြီး မရှေးမနှောင်းမှာပင်....

'အား....'

'အမယ်လေး'

www.burmeseclassic.com

www.burmeseclassic.com



သိုင်းဆရာဝေခုံးသည် သူ့အကြောင်း ဖော်ပြောမည့် သူ၏လူနှစ်ယောက်အား အပြီးတိုင် သုတ်သင်ရှင်းလင်းပစ်လိုက်လေတော့သည်။

....ဝ....

ယန်ခွမ်းနှင့် မီးသွေးတုံးတို့ ခရီးနှင်နေကြလေသည်။

မီးသွေးတုံးက....

'တော်တော်ယုတ်မာတဲ့ လူပဲ'

ဟု ပြောဆိုလိုက်လေသည်။

ယန်ခွမ်း ဘာမှ မပြောပေ။

မီးသွေးတုံးက....

'ယန်ခွမ်း... ခေးပြခေါင်းဆောင်ဟာ သူဆိုတာ ငါတို့သွားပြောပြရင် မကောင်းဘူးလား'

ဟု မေးလေသည်။

ယန်ခွမ်း ပခုံးတွန့်လိုက်သည်။



'မင်းပြောတာကို သူတို့က ယုံမှာတဲ့လား'

မီးသွေးတုံး ပါးစပ်ပိတ်ထားလိုက်ရလေတော့သည်။

ထိုစဉ်မှာပင် တောင်ကုန်းအောက်မှ စကားပြောသံများ လွင့်ပျံလာသည်ကို ကြားရပေသည်။

ရွှေနဂါးအာမခံဌာနမှ လူများသည် မြင်းရပေါ်မှ အသီးသီးခုန်ဆင်းလိုက်ကြပြီး သေဆုံးသွားသူများအား လိုက်လံစစ်ဆေးနေကြ၏။

ထင်းပေသည် သိုင်းဆရာကြီးဝေခုံးအနီးသို့ ရောက်သွားချေပြီး....

'မိတ်ဆွေကြီးကို တွေ့လိုက်ရတာ သိပ်ကိုဝမ်းသာမိပါတယ်ဗျာ၊ မိတ်ဆွေကြီး ဘာတွေများ သိလိုက်ရသေးလဲ'

ဟု မေးလေသည်။

သိုင်းဆရာကြီး ဝေခုံးက....

'ကျုပ်က ကိစ္စလေးတစ်ခုရှိလို့ ဒီလမ်းက ဖြတ်အလာမှာ ခင်ဗျားလူတွေကို ခေးပြတွေ ဝိုင်းတိုက်နေတာတွေ့လို့ ဝင်ကူတာဗျ၊ ကျုပ်ရောက်လာတဲ့အချိန်မှာ ခင်ဗျားလူတွေ အခြေအနေမဟန်တော့ဘူး၊ ခေးပြတွေက ပစ္စည်းတွေယူပြီး ပြေးကုန်ပြီ'

ထင်းပေ သက်ပြင်းချလိုက်လေသည်။

'ကျုပ်လူတွေ ခရောက်လာဖို့အချိန်တန်ပေမယ့် ရောက်မလာကြလို့ စိုးရိမ်ပြီး လိုက်လာခဲ့တာ၊ ကျုပ်ထင်တဲ့အတိုင်း ဖြစ်နေတာပဲ၊ အာမခံပစ္စည်းတွေဟာ မြို့တော်ဝန်ပိုင်ဆိုင်တဲ့ ပစ္စည်းတွေဗျ၊ ကျုပ်တော့ ခေါင်းဆင်နင်းတာပဲ၊ မရမချင်း လိုက်ရှာရ

www.burmeseclassic.com



တော့မှာပဲ၊ ဒါထက် ခေါးပြတွေ ဘယ်ဘက်ကို ပြေးသွားကြသလဲဗျ’

ဝေခိုးသည် ဓားပြများ အမှန်တစ်ကယ် ထွက်ပြေးသွားရာဘက်သို့ မပြောမပြဘဲ ဆန့်ကျင်ဘက်အရပ်သို့ ညွှန်ပြလိုက်၏။

‘ဟိုတောင်ကုန်းလေးပေါ်ကို တက်ပြေးသွားတယ်ဗျ’

ယန်ခွမ်းနှင့် မီးသွေးတုံးတို့ရှိနေသည့် တောင်ကုန်းလေးပေါ် ညွှန်ပြလျက်သား ဖြစ်နေပေတော့သည်။

သူတို့၏စကားသံများကို အတိုင်းသား ကြားနေရသည့် ယန်ခွမ်းနှင့် မီးသွေးတုံးတို့ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြ၏။

မီးသွေးတုံးက...

‘လူယုတ်မာကြီး’

ဟု ရေရွတ်လိုက်လေသည်။

သူက လှုပ်လှုပ်ရှားရှား လုပ်လိုက်သဖြင့် ယန်ခွမ်းက...

‘ငြိမ်ငြိမ်နေစမ်း၊ တော်ကြာ...’

သူ၏စကားမဆုံးသေးပါ။ ဝေခိုးညွှန်ပြရာသို့ မော့ကြည့်လိုက်သည့် ထင်းပေသည် တောင်ကုန်းပေါ်၌ လူရိပ်လှုပ်ရှားသွားသည်ကို သတိပြုမိသွားပြီး....

‘သိကြသေးတာပေါ့ကွာ’

ဟု ကြုံးဝါးကာ လျှင်မြန်စွာ ပြေးတက်လာလေသည်။

ယန်ခွမ်း မျက်လုံးပြူးသွား၏။

မြေပေါ်ဝပ်နေရာမှ ကပျာကယာ လူးလိမ့်ထလိုက်ပြီး....

‘မီးသွေးတုံး ပြေးပေတော့’

ဟု ပြောလိုက်သည်။



သူကိုယ်တိုင်လည်း ထွက်ပြေးရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်မှာပင် ထင်းပေတို့ လူစုသည် တောင်ကုန်းပေါ်သို့ ရိပ်ခနဲ ရိပ်ခနဲ ရောက်ရှိလာကြပြီး သူတို့အား ဝိုင်းရံထားလိုက်ကြလေသည်။

ယန်ခွမ်းနှင့် မီးသွေးတုံးတို့ ကျောချင်းကပ်လိုက်မိကြ၏။

ထင်းပေသည် ဓားပြများအား တွေ့ရမည်ဟု မျှော်လင့်ထားသော်လည်း ကလေးမကျ၊ လူကြီးမကျ ကောင်လေးနှစ်ယောက်အား တွေ့မြင်လိုက်ရခြင်းကြောင့် ဇဝေဇဝါ ဖြစ်သွားလေသည်။

သိုင်းဆရာ ဝေခိုးမှာလည်း လမ်းလွှဲကာ ပြောလိုက်ပါမှ တောင်ကုန်းပေါ်၌ လူရိပ်များ တွေ့မြင်လိုက်ရခြင်းကြောင့် ထိတ်လန့်သွားပါ၏။

တောင်ကုန်းပေါ်မှလူသည် သူ၏လူများ မည်သည့်နည်းနှင့်မျှ မပြန်နိုင်မှန်း သိထားပါ၏။

သို့သော် သူ၏လုပ်ရပ်များကို တွေ့မြင်ထားလိမ့်မည်ဟု ရိပ်မိသဖြင့် ထင်းပေအား ဖွင့်ပြောပြလိုက်မည်ကိုစိုးရိမ်ကာ ဒရောသောပါး ပြေးလိုက်လာခဲ့ပါသည်။

တောင်ကုန်းပေါ်ရောက်လျှင် ယန်ခွမ်းတို့အား တွေ့မြင်လိုက်ရခြင်းကြောင့် ရုတ်တရက် မည်သို့ ပြောရ လုပ်ရမှန်းမသိ ဖြစ်သွားလေသည်။

ထင်းပေသည် ယန်ခွမ်းတို့အား မျက်မှောင်ကုပ်ကာ ကြည့်ရင်း....

‘မင်းတို့နှစ်ယောက်က...’

www.burmeseclassic.com



သူ၏စကားမဆုံးမီ သိုင်းဆရာဝေခုံးက ကြားဖြတ် အော
ပြောလိုက်လေသည်။

'သူတို့ဟာ ခေးပြွတွေလ[illegible]သပ်မွေးထား တဲ့ ကောင်လေ
တွေပဲ၊ လုယက်ဖို့သတင်းထောက်လှမ်းတဲ့အခါ ဘယ်သူမှမ
မိအောင် ဒီကောင်လေးတွေကို အသုံးချမှာပေါ့၊ ဟော့-ကော
လေးတွေ ခေးပြွတွေဘယ်မှာလဲ ပြောစမ်း'

သိုင်းဆရာဝေခုံးသည် ဒေါသတကြီး ရှေ့တိုးလာပါ၏။

မီးသွေးတုံးမှာ နဂိုကပင် ဝေခုံးအပေါ် မကျေမနပ်ဖြစ်
ရကား....

'လူယုတ်မာကြီး'

ဟု အော်ပြောလိုက်လေသည်။

ဝေခုံးသည် ရှေ့သို့ခုန်တိုးလာပြီး မီးသွေးတုံးအား က
ကျောက်လိုက်လေသည်။

'ဝုန်း'

'အား'

မီးသွေးတုံး အပေါ်မြောက်တက်သွားပြီး မြေပေါ်ခြေဖ
လက်ပစ် ပြုတ်ကျသွား၏။ မြေပေါ်၌ လူးလိမ့်ညည်းညူနေပြီ
ပြန်ထမလာနိုင်တော့ချေ။

ဝေခုံးက မီးသွေးတုံးအား မတရားနှိပ်စက်လိုက်သည်က
မြင်လျှင် ယန်ခွမ်း ဒေါသထွက်သွားလေသည်။

'တိရစ္ဆာန်ကြီး'

အာခေါင်ခြစ်ကာ အော်လိုက်ပြီး ဝေခုံးထံ ပြေးဝင်တို
ခိုက်လိုက်၏။



ဝေခုံးက....

'မင်းက ငါ့ကိုတောင် တိုက်ခိုက်ချင်တာကိုး'

ပြောရင်း ယန်ခွမ်း၏လက်ကို ဖမ်းချုပ် ကိုင်မြှောက်ချလိုက်
လေသည်။

'ဝုန်း'

ယန်ခွမ်းမှာ မြေပေါ် အရှိန်ပြင်းစွာကျသွားရကား တစ်ချက်
တည်းနှင့် ပြန်မထနိုင်အောင် ဖြစ်သွားရလေတော့သည်။

ဝေခုံးက....

'ခေးပြွ အသေးစားလေးတွေကို ဒီအကွင်းလွှတ်ထားလို့
မဖြစ်ဘူး၊ မြွေဟောက်ဟာ အကောင်ငယ်ပေမယ့် အဆိပ်ရှိတယ်
ဆိုတဲ့စကားအတိုင်းပဲ၊ မြို့တော်ဝန်ရဲ့ ပစ္စည်းကိုလုတာ နည်းတဲ့
သတ္တိမဟုတ်ဘူး၊ နောက်နောင် ဒုက္ခမပေးနိုင်အောင် တစ်ခါ
တည်း ရှင်းပစ်တာပဲအေးမယ်'

ပြောပြောဆိုဆို ဓားဆွဲထုတ်လိုက်လေသည်။

'ခဏနေပါဦးဗျာ'

ထင်းပေကာ တားမြစ်လိုက်၏။

'သူတို့ကို ရှင်းပစ်လိုက်မယ့်အစား မြို့တော်ဝန်ဆီကို ဖမ်း
ခေါ်သွားပြီး ပမ်းမြန်းကြည့်တာ ပိုကောင်းမယ်လို့ ကျုပ်ထင်
တယ်'

ထိုစကားကြားလျှင် ဝေခုံး မျက်နှာပျက်သွားလေသည်။

သို့သော် အတင်းဖျက်မည်ဆိုပါက ထင်းပေသံသယဝင်လာ
နိုင်ကြောင်း ရိပ်မိသဖြင့်....

www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပြီလေ၊ သူတို့အတွက် ကျုပ်တာဝန်ယူပါမယ်ဗျာ၊ မြို့တော်ဝန်ရဲ့ ဖမ်းဆည်းတွေလုပ်သွားတဲ့ ခေါ်ပြတွေအကြောင်း ဖွင့် ပြောလာစေရမယ်'

စကားဆုံးသျှင် ယန်ခွမ်းနှင့် မီးသွေးတုံးတို့အား လှည်းကုပ်မှ ရှေ့၌ အရှက်တိုက်ဆွဲကာ ခေါ်သွားလေသည်။

အနီးပတ်ဝန်းကျင်၌ ခေါ်ပြများအား လိုက်လံရှာဖွေ၍ မတွေ့နိုင်သည့်အဆုံး ထင်ပေတို့ လူစုသည် ယန်ခွမ်းတို့အား စစ်ဆေးဖော်ထုတ်ရန် မျှော်လင့်လျက် လက်လျော့ပြန်သွားကြရ လေတော့သည်။

....၁....

'ဂျိမ်း'

ကျယ်လောင်သော မြည်ဟည်းသံကြီးနှင့်အတူ အချုပ်ခန်း တံခါး ပိတ်သွားလေသည်။

ယန်ခွမ်းနှင့် မီးသွေးတုံးတို့မှာ အချုပ်ခန်း အတွင်းသို့ ကန်သွင်းခြင်းခံလိုက်ရသဖြင့် အေးစက်ထုံထိုင်းနေသည့် သံမံ သလင်းပြင်ဝယ် လိမ့်သွားကြလေသည်။



သခုံး၏ ချောက်တွန်းမှုကြောင့် အဖမ်းခံရပြီးသည့်နောက် ရွှေနဂါးအာမခံဌာနမှလူများသည် သူတို့နှစ်ယောက်အား များဖြင့် တုပ်နှောင်ကာ ခေါ်ဆောင်လာခဲ့ကြလေသည်။ မြို့တော်ဝန်ဂေဟာသို့ မရောက်မီ လမ်းတစ်လျှောက်တွင် ၎င်း၏ သွေးထိုးမှုကြောင့် သေဆုံးသွားကြသည့် မိတ်ဆွေ ယ်ချင်းများအတွက် ဒေါသထွက်နေကြသည့် ရွှေနဂါး ခံဌာနမှ သိုင်းသမားများသည် ယန်ခွမ်းနှင့် မီးသွေးတုံး အား ကြိမ်းမောင်းဆဲဆိုကြသည်။ ထိုးကြိတ်ကန်ကျောက်ခဲ့ကြ သည်။

မြို့တော်ဝန်ဂေဟာမှ အချုပ်ခန်းအတွင်းသို့ ရောက်သော ခါ ယန်ခွမ်းတို့မှာ တစ်ကိုယ်လုံး နာကျင်နေကြပြီး မလှုပ်ချင် အချင်အောင် ဖြစ်နေကြပေတော့သည်။

ယန်ခွမ်းသည် သံမံသလင်းပေါ်မှမထဘဲ ဆက်၍လှဲလျောင်း ကိုက်၏။

ဝေဒနာခံစားနေရသည့်တိုင် သူ၏မျက်နှာပေါ်၌ မည်သည့် အချက်မျိုးမှ ရှာမတွေ့နိုင်ချေ။

မျက်နှာတစ်ခုလုံး ရောင်ကိုင်းကာ ခပ်အစ်အစ်ဖြစ်နေ၏။ ထူးခြားချက်မှာ၍ သူ၏မျက်လုံးများ အရောင်တဖိတ်ဖိတ် တောက်ပနေခြင်းသာလျှင် ဆိုဘွယ်ရာရှိပေသည်။

မီးသွေးတုံးသည် တအီးအီး တအင်းအင်း ညည်းညူနေ၏။ သူ၏အသံကြောင့် အချုပ်ခန်းအတွင်း၌ သူတို့ထက် အလျင် ဆက်ရှိနေဟန်တူသူသည် နားညည်းလာပုံရသည်။

'ဟေ့ကောင်၊ တိတ်တိတ်နေစမ်း'

www.burmeseclassic.com

www.burmeseclassic.com



ဟု ငေါက်လိုက်လေသည်။

သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာခြင်းကြော[illegible] မီးသွေးတုံး၏ ညည်းညူသံ ရပ်တန့်သွားလေသည်။

သံမံတလင်းပေါ်မှ လူးလိမ့်ထကာ ကြည့်လိုက်လေသည်[illegible]

ယန်ခွမ်းလည်း ကြည့်လိုက်၏။

ထိုအခါမှ အချုပ်ခန်းထောင့်တစ်နေရာ၌ လူတစ်ယော[illegible] အား ထိပ်တုံးခတ်ကာ ဖမ်းဆီးချုပ်နှောင်ထားသည်ကို တွေ့[illegible] ရလေသည်။

သံတိုင်များကာရံထားသည့်အချုပ်ခန်းအတွင်း၌ ချုပ်နှော[illegible] ထားရုံမျှမကသေး။ခြေထောက်နှစ်ချောင်းကို ထိပ်တုံးခတ်ထ[illegible] ခြင်းကြောင့် ထိုလူ ထွက်မပြေးနိုင်စေရန် အထပ်ထပ် စီမံထ[illegible] ခြင်းဖြစ်ကြောင်း ထင်ရှား၏။

ထိုလူသည် ကြောက်စရာကောင်းသူဖြစ်၍ ကိုတင်ကာကွ[illegible] ထားခြင်း ဖြစ်ကြောင်း သိနိုင်ပါ၏။

ထိုလူသည် အသက် လေးဆယ်ခန့် ရှိပြီး မျက်နှာပေါ[illegible] ခပ်ဆိုးဆိုး ရှိလေသည်။

ရှည်လျားသော ဆံပင်များသည် ပခုံးပေါ်သို့ ဝဲကျနေ[illegible]

ဖမ်းဆီးချုပ်နှောင်ခြင်း ခံနေရသည့်တိုင် စိတ်ဓာတ်ကျဆ[illegible] နေပုံမရှိဘဲ လူတိုင်းအား ရန်လိုသည့် အကြည့်ဖြင့် ကြည့်မ[illegible] လူစားမျိုး ဖြစ်ပေတော့သည်။

'မင်းတို့ တိတ်တိတ်နေရင်နေ၊ မနေရင် မှင့်တို့ခေါင်း[illegible] ရိုက်ခွဲပစ်ရလိမ့်မယ်'

ဟု မာန်မဲလိုက်လေသည်။



ထိုလူ လှုပ်ရှားနိုင်ခြင်းမရှိမှန်း ရိပ်မိသည့် မီးသွေးတုံးက....

'ကျွန်တော့်ဘာသာ ညည်းညူတာ ခင်ဗျားကို ဘာများ [illegible]ခိုက်စရာရှိလို့လဲဗျ'

ဟု ပြန်ပြီး ရန်တွေ့လိုက်လေသည်။

ထိုလူ ဒေါသကာ ရှူးရှူးရှားရှားဖြစ်လာပါသည်။

'ဖေ့ာကောင်၊ မင်းညည်းချင်ရင်တခြားနေရာမှာသွားညည်း၊ [illegible]ရှေ့မှာ လာမညည်းနဲ့၊ ယောကျ်ားမဟုတ်တဲ့ အတိုင်းပဲ၊ [illegible]ပ်ရဲရင် ခံရဲရမှာပေါ့'

'ဘာဗျ၊ ကျွန်တော်တို့ ဘာမှမလုပ်ဘဲ ခံနေရတာဗျ'

'ဒါဆို မင်းတို့ အ လို့ ခံရတာ ခံပေါ့'

မီးသွေးတုံး မကျေမနပ်ဖြစ်သွား၍...

'ကျွန်တော်တို့ အ လို့ ဆိုတော့ ခင်ဗျားက သိပ်လည်လို့ [illegible]ပ်တုံးခတ်ခံနေရတာပေါ့၊ ဟုတ်လား'

တမင် အရွဲ့တိုက်ကာ ပြောလိုက်လေသည်။

သူ၏စကားကြောင့် ထိုလူ ဒေါသထွက်သွားမည်ဟု ထင်မှတ် [illegible]သည်။

သို့သော်...

'ဟား...ဟား...ဟား...'

ထိုလူသည် သဘောကျသည့်အလား ဟားတိုက်ရယ်မော [illegible]က်လေသည်။

မီးသွေးတုံး ကြောင်အမ်းအမ်းဖြစ်သွား၏။

ထိုလူသည် အတန်ကြာရယ်မောပြီးမှ...

www.burmeseclassic.com

www.burmeseclassic.com



'မင်း မဆိုးဘူး၊ ငါသာအရက်မူးမနေဘူးဆိုရင် မင်းကော
တွေ ငါ့အရိပ်အယောင်တောင် ဖမ်းလို့မိကြမှာမဟုတ်ဘူး
သူတို့က ငါ့ကို သေဒဏ်ပေးမယ်လို့ ပြောနေကြတယ်၊ စော
ကြည့်စမ်းပါဦးကွာ၊ ငါလိုကောင်ဇ်ကို ဘယ်သူက သတ်ပစ်
မှာလဲ၊ နေစမ်းပါဦး၊ မင်းတို့က ဘာများလုပ်လာခဲ့လို့လဲ'

မီးသွေးတုံးသည် ထိုလူအား စိတ်ဝင်စားသွားလေ
သည်။

ထိုလူ၏အကြောက်အလန့်ကင်းမဲ့မှုသည် သူ့အား ဆွဲဆော
သွားနိုင်ခြင်းကြောင့် ဖြစ်ပေသည်။

ထို့ကြောင့်လည်း သူ၏အဖြစ်အပျက်ကို ပြောပြမိလိုက်
သည်။

ထိုလူက ယန်ခွမ်းနှင့် မီးသွေးတုံးတို့ မတရား ခံခဲ့ရသည်
သိသွားလျှင်....

'ငါပြောသားပဲ၊ မင်းတို့က အ လို့ ခံရတာပေါ့၊ ဝေခံ
ဓားပြခေါင်းဆောင်ကွ၊ သူ့အကြောင်း ဖော်ပြောမှာစိုးရိမ်
မင်းတို့ကို ဒုက္ခပေးတာပဲ၊ ခုလောက်ဆို မင်းတို့ကို ရှင်းပ
မှုတော်ဝန်ကို နားသွင်းပြီးလောက်ပြီ၊ မင်းတို့ ဘာလုပ်မလဲ'

ဟု ပြောလေသည်။

အသတ်ခံရမည်ဟုကြားသိလိုက်ရလျှင် မီးသွေးတုံးမှာ ထိ
လန့်ကာ မျက်ရည်များပင် ကျလာလေတော့သည်။

'ယန်ခွမ်း၊ ငါတို့ဘယ်လိုလုပ်ကြမလဲ'



ယန်ခွမ်းကို လှမ်းပြီးအကူအညီတောင်းလိုက်လေသည်။

ယန်ခွမ်း နှာခေါင်းရှုံ့လိုက်ပြီး....

'ငါ့ကိုသတ်ဖို့ကြိုးစားရင် သူ့အရင်သေရလိမ့်မယ်'

ဟု ခပ်ပြတ်ပြတ်ပြောလေသည်။

သူ၏အသက်အရွယ်နှင့် ပြောသည့်အတိုင်း လုပ်နိုင်ခြင်းရှိမရှိ
တွေးတောစဉ်းစားမှု မရှိပါ။

သူ၏စိတ်ထဲ ရှိသည့်အတိုင်း ပြောချလိုက်ခြင်း ဖြစ်လေ
သည်။

ထိပ်တုံးခတ်ထားခြင်း ခံနေရသူသည် ယန်ခွမ်းအား သဘော
ကျသွားလေတော့သည်။

'ဟဲ...ဟဲ မင်းမဆိုးဘူး၊ မင်းကမှုတော်ဝန်ကို အမှန်အတိုင်း
ဖွင့်ပြောပြဖို့ စိတ်မကူးဘူးလား'

ဟု လှမ်းမေးလေသည်။

ယန်ခွမ်း ခေါင်းယမ်းလိုက်၏။

'မပြောဘူး'

'ဘာဖြစ်လို့လဲကွ'

'ပြောလဲအပိုပဲ၊ သူကယုံမှာမှ မဟုတ်တာ'

ထိုလူ ဦးခေါင်းတဆတ်ဆတ်ညိတ်လိုက်လေသည်။

'မင်းမဆိုးဘူး၊ မင်းတို့ငါ့စကားနားထောင်မယ်ဆိုရင် မင်း
တို့အသက်ကို ငါကယ်မယ်'

'ဗျာ...ကျွန်တော်တို့ကို ကယ်မယ်ဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



မီးသွေးတုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

ယန်ခွမ်းကား တုပ်တုပ်မျှမလှုပ်ဘဲ ငြိမ်ကျသွားပါ၏။

ထိုလူက...

'တုတ်တယ်၊ ငါ့စကားနားထောင်မှ ကယ်မှာနော်'

'နေပါဦး ခင်ဗျားက ထိပ်တုံးခတ်ခံနေရတာပဲ၊ ကျွန်တော်တို့ကိုကယ်ဖို့ အသာထားဦး၊ ကိုယ့်ကိုယ်ကိုပဲ အရင်လွတ်အောင် လုပ်စမ်းပါဦး'

'ဟဲ...ဟဲ...ဟဲ မင်းတို့ကမယုံဘဲကိုး၊ ဒါဖြင့်လဲ နေပေါ့ကွာ'

မီးသွေးတုံး တွေဝေသွားလေသည်။

ထိုလူမှာ လူဆိုးလူမိုက်တစ်ယောက်ဖြစ်ကြောင်း မြင်ရုံဖြင့် သိနိုင်ပေသည်။

သူ၏စကားမှာ ယုံရခက်လှသော်လည်း လွတ်မြောက်သွားနိုင်မည့် အကြောင်းတစ်ခုခုရှိလျှင် ထိုလူ၏စကားကို လက်မခံခြင်းကြောင့် အကျိုးယုတ်သွားနိုင်၏။

ယခုအတိုင်းနေလျှင်လည်း သူတို့လွတ်မြောက်နိုင်မည်မဟုတ်ဘဲ သိုင်းဆရာဝေခုံးလုပ်သမျှ ခံရလိမ့်မည် ဖြစ်ပေသည်။

ထိုသို့ တွေးတောခြင်းစားမိသည်နှင့်...

'ကျွန်တော်တို့က ဘာကိုနားထောင်ရမှာလဲ'

ဟု မေးလိုက်လေသည်။



ထိုသူက...

'ငါ့စကားကို သေသေချာချာ နားထောင်'

အသက်ဘေးမှ လွတ်မြောက်နိုင်မည့်နည်းလမ်းကို ပြောပြလိုက်လေတော့သည်။

...၀...

'ဂျိုင်း'

အချုပ်ခန်းတံခါး ပွင့်သွားလေသည်။

လူတစ်စုလှမ်းဝင်လာကြ၏။

ရှေ့ဆုံးမှ ဦးဆောင်လာသူမှာ သိုင်းဆရာဝေခုံး ဖြစ်လေသည်။

ဝေခုံး၏နောက်တွင် မြို့တော်ဝန်အဆောင်အယောင် ဝတ်ဆင်ထားသူတစ်ယောက် လိုက်ပါလာ၏။

ထိုလူမှာ ဤမြို့ကလေး၏ မြို့တော်ဝန်ဖြစ်လေသည်။

www.burmeseclassic.com



သိုင်းဆရာစေခိုးသည် ယန်ခွမ်းနှင့်မီးသွေးတုံးတို့အား အက
ခတ်ကြည့်လိုက်လေသည်။

မြို့တော်ဝန်က....

'သူ့ကို ခင်ဗျားသိသလားဗျ'

ထိပ်တုံးခတ်ခံထားရသူကို ညွှန်ပြရင်း မေးလေသည်။

သိုင်းဆရာဝေခိုး မျက်မှောင်ကုပ်သွား၏။

ထိုလူအား အကဲခတ်ကြည့်လိုက်ပြီး....

'သူက ဘယ်သူလဲ မြို့တော်ဝန်မင်း'

'ကျားငါးကောင်ဟူကျင်းဆိုတာ သူပေါ့'

'ဟာ ခရိုင်ငါးခုမှာ လှည့်ပြီးသောင်းကျန်းနေတဲ့ လူဆိုးကြီး
ပါလားဗျာ'

'မှန်တာပေါ့ဗျာ၊ သူကအပျော်ဂေဟာတစ်ခုမှာ အရက်မူ
ပြီး သောင်းကျန်းနေတုန်း ကျုပ်လူတွေက ဝိုင်းဖမ်းလာခဲ့တာ
ပါ၊ သူ့ကိုအပြစ်မပေးခင် တင်းတင်းကြပ်ကြပ် စောင့်ကြပ်နေ
တော့ ခင်ဗျားဖမ်းလာတဲ့ ကောင်လေးနှစ်ယောက်ကို ဒီအခန်း
ထဲပဲ ထည့်ထားရတာပေါ့ဗျာ၊ ခင်ဗျားက သူတို့ကိုအလစ်မပေး
ဘဲ စောင့်ကြပ်ထားဖို့ မှာခဲ့တယ်မဟုတ်လား၊ ဒီအခန်းထဲမှာ
ထားတော့ ဟူကျင်းနဲ့ရောပြီး စောင့်ကြည့်နိုင်တာပေါ့'

မြို့တော်ဝန်က ယန်ခွမ်းတို့နှင့် ကျားငါးကောင်ဟူကျင်း
ဆိုသူအား ရောနှောချုပ်နှောင်ထားရပုံကို ရှင်းပြလိုက်လေ
သည်။

သိုင်းဆရာဝေခိုးက ကျားငါးကောင်ဟူကျင်းအား လှမ်
ပြီး အကဲခတ်လိုက်၏။



ဟူကျင်းက သူ့အား ပြုံး၍ကြည့်နေသည်ကို မြင်ရလျှင်
မျက်နှာကွက်ခနဲ ပျက်သွားလေသည်။

မြို့တော်ဝန်က....

'ကျုပ်ရဲ့ ပစ္စည်းတွေကိုလုယူသွားတဲ့ ဓားပြတွေကိုမိအောင်
ဖမ်းပေးဖို့ မိတ်ဆွေကိုပဲ အားကိုးရမှာပေါ့၊ ရွှေနဂါးအာမခံဌာန
ပိုင်ရှင် ထင်းပေကတော့ ဒီကိစ္စမှာ....'

သူ၏စကားမဆုံးမီ ဝေခိုးက ကြားဖြတ်ပြောလိုက်လေ
သည်။

'မြို့ဝန်မင်းရဲ့ပစ္စည်းတွေ ပြန်မရမှာမပူပါနဲ့ဗျာ၊ ကျုပ်ပြော
သလိုလုပ်ရင် မြို့ဝန်မင်းအတွက် ဆုံးရှုံးမှာမပူရတဲ့အပြင် အမြတ်
တောင် ထွက်ဦးမှာပါ'

'မိတ်ဆွေရှိသဘောက....'

'ရွှေနဂါးအာမခံဌာနမှာ တာဝန်ရှိတာပဲ၊ ဓားပြတွေကို
မိတာ မမိတာအပထား၊ အာမခံထားတဲ့ ပစ္စည်းတွေအတွက်
လျော်ကြေးပေးရမှာပဲ၊ မြို့ဝန်မင်းက တောင်းဆိုမယ်ဆိုရင်
ထင်းပေမလျော်ဘဲ မနေနိုင်ပါဘူး၊ သူ့ဆီကအလျော်လဲရမယ်၊
ကျုပ်ကဓားပြတွေဆီက မြို့ဝန်မင်းရဲ့ပစ္စည်းတွေကို ပြန်ယူပေး
နိုင်မယ်ဆိုရင်၊ ဟဲ....ဟဲ'

သိုင်းဆရာဝေခိုးက အဓိပ္ပာယ်ပါပါ ရယ်မောလိုက်လေ
သည်။

မြို့ဝန်မင်းလည်း ရယ်မောလိုက်သည်။

'ဟဲ....ဟဲ....ဒါကြောင့်လဲ မိတ်ဆွေကြီးကို အားကိုးနေရတာ
ပေါ့ဗျာ'

www.burmeseclassic.com

www.burmeseclassic.com



သိုင်းဆရာဝေခုံး၏ ကောက်ကျစ်စဉ်းလဲပုံမှာ အော့နလုံးနာစရာ ကောင်းလှပေတော့သည်။

ယန်ခွမ်းသည် မျက်တောင်မခတ် စိုက်ကြည့်နေ၏။

သူ၏ လက်တစ်ဘက်မှာ လက်သီးကျစ်ကျစ်ပါအောင် ဆုပ်ထားသည်ကို မီးသွေးတုံး သတိပြုမိလေသည်။

သိုင်းဆရာ ဝေခုံးသည် ကျားငါးကောင် ဟူကျင်းအား တစ်ချက်ကြည့်လိုက်ပြီးမှ ယန်ခွမ်းတို့ဘက်သို့ လှည့်ကာ....

'ကဲ...မင်းတို့ နှစ်ယောက် မှန်မှန်ပြောရင် အသက်ချမ်းသာပေးမယ်၊ ဓားပြတွေ ဘယ်မှာစခန်းချသလဲ၊ ဓားပြခေါင်းဆောင်ဟာ ဘယ်သူလဲဆိုတာ ပြောစမ်း'

ဟု မေးလိုက်လေသည်။

သူ၏စကားသည် ယန်ခွမ်းတို့အား ဓားပြများ၏လက်ပါးစေများ ဖြစ်သည်ဟု အတတ်တစ်ပ်စွဲလိုက်ခြင်း ဖြစ်ပေသည်။

ယန်ခွမ်းက ဘာမျှ မပြောဘဲ အံတင်းတင်းကြိတ်ကာ သိုင်းဆရာ ဝေခုံးအား ပြန်ပြီးကြည့်နေလိုက်၏။

ဝေခုံး မကျေမနပ် ဖြစ်သွားလေသည်။

'ဒီကောင်လေးကို အရှင်ထားလို့ မဖြစ်ဘူး၊ တစ်နေ့ ငါ့ကို ဒုက္ခပေးလိမ့်မယ်၊ အမြန်ဆုံး ရှင်းပစ်မှပဲ'

ဟု၍ စိတ်ထဲမှ တွေးနေမိလေသည်။

ယန်ခွမ်းက ဘာမျှ မပြောလေသောအခါ မီးသွေးတုံး မနေနိုင်တော့ဘဲ...



'ကျွန်တော်တို့ ဓားပြ မဟုတ်ပါဘူးဗျာ၊ အသိတ်ခံရမှာကြောက်လို့ သူများခိုင်းတာ လုပ်ရတာပါ'

ဟု ပြောလိုက်လေသည်။

သူ လိမ်ပြောလိုက်ခြင်း ဖြစ်ကြောင်း ဝေခုံး နားလည်မိလေသည်။

အဖြစ်မှန်ကို မပြောဘဲ အဘယ်ကြောင့် လိမ်ပြောရသနည်းဟု စဉ်းစား၍မရဘဲ အတွေးကျပ်သွားလေသည်။

မြို့တော်ဝန်မှာမူ ဓားပြများ၏သတင်းရတော့မည် ထင်မှတ်ကာ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

'မင်းတို့ကို ဘယ်သူက ခိုင်းတာလဲ၊ ပြောစမ်း'

ဟု မေးလိုက်၏။

မီးသွေးတုံးက....

'သွေးဝိညာဉ်ဂိုဏ်းကပါ'

'ဘာ...'

မြို့တော်ဝန်နှင့် သိုင်းဆရာဝေခုံးတို့ အထိတ်တလန့် ပြိုင်တူ ရေရွတ်လိုက်ကြလေသည်။

သူတို့ မျက်စိမျက်နှာဖျက်ကာ ကြောက်ရွံ့ထိတ်လန့်သွားသည်ကို မြင်လျှင် မီးသွေးတုံးပင် ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

အမှန်တော့ ကျားငါးကောင်ဟူကျင်းက ပြောခိုင်း၍ ပြောလိုက်ရခြင်း ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



သွေးဝိညာဉ်ဂိုဏ်း၏ အမည် ကြားလျှင် မြို့တော်ဝန်သည် ဆက်၍ ဖမ်းဆီးထားမည် မဟုတ်ဘဲ လွှတ်ပေးလိမ့်မည်ဆိုသဖြင့် မီးသွေးတုံးက အရဲစွန့်ကာ ပြောလိုက်ခြင်း ဖြစ်လေသည်။

မြို့တော်ဝန်သည် သိုင်းဆရာဝေခုံးကို ကြည့်ကာ....

'ကျုပ်တို့ ဘယ်လိုလုပ်ကြမလဲ'

ဟု မေးလိုက်လေသည်။

သိုင်းဆရာဝေခုံးက....

'မြို့ဝန်မင်း....သွေးဝိညာဉ်ဂိုဏ်းနဲ့ ပတ်သက်လို့တော့ မဖြစ်ဘူးမျ၊ သူတို့ကို လွှတ်ပေးလိုက်ရင် ကောင်းမယ်'

ဟု ပြောလေသည်။

မြို့တော်ဝန် ချက်ချင်း သဘောတူလိုက်သည်။

'ကျုပ်ပစ္စည်းတွေ ပြန်မရရင်လဲ အရေးမကြီးဘူး၊ ထင်းပေဆီက အလျော်ရမှာပဲ၊ သူတို့ကို လွှတ်ပေးလိုက်ပါမယ်'

ချက်ချင်းပင် သူ၏ လူများကို လက်ဝေ့ယမ်းပြလိုက်ပြီး....

'ဟေ့....သူတို့ကို ခေါ်သွား၊ ကောင်းကောင်းမွန်မွန် ပြန်လွှတ်ပေးလိုက်'

ဟု အမိန့်ပေးလိုက်လေသည်။

အစောင့်အကြပ်များသည် ချက်ချင်းပင် ယန်ခွမ်းနှင့် မီးသွေးတုံးတို့အား ခေါ်ဆောင်သွားကြလေသည်။

ယန်ခွမ်းတို့သည် ကျားငါးကောင် ဟူကျင်းအား လှမ်းကြည့်လိုက်၏။



ထိုအခါ ကျားငါးကောင် ဟူကျင်းက သူနှင့် မဆိုင်သလို ကြော်နှာလွှဲထားသည်ကို တွေ့ရလေသည်။

သူ့အား နှုတ်ဆက်လျှင် သဘောကျမည် မဟုတ်သည်ကို သိသဖြင့် ယန်ခွမ်းတို့လည်း နှုတ်မဆက်ကြတော့ဘဲ အစောင့်အကြပ်များ ခေါ်ဆောင်သွားရာနောက်သို့ လိုက်သွားကြလေသည်။

....o....

လမ်းသွားလမ်းလာများဖြင့် စည်စည်ကားကား ရှိနေသည့် လမ်းမကြီးနံဘေးရှိ သစ်ပင်တစ်ပင်အောက်၌ ယန်ခွမ်းနှင့် မီးသွေးတုံးတို့ ခြေပစ်လက်ပစ် ထိုင်နေကြလေသည်။

ယန်ခွမ်းသည် တစ်စုံတစ်ခုအား တွေးတောစဉ်းစားနေသည့် အလား စကားတစ်လုံးမျှ မပြောဘဲ ငြိမ်နေ၏။

မီးသွေးတုံး ဂနာမငြိမ် ဖြစ်နေပါ၏။

မအောင့်အည်းနိုင်တော့သည့်အဆုံး....

'သွေးဝိညာဉ်ဂိုဏ်းဟာ တော်တော် ကြောက်စရာ ကောင်းပါကွ၊ နာမည်ကြားတာနဲ့ ကြောက်လန့်သွားကြတာပဲ'

ဟု ပြောလိုက်လေသည်။

www.burmeseclassic.com



ယန်ခွမ်းက သူ့အား လှည့်ကြည့်လိုက်၏။

မီးသွေးတုံးက...

'ငါတို့တော့ လွတ်လာပြီ၊ ကျွားငါးကောင် ဟူတျဲ၊

လွတ်မြောက်လာရင် သိပ်ကောင်းမှာပဲကွ'

'မင်းက ဘာကြောင့် သူ့ကို လွတ်စေချင်ရတာလဲ၊ သွေး

စီညာဥ်ဂိုဏ်းအကြောင်း သိချင်လို့ ဟုတ်လား'

မီးသွေးတုံး ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်တယ်'

'သိတော့ကော မင်းက ဘာလုပ်မလို့လဲ'

'ဘာလုပ်ရမှာလဲ၊ ငါက သွေးစီညာဥ်ဂိုဏ်းထဲ ဝင်လိုက်

ပေါ့'

ယန်ခွမ်းက မီးသွေးတုံးအား စိုက်ကြည့်လိုက်လေသည်။

မီးသွေးတုံးက...

'ငါတို့ ဘယ်လောက်ပဲကောင်းအောင်နေနေ လူအထင်သေ

ခံရတယ်၊ အနှိပ်စက်ခံရတယ်၊ ဘယ်လောက်ပဲ ပင်ပင်ပန်းပ

လုပ်လုပ် ထမင်းနပ်မှန်အောင် မစားရဘူး၊ သွေးစီညာဥ်ဂိုဏ်း

ဝင်လိုက်မယ်ဆိုရင် ဘယ်သူကမှ စော်ကားရဲတော့မှာ မဟု

ဘူး၊ သူတို့ခိုင်းတာ လုပ်ရုံပဲ၊ စားစရာ သောက်စရာလဲ ပူရတေ

မှာ မဟုတ်ဘူး'

သူ့အတွေးနှင့် သူ ကျေနပ်စွာ ပြောလေသည်။

ယန်ခွမ်းက...

'အဲ့တော့ ဘယ်လို လူစားတွေလို့ မင်း ထင်နေသလဲ'

'မင်းဆိုလိုတာက...'



'သူတို့က ငါ့အတွက် သိုင်းဆရာဝေခုံးကို ပေးနိုင်မယ်ဆိုရင်

တော့ ငါဟာ သူတို့အတွက် ဖြစ်ရမှာပေါ့'

ယန်ခွမ်းသည် ကောက်ကျစ်စဉ်းလဲလှသည့် သိုင်းဆရာဝေခုံး

အား အကြီးအကျယ် စိတ်နာနေကြောင်း ပေါ်လွင်နေပေ

သည်။

မီးသွေးတုံးက...

'သူတို့က မပေးဘူးဆိုရင်ကော'

ဟု မေးလိုက်ရာ ယန်ခွမ်းက...

'ငါ့ဘာသာ ကြိုးစားမယ်'

ဟု ခပ်ပြတ်ပြတ် ပြောလိုက်လေသည်။

မီးသွေးတုံး ကြက်သီး ဖြန်းခနဲ ထသွား၏။

ယန်ခွမ်းသည် အရွယ်နှင့် မလိုက်အောင် ကြောက်စရာ

ကောင်းသူတစ်ယောက်အဖြစ် ပြောင်းလဲသွားပြီ ဖြစ်ကြောင်း

နားလည် သဘောပေါက်သွားလေတော့သည်။

....၀....

www.burmeseclassic.com

အာသ ဆ လမ်းမှား

(အဆုံးစွန်သော ပုလောင်ပြင်းပြမှု၏ ဖန်တီးရှင်ကား အသသာ ဖြစ်သည်။

ငြိုးမှဲ့ ခြင်းသည် လမ်းမှားစေသည်။

ဘဝလမ်းခရီးမှား၍ လျှောက်မိလျှင် နောက်ဆုတ်၍ မ စကောင်းပေ။)

...၁...



အရက်သုံးအိုး ကုန်အောင် သောက်ပြီးသောအခါ ဝေခုံး၏ ဦးခေါင်းထဲ မူးယစ် ရီဝေလာလေသည်။

အရက်သည် သေးဆူစေသည့် တန်ခိုးသတ္တိ ရှိသည့်အတိုင်း ဝေခုံး၏ စိတ်များ ခက်ထန်မာကျောလာ၏။

သွေးဝိညာဉ် ဂိုဏ်းအား ကြောက်ရွံ့နေသည့် စိတ်များ လျော့ပါးသွားသကဲ့သို့…

'သူတို့က နာမည်ကြီး[illegible] ငါက ကြောက်နေရမှာလား။ ငါ့ဘဝကို ဖျက်ဆီးမယ်ဆိုရင် ငါကလဲ ဖြစ်တဲ့နည်းနဲ့ တုန့်ပြန်ရမှာပဲ'

ဟု ရေရွတ်လိုက်လေသည်။

ယန်ခွမ်းနှင့် မီးသွေးတုံးတို့သည် သွေးဝိညာဉ်ဂိုဏ်းမှ ဖြစ်သည်ဟု ပြောရုံဖြင့် ခေါ်သွားပျက်ကွာ လစ်ပေးလိုက်မိသည့်အဖြစ်အတွက် ကိုယ့်ကိုကိုယ် မငြိုမနပ် ဖြစ်လာ၏။

'ခွေးကောင်လေးတွေဟာ သွေးဝိညာဉ်ဂိုဏ်းက ဖြစ်နေလို့ကော ဂရုစိုက်ရမှာလား။ သူတို့ ငါ့အကြောင်း သိနေကြပြီ၊ သူတို့ကို ရှင်းမပစ်ရင် ငါ့ကို ဒုက္ခပေးကြတော့မယ်'

ယခုချက်ချင်းပင် လိုက်လံရှာဖွေကာ သုတ်သင်ရှင်းလင်းပစ်သို့စိတ်များ ဖြစ်ပေါ်လာ၏။

အရက်မူးနေပြီ ဖြစ်ရကား သူ၏ စိတ်အစဉ်မှာ ခုတစ်မျိုး တော်ကြာတစ်မျိုး အမျိုးမျိုး ပြောင်းလဲနေလေသည်။

မပြောင်းမလဲ တသမတ်တည်း ဟူ၍ ယန်ခွမ်းသည် သူ့အား ဒုက္ခပေးလိမ့်မည် ဟူသော ယုံကြည်ချက်ပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယန်ခွမ်းသည် မျက်လုံးမှေးနေ၍ ရင်ထဲမှ ခံစားချက်ကို ထိုးထွင်း သိမြင်ခဲ့ရသည် မဟုတ်ပါလား။

ယန်ခွမ်းသည် သူ့အတွက် အန္တရာယ်ပေးနိုင်သည့် သတ္တဝါ လေးအဖြစ် နားလည်ထားရကား သုတ်သင်ရှင်းလင်းပစ်လို စိတ်များ တစ်စထက်တစ်စ တိုးပွားလာလေသည်။

'ဒီကောင်လေးကို လိုက်ရှာပြီး ရှင်းပစ်ရမယ်'

ယန်ခွမ်း၏နောက်တွင် ဆွေးဝိညာဉ်ဂိုဏ်း ရှိနေသည်ဖြစ်ေ သူက နောက်မဆုတ်တော့ဟု ဆုံးဖြတ်လိုက်၏။

အရက်မူးမနေခဲ့ပါလျှင် ထိုသို့ဆုံးဖြတ်နိုင်ရန် သေချာမည် မဟုတ်ပါ။ ဆွေးဝိညာဉ်ဂိုဏ်းသည် လျှို့ဝှက်ပြီး ကြောက်မက ဖွယ် ကောင်းသည့် ဂိုဏ်းအဖြစ် သိုင်းလောက၌ ထင်ရှားသည် မဟုတ်ပါလား။

သိုင်းလောက ဆိပ်သီး သိုင်းသမားကြီးများပင်လျှင် ဆွေး ဝိညာဉ်ဂိုဏ်း၏ လက်ချက်ဖြင့် လူ့လောကကို ကျောခိုင်းသွား ကြရသည့် သာဓကများစွာ ရှိခဲ့ပေသည်။

အဖြူဇရာင်သိုင်းသမားများသည် ဆွေးဝိညာဉ်ဂိုဏ်းအာ ဖြိုခွဲပစ်ရန် ကြိုးပမ်းလျက် ရှိကြပေသည်။

သို့သော် ဆွေးဝိညာဉ်ဂိုဏ်းသည် ယခုတိုင် တည်ရှိနေဆဲ

လျှို့ဝှက်သိပ်သည်းစွာဖြင့် မကောင်းမှုဒုစရိုက်လုပ်ငန်းများ တွင်တွင်ကျယ်ကျယ် ချုပ်ကိုင်ထားဆဲဖြစ်ပေသည်။

ဝေခိုးသည် ယန်ခွမ်းအကြောင်းတွေးရင်း ဒေါသစိတ်မျ တရှိန်ရှိန် ဖြစ်ပေါ်လာစဉ်မှာပင် အရက်ဆိုင် အပြင်ဘက်



ကောင်လေးတစ်ယောက် ဖြတ်လျှောက်သွားသည်ကို တွေ့မြင် လိုက်ရလေသည်။

ဝေခိုး မျက်လုံးပြူးသွား၏။

ရင်ထဲ ဒိန်းခနဲခုန်သွားပြီး ဆတ်ခနဲ ထရပ်လိုက်လေသည်။

'ဟိုကောင်လေးပါလား'

ဟုလည်း ရေရွတ်မိလိုက်၏။

မှန်ပေသည်။ ယန်ခွမ်းသည် အရက်ဆိုင်ရှေ့မှဖြတ်ကာ လမ်း ကြားတစ်ခုအတွင်းသို့ ဝင်သွားလေသည်။

ဝေခိုး မနေနိုင်တော့ပါ။

အရက်ဖိုးပေးရန် သတိမရတော့ဘဲ ဆိုင်ထဲမှ ကတိုက်ကရိုက် ပြေးထွက်လိုက်၏။

လမ်းကြားထဲ၌ အမှောင်ရိပ်များ ထိုးကျနေသည်။

ယန်ခွမ်းအား မတွေ့ရတော့ချေ။

ဝေခိုး ခေါင်းခါယမ်းလိုက်ပြီး မျက်လုံးကြီးပြူးကာ ရှာဖွေ ကြည့်လိုက်၏။

အရက်မူးအောင် သောက်ခဲ့မိသည့်အတွက် ကိုယ့်ကိုကိုယ် ကျိန်ဆဲနေမိပါ၏။

လမ်းကြားအတွင်း၌ တစ်စုံတစ်ယောက်မျှမတွေ့ရဘဲ ရှင်းရှင်း သင်းလင်းဖြစ်နေ၏။

ဝေခိုး အံကြိတ်လိုက်သည်။

'ခွေးကောင်လေး၊ မှောင်ရိပ်ထဲမှာ မင်းပုန်းနေလို့ လွတ် ယ်များ ထင်သလား'

www.burmeseclassic.com

www.burmeseclassic.com



ကြုံးဝါးရုံး ရှေ့သို့ ဆက်၍လှမ်းဝင်သွား၏။

အမှောင်ရိပ်ထိုးကျနေသည့်နေရာသို့ ရောက်သွားလျှင် လမ်းဘေးရှိ ဆစ်ပင်တစ်ပင်ပေါ်မှ အရိပ်မည်းမည်းတစ်ခုက သူ၏ကိုယ်ပေါ်သို့ ခုန်ချလာလေတော့သည်။

ဝေခိုးမှာ သိုင်းဆရာတင်မောင်ယောက်ဖြစ်သည်နှင့်အညီချက်ချင်းလက်ကိုဆန့်ထုတ်ကာ ရိုက်ချပစ်လိုက်၏။

ဝုန်း

အရိပ်မည်းမည်းသည် ဝေခိုး၏ရိုက်ချက်ကြောင့် အဝေးသို့လွင့်စဉ်သွားလေသည်။

ထိုနည်းတူ ဝေခိုးလည်း အင့်ခနဲ ရေရွတ်ကာ မြေပေါ်သို့ဒူးထောက်ကျသွား၏။

အရိပ်မည်းမည်းသည် လူချည်းသက်သက် ခုန်ချလာခြင်းမဟုတ်ဘဲ ဓားတစ်လက်ဖြင့် ထိုးချလာခြင်းမဟုတ်ပါလား။

ဝေခိုး၏ရိုက်ချက်ကို မရှောင်ဘဲ ဓားဖြင့် ဝေခိုး၏ကျောပြင်ကို အမိအရ ထိုးစိုက်ချခဲ့လေသည်။

ဝေခိုးမှာ အရက်မူးပြေသွားသည်ဟု ခံစားလိုက်ရ၏။

ဝေခိုးက အားယူပြီးထရန် ကြိုးစားလိုက်၏။

သို့သော် ဝေဒနာမှာ ပို၍ပြင်းပျလာပြီး အကြောအချဉ်များဆိုင်းသွားကာ ရှေ့သို့ မှောက်လျက်လဲကျသွားသည်။

မြေပေါ်တွင် မှောက်ခုံကြီးလဲကာ တစ်စုံတစ်ခုကို ဗလုံးဗထွေး ရေရွတ်နေ၏။

မကြာပါချေ။ သူ၏အသံမှာ တဖြည်းဖြည်းတိမ်ဝင်သွားပြီး တုပ်တုပ်မျှမလှုပ်တော့ဘဲ ငြိမ်သက်သွားလေသည်။



ထိုအချိန်တွင် သူ၏လက်ချက်ကြောင့် လွင့်စဉ်သွားသည့် အရိပ်မည်းမည်းသည် မြေပေါ်မှ လူးလိမ့်ထလာပြီး လမ်းကြားအတွင်းမှ ဒယိမ်းဒယိုင်ဖြင့် ပြေးထွက်သွားလေတော့သည်။

‘ဝေါ့’

ယန်ခွမ်း သွေးများအန်ထုတ်လိုက်၏။

သူ၏မျက်နှာ ဖြူဖပ်ဖြူရော်ဖြစ်နေပါသည်။

အန်ထုတ်ခဲ့သည့်သွေးများကြောင့် သူ၏တင်ကိုယ်လုံးပေါ်ကျကာ ရဲရဲနီနေသည်။

မိုးသွေးတုံးမှာ ယန်ခွမ်းအနီးတွင် ပျာယာခတ်နေပါ၏။

‘မင်း ဦးဆိတ်င်းနေလို့ [illegible] ဖြစ်မယ်၊
ငတုံ့ရင် မင်းသေသွားလိမ့်မယ်’

ဟု တတွတ်တွတ်ပြောနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယန်ခွမ်းသည် ဝေခုံးနှင့်ရင်းဆိုင်ရန် ဆုံးဖြတ်လိုက်သောအခါ သူက အတန်အန် တားမြစ်ခဲ့လေသည်။

သို့သော် ဇော်ကားခဲ့သူအပေါ် လက်စားချေပြန်တတ်သည့် ယန်ခွမ်းအား မည်သို့မျှ ဖျောင်းဖျ၍မရခဲ့ပါ။

ယန်ခွမ်းသည် သူ့တွင်ရှိသောငွေဖြင့် ဓားတစ်ချောင်းဝယ်ယူကာ ဝေခုံးနှင့် ရင်ဆိုင်ခဲ့လေသည်။

ခြေသလုံးအိမ်တိုင် အရွယ်မရောက်သေး ယန်ခွမ်းသည် သိုင်းဆရာဝေခုံးအား ရင်ဆိုင်ရန် ကြိုးစားခဲ့ကြောင်း သိကြသူတိုင်း တအံ့တဩဖြစ်သွားကြပေလိမ့်မည်။

ယန်ခွမ်းသေသွားလိမ့်မည်ဟု ပြောကြမည်ဖြစ်သည်။

ယန်ခွမ်းသည် ခေါ်ကားသူ၊ ကောက်ကျစ်သူ မဟုတ်ပါ။ သို့သော် သူသည် ဘဝပေးအခြေအနေအရ အရွယ်ရလာသည်နှင့် အမျှ အငြိုးကြီးသူအဖြစ် ထင်ရှားလာပေတော့သည်။

မီးသွေးတုံးသည် ယန်ခွမ်းအတွက် စိုးရိမ်ပူပန်ကာ သမားတော်နှင့်ပြသရမည်ဟု ပြောနေသော်သည်း တကယ်တမ်းတွင် ယန်ခွမ်းအနီးမှ ထွက်မသွားနိုင်ဘဲ ဖြစ်နေပါ၏။

သူတို့နှစ်ယောက်သည် မြို့စွန်ရှိဘုံကျောင်းတစ်ခု၏အနောက်ဘက်တွင် ရောက်ရှိနေကြခြင်း ဖြစ်လေသည်။

ယန်ခွမ်းသည် ဘုံကျောင်းနံရံကိုမှီကာ မှိန်းနေ၏။

မည်မျှမင့် အညြိမ်းပတမ်းခံနိုင်သည် ဆိုစေကာမူ သိုင်းဆရာ ဝေခုံး၏လက်ချက် မိလိုက်သောအခါ သွေးလုမျှောပါး ခံခဲ့ရပေတော့သည်။



မီးသွေးတုံးသည် ယန်ခွမ်းမှိန်းနေသည်ကိုကြည့်ကာ အားမလို အားမရ ဖြစ်လာလေသည်။

'ယန်ခွမ်း၊ မင်းကို ငါကုန်းပိုးသွားမယ်၊ ဖြစ်တယ်မဟုတ်လား'

ဟု မေးလိုက်၏။

ယခုအချိန်ကြိမ်တွင် သမားတော်ထံအရောက်ပို့ပေးရန် ခိုင်မာစွာ ဆုံးဖြတ်လိုက်ပြီဖြစ်လေသည်။

ယန်ခွမ်း ဘာမျှမပြောပါ။

စကားပြောရန်ပင် ခွန်အားမရှိတော့သကဲ့သို့ ငြိမ်နေ၏။

မီးသွေးတုံးက...

'ကဲ-လာ၊ တို့သွားကြရအောင်'

ပြောပြောဆိုဆို ရန်ခွမ်းအား ပွေ့ချီရန် ဟန်ပြင်လိုက်၏။

ထိုခဏမှာပင်....

'လက်စသပ်တော့ မင်းတို့နှစ်ယောက်က ဒီမှာရောက်နေတာကိုး'

စကားသံတစ်ချက် ထွက်ပေါ်လာသည်။

မီးသွေးတုံး ထိတ်လန့်ကာ ကပျာကယာ မော့ကြည့်လိုက်လေသည်။

ထိုအခါ ရုပ်ရည်ခက်ထန်ကြမ်းတမ်းသူတစ်ယောက် ရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟင်...ကျားငါးကောင် ဟူကျင်း'

မီးသွေးတုံး လှက်ခနဲ ရှေ့ရွှေ့လိုက်၏။

မှန်ပေသည်။ ရောက်ရှိလာသူမှာ ကျားငါးကောင် ဟူကျင်း ဖြစ်လေသည်။

သူ၏အမည်ရင်းသည် ဟူကျင်းဖြစ်သော်လည်း ကျားငါးကောင်နှင့်ညီအောင် ဆိုးသွမ်းသည်။ ကြောက်စရာကောင်းသည် ဟု စာင်ဖေးကာ 'ကျားငါးကောင်'ဟူအညွှန်ကို ပေးအပ်ထားကြခြင်း ဖြစ်လေသည်။

ဟူကျင်းက မီးသွေးတုံးအား ပြုံးပြလိုက်ပြီး...

'မြို့တော်ဝန် ဘာမှမတတ်နိုင်ပါဘူးလို့ ငါပြောတာကို မင်းယုံပြီလား'

ဟု မေးလေသည်။

မီးသွေးတုံး အံကြိတ်ပြင်းချလိုက်၏။

'အစ်ကိုကြီးက ပြောတဲ့အတိုင်း ဖြစ်အောင် လုပ်နိုင်တဲ့လူပဲ'

'ဟာ... လုပ်နိုင်ရမှာပေါ့ကွ။ ငါက ပြောင်ဆိုးလို့ မိုက်လို့ လူဆိုးကြီးလို့ လူတိုင်းကပြောကြတာ၊ မြို့တော်ဝန်တို့၊ ဝေခုံးတို့ ထင်းပေတို့ကျတော့ ကွယ်ရာကနေ ဆိုးနေတာကျတော့ကော ဘယ်သူသိသလဲ၊ မသိတော့ ဘာမှမပြောကြဘူး၊ လူကောင်းတွေဆိုပြီး ကြည်ညိုလေးစားနေကြတာပဲ မဟုတ်လားကွ'

မီးသွေးတုံး မျက်မှောင်ကြုတ်သွားလေသည်။



'မြို့တော်ဝန်ကိုတောင် လူကောင်းမဟုတ်ဘူးလို့ အစ်ကိုကြီးပြောတာလားဗျာ'

'သေချာတာပေါ့ကွာ၊ မြို့ထဲမှာ အပျော်ဂေဟာတွေ၊ လောင်းကစားဝိုင်းတွေ တိတ်တိတ်ပုန်းဖွင့်ထားတဲ့ လူတွေဆီက ငွေကိုယူပြီး မျက်နှာလွှဲထားတယ်၊ မသိချင်ဟန်ဆောင်နေတယ်၊ ဒါဟာ သူကိုယ်တိုင် မကောင်းမှုကျူးလွန်တာနဲ့ တူမနေဘူးလား၊ ဝေခုံးကတော့ မင်းတို့မြင်ခဲ့ရတဲ့အတိုင်းပဲ'

'ဒါဖြင့် ရွှေနဂါးအာမခံဌာနပိုင်ရှင် ထင်းပေကကော'

'သူကတော့ အာမခံပစ္စည်းတွေ ပို့ပေးရင်း ဘယ်သူ့ဆီမှာ ဘာပစ္စည်းရှိတယ်၊ ဘယ်လောက် တန်ဖိုးရှိတယ်ဆိုတာ လူဆိုးဓားပြတွေကို သတင်းပေးတယ်၊ လက်ထောက်ချတယ်၊ အဲဒီလို လုပ်တဲ့အတွက် ငွေရတယ်၊ ကဲ...မင်းဘာပြောချင်သေးလဲ'

မီးသွေးတုံး ခေါင်းကုတ်လိုက်သည်။

ဟူကျင်းပြောသည့်အတိုင်းမှန်လျှင် မြို့တော်ဝန်နှင့် ထင်းပေတို့သည်လည်း လူဆိုးကြီးများ ဖြစ်နေကြသည် မဟုတ်ပါလား။

ဟူကျင်းက ဆက်ပြောသည်။

'သူတို့ကိုယ်တိုင်က နောက်ကွယ်မှာ မကောင်းမှုတွေလုပ်နေကြတော့ လိပ်ပြာမလုံကြဘူးကွ၊ ဒါကြောင့် သူတို့ထက်အပြန် တစ်ရာလောက်ဆိုးတဲ့ သွေးဝိညာဉ်ဂိုဏ်းအကြောင်းကြားတာနဲ့ ထိတ်လန့်သွားတာပဲ၊ သွေးဝိညာဉ်ဂိုဏ်းကလဲ လက်သံပြောင်

www.burmeseclassic.com

www.burmeseclassic.com



တယ် မဟုတ်လား၊ မင်းတို့လဲ သတိထားဦး၊ နေရာတကာမှာ သေွးဝိညာဉ်ဂိုဏ်းကပါလို့ လျှောက်ပြောမနေနဲ့ဦး၊ ဒုက္ခရောက်သွားလိမ့်မယ်'

မီးသွေးတုံးသည် သွေးဝိညာဉ်ဂိုဏ်းအကြောင်း မေးလိုသည်မှာ ပါးစပ်ဖျားနေပေတော့သည်။

သို့သော် ယန်ခွမ်းက ပို၍အရေးကြီးနေသဖြင့် မမေးဖြစ်တော့ပါ။

'အစ်ကိုကြီး၊ သမားတော်တစ်ယောက်ယောက်ကိုများ မသိဘူးလား'

ဟု မေးလိုက်၏။

ဟူကျင်းက....

'ဘာဖြစ်လို့လဲကွ'

'သူ့အတွက်ပါ'

မီးသွေးတုံးက ညွှန်ပြကာပြောမှ ဟူကျင်းသည် ယန်ခွမ်း ဒဏ်ရာဖြင့် မှိန်းနေသည်ကို သတိပြုမိသွား၏။

ဟူကျင်း မျက်မှောင်ကုပ်သွားပြီး....

'ဘယ်သူ့လက်ချက်လဲ'

ဟု မေးလေသည်။



မီးသွေးတုံးက....

'သိုင်းဆရာကြီး ဝေခုံးပါ'

'လက်စသပ်တော့ သူက အခံမကျေဖြစ်နေတာကိုး၊ သူက မင်းတို့နောက်ကို လိုက်လာတယ်ပေါ့'

'မဟုတ်ဘူးအစ်ကိုကြီး၊ ယန်ခွမ်းဟာ သွားတွေ့တာ'

'ဟော....'

ဟူကျင်း တအံ့တသြ ရေရွတ်ပြီးမှ....

'ကောင်းကွာ၊ ကိုယ့်သေတွင်း ကိုယ်တူးချင်တာကိုး၊ ခုတော့ နေသာထိုင်သာ ရှိသွားပြီမဟုတ်လား၊ ဝေခုံးက ခေတ္တလူမဟုတ်ဘူးကွ'

'သူသေသွားပါပြီ အစ်ကိုကြီး'

'ဘာ....ဘာပြောတယ်ကွ'

ဟူကျင်း လှုပ်လှုပ်ရှားရှားဖြစ်သွား၏။

မီးသွေးတုံးက...

'ယန်ခွမ်းက သူ့ကိုရှင်းပစ်လိုက်တယ်'

လုကျင်း ပါးစပ်ပိတ်သွား၏။

ယန်ခွမ်းကို မျက်လုံးကြီးပြူးကာ ကြည့်လိုက်၏။

ထို့နောက် ဆတ်ခနဲ ပွေ့ချီလိုက်ပြီး....

'ငါ့နောက်လိုက်ခဲ့'

မီးသွေးတုံးကိုခေါ်ကာ ခပ်သွက်သွက် လှမ်းထွက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်းသည် ယန်ခွမ်းအား ဆေးကုပေးရန် ကြိုးစားမည် ဖြစ်ကြောင်း ရိပ်မိသဖြင့် မီးသွေးတုံး ဝမ်းသာသွားပြီး နောက်မှ ဒရောသောပါး ပြေးလိုက်သွားလေတော့သည်။

...o...

၉

အခန်းတွင်း၌ ဝါကျင့်ကျင့်မီးရောင် ဖြာကျနေ၏။

ယန်ခွမ်းသည် ကွပ်ပျစ်တစ်လုံးပေါ်၌ လှဲလျောင်းနေလေ သည်။

သမားတော်က သူ့အနား ဆေးများတိုက်ကျွေးပြီး ဆေး ပတ်တီးဖြင့် ရင်ဘတ်ကို စည်းနှောင်ပေးထားလိုက်ပြီ ဖြစ်လေ သည်။

ဟူကျင်းနှင့် မီးသွေးတုံးတို့သည် အခန်းဝ၌ရပ်ကာ သမား တော် ဆေးကုပေးနေသည်ကို စောင့်ကြည့် နေကြလေသည်။

သမားတော် တိုက်ကျွေးလိုက်သည့် ဆေးအရှိန်ကြောင့် ယန်ခွမ်း အိပ်ပျော်သွား၏။



ထိုအခါမှ သမားတော်က စောင်တစ်ထည် လွှမ်းခြုံပေး လိုက်ပြီး အခန်းတွင်းမှ ထွက်လာလေသည်။

အခန်းအပြင်ဘက်သို့ ရောက်လျှင်ရောက်ချင်း....

'အခြေအနေ ဘယ်လိုလဲ'

ဟူကျင်းက ဆီးကြိုမေးလိုက်လေသည်။

သမားတော်က....

'မင်းကောင်လေးက အာဂကောင်လေးပဲ၊ အတော့် ကို ခံနိုင် ရည် ရှိတာကွ၊ တော်ရုံတန်ရုံ ကောင်လေးမျိုးဆို ချက်ချင်း သေသွားနိုင်လောက်တာပဲ၊ နံရိုးသုံးချောင်းကျိုးသွား တယ်၊ အတွင်းဒဏ်လဲ ရထားတယ်၊ အိပ်ရာထဲမှာ နှစ်လလောက် တော့ နေရလိမ့်မယ်'

ဟူကျင်း ပခုံးတွန့်လိုက်သည်။

မီးသွေးတုံး၏ ပခုံးကို ပုတ်ကာ....

'မင်းကြားတဲ့အတိုင်းပဲ၊ သူ့အတွက် စိုးရိမ်စရာ မလိုတော့ ဘူး၊ အေးအေးဆေးဆေး နားယူလိုက်ရင် နေကောင်းသွား မှာပါ'

ဟု ပြောလေသည်။

မီးသွေးတုံးက လက်နှစ်ဘက်ဆုပ်ကာ ဦးညွှတ်လိုက်ပြီး....

'အစ်ကိုကြီးကို့ကော သမားတော်ကြီးကိုပါ ကျေးဇူးတင် ပါတယ်ခင်ဗျာ'

www.burmeseclassic.com

www.burmeseclassic.com



'အပိုတွေ လုပ်မနေစမ်းပါနဲ့ကွာ၊ ငါတို့ ဘဝမှာ ဈေးဦး တရားဆိုတာ ဘာမှန်းသိကြတာ မဟုတ်ပါဘူး'

ဟူကျင်းက ခပ်ပြတ်ပြတ် ပြောလေသည်။

သမားတော်က....

'ကောင်လေး....မင်းက ငါ့ကို မမှတ်မိတော့ဘူးလား'

ဟု မေးလေသည်။

မီးသွေးတုံး အံ့ဩသွားပြီး သမားတော်ကို စေ့စေ့ကြည့်လေသည်။

ယန်ခွမ်းအတွက် စိတ်ပူနေသဖြင့် သတိမထားမိခဲ့ဘဲ ယခုမှ အကဲခတ်ကြည့်မိခြင်း ဖြစ်သည်။

ပြုံးနေသည့် သမားတော်၏ မျက်နှာကို မြင်သည်နှင့် မီးသွေးတုံး မှတ်မိသွားလေတော့သည်။

'ဟင်....နောင်ကြီးပါလား'

ဟု လွှတ်ခနဲ ရေရွတ်မိလေသည်။

ယန်ခွမ်းသည် ကျောက်စဲ ဆိုသည့် ဆံပင် နီကျင်ကျင်နှင့် ကောင်လေးအား ရင်ဆိုင် အနိုင်ယူပြီးနောက် မျက်နှာတစ်ခုလုံး ပေါက်ပြဲ ဖူးရောင်သွားချိန်၌ အပြာရောင် ဝတ်ဆင်ထားသူ တစ်ယောက် ရောက်လာပြီး ကိုယ့်ကိုကိုယ် သမားတော်ဟု မိတ်ဆက်ကာ ဆေးကုပေးပါရစေဟု ပြောလာခဲ့လေသည်။

ထိုလူမှာ ယခု ယန်ခွမ်းအား ဆေးကုပေးသည့် သမားတော် ဖြစ်နေပေတော့သည်။



ဟူကျင်းက....

'လက်စသပ်တော့ မင်းတို့ချင်း သိနေတာကိုး'

ဟု ပြောလေ၏။

သမားတော်က....

'ခင်ဗျားနေ့ခါလာခဲ့တုန်းက ကျုပ်မှတ်မိတာဗျ၊ အဲဒီ ကောင်လေးဗျ'

ဟူကျင်း ရယ်မောလိုက်လေသည်။

'ဒီဗျား သိ လူစားမျိုးကတောင် ချီးကျူးနေတယ်ဆိုရင် ကျုပ် အကူအညီပေးရတာ တန်သွားပြီ၊ တကယ်လို့များ သူက ဝေခိုးကို လက်တုန့်မပြန်ခဲ့ဘူးဆိုရင် ကျုပ်က လှည့်ကြည့်မှာ တောင် မဟုတ်ဘူး'

'နေစဦးပါဦး၊ ခင်ဗျားပြောတာ သိမ်းဆလ္လာဝေခိုး ဟုတ်လား'

'မှန်တာပေါ့ဗျာ... သိတဲ့အတိုင်းပဲ၊ ဝေခိုးက ခေါပြတိုက်ပြီး သူတို့အပေါ် အမြစ်ပိုချနဲ့တယ်လေ၊ သူက ဝေခိုးကို ရှင်းပစ်လိုက်တယ်'

သမားတော် မျက်လုံးပြူးသွားလေသည်။

'[illegible] ဝေနိုးကို ရှင်းပစ်လိုက်တယ် ဟုတ်လား'

'ဟုတ်တယ်၊ ဒါကြောင့် သူ ဒီလောက် ပြင်းပြင်းထန်ထန် ထိရှသွားတာပေါ့'

သမားတော်သည် နံဖူးကို လက်ဝါးဖြင့် ဖြန်းခနဲ မြည်အောင် ရိုက်လိုက်၏။

www.burmeseclassic.com



'အံ့ပါကွာ...ဒီကောင်လေး မခေဘူးဆိုတာ ကျုပ်သိတယ်၊ ဒါကြောင့် သူ့ကို စည်းရုံးသိမ်းသွင်းဖို့ ကြိုးစားခဲ့သေးတယ်ဗျ၊ သူက တော်တော်ပါးတာပဲ၊ ကျုပ်ကို ရှောင်သွားတယ်၊ ခုတော့ ခင်ဗျားနဲ့ အပေါင်းအဖော်ဖြစ်နေပြီပေါ့လေ၊ ဒီအရွယ်နဲ့ ဝေခုံးကို ဆုံးမလိုက်တာ ကြီးလာရင်တော့ တကယ့် ထိပ်သီး ဖြစ်လာမှာပဲ'

ဟု ပြောဆိုလိုက်လေ၏။

ဟူကျင်း ရယ်မောလိုက်ပြန်၏။

'သူသာ ဝေခုံးကို ရှောင်သွားမယ်ဆိုရင် ကျုပ်ကလဲ ကူညီဖို့ စိတ်ကူးမိမှာ မဟုတ်ဘူးဗျ၊ နေကောင်းသွားရင်တော့ သူ့ကို ခေါ်သွားပြီး ကျုပ်ရဲ့ ပညာတွေ လက်ထပ်သင်ပေးရလိမ့်မယ်'

သမားတော်က....

'သူ့ကို ကျုပ်ဆီမှာ ထားခဲ့ပါလားဗျာ'

'ဟာ....မဖြစ်ဘူး၊ မဖြစ်ဘူး'

သမားတော်နှင့် ဟူကျင်းတို့သည် မီးသွေးတုံးကိုပင် မေ့လျော့ကာ ယန်ခွမ်း အကြောင်း ပြောဆိုနေကြပေတော့သည်။

သူတို့နှစ်ယောက်ကို ကြည့်ရင်း ...

'ဒီလူတွေဟာ တကယ့် နာမည်ကြီး လူဆိုးကြီးတွေပဲ ဖြစ်မယ်၊ ယန်ခွမ်းကို သဘောကျနေတာပဲ ကံကောင်းလို့ပြီ၊ သူတို့နဲ့သာ ပူးပေါင်းနိုင်မယ်ဆိုရင် သူများ စော်ကားခံရမှာ ကြောက်စရာမလိုတော့ဘူး'

ဟု တွေးနေမိလေသည်။



သမားတော်က....

'သူသာ ကျုပ်ဆီမှာ တပည့်ခံမယ်ဆိုရင် ငါးနှစ်အတွင်း ဆိုင်းလောကတစ်ခုလုံး ထိတ်လန့်ရတဲ့ အဆိပ်သမားတော်ကြီး တစ်ယောက် ဖြစ်လာရစေမယ်လို့ ကျုပ်တာဝန်ယူတယ်'

ဟု အခိုင်အမာ ပြောလေသည်။

ဟူကျင်းက....

'ဟာ....ဖြစ်မယ်မထင်ပါဘူးဗျာ၊ ကျုပ်ရဲ့ အလုပ်တွေ မနိုင်နင်းဖြစ်နေတာကြာပြီ၊ ယုံကြည်စိတ်ချရတဲ့ တပည့်တစ်ယောက် လိုနေတယ်ဗျ၊ သူ့ကိုခေါ်သွားမှ ဖြစ်မယ်'

သမားတော်က....

'နေပါဦးဗျာ၊ ယတိပြတ် မပြောပါနဲ့ဦး၊ သူက ကျားတစ်ကောင်ပဲဖြစ်လာမလား၊ သမားတော်တစ်ယောက်ပဲဖြစ်လာမလားဆိုတာ သူကိုယ်တိုင် ဆုံးဖြတ်ပါစေဦးဗျာ'

ဟူကျင်း မျက်မှောင်ကုပ်သွား၏။

အနည်းငယ် စဉ်းစားလိုက်ပြီးမှ....

'ကောင်းပြီလေ၊ သူ့သဘောကို မေးကြည့်တာပေါ့၊ ကျုပ်တို့က သူ့ကိုသာ သဘောကျတယ်ဆိုပေမယ့် သူက ကျုပ်တို့ကို သဘောမကျရင် ဘာမှ အလုပ်ဖြစ်မှာ မဟုတ်ဘူး'

ဟု ပြောကာ သဘောတူလိုက်လေသည်။

ဤတွင် မီးသွေးတုံးသည် မအောင့်အည်းနိုင်တော့ဘဲ....

'ကျွန်တော်တို့က သွေးစည်းညီညွတ်ဂိုဏ်းထဲ ဝင်ကြမလို့ဗျ'

ဟု ပြောလိုက်လေ၏။

ဟူကျင်းနှင့် သမားတော်တို့ လှည့်ကြည့်လာကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သမားတော်က....

'ဒွေးဝိညာဉ်ဂိုဏ်းထဲ ဝင်မလို့ ဟုတ်လား'

'ဟုတ်ပါတယ်ခင်ဗျာ'

မီးသွေးတုံး အမှန်အတိုင်းပင် ဝန်ခံလိုက်လေသည်။

ဟာကျင်းက....

'အင်း...မင်းကိုနားလည်အောင် ပြောပြမှ ဖြစ်တော့မယ်။ ဒွေးဝိညာဉ်ဂိုဏ်းဟာ အင်မတန်လျှို့ဝှက်သိပ်သည်းတယ်၊ အနက်ရောင် သိုင်းလောကကို လက်ဝါးကြီးအုပ်ထားတဲ့ ဂိုဏ်းကြီးပေါ့၊ သူတို့က တွေ့ချင်ပြီဆိုရင် ဘယ်သူ့ကိုမဆို အချိန်မရွေး လာတွေ့နိုင်တယ်၊ သူတို့ကို တွေ့ချင်လို့ လူကတော့ တွေ့ချင်တိုင်း တွေ့ခွင့်ရတာ မဟုတ်ဘူး၊ ဒွေးဝိညာဉ်ဂိုဏ်းထဲ ဝင်ခွင့်ရဖို့ဆိုတာလဲ လွယ်တာကိုစ မဟုတ်ဘူး၊ တကယ်ထိပ်သီး အဆင့်ရှိတဲ့လူတွေ၊ မြေအောက်လောကမှာ နာမည်ကြီးတဲ့လူတွေတောင်မှ ဝင်ခွင့်ရတာ မဟုတ်ဘူး၊ သူတို့သဘောကျတဲ့လူမှ လက်ခံတာ'

သူ့စကားအဆုံးတွင် သမားတော်က....

'သူတို့သဘောကျတယ်ဆိုတာတောင်၊ တော်ရုံ တန်ရုံ အဆင့်အတန်းနဲ့ လက်ခံတာ မဟုတ်ဘူး၊ ရှင်းရှင်းပဲပြောလိုက်မယ် မင်းက ဒွေးဝိညာဉ်ဂိုဏ်းထဲ ဝင်ချင်တယ်ဆိုရင် ဂိုဏ်းခေါင်းဆောင် တစ်ယောက်ဖြစ်အောင် အရင်ဆုံးကြိုးစား၊ အနက်ရောင် သိုင်းလောကမှာ မင်းနာမည်ကြီးလာပြီဆိုရင် သူတို့ မင်းကို စောင့်ကြည့်လာတော့မှာပဲ၊ မင်းရဲ့ အရည်အချင်းကို သဘောကျတယ်ဆိုရင် သူတို့ဂိုဏ်းထဲဝင်ဖို့ စည်းရုံးလာလိမ့်မယ်ကွ'



ဟု ဝင်ပြောလေသည်။

မီးသွေးတုံး ထအော်တော့ ဖြစ်သွားလေသည်။

ဒွေးဝိညာဉ်ဂိုဏ်းသည် ပေါ်ပေါ်တင်တင် ဂိုဏ်းကြီးတစ်ခု မဟုတ်မှန်း၊ နားလည်သဘောပေါက်လာ၏။

ထိုအခါ ပို၍ စိတ်ဝင်စားလာလေတော့သည်။

သမားတော်က ဆက်ပြောသည်။

'ငါတို့ကိုတောင် အကူအညီအသုံးလိုတဲ့အခါ ခေါ်ခိုင်းပြီး၊ အသုံးမလိုတဲ့အခါ လှည့်တောင်ကြည့်ကြတာ မဟုတ်ဘူးကွ၊ မင်းရဲ့စိတ်ကူးကို မေ့ပစ်လိုက်စမ်းပါကွာ၊ အရေးအကြီးဆုံးက လျှောက်သွားမနေဘဲ၊ တစ်နေ့ရာမှာ အတည်တကျ နေပြီး ကိုယ်နေတဲ့နေရာမှာ ကိုယ့်ဩဇာလွှမ်းမိုးနိုင်အောင် ကြိုးစားဖို့ပဲ၊ နာမည်တစ်လုံးရလာပြီဆိုရင် မင်းတို့ကို သယ်သူကမှ ဒုက္ခပေးရဲတော့မှာ မဟုတ်ဘူး'

ဟာကျင်းကလည်း ထောက်ခံလိုက်လေသည်။

'ဒါတော့ အမှန်ပဲကွ၊ သူများကို အားမကိုးစမ်းပါနဲ့ကွာ၊ ကိုယ့်အသသာ ထိပ်အဆင့်ရှိအောင် ကြိုးစားမယ်ပါ၊ မင်းတို့နှစ်ယောက်ကို ငါသဘောကျတယ်၊ မင်းတို့ ငါ့နေရာကို မလိုက်ဘူးဆိုရင်တောင် တတ်နိုင်သလောက် ငါကူညီခဲ့မယ်'

သမားတော်က....

'မင်းတို့ ပင်ပင်ပန်းပန်းလုပ်စားလဲ ဘယ်သူကမှ သနားကြမှာ မဟုတ်ဘူး၊ အော်မယ်၊ ဟောက်မယ်၊ နှိပ်စက်မယ်၊ တာထွားမယ်၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်အောင် သူများ အကာအထက် ဆိုးပြမိုက်ပြမှ ဖြစ်မှာကွ'

www.burmeseclassic.com

'ယန်ခွမ်းရဲ့ စိတ်ဓာတ်နဲ့တော့ အမြင့်ကိုရောက်မှာ သေချာပါတယ်၊ ဒါပေမယ့် မြေအောက်လောကမှာပဲ ဖြစ်နိုင်မယ်'

ဟူကျင်းနှင့် သမားတော်တို့မှာ မြေအောက်လောကမှ လူဆိုးကြီးများ ဖြစ်ကြသည်နှင့်အညီ သူတို့၏ ခံယူချက်များ လွဲမှားနေကြပေသည်။

ယန်ခွမ်းနှင့် မီးသွေးတုံးတို့အရွယ်သည် ငယ်ရွယ်နုနယ်လှသဖြင့် ဖယောင်းနှင့်ပမာတူပြီး ပုံသွင်းသူအပေါ်၌ မူတည်ကာ ပုံသဏ္ဌာန် ပြောင်းလဲသွားတတ်ကြလေသည်။

ဟူကျင်းနှင့် သမားတော်တို့၏စကားကြောင့် မီးသွေးတုံးမှာ ယူတ်နိုးနိုး ထင်မှတ်သွား၏။ သူတို့၏ဘဝအတွေ့အကြုံအရ သူတို့အား နှိပ်စက်မည့်သူများချည်း ရှိသည်ဟု ခံယူထားပေကော့၏။

ပမာဆိုရလျှင် မြေအောက်လောကမှ လူဆိုးကြီးများဖြစ်သည့် သမားတော်နှင့် ဟူကျင်းတို့သည်ပင် သူတို့အား ကူညီခဲ့ကြသေးသည်။

လူကောင်းများဟု သတ်မှတ်ခြင်းခံရသည့်တိုင် ဆရာဝေခိုးနှင့် ~~ရွှေနဂါးအာမခံဌာနပိုင်ရှင် ထင်းဝေတို့မှာ သူတို့အား~~ လူဆိုး သူခိုးလေးများဟု ယိုးစွပ်ကြသည်။ နှိပ်စက်စီးနင်း ပြုမူခဲ့ကြပေသည်။

တွေးရင်း တွေးရင်း မိမိသည် လူဆိုးတစ်ယောက်ဖြစ်ရန် မွေးဖွားလာသည်ဟု ယုံမှားလာလေတော့သည်။

သမားတော်က....

'ငါတို့ကို အထင်သေးတဲ့ လူကောင်းတွေအပေါ် သာ ငါတို့က ဆိုးတာကွ၊ မင်းတို့လို အပယ်ခံတွေကိုတော့ ဘဝချင်း ကိုယ်ချင်းစာတယ်၊ ငါငယ်ငယ်က မင်းတို့ထက်တောင် ဒုက္ခရောက်ခဲ့သေးတယ်၊

'ငါကော ဘာထူးလို့လဲကွ၊ ငါ့မိခိုးဘဲနဲ့ ခိုးတယ်လို့ စွပ်စွဲပြီး ရိုက်နှက်ကြလို့ ငါ့အမေက ဝင်တားတော့ ငါ့အမေကိုပါ ရိုက်နှက်ပစ်လိုက်ကြတာ အမေသေသွားတယ်၊ အဲဒီအချိန်ကစပြီး ငါက တကယ်ကိုခိုး၊ ခိုးလုယက်ခဲ့တော့တာပဲ၊ ခုတော့ ငါ့ကို ဘယ်သူက အနိုင်ကျင့်ရဲသေးလဲ'

ဟူကျင်းက အားပါးတရ ဝင်ပြောသည်။

မီးသွေးတုံး တက်တက်ကြွကြွ ဖြစ်လာရှာလေသည်။

'ယန်ခွမ်း နေကောင်းသွားရင်တော့၊ ကျွန် တော် တို့နှစ်ယောက်လုံ ဘယ်သူမှမစော်ကားရဲအောင် ကြိုးစားတော့မယ်'

ဟု ပြောလိုက်လေသည်။

သမားတော်က....

'စိတ်ချ၊ နှစ်လအတွင်း သူဟာ လူကောင်းတစ်ယောက် ဖြစ်လာရစေမယ်'

ဟု အာမခံလိုက်၏။

တကယ်တမ်းတွင် ယန်ခွမ်းသည် ရက်ပေါင်း နှစ်ဆယ်အတွင်း အိပ်ရာမှ ထလာနိုင်ခဲ့လေတော့သည်။

www.burmeseclassic.com



ဟူကျွင်း ဆက်သွားမြဲ ဖြစ်လေသည်။

သမားတော်သည်လည်း အသုပ်ကြီးတစ်ခု လုပ်ရန်ဟုဆိုကာ ခရီးထွက်ရန် ပြင်ဆင်နေ၏။ ယန်ခွမ်းနှင့် မီးသွေးတုံးတို့သည် သမားတော်၏ အိမ်ဦး ဆက်ကြီး စောင့်ရန် မပြန်နိုင်တော့ပါ။

သူတို့လည်း မောကြပါတော့ချေ။

ယန်ခွမ်း နေ့ ကျွန်းလာသည်နှင့် သမားတော်ကော ဟူကျွင်းကော တသည် အမှုးနိုင်ရန် စည်းရုံးသိမ်းသွင်းကြလေတော့သည်။

ဝါချင့်ပုဒိုးကြီးများသည် လက်စွဲသက်နှင့်သည့် လူငယ်လေးများအား အတောအကျတတ်ကြသည် မဟုတ်ပါလား။

ထို့ကြောင့် ယန်ခွမ်းသည် သူ့အား ကူညီခဲ့ခြင်းကြောင့် ကျေးဇူးတင်မိသော်လည်း ဟူကျွင်းတို့နှင့် လက်တွဲရန် ဖြစ်လာရန် လိုက်လေသည်။

ဟူကျွင်းနှင့် သမားတော်တို့သည် လက်စသောသူများ ဖြစ်ကြသည်။ ယန်ခွမ်းအား စည်းရုံးသိမ်းသွင်း နိုင်ခြင်း မရှိမှန်း သိရလျှင် ချောင်းပမ်းချက် ထားမနေတော့ဘဲ ကိုယ့်လမ်း ကိုယ် ဆက်သွားရန် ဆုံးဖြတ်လိုက်ကြ၏။

ဤတွင် ယန်ခွမ်းနှင့် မီးသွေးတုံးတို့မှာ ယောင်သည်လည် ဖြင့် လမ်းပေါ်သို့ ပြန်သည် အရှက်ရလာကြလေတော့သည်။

ယန်ခွမ်းကြီးမှ သူတို့နှစ်ယောက်သည် ဇာတိရပ်ရွာမှ ထွက်လာခဲ့ကာသို့ ဖြူစင်သော နှလုံးသားပိုင်ရှင်လေးများ မဟုတ်



ကြတော့ဘဲ လှည့်စားသော အဖျားအနာနှင့် ‘ဂါသာတ’ မီးဖိုးမှု ခံနေရသူကလေးများအဖြစ် ပြောင်းလဲနေပြီတကား။

သူတို့ အာသာတ ထားကြသည်မှာ တစ်ဦးတစ်ယောက် အပေါ် မဟုတ်ဘဲ တစ်လောကလုံးအပေါ် အလိုမကျမိတ်ဖြင့် ထားရှိနေကြခြင်း ဖြစ်ပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

တာကသမ်း

တွေဝေနေခြင်းဖြင့် ပြီးဆုံးခြင်း မရှိနိုင်ပါ။

....o....

လေတဟူးဟူး တိုက်ခတ်နေသည်။
မြစ်ထဲ၌ လှေသမ္ဗန်များ စုန်ချည်ဆန်ချည် လှော်ခတ်နေလေသည်။



မြစ်ဆိပ်၌ အုံးအုံးကျက်ကျက် စည်ကားနေ၏။
ယန်ခွမ်းနှင့် မီးသွေးတုံးတို့သည် ကုန်းကမူကလေး တစ်ခုပေါ်၌ ထိုင်ကာ ရှုပ်ယှက်ခတ်နေသည့် မြစ်ဆိပ်မြင်ကွင်းကို ငေးကြည့်နေကြ၏။
နှစ်ယောက်စလုံး အတွေးကိုယ်စီဖြင့် အတန်ကြာ ငြိမ်သက်နေကြပြီးမှ ယန်ခွမ်းက....
'လှေတစ်စင်းစင်းနဲ့ လိုက်သွားရင် ပြည်မကို ရောက်မယ် ထင်တယ်'
ဟု ရေရွတ်လိုက်လေသည်။
မီးသွေးတုံး စိတ်ပျက်သွား၏။
'မင်းက ပြည်မကို သွားချင်တုန်းပဲလား'
ဟု မေးလေသည်။
ယန်ခွမ်း ခေါင်းညိတ်လိုက်၏။
'ဟုတ်တယ်၊ ငါက ရောက်အောင်သွားရမှာပဲကွ'
'ရောက်တော့ကော မင်းဘာလုပ်မလဲ'
ယန်ခွမ်း အဖြေမပေးဘဲ ပါးစပ်ပိတ်ထားလိုက်သည်။
မီးသွေးတုံးက....
'ဘယ်နေရာကိုရောက်ရောက် ငါတို့ဘဝ ထူးခြားမှာမဟုတ်ပါဘူးကွာ၊ တစ်နေရာတည်းမှာ သွတ်သတ်မှတ်မှတ်နေပြီး ငါတို့ဘဝအတွက် တက်လမ်းရှာကြတာ ပိုမကောင်းဘူးလား'
ဟုကျင်းနှင့် သမားတော်တို့၏လေသံကို အတုယူကာ ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယန်ခွမ်းက မီးသွေးတုံးအား စေ့စေ့ကြည့်လိုက်၏။

'ဘဝတက်လမ်း ဟုတ်လား'

ဟုမေးလိုက်၏။

မီးသွေးတုံး ခေါင်းညိတ်ပိုက်သည်။

'ဟုတ်တယ်လေ၊ ငါတို့ လမ်းပေါ်အိပ်၊ လမ်းပေါ်စားဘဝနဲ့ တစ်သက်လုံး နေသွားကြမှာလားကွ၊ တစ်သက်လုံး လူတကာရဲ့ အနှိမ်ခံဘဝနဲ့ နေသွားရမှာလား'

ယန်ခွမ်းက ထောက်ခံခြင်းလည်းမပြု၊ ကန့်ကွက်ခြင်းလည်း မပြုဘဲ စပ်စုမေးလိုက်၏။

'မင်းက ဘယ်လိုတက်လမ်းရှာချင်လို့လဲ'

မီးသွေးတုံး ပြုံးလိုက်သည်။

'ငါနာမည်ကြီးတာနဲ့ လူတိုင်း ကြောက်ရွံ့လေးစားသွားစေရမယ်ကွ'

ယန်ခွမ်း ရယ်မောလိုက်မည်တုံ့ ထင်မှတ်ထား၏။

သို့သော် ယန်ခွမ်း မရယ်ပါ။

'မင်းကြိုးစားပေါ့'

ဟု တုံးတိတိ ပြောလိုက်၏။

မီးသွေးတုံး မျက်လုံးပြူးသွားသည်။

'မင်းကော'

ဟုမေးလိုက်၏။



ယန်ခွမ်းက....

'ငါက ပြည်မကိုသွားမလို့'

'ဘာသွားလုပ်မှာလဲကွ၊ ပြည်မကိုသွားလို့ ဘာများအကျိုးထူးမှာမို့လဲ'

ယန်ခွမ်း၏မျက်နှာ ပြုံးပြုံးရွှင်ရွှင် ဖြစ်လာသည်။

'တူးလာနိုင်တာပေါ့၊ ကံကောင်းရင် ငါ့အတွက် အေးချမ်းတဲ့ ဘဝတစ်ခု ရနိုင်လိမ့်မယ်'

'မင်း သေချာတယ်နော်'

'သေချာတာပေါ့ကွာ'

'ကောင်းပြီ ပြည်မကိုရောက်တဲ့ မင်း တက်လမ်းမရှာနိုင်ဘူးဆိုရင် ငါ့ကို ထောက်ခံရလိမ့်မယ်'

ယန်ခွမ်းက...

'ငါ့ဘဝကို ငါဖန်တီးနိုင်မှာပါ'

ကိုယ့်ကိုကိုယ် ယုံကြည်စိတ်ချမှု အပြည့်ရှိသော လေသံဖြင့် ပြောလေသည်။

မီးသွေးတုံးက....

'ထားပါတော့လေ၊ ပြည်မရောက်ရင် အဖြေပေါ်မှာပေါ့၊ ငါတို့ ထိုင်နေလို့တော့ ရောက်မှာမဟုတ်ဘူးနော်၊ ရှက်လေ ထစ်စီးစီးနဲ့ လိုက်ခွင့်ရအောင် ကြိုးစားမှဖြစ်မယ်၊ မင်း ဘယ်လို သဘောရသလဲ'

ယန်ခွမ်း ခေါင်းညိတ်လိုက်သည်။

'ကောင်းသားပဲ'

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက် ထိုင်ရာမှ ထလိုက်ကြသည်။

ထို့နောက် မြစ်ဆိပ်သို့ဆင်းကာ ပြည်မသို့သွားမည့်လှေကြီးကို ရှာလိုက်ကြလေသည်။

ကံကောင်းထောက်မစွာပင် လှေပေါ်တွင် သန့်ရှင်းရေးလုပ်ငန်းများ ကူညီလုပ်ကိုင်ပေးမည်ဆိုပါက လိုက်ခွင့်ပြုမည့် လှေတစ်စင်းနှင့် တွေ့ရလေသည်။

ယန်ခွမ်းသည် တစ်ချိန်လုံး မျှော်မှန်းတမ်းတခဲ့ရသည့် ပြည်မသို့ အရောက်သွားနိုင်တော့မည်ဟု တွေးကာ ပျော်ရွှင်နေမိလေသည်။

ကံတရားသည် အံ့ဩဖွယ် ကောင်းအောင် ဆန်းကြယ်လှပေသည်။

ယန်ခွမ်းနှင့် မီးသွေးတုံးတို့ ပြည်မသို့ရောက်ရှိသွားကြလေသောအခါ....

....၀....



လောက်ချန်းမြို့....

လောက်ချန်းမြို့သည် ချန်အန်းမြို့နှင့် မိုင်ငါးဆယ်ခန့်အကွာတွင် တည်ရှိသည့် ဆိပ်ကမ်းမြို့ကလေး ဖြစ်လေသည်။

ယန်ခွမ်းနှင့် မီးသွေးတုံးတို့ လှေကြုံလိုက်လာသည့်ရွက်လှေ၏ ခရီးစဉ်မှာ လောက်ချန်းမြို့၌ ပြီးဆုံးသွားလေသည်။

ထို့ကြောင့် သူတို့နှစ်ယောက် ကုန်းပေါ်တက်လာခဲ့ကြရပေသည်။

နယ်စွန်နယ်ဖျားမှနေ၍ လူနေထူထပ်ပြီး စည်ကားသိုက်မြိုက်သည့် ပြည်မသို့ရောက်လာကြရာ ယန်ခွမ်းတို့ ဝမ်းသာပျော်ရွှင်နေကြလေသည်။

ရွက်လှေပေါ်မှ ဆင်းလိုက်မိသည်နှင့် မီးသွေးတုံးက....

'ကဲ...မင်းရောက်ချင်တဲ့ ပြည်မတော့ရောက်ပြီ'

ဟု ပြောလိုက်၏။

ရုတ်တရက် ယန်ခွမ်း၏မျက်နှာပေါ်မှ အပြုံးရိပ်များ ကွယ်ပျောက်သွား၏။

'ပြည်မ'

ဟု လွတ်ခနဲ ရေရွတ်လိုက်မိ၏။

ပြည်မဆိုသည်ကား တရုတ်ပြည်တစ်ဝှမ်းလုံး၏ အစည်ကားဆုံး အချက်အခြာ အကျဆုံး၊ လမ်းပန်းခရီး ဆက်သွယ်ရေး ကောင်းမွန်ဆုံး ဒေသများကို လွှမ်းခြုံခေါ်ဝေါ် သုံးစွဲထားခြင်းသာ ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြည့်မသည် မိုင်တစ်ရာ ပတ်လည်မက၊ မိုင်တစ်ထော
ပတ်လည်မက ကျယ်ဝန်းလှသော ဒေသကြီး မဟုတ်ပါလော
ပြည့်မအတွင်း၌ အမြို့မြို့အနယ်နယ်၊ ခရိုင်အသီးသီး၊ ဒေ
အသီးသီး ပါဝင်နေပေတော့သည်။

'အဖေဟာ ပြည့်မမှာရှိတယ်လို့ မေမေက ပြောခဲ့တာပေ
ဒါပေမယ့် သူက ဘယ်နေရာမှာရှိတယ်၊ ဘယ်မြို့မှာရှိတယ်ဆိုတာ
မေမေကိုယ်တိုင်တောင် မသိခဲ့ပါလား၊ ငါကော'

ထိုသို့တွေးတောစဉ်းစားမိသဖြင့် ယန်ခွမ်း စိတ်ဓာတ်ကျဆင်း
သွားခြင်း ဖြစ်ပေတော့သည်။

ပြည့်မသို့ရောက်လာသည်ကား မှန်၏။

သို့သော် ဖခင်အား မည်သို့မည်ပုံ ရှာဖွေရမည်နည်း။

'ယန်ခွမ်း၊ ငါတို့ ဘယ်သွားကြမှာလဲ'

မီးသွေးတုံးက မေးလိုက်၏။

ယန်ခွမ်း ပင့်သက်ရှိုက်လိုက်သည်။

မည်သည့်နေရာ သွားရမည်ဆိုသည်ကို သူလည်းမသိပါ။

သို့တိုင်....

'ငါ့နောက်လိုက်ခဲ့'

ပြောပြီး ခပ်သွက်သွက်လှမ်းထွက်သွား၏။

မီးသွေးတုံးလည်း ဘာမျှ စဉ်းစားမနေဘဲ နောက်မှလို
သွားလေသည်။



မကြာပါချေ။ သူတို့နှစ်ယောက်သည် လူစည်ကားနေသော
လမ်းမကြီးပေါ်သို့ ရောက်ရှိသွားကြလေသည်။

လမ်းဘေးတစ်ဘက်တစ်ချက်၌ စားသောက်ဆိုင်များ၊ ဈေး
ဆိုင်များဖြင့် စည်စည်ကားကားရှိနေပါ၏။

'ငါရောက်ဖူးတဲ့ မြို့တွေထဲမှာတော့ ဒီမြို့ဟာ အစည်ကားဆုံး
ပဲကွ'

မီးသွေးတုံးက ချီးကျူးလိုက်လေသည်။

ယန်ခွမ်း ဘာမျှပြန်မပြောပါ။

ဤမြို့၌ သူ၏ဖခင်ရှိနေလျှင်ပင် ရှာတွေ့နိုင်မည် မဟုတ်ဟု
တွေးကာ စိတ်ဓာတ်ကျဆင်းနေလေတော့သည်။

သူတို့နှစ်ယောက် တိုင်ပေး သည်ပေးဖြင့် လျှောက်လာခဲ့ရာ
မြို့လယ်သို့ရောက်ရှိလာကြလျှင်....

'သူခိုး.... သူခိုး'

ဆူဆူညံညံအသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်
ရ၏။

မီးသွေးတုံး မျက်လုံးပြူးသွားလေသည်။

'သူခိုးဆိုပါလား၊ နေတာကြာ ငါတို့ကိုစွပ်စွဲနေရင် ဒုက္ခပဲ'
ဟု လွှတ်ခနဲ ညည်းညူလိုက်၏။

သိုင်းဆရာဝေခုံး၏လုပ်ရပ်ကြောင့် ထစ်ခနဲဆိုလျှင်ထိတ်လန့်
သွားရလောက်အောင် ဖြစ်နေရပေတော့သည်။

www.burmeseclassic.com



တံနည်းဆိုရလျှင် ခြေသလုံးအိမ်တိုင် တစ်ကောင်ကြွက်ဘဝမှ ကိုယ့်ကိုကိုယ် သိမ်ငယ်နေခြင်းဖြစ်ပေတော့သည်။

နှစ်ယောက်သား လှမ်းကြည့်လိုက်သောအခါ ရွှေမလှ၏ မကာမ်းတွင် ရှုတ်ရှက်သံသဲ ဖြစ်သွားသည်ကို တွေ့မြင်ရလေသည်။

လူဝကြီး တစ်ယောက်သည် တုတ်တစ်ချောင်း ကိုင်ကာ ကောင်လေးတစ်ယောက်အား လိုက်လံဖမ်းဆီးနေသည်ကို တွေ့ရ၏။

ကောင်လေးသည်လက်ထဲ၌အထုပ်တစ်ထုပ်ကိုင်ကာ အလွတ်ရုန်း ပြေးနေ၏။

လမ်းသွားလမ်းလာများသည် လူဝကြီးဘက်မှနေ၍ ကောင်လေးအား ဝိုင်းဝန်းဖမ်းဆီးပေးခြင်းမပြုကြဘဲ သူတို့၏ အဖြစ်အပျက်ကို လက်ညှိုးထိုးကာ ရယ်ပေနေကြလေသည်။

'လိုက်....လိုက်....မီအောင်လိုက်'

'ဖမ်းလို့ မီရင် ဆုချမယ်ဟေ့'

ပျော်ရွှင်တတ်သူအချို့က လူဝကြီးကိုပင် နောက်ပြောင်ကျီစယ်နေကြသေး၏။

လူဝကြီးအဖို့ ပိန်ညှက်ညှက် ကောင်လေးတစ်ယောက်အား အမီဖမ်းရန် ခန္ဓာကိုယ်ကို အနိုင်နိုင်သယ်ရင်း မောကြီးပမ်းကြီး လိုက်နေရပုံကို ရယ်စရာ ကောင်းလှသည်ဟု တော်မှတ်သူများ နေကြသေးတော့၏။



ပိန်ညှက်ညှက်ကောင်လေးမှာလည်းအမောခံရလျှင်သက်သာမည် မဟုတ်မှန်း ရိပ်မိထားရကား လူကြားထဲ အတင်းတိုးဝှေ့ကာ ပြေးနေပါ၏။

ပြေးရင်း ပြေးရင်း ယန်ခွမ်းတို့ အနီးသို့ ရောက်ရှိလာလေသည်။

လူဝကြီးကလည်း ထက်ကြပ်မကွာ လိုက်လာသည်ဖြစ်ရာ ပိန်ညှက်ညှက်ကောင်လေးက....

'ရော့....'

ပြောရင်း လက်ထဲမှအထုပ်ကို ယန်ခွမ်းတို့ထံ ပစ်ပေးလိုက်လေသည်။

မီးသွေးတုံးသည် ကြောင်အမ်းအမ်းဖြင့် ဖမ်းယူထားလိုက်လေသည်။

ပိန်ညှက်ညှက်ကောင်လေးက ဆက်ပြီးပြေးသွား၏။

လူဝကြီးသည် အထုပ်ဖမ်းယူထားလိုက်သည့်မီးသွေးတုံးထံ အရောက်သွားပြီး....

'သူခိုးလေးတွေ၊ သေဖို့သာပြင်ထား'

အော်ငေါက်ကာ မီးသွေးတုံးထံ ဦးတည်၍ ပြေးလွှားလာလေတော့သည်။

မီးသွေးတုံး ထိတ်လန့်သွား၏။

'ဟိုက်....ဒုက္ခပဲ၊ ငါတို့ ဘယ်လိုလုပ်ကြမလဲ'

ဟု လွှတ်ခနဲ ရေရွတ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သိုင်းဆရာဝေခိုးနှင့်ပတ်သက်၍ အတွေ့အကြုံ ရထားသည့် ယန်ခွမ်းက ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ....

'လာခဲ့'

မိုးသွေးတုံး၏လက်ကိုဆွဲကာ လမ်းကြားတစ်ခု အတွင်းသို့ ပြေးဝင်သွားလေသည်။

'သူခိုးလေးတွေ မပြေးနဲ့'

လူကြီးက အော်ဟောက်ရင်းလိုက်လာသော်လည်း မမီနိုင်ဘဲ တဖြည်းဖြည်း ဝေး၍ဝေး၍ ကျန်ရစ်ခဲ့လေသည်။

ယန်ခွမ်းနှင့် မိုးသွေးတုံးတို့သည် တစ်ကြိမ် တစ်ခါမှ မရောက်ခဲ့ဖူးသည့် လမ်းများပေါ်၌ ရှုပ်ရှပ် ပြေးလွှားသွားကြ ရင်း လွတ်မြောက်သွားကြလေတော့သည်။

...၁...



'ဟောဟဲ...ဟောဟဲ'

မိုးသွေးတုံးသည် အသက်ကို မနည်းလု ရှူနေရလေသည်။

လူကြီး၏လက်မှလွတ်အောင် ပြေးလာရခြင်းမှာ သက်သာ လှသည်တော့ မဟုတ်ပါ။

လူရှင်းသောနေရာ တစ်နေရာသို့ရောက်လျှင်....

'ငါတို့ကို သက်သက်ဒုက္ခပေးတာပဲ'

ရေရွတ်ရင်း ခြေလှမ်းရပ်ကာ အမောဖြေလိုက်ကြလေသည်။

ယန်ခွမ်းက...

'မင်းက သူပစ်ပေးတာကို သွားပြီး ဖမ်းထား လိုက်တာ ကိုးကွ'

ဟု အပြစ်တင်လိုက်၏။

မိုးသွေးတုံး မကျေမနပ်ဖြင့်....

'ငါလဲ အမှတ်တမဲ့မို့ ဖမ်းမိတာပေါ့'

ဟု စောဒကတက်လိုက်လေသည်။

ယန်ခွမ်းက....

'အမှတ်တမဲ့ဆိုပြီး ခုထိ မင်းလက်ထဲမှာ ကိုင်ထားတုန်းပဲ မဟုတ်လား'

'ဟော်...'

မိုးသွေးတုံးလန့်သွားပြီး လက်ထဲကိုင်ထားသည့် အထုပ်ကို လွှတ်ချလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဖုတ်....'

အိတ်ထုပ်ကလေး မြေပေါ်ရောက်သွားသောအခါ အထုပ်ပြေသွားပြီး အဝတ်အစားသုံးလေးစုံမျှ အခေါက်လိုက်ရှိနေသည်ကို တွေ့ရလေသည်။

မီးသွေးတုံး နှာခေါင်းရှုံ့လိုက်၏။

'တကယ့် သူခိုးလေးပဲ'

ဟု ရေရွတ်လိုက်လေသည်။

ယန်ခွမ်းက ဘာမျှမပြောပါ။

ထိုစဉ်...

'မင်းလိုချင်ရင် တစ်စုံယူပါ၊ ကျန်တာတွေ ငါ့ကိုပြန်ပေးပါကွာ'

စကားသံတစ်ချက် ထွက်ပေါ်လာ၏။

မီးသွေးတုံးတို့ လှည့်ကြည့်လိုက်သောအခါ ပိန်ညှက်ညှက်ကောင်လေးသည် ချွေးသံရဲရဲဖြင့် လှမ်းလာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

မီးသွေးတုံးက....

'မင်းကိုတွေ့ချင်တာနဲ့ အတော်ပဲ၊ ကဲ...ပြောစမ်းပါဦး၊ ငါတို့ကို ဘာကြောင့် ဒုက္ခပေးချင်ရတာလဲ'

ဟု ခပ်ဆတ်ဆတ်မေးလိုက်၏။

ပိန်ညှက်ညှက်ကောင်လေး ပခုံးတွန့်လိုက်လေသည်။



'ငါက ကြာကြာဆက်ပြေးနိုင်တော့မှာ မဟုတ်ဘူးကွ၊ လူစုကြီးသာ ငါ့နောက်ကို ဆက်လိုက်မယ်ဆိုရင် မိသွားတော့မှာပဲ၊ ဒါကြောင့် မင်းတို့ဘက်ကို လှမ်းလွှဲပေးလိုက်တာ၊ ပင်းတို့ မနစ်နာစေရပါဘူးကွာ၊ ဈေးထဲက ငါ့ဖောက်သည်ဆိုင်မှာ သွားရောင်းလိုက်ရင် အားလုံးပေါင်း ငွေတစ်ရာလောက်တော့ ရမှာပါ၊ မင်းတို့ကို သုံးပုံတစ်ပုံခွဲပေးပါ့မယ်'

'ဩ....ငါတို့ကိုပါ သူခိုးသေဖော်ညှိတာပေါ့ ဟုတ်လား'

'ဟင်'

ပိန်ညှက်ညှက်ကောင်လေး တအံ့တဩ ဖြစ်သွားလေသည်။

ယန်ခွမ်းနှင့် မီးသွေးတုံးတို့၏ အသွင်သဏ္ဌာန်သည် လမ်းပေါ်၌ ကျင်လည်ကျက်စား နေကြသူများဖြစ်ကြောင်း ဖော်ပြနေသည် မဟုတ်ပါလား။

ဝေစုခွဲပေးလိုက်လျှင် ကျေနပ်သွားမည်ဟု ထင်မှတ်ထားရာ မီးသွေးတုံး၏စကားကြောင့် အံ့သြသွားရခြင်း ဖြစ်ပေတော့သည်။

မီးသွေးတုံးက....

'မင်းပစ္စည်းတွေကို လိုချင်ရင် အကုန်ယူသွား၊ ငါတို့ကို ဆွဲမထည့်နဲ့'

ဟု ခပ်ပြတ်ပြတ်ပြောလိုက်လေသည်။

ပိန်ညှက်ညှက် ကောင်လေးသည် ယန်ခွမ်းနှင့်မီးသွေးတုံးတို့အား အတန်ကြာအောင် တွေတွေကြီး ငေးကြည့်နေပြီး

www.burmeseclassic.com

www.burmeseclassic.com



အထုပ်ကလေးကို ဖျတ်ခနဲကောက်ယူကာ ထွက်သွားရန်ဟန်ပြင်လိုက်လေသည်။

'နေဦး...'

ယန်ခွမ်းက ဟန့်တားလိုက်၏။

ပိန်ညှက်ညှက်ကောင်လေးက လှည့်ကြည့်လေသည်။

ယန်ခွမ်းက....

'မင်းကြောင့် ငါတို့ကိုသူခိုးလေးတွေလို့ လူတွေက ထင်သွားကြတယ်၊ ငါတို့ထွက်ပြေးခဲ့ရတယ်၊ ဒီကိစ္စကို မင်းဘယ်လို ဖြေရှင်းမလဲ'

ဟု မေးလိုက်၏။

မီးသွေးတုံး ရပ်ထိတ်သွား၏။

ယန်ခွမ်း၏အကြောင်းကို သူကောင်းစွာ နားလည်ထားပေသည်။

ယန်ခွမ်းသည် တော်ရုံတန်ရုံ ဘာမျှမပြောဘဲ တုံကိုဘာဝေနေတတ်သူဖြစ်၏။ စိတ်ကောင်းရှိပြီး မတရားမှုကို ရွံမုန်းသူဖြစ်သည်။

သို့သော် သူ၏ချို့ယွင်းချက်မှာ အငြိုးထားတတ်ခြင်း ဖြစ်ပေသည်။

သူ့အား ဒုက္ခပေးသူကို လက်တုန့်ပြန်ရမှ ကျေနပ်သည့် လူစားမျိုး မဟုတ်ပါလား။



အရှုပ်ချဉ်း၊ ပညာချင်းမမျှသည့် ဝေခုံးကိုပင် အလွတ်မပေးခဲ့သည့်အတွက် ယန်ခွမ်း၏စိတ်သဘောမှာ အထဝ်အရှားပေါ်လွင်နေပေတော့သည်။

ယခုလည်း ပိန်ညှက်ညှက်ကောင်လေးက ဒုက္ခပေးခဲ့သည့်မို့ ယန်ခွမ်း မကျေမနပ်ဖြစ်သွားလေသည်။

မီးသွေးတုံးမှာ အသားအရည် ဖြူဖပ်ဖြူလျော်ဖြစ်နေသည့် ထိုကောင်လေးအား သနားသွားလေသည်။

မာကျောလှသည့် ယန်ခွမ်းအား မည်သို့မျှယုံနိုင်မည် မဟုတ်ဟု နားလည်ထားသဖြင့်....

'ယန်ခွမ်း၊ သူ့သွားပါစေကွာ'

လေသံပျော့ကလေးဖြင့် လှမ်းပြောလိုက်မိလေသည်။

ယန်ခွမ်းက မကြားချင်ဟန်ဆောင်နေလိုက်၏။

ပိန်ညှက်ညှက် ကောင်လေးမှာလည်း ပါးရည်နပ်ရည်ရှိပုံ ရလေသည်။

ယန်ခွမ်း၏အမေးစကားကိုကြားလျှင်....

'ငါပြေးလို့ မလွတ်နိုင်တော့လို့ ပါကွာ၊ ငါတောင်းပန်ပါတယ်၊ ဒီလိုမှမလုပ်ရင် လူဝကြီး ငါ့ကိုဖမ်းမိသွားလိမ့်မယ်၊ ငါ့သာ ငွေရအောင် မရှာနိုင်ဘူးဆိုရင် ငါ့ညီဒုက္ခရောက်တော့မှာကွ'

ဟု ရှင်းပြရှင်း တောင်းပန်လာလေသည်။

မီးသွေးတုံးက....

'နေစမ်းပါဦး၊ မင်းညီက ဘာဖြစ်နေလို့လဲ'

ဟု ကြားဝင်မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ပိန်ညှက်ညှက်ကောင်လေး၏ မျက်နှာ ညှိုးကျသွားပြီး....

'ငါညီ ဖျားနေတယ်ကွ၊ သူ့ အတွက် ဆေးဖိုးလိုနေတယ်'

ရုတ်တရက် ယန်ခွမ်း၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေတော့သည်။

သေဆုံးသွားပြီ ဖြစ်သည့်မိခင်၏ မျက်နှာကို ကွက်ခနဲ မြင်ယောင်မိ၏။

မိခင်ကြီးအတွက် ဆေးဖိုးဝါးခရဖို့ သူက ပင်ပန်းကြီးစွာ ရှာဖွေခဲ့ရဆည် မဟုတ်ပါလား။

ပိန်ညှက်ညှက်ကောင်လေးသည် အလုပ်ကြမ်းများ လုပ်ကာ ငွေရှာနိုင်မည့်ပုံ မရချေ။

ထို့ကြောင့်လည်း ငွေလွယ်လွယ်ရအောင် အလစ်သုတ်ခဲ့ခြင်း ဖြစ်နိုင်ပေတော့သည်။

ယန်ခွမ်းသည် ပိန်ညှက်ညှက် ကောင်လေးအား စိုက်ကြည့်နေပြီး စကားမပြောနိုင်အောင် ဖြစ်နေလေသည်။

အခြေအနေ စောင့်ကြည့်နေသည့် မီးသွေးတုံးက....

'မင်း သွားတော့'

ဟု ဝင်ပြောလိုက်၏။

ပိန်ညှက်ညှက်ကောင်လေး ဝမ်းသာသွား၏။

'ကျေးဇူးပါပဲကွာ၊ နောက်တစ်ခါ မင်းတို့ကို ဒုက္ခမပေးတော့ပါဘူး'

စကားဆုံးလျှင် လှည့်ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

'နေဦး'

ယန်ခွမ်းက ဟန့်တားလိုက်၏။



ပိန်ညှက်ညှက်ကောင်လေး လှည့်ကြည့်လာ၏။

မီးသွေးတုံး စိတ်ပူသွားလေသည်။

'ယန်ခွမ်း....သူက....'

သူ၏ စကားမဆုံးမီ ယန်ခွမ်းက....

'မင်းညီကို ငါလိုက်ကြည့်လို့ ရမလား'

ဟု လှမ်းမေးလိုက်လေသည်။

ပိန်ညှက်ညှက်ကောင်လေး ခေါင်းညိတ်လိုက်၏။

'မင်း မယုံရင် လိုက်ကြည့်နိုင်ပါတယ်ကွာ၊ ငါ လိမ်ပြောတာ မဟုတ်ပါဘူး'

'ကောင်းပြီ....ငါလိုက်ခဲ့မယ်'

ယန်ခွမ်းသည် ထိုကောင်လေးအား အန္တရာယ်ပြုတော့မည် မဟုတ်မှန်း နားလည်မိမှ မီးသွေးတုံး စိတ်အေးသွားလေတော့သည်။

....ဝ....

www.burmeseclassic.com

www.burmeseclassic.com



မြို့စွန်တစ်နေရာ၌ အိမ်ပျက်ကြီးတစ်ခု ရှိလေသည်။

ပိန်ညှက်ညှက်ကောင်လေး၏ ဦးဆောင်လမ်းပြမှုဖြင့်ယန်ခွမ်းနှင့်မီးသွေးတုံးတို့သည် ထိုအဆောက်အအုံပျက်ကြီး အတွင်းသို့ ရောက်ရှိသွားကြလေသည်။

အတွင်းဘက်သို့ ရောက်သည်နှင့် အုတ်ကျိုးအုတ်ပဲ့များ စုပုံနေသည့် နေရာအနီး၌ အသက် ဆယ်နှစ်ခန့်ရှိ ကောင်လေးတစ်ယောက် ခွေခွေကလေး လှဲလျောင်းနေသည်ကို တွေ့မြင်ရလေသည်။

‘ညီလေး....အစ်ကိုပြန်လာပြီကွ’

ပိန်ညှက်ညှက်ကောင်လေးက အပြေးတစ်ပိုင်း ချဉ်းကပ်သွားလေသည်။

ယန်ခွမ်းနှင့် မီးသွေးတုံးတို့ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြ၏။

မီးသွေးတုံးက....

‘မဟန်ဘူးကွ’

ဟု တိုးတိုး ပြောလိုက်လေသည်။

လှဲလျောင်းနေသည့် ကောင်လေးမှာ ယဲ့ယဲ့ကလေးသာ ရှိပါတော့၏။

သူ၏ အသားအရည်မှာ ဝါဖန့်ဖန့်အရောင် ဖြစ်နေ၏။

အရိုးပြိုင်းပြိုင်း မျက်တွင်းဟော[illegible]လေး ဖြစ်နေလေတော့သည်။



ပိန်ညှက်ညှက်ကောင်လေး ရောက်လာသည်ကို တွေ့ရလျှင် မျက်လုံးများ အရောင်တဖိတ်ဖိတ် တောက်ပလာသည်မှအပ စကားမပြောသလို လှုပ်တုပ်မျှလည်း မလှုပ်ပါချေ။

ပိန်ညှက်ညှက်ကောင်လေးက....

‘ညီလေး... တော်ကြာ အစ်ကို ဆေးဝယ်ပြီး ပြန်လာခဲ့မယ်၊ စောင့်နေနော်’

ဟု နှစ်သိမ့်ကာ ယန်ခွမ်းတို့အနီးသို့ လျှောက်လာလေသည်။

တစ်ဖန် ယန်ခွမ်းနှင့် မီးသွေးတုံးတို့ကို ကြည့်ကာ....

‘မင်းတို့ ယုံပြီလား’

ဟု မေးလိုက်လေသည်။

ယန်ခွမ်းက....

‘ဒီအတိုင်းထားရင် သူသေသွားလိမ့်မယ်’

ဟု ပြောလိုက်၏။

ထိုကောင်လေးက....

‘ငါ့မှာ ငွေမရှိဘူး’

သူ၏ စကားသည် တိုတောင်းလှသော်လည်း အဓိပ္ပာယ်ပြည့်စုံလှပေတော့သည်။

ယန်ခွမ်းက....

‘ငွေဘယ်လောက်လို....’

စကားဆုံးအောင် မပြောလိုက်ရပါ။

www.burmeseclassic.com

www.burmeseclassic.com



ကျယ်လောင်သောခြေသံများ ထွက်ပေါ်လာပြီး လူ တစ်[illegible] လှမ်းဝင်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူမှာ အသက်နှစ်ဆယ်ခန့်ရှိပြီး ဗလကောင်းကောင်း၊ မျက်နှာပေါက်ဆိုးဆိုး ဖြစ်လေသည်။

ထိုလူအားတွေ့မြင်လိုက်ရသည်နှင့်ပိန်ညှက်ညှက်ကောင်လေး[illegible] မျက်နှာပျက်သွားသည်။ သို့သော် ချက်ချင်း ဟန်ဆောင်ပြုံး[illegible] လိုက်ပြီး....

'အစ်ကိုကြီး ထင်းရှိကိုး၊ ကျွန်တော့်ညီ နေမကောင်းဖြစ်နေ[illegible] တာကို လာကြည့်တာလားဗျာ'

ဟု မေးလိုက်လေသည်။

ထင်းရှိဆိုသူ လူရွယ် မျက်နှာကြီး ရှုံ့မဲ့သွားပါသည်။

တံတွေးကို ထွီခနဲ ထွေးချလိုက်ပြီး....

'မင်းညီ သေသွားတော့ကော ငါက အရေးစိုက်ရမှာလား[illegible] မြို့လယ်မှာ မင်း ပွပေါက်တိုးသွားတယ် မဟုတ်လား'

ဟု ငေါက်လိုက်လေသည်။

မီးသွေးတုံး မကျေမနပ်ဖြစ်သွား၏။ မည်သည့်နေရာ[illegible] ရောက်ရောက် နိုင့်ထက်စီးနင်းပြုကျင့်မှု[illegible]ဆုံနေရသည်[illegible] မဟုတ်ပါလား။

ယန်ခွမ်းက တုပ်တုပ်မျှမလှုပ်ဘဲ ထိုလူ[illegible] ကြည့်နေ၏[illegible] ပိန်ညှက်ညှက်ကောင်လေး ငိုမဲ့မဲ့ဖြစ်သွားသည်။



'အစ်ကိုကြီး ထင်းရှိ၊ ကျွန်တော့်ညီအတွက် ဆေးဖိုးဝါးခ လိုနေလို့ပါဗျာ၊ ဒီဘစ်ခါတော့ ခွင့်လွှတ်ဖို့ တောင်းပန်ပါ တယ်ဗျာ'

'ဘာကွ....ချူးရှာ၊ မင်း သေချင်ပြီထင်တယ်၊ မင်းတို့ ရလာ သမျှ အားလုံး 'ဆရာဝူး' လက်ထဲ အပ်ရမယ်၊ ဆရာဝူး ပေးကမ်း တာပဲ ယူရမယ်ဆိုတာ မင်း မေ့နေပြီလား'

ထင်းရှိက 'ဆရာဝူး' ဆိုသူ၏ အမည်ကို အသုံးပြုကာ ခြိမ်း ခြောက်လိုက်လေသည်။

ချူးရှာဆိုသည့် ပိန်ညှက်ညှက်ကောင်ခလေးက....

'အစ်ကိုကြီး ထင်းရှိရယ်၊ ကျွန်တော့်ညီ သေလုမျောပါး ဖြစ်နေပြီဗျာ၊ ဒီတစ်ခါတော့ ဆေးဝယ်တိုက်ပါရစေ၊ ဆရာဝူး ဆီ ကျွန်တော်ကိုယ်တိုင်သွားပြီး တောင်းပန်ပါ့မယ်'

'မလိုချင်ဘူး၊ မင်းရလာတဲ့ပစ္စည်း ပေးစမ်း'

ချူးရှာက တောင်းပန်နေသည့်တိုင် ထင်းရှိက ညှာတာ ထောက်ထားခြင်းမရှိဘဲ ရှေ့တိုးလာ၏။

ချူးရှာ၏လက်ထဲမှ အထုပ်ကလေးကို လုယူရန် ဟန်ပြင် လိုက်လေသည်။

မီးသွေးတုံး မနေနိုင်တော့ပါ။

'ခင်ဗျား လူမှဟုတ်ရဲ့လားဗျ'

ဟု အော်ငေါက်လိုက်လေသည်။

www.burmeseclassic.com

သူ၏စကားသံကြောင့် ထင်းရှီ ခြေလှမ်း တုံ့ခနဲ ရပ်သွား[illegible]လေသည်။

မီးသွေးတုံးနှင့် ယန်ခွမ်းတို့အား ဒေါသတကြီး ကြည့်လာ[illegible]လေသည်။

မီးသွေးတုံးက....

'သူ့ညီနေမကောင်းလို့ ဆေးဝယ်ဖို့က အရေးကြီးတယ်[illegible] ခင်ဗျားသိချင်ရင် ကိုယ့်ဘာသာ ရအောင်လုပ်ပါလား'

'ဘာပြောတယ်ကွ၊ မင်းကများ ငါ့ကို ဆရာလုပ်လို့[illegible] နေစမ်းပါဦး၊ မင်းတို့က ဒီမြို့မှာ တစ်ခါမှ မတွေ့ဖူးပါဘူး[illegible] ဟော့ကောင်တွေ...မင်းတို့ ဘယ်သူတွေလဲ၊ ဘယ်ကလာတာ[illegible] ပြောစမ်း'

BURMESE CLASSIC

'ကျုပ်ဘာသာ ဘယ်ကလာလာ ခင်ဗျားအပူမပါဘူး'

မီးသွေးတုံးက ဘာစကားကလေးမျှမလျှော့ဘဲ ခွတိုက်နေသ[illegible] ထင်းရှီ ရှူးရှူးရှားရှား ဖြစ်သွားလေသည်။

'ဩော်...မင်းတသောချင်နေပြီကိုး၊ ငါ့အကြောင်း မသိသေ[illegible]ဘူး ထင်တယ်'

ပြောရင်း လက်တစ်ဘက်ကို လက်သီး[illegible] ပြင[illegible]ရင်း လက်ဝါးကို တဖျစ်ဖျစ်မြည်အောင်[illegible]တိုး[illegible]လေသည်။

မီးသွေးတုံးသည် ချူးရှာအတွက် ခံဖြစ်နေပြီ ဖြ[illegible]ကြောက်ရွံ့နိုးလန့်ရမှန်း မသိတော့ချေ။



ထင်းရှီနှင့် ရင်ဆိုင်ရန် ဟန်ပြင်လိုက်လေသည်။

ထင်းရှီကလည်း မီးသွေးတုံးအား လက်သီးဖြင့် ထိုးချရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်မှာပင် ယန်ခွမ်းသည် ရှေ့သို့ လျင်မြန်စွာတိုးလာပြီး မြေပေါ်မှကောက်ယူထားသည့် တုတ်တစ်ချောင်းဖြင့် ထင်းရှီအား ရိုက်ချလိုက်လေသည်။

ယန်ခွမ်း ထိုကဲ့သို့ ပြုလုပ်လာမည်ဟု မည်သူမျှ မထင်မှတ်ကြချေ။ ထင်းရှီဆိုလျှင် ယန်ခွမ်းတို့အား အထင်သေးမိသဖြင့် ပို၍ပင် မထင်မှတ်ခဲ့ပါချေ။

ထို့ကြောင့်လည်း ယန်ခွမ်းက လျှပ်တစ်ပြက် တိုက်ခိုက်လာသောအခါ မရှောင်နိုင်တော့ဘဲ....

'ခွပ်'

'အား'

စူးရှစွာ တစ်ချက်အော်လိုက်ပြီး နောက်ဆုတ်သွားရလေတော့သည်။

သူ၏နဖူး ကွဲသွားသဖြင့် မျက်နှာတစ်ခုလုံး သွေးချင်းချင်းနီရဲသွားလေသည်။

ချူးရှာ ထိတ်လန့်စွာ နောက်ဆုတ်လိုက်သည်။

မီးသွေးတုံးမှာ လက်မြန် ခြေမြန်ရှိလှသည့် ယန်ခွမ်း၏ အကြောင်း သိထားသူပီပီ....

www.burmeseclassic.com

www.burmeseclassic.com



'အဲဒါသင်ခန်းစာပဲ၊ ဆရာဝူးကို ပြောလိုက်၊ ခေါင်းပုံဖြတ်ပြီးပဲ စဉ်းစားနေမယ်ဆိုရင် သူလဲ ထုတ်စာမိလိမ့်မယ်'

ဟန်ပါပါဖြင့် ဝေါက်လိုက်လေသည်။

ထင်းရီသည် ဖရွယ်ချင်းမျှသည်ကို အငါက်ထားပြီး....

'ခွေးကောင်လေးတွေ၊ မင်းတို့ သေဖို့သာပြင်ထားကြပေတော့'

ဒေါ်သတကြီး ကြုံးဝါးကာ ပြေးဝင်လာပါသည်။

သူ၏လက်ချက် မိသွားပါက သက်သာမည် မဟုတ်မှန်း တွေးမိသည့် မီးတွေးတုံးမှာ နောက်သို့ကပျာကယာ ဆုတ်လိုက်လေသည်။

ယန်ခွမ်းကား နောက်မဆုတ်ပါချေ။

ထင်းရီအနီးသို့ ရောက်ရှိလာသည်နှင့် ခြေသလုံးကို တအားလွှဲပြီး ရိုက်ချပစ်လိုက်လေသည်။

'ဖျောင်း'

'အား'

ထင်းရီ မြေပေါ် ဘိုင်းခနဲ လဲကျသွားလေတော့သည်။

ယန်ခွမ်းသည် တုတ်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်၍ ထင်းရီအား စိုက်ကြည့်နေ၏။

ချူးရှာ ပါးစပ်အဟောင်းသား ဖြစ်နေသည်။

ယန်ခွမ်းအား မယုံကြည်နိုင်စွာဖြင့် မျက်လုံးကြီး ပြူး၍ ငေးကြည့်နေပေတော့သည်။



ထင်းရီသည် အမယ်လေး အဘလေး အော်ဟစ်ညည်းညူ ...လူးလိမ့်လာပါ၏။ နဖူးကွဲ...းသလို ခြေထောက်နာ ...သဖြင့် ထော့ကျိုး ထော့ကျိုး ဖြစ်နေ၏။

ယန်ခွမ်းအား လက်ညှိုးငေါက်ငေါက်ထိုးကာ....

'မင်းသိမယ်....မင်းသိမယ်'

...၍ ကြိမ်းမောင်းလိုက်လေသည်။

...ပ်မံတိုက်ခိုက်ရန်ကား မကြိုးစားဘဲ ခုန်ဆွ ခုန်ဆွဖြင့် ...ာက်အဒိုးပျက် အပြင်ဘက်သို့ ထွက်သွားလေသည်။

...င်းရီ မြင်ကွင်းမှ ကွယ်ပျောက်သွားသောအခါ ယန်ခွမ်းက ...ာကိုကြည့်ကာ....

'...င်းရဲ့ညီကို ခေါ်လာခဲ့'

...ာ ပြောပြီး ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

...းရှာက....

'...င်း....မင်းဘယ်ကို သွားမလို့လဲကွ'

'...မားတော် တစ်ယောက်ယောက်ဆီကို သွားတာပေါ့၊ ...ညီကို ဒီအတိုင်း လက်ပိုက်ကြည့်နေလို့မှ မရတာဘဲ'

...းရှာ ဝမ်းသာသွားလေတော့သည်။

'...ကို ကူညီတဲ့အတွက် မင်းကျေးဇူး မမေ့ပါဘူးကွာ'

...လိုက်လိုက်လှဲလှဲ ပြောလိုက်လေသည်။

...ခွမ်းက....

'...ချိန်မရှိဘူး....မင်းညီကို ခေါ်ခဲ့'

www.burmeseclassic.com

www.burmeseclassic.com



စကားဆုံးလျှင် ခပ်သွက်သွက် လှမ်းထွက်သွားလေသည်။

ချူးရှာက မီးသွေးတုံးအား ကြည့်လိုက်သည်။

မီးသွေးတုံးက ခေါင်းညိတ်ပြလိုက်လေသည်။

ချူးရှာသည် ချက်ချင်းပင် ညီဖြစ်သူအား ကျောပိုး၍ မီးသွေးတုံးနှင့်အတူ ယန်ခွမ်းနောက်သို့ လိုက်သွားလေ တော့သည်။

....၀....

သမားတော်၏အိမ်သည် မြို့လယ်တွင်ရှိလေသည်။

ချူးရှာကပင် သမားတော်အိမ်ကို လမ်းပြခဲ့ခြင်း ဖြစ်လေသည်။

သမားတော်မှာ ချမ်းသာကြွယ်ဝပုံ ရလေသည်။

မကျယ်လွန်း မကျဉ်းလွန်းသည့် ခြံဝင်းတစ်ခု အတွင်း ခန့်ညားသော အဆောက်အအုံတစ်လုံးဖြင့် နေနိုင်သူ ဖြစ်လေသည်။



ခြံဝင်းတံခါးရှေ့သို့ ရောက်သည်နှင့် ချူးရှာက မျက်နှာငယ် လေးဖြင့်....

'သမားတော်ကြီး ဝမ်းယုံက အဝ့်မတန် ကြီးကျယ်တယ်၊ ဆေးကုပေးဖို့ ငွေအများကြီးတောင်းတယ်ကွ၊ ငွေမပေးနိုင်ရင် ကုပေးမှာမဟုတ်ဘူး'

ဟု ပြောလေသည်။

ယန်ခွမ်းက....

'သူက မင်းညီကို ဆေးကုပေးမှာပါ'

'ငါ့မှာ ငွေမှမရှိတာ'

'ငွေမရှိလဲ သူကုပေးလိမ့်မယ်'

ချူးရှာသည် ယန်ခွမ်းအား မျက်မှောင်ကုတ်ကာ ကြည့်လိုက်၏။

မီးသွေးတုံးက....

'ယန်ခွမ်းကပြောရင် မယုံနိုင်စရာအကြောင်းမရှိပါဘူးကွာ၊ အချိန်တန်ရင် သူပြောတဲ့အတိုင်း ဖြစ်လာမှာပါ'

ဟု ဝင်ပြောလိုက်၏။

ချူးရှာက ဘာမှမပြောတော့ဘဲ ခြံဝင်းအတွင်းသို့ လှမ်း ကြည့်လိုက်၏။

ထိုစဉ်မှာပင် လူတစ်ယောက် ရောက်ရှိလာသည်ကို တွေ့ရ သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူသည် ခြံဝင်းရှေ့၌ မယောင်မလည်ဖြစ်နေသည့် ယ[illegible]ခွမ်းတို့အား လှမ်းကြည့်လိုက်ပြီး....

'ဟေ့ ကောင်လေးတွေ၊ ခြံရှေ့မှာ မယောင်မလည်နဲ့ ဘ[illegible] လုပ်ကြမလို့လဲကွ'

ဟု ခပ်ထန်ထန်မေးလိုက်၏။

ယန်ခွမ်းက....

'သမားတော်ကြီး ဝမ်းယုံဆီမှာ ဆေးကုမလို့ဗျ'

'ဘာကွ....ဆေးကုမလို့ ဟုတ်လား'

'ဟုတ်ပါတယ်၊ ကျွန်တော့်ညီ နေမကောင်းလို့ပါဗျ[illegible]'

ချူးရှာက ဝင်ပြောသည်။

ထိုလူ ချက်ချင်းပင် လက်ဝှေ့ယမ်းကာ မောင်းထုတ်လိုက်လေသည်။

'သွားစမ်း....သွားစမ်း၊ လာမရှုပ်နဲ့၊ သမားတော်ကြီး အ[illegible] နေတယ်၊ လာမရှုပ်နဲ့'

ချူးရှာက ယန်ခွမ်းကို ကြည့်လိုက်၏။

ယန်ခွမ်းက....

'ကျုပ်တို့ ဆေးကုခပေးမှာပါ'

ဟု ပြောလိုက်၏။

သူ၏အသံသည် ပုံမှန်အသံ မဟုတ်တော့ဘဲ မသိမသာ ပြောင်းလဲသွားမှုန်း မီးသွေးတုံး ရိပ်မိလိုက်လေသည်။



ယန်ခွမ်း၏စိတ်နေစိတ်ထား ပြောင်းလဲစပြုနေပြီဖြစ်ကြောင်း သူမှလွဲပြီး မည်သူမျှ ရိပ်မိနိုင်မည် မဟုတ်ပါဘကား။

ထိုလူက....

'ထွီ....မင်းတို့က ဘယ်လောက်များ ပေးနိုင်မှာမို့လဲ၊ သွားစမ်းပါကွာ'

'ဆေးမကုပေးဘဲ မသွားနိုင်ဘူး'

ယန်ခွမ်းကလည်း ခပ်ပြတ်ပြတ် ပြောလိုက်၏။

ထိုသူ ဒေါပွသွားသည်။

'အံမယ်....မလောက်လေး မလောက်စားနဲ့၊ မင်းကများ သေချင်ပြီထင်တယ်၊ ထွက်သွားစမ်း'

ယန်ခွမ်းက မလှုပ်မယှက် ရပ်နေလေသည်။

ချူးရှာ ထိတ်လန့်လာသည်။

'ငါပြောသားပဲ၊ သူတို့ ဆေးကုပေးမှာ မဟုတ်ပါဘူးလို့'

ဟု တီးတိုးညည်းညူလိုက်၏။

မီးသွေးတုံးက ယန်ခွမ်းအား မျက်ခြည်မပြတ် စောင့်ကြည့်နေ၏။

ယန်ခွမ်းက....

'သူတို့ ကုပေးမှာပါ'

ဟု အေးတိအေးစက် ပြောလေသည်။

ခြံဝင်းထဲမှလူသည် ယန်ခွမ်းတို့ထွက်မသွားဘဲ ကောင်နေသည်ကို တွေ့ရလျှင်....

www.burmeseclassic.com

www.burmeseclassic.com



'ခွေးကောင်လေးတွေ ထွက်မသွားဘူးလား၊ သိကြသေးတာပေါ့ကွာ'

ဒေါသတကြီးပြောရင်း ခြံဝင်းတံခါးကိုဖွင့်ကာ အပြင်ဘက်လှမ်းထွက်လာ၏။

ချူးရှာသည် ညီဖြစ်သူကိုကျော်ပိုးကာ နောက်ဆုတ်သွားလေသည်။

မီးသွေးတုံးလည်း နောက်ဆုတ်လိုက်၏။

ယန်ခွမ်းကား ထိုလူကို မျက်တောင်မခတ် စိုက်ကြည့်နေလေသည်။

ထိုလူသည် ယန်ခွမ်းအနီးသို့ ဒေါသတကြီး လှမ်းလာရင်း....

'ထွက်သွားလို့ ပြောနေတာတောင် ဂရုမစိုက်တဲ့ ကောင်လေး၊ သိကြသေးတာပေါ့'

ယန်ခွမ်းအား လက်သီးဖြင့် လှမ်းထိုးလိုက်လေသည်။

သို့သော် ယန်ခွမ်းက သူ့ထက်ဦးအောင် လှုပ်ရှားလိုက်လေသည်။

မည်သည့်အချိန်က ကောက်ယူထားမှန်းမသိသည့်ကျောက်ခဲတစ်လုံးဖြင့် ထိုလူအား ပေါက်ချလိုက်၏။

ကျောက်ခဲမှာ ထိုလူ၏ဦးခေါင်းကို တည့်တည့် မိတ်မတ်ထိသွားရာ....

'ခွပ်'

'အား'



ထိုလူမှာ တစ်ချက် အော်ဟစ်လိုက်ပြီး ခွေခနဲ လဲကျသွားလေသည်။

သူကြီးမကျ ကလေးမကျ စကောစကာအရွယ် ကလေးများဖြစ်နေ၍ လွယ်လင့်တကူ အနိုင်ရမည်ဟု မှတ်ယူထားသည်ကတစ်ကြောင်း၊ ယခုကဲ့သို့ လက်မြန်ခြေမြန် တိုက်ခိုက်လာလိမ့်မည်ဟု ထင်မှတ်ခြင်းမရှိသည်က တစ်ကြောင်းမို့ ခံလိုက်ရခြင်းဖြစ်ပေတော့သည်။

ထိုလူမှာ မြေပေါ် ခွေခွေကလေးလဲကာ သတိလစ်နေလေတော့၏။

ယန်ခွမ်းက....

ကဲ....အထဲဝင်ကြရအောင်'

ဟု ပြောလိုက်၏။

ချူးရှာသည် သူ့အား မျက်လုံးကြီးပြူးကာ ကြည့်နေ၏။

မီးသွေးတုံးက....

'ဝင်းတံခါးကြီးပွင့်နေမှတော့ ဝင်သွားရုံပဲပေါ့ကွာ၊ ကဲ....သာ'

ပြောပြောဆိုဆို ရှေ့မှလှမ်း ဝင်သွားလေသည်။

ယန်ခွမ်းသည်လည်း ခံစားချက်ကင်းမဲ့သည့်အသွင်ဖြင့် လိုက်ပါသွား၏။

ချူးရှာ၏ရင်ထဲ လှုပ်ရှားလာ၏။

ယန်ခွမ်းအား ယုံကြည်အားကိုးသည့်စိတ်များ ဖြစ်ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ညီအား ဆေးကုခွင့်ရစေမည်ဟု ယန်ခွမ်းက အာမခံ သည့်အတိုင်း ဆေးကုခွင့်ရမည်ဟု ယုံကြည်လာသည်။

ညီဖြစ်သူအားကျောပိုးရင်း ယန်ခွမ်းတို့နောက်သို့ လိုက်ပ သွားလေတော့သည်။

...

သမားတော်ကြီးဝမ်းယုံသည် မြံစောင့်အား ယုံကြည်စိတ် ထားပုံ ရလေသည်။

ဧည့်ခန်းအတွင်းရှိ ကုလားထိုင် တစ်လုံးပေါ်၌ တခေါခေါ ဟောက်လျက် အိပ်ပျော်နေ၏။

အဆောက်အအုံအတွင်းသို့ ရောက်လာကြသည့် ယန်ခွမ်း တို့မှာ သမားတော်ကြီးအိပ်ပျော်နေသည်ကိုတွေ့ရလျှင် မြံစော ကြီးက အမှန်အတိုင်းပြောခဲ့ခြင်းဖြစ်ကြောင်း နားလည်သွား လေသည်။



မီးသွေးတုံးက....

'မင်းက သူ့ကိုယ်စားခုလုပ်လိုက်လို့တော့မဖြစ်ဘူး၊ ဆေးကု ပေးနိုင်အောင် သူ့ရဲ့ကိုယ်လုံးအကောင်းပကတိရှိနေမှ ဖြစ် မယ်'

ဟု သတိပေးလေသည်။

သမားတော် ဝမ်းယုံက ဆေးကုပေးရန် ငြင်းဆန်လျှင် ယန်ခွမ်းက ရန်မူပါက ဝမ်းယုံတင်းစုံတစ်ခုဖြစ်သွားပြီး ဆေးကု ပေးနိုင်ခြင်းမရှိတော့မည်ကိုစိုးရိမ်၍ ကြိုတင်သတိပေးလိုက်ခြင်း ဖြစ်လေသည်။

ယန်ခွမ်းက အခန်းတွင်းသို့ ဝေ့ကြည့်လိုက်၏။

စားပွဲပေါ်တင်ထားသည့် မီးအိမ်တစ်လုံးကို တွေ့မြင်ရလျှင် သဘောကျသွားပြီး....

'မီးသွေးတုံး၊ မီးအိမ်ကိုမီးညှိလိုက်ရင်ကောင်းမယ်'

ဟု ပြောလိုက်လေသည်။

ရုတ်တရက် မီးသွေးတုံး ကြောင်အမ်းအမ်း ဖြစ်သွား၏။

သို့သော် ချက်ချင်းနားလည်သဘောပေါက်သွားပြီး....

'ယန်ခွမ်း'

ဟု လှတ်ခနဲ အော်လိုက်လေသည်။

ယန်ခွမ်းက...

'သူ့ကို ဆေးကုပေးချင်တယ်ဆိုရင် ငါပြောသလို လုပ်ပါ'

www.burmeseclassic.com

www.burmeseclassic.com



မီးသွေးတုံး သက်ပြင်းချလိုက်သည်။

ဒုက္ခရောက်နေသည့် ချူးရှာ၏ ညီဖြစ်သူကို ဆေးကုပေးရန် အရေးအကြီးဆုံးဖြစ်သည်ဟု ယုံကြည်လက်ခံထားရကား ဘာမျှ မပြောတော့ဘဲ စားပွဲအနီးသို့ လျှောက်သွားလေသည်။

စားပွဲပေါ်၌ အသင့်တွေ့ရသည့် မီးခတ်ကျောက်ဖြင့် မီးအိမ်ကို မီးထွန်းညှိလိုက်၏။

ထိုအချိန်တွင် သူတို့၏ ဆူဆူညံညံအသံများကြောင့် သမားတော် ဝမ်းယုံ လန့်နိုးလာပါသည်။

ယန်ခွမ်းတို့အား တွေ့မြင်သွားလျှင်....

'ဟေ့ကောင်လေးတွေ....မင်းတို့ ဘယ်သူတွေလဲ၊ ဘာကြောင့် ငါ့အိမ်ထဲ ဝင်လာကြတာလဲ၊ ခုချက်ချင်း ထွက်သွားကြစမ်း'

ဟု ဒေါသတကြီး မောင်းထုတ်လိုက်လေသည်။

ယန်ခွမ်းက....

'ကျွန်တော်တို့ သမားတော်ကြီးဆီမှာ ဆေးလာကုတာပါ၊ လူမမာ ပါလာပါတယ်'

'ဘာ....ဘာပြောတယ်ကွ၊ မင်းတို့လာတိုင်း ငါက ကုပေးရမှာလား၊ သွားစမ်း....မင်းတို့ဘာသာ တခြားသွား၊ ငါ့ဆီလာ မရှုပ်နဲ့'

'သမားတော်ကြီး ကုမပေးနိုင်ဘူးလားဗျာ'

'ထွက်သွားလို့ ငါပြောနေတာ မကြားဘူးလား'



သမားတော်ဝမ်းယုံသည် ရိုက်မောင်းပုတ်မောင်း ပြုလုပ်ရန် ဟန်ပြင်လာလေတော့သည်။

ယန်ခွမ်းတို့မှာ အထင်ကြီးစရာ လုံးဝမရှိသည့် ညစ်ပေပေ ကောင်လေးများ ဖြစ်နေကြသည် မဟုတ်ပါလား။

ယန်ခွမ်းက ဘာမျှ ပြန်ပြောမနေတော့ဘဲ မီးသွေးတုံး၏ လက်ထဲမှ မီးအိမ်ကို ဆွဲယူလိုက်၏။

ထို့နောက် ကြမ်းပြင်ပေါ် ပေါက်ခွဲရန် ဟန်ပြင်လိုက်လေသည်။

သမားတော်ဝမ်းယုံ မျက်လုံးပြူးသွား၏။

'ဟေ့....ဟေ့....မလုပ်နဲ့'

ကပျာကယာ တားမြစ်လိုက်လေသည်။

ယန်ခွမ်းက အိတ်ထဲမှ ငွေစအချို့ နှိုက်ယူလိုက်၏။

ရှက်လေ့ကြီးနှင့် လှေကြုံလိုက်လာရစဉ်း ခိုင်းသမျှ လုပ်ကိုင် ပေးခဲ့ခြင်းကြောင့် လှေသူကြီးက ပေးလိုက်သည့် ငွေအချို့ ဖြစ်လေသည်။

ယန်ခွမ်းက ငွေစများကို လက်ဝါးပေါ် တင်ကာ....

'ကျွန်တော့် သူငယ်ချင်းကို ဆေးကုပေးပါ၊ ဆေးဖိုး ပေးပါ့မယ်'

ဟု ပြောလိုက်လေသည်။

သမားတော်ဝမ်းယုံသည် ယန်ခွမ်းမှာ ငယ်ပင်ငယ်ငြားသော်လည်း အဆိပ်ရှိသည့် မြွေပွေးနှင့် တူသည်ဟု နားလည်သဘော ပေါက်သွားပြီဖြစ်ရာ....

www.burmeseclassic.com

www.burmeseclassic.com



'ကဲ....ကဲ....ငါ အလကားပဲ ကုပေးလိုက်ပါမယ်၊ ငါ့အိမ်ကို မီးတော့ မရှို့ပါနဲ့ကွာ'

ဟု ပြောကာ၏ ဆေးကုပေးရန် သဘောတူလိုက်လေတော့သည်။

....ဝ....

သမားတော်ဝမ်းယီသည် ချူးရှာ၏ညီကို ဆေးကုပေးနေပြီ ဖြစ်လေသည်။

ယန်ခွမ်း၊ ချူးရှာနှင့် မီးမိသွားဂိုဏ်းတို့သည် အနှောင့်အယှက် မဖြစ်စေရန် ခပ်လှမ်းလှမ်း၌ သွားပြီး ရပ်နေလိုက်ကြလေသည်။

ချူးရှာက....

'ယန်ခွမ်း....မင်းရဲ့ကျေးဇူး ကို ငါ မမေ့ပါဘူးကွာ'

ဟု လှိုက်လှိုက်လှဲလှဲ ပြောလေသည်။

မီးမိသွားဂိုဏ်း၏ ခေါင်းသ ကြားသဖြင့် ယန်ခွမ်း၏ အမည်ကို သိနေပြီ ဖြစ်လေသည်။



ယန်ခွမ်း ပြုံးလိုက်သည်။

'မင်းရဲ့ညီကို ဆေးကုပေးဖို့ တကယ့်ကို လိုအပ်နေတာပဲကွ'

'မင်းမပါဘဲနဲ့တော့ ဆေးကုနိုင်ဖို့ လမ်းမမြင်ပါဘူးကွာ'

'မင်းက ကိုယ့်ကိုကိုယ် ယုံကြည်မှုမှ မရှိတာကိုး'

'ဟော....'

ယန်ခွမ်းက....

'ဆေးမကုရလို့ သေသွားတာကို လက်ပိုက်ကြည့်နေမယ့်အစား နည်းလမ်းတစ်ခုခုရှာပြီး ဆေးကုနိုင်အောင် မကြိုးစားသင့်ဘူးလား'

ဟု မေးလိုက်၏။

ချူးရှာ ငြိမ်ကျသွားသည်။

ယန်ခွမ်းသည် လုပ်ရမည့်အလုပ်အတွက် တွေဝေဝေးမနေခြင်းမရှိဘဲ မဖြစ်ဖြစ်သည့်နည်းနှင့် ပြုလုပ်တတ်သူဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေပေတော့သည်။

သူသည် အသေခံရမည်ကိုလည်း မကြောက်၊ သေရမည်ကိုလည်း မကြောက်။ လုပ်မည်ဟုဆုံးဖြတ်ပြီးလျှင် မဖြစ်မနေ လုပ်တတ်သူ မဟုတ်ပါလား။

မီးမိသွားဂိုဏ်းက....

'ယန်ခွမ်း၊ မင်း အရင်က ဒီလိုမဟုတ်ပါဘူး၊ အခုတလော ကြည့်ရတာ အတော့်ကိုခက်ထန်နေတယ်'

ဟုအောင့်အည်းနိုင်တော့သည့်အဆုံး ဝေဖန်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယန်ခွမ်းသည် သိုင်းဆရာဝေခိုးနှင့် ရစ်ဆိုင်ခဲ့ခြင်းအတွက် မီးသွေးတုံး ကြောက်လန့်တကြားဖြစ်မိသည် မဟုတ်ပါလား။

ယခင်ကဆိုလျှင် အလုပ် မည်မျှ ပင်ပန်းပါစေ၊ ဇွဲနဘဲဖြစ် လုပ်တတ်ကိုင်တတ်သူ၊ ပျော်ပျော်ရွှင်ရွှင် နေတတ်သူ ဖြစ်ပေ သည်။

မီးသွေးတုံး၏ အမြင်တွင် ယန်ခွမ်းသည် ခက်ထန်ကြမ်း ကြုတ်သူအဖြစ် ပြောင်းလဲသွားခဲ့ပြီ ဖြစ်လေသည်။

မီးသွေးတုံး၏ ဝေဘန်မှုကြောင့် ယန်ခွမ်း ငိုင်သွားလေ သည်။

သူ့ကိုယ်သူလည်း ပြန်လည်ဆန်းစစ်မိ၏။

မီးသွေးတုံး၏စကား မမှားနိုင်ပါချေ။

သူ၏မိခင် ကွယ်လွန်သွားပြီးနောက်ပိုင်း ကြုံတွေ့ခဲ့ရသည့် ဖြစ်ရပ်များသည် သူ့အား ခက်ထန်ကြမ်းကြုတ်သူ အဖြစ် ပြောင်းလဲသွားစေခဲ့သည် မဟုတ်ပါလား။

လူလုံးမလှဖြစ်ခဲ့ရသည့်ဘဝ၊ အနိမ့်ခံဘဝကို အကြီးအကျယ် စိတ်နာကာ ဖိနှိပ်လာသူများအပေါ် အငြိုးထားကာ လက်တုံ့ ပြန်ရင်း အရွယ်နှင့်မလိုက်အောင် ကြမ်းကြုတ်သူတစ်ယောက် ဖြစ်မှန်းမသိ ဖြစ်လာ၏။

အရာရာကို အကြမ်းနည်းဖြင့် ဖြေရှင်းလိုစိတ်များ လွှမ်း လာသည်။

သူ၏ခံယူချက်၊ ရပ်တည်ချက်များသည် မှားမှန်းမသိ မှား ယွင်းလာနေပြီ မဟုတ်ပါလား။



ယန်ခွမ်းသည် ထိုသို့တွေးတောဆင်ခြင်မိသည့်တိုင် နောင်တ မရနိုင်သည့်အတွက် ကိုယ့်ကိုကိုယ် အံ့ဩနေမိပါ၏။

မီးသွေးတုံးက....

'မင်းကိုလာပြောတာပါကွာ၊ ငါလဲ လူတွေကိုစိတ်ကုန်ပါပြီ၊ ငါတို့ကိုမြင်လိုက်တာနဲ့ စော်ကားဖို့၊ နှိပ်စက်ဖို့ပဲ စဉ်းစားနေကြ တော့တာပဲ၊ အစ်ကိုကြီးဟူကျင်းပြောသလို ဘယ်သူမှမစော်ကား ရဲအောင် ဖြစ်တဲ့နည်းနဲ့ ရပ်တည်ရမှာပဲ'

မီးသွေးတုံး ညည်းညူလိုက်၏။

ယန်ခွမ်းက....

'ဒါတွေပြောနေလို့ အကြောင်းထူးမှာမဟုတ်ဘူး၊ မပြောဘဲ နေကြရင် ကောင်းလိမ့်မယ်'

ဟု စကားစဖြတ်လိုက်၏။

မီးသွေးတုံး ခေါင်းညိတ်လိုက်သည်။

'အေး....ဖြစ်သမျှအကြောင်း အကောင်းပေါ့ကွာ'

ချူးရှာသည် သူတို့နှစ်ယောက်အား စိတ်ဝင်စားစွာ ကြည့် နေပါ၏။

ယန်ခွမ်းသည် ခက်ထန်ကြမ်းကြုတ်သူဟု ယူဆသတ်မှတ် ထားသော်လည်း သူ၏ညီအတွက် ကူညီခဲ့သည်ဖြစ်ရာ စာနာ ထတ်သော နှလုံးသားရှိသူဖြစ်ကြောင်း ဆင်ခြင်မိလေသည်။

'မင်းတို့ ဘယ်ကလာကြတာလဲကွ၊ ဘယ်ကိုသွားမလို့လဲ'

ဟု မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



မီးသွေးတုံးက သူတို့၏ဇာတိရပ်ရွာအမည်ကို ပြောပြလိုက်လေသည်။

ချူးရှာ ခေါင်းခါယမ်းလိုက်၏။

'ငါမကြားဖူးဘူး'

မှန်ပေသည်။ ယန်ခွမ်းတို့သည် ပြည်မနှင့် ဝေးလံလှသည့် နယ်စွန်နယ်ဖျားဒေသမှ လာခဲ့ကြသူများ မဟုတ်ပါလား။

ချူးရှာက....

'မင်းတို့ ဘယ်သွားမလို့လဲ'

ဟု ထပ်မေးလိုက်၏။

မီးသွေးတုံးက....

'ပြည်မကို'

'ဟေ-ငါတို့မြို့ဟာ ပြည်မကြီးထဲမှာ ပါတာပေါ့၊ ပြည်မဟာ အကျယ်ကြီးကွ၊ မင်းတို့ ဘယ်မြို့ကို သွားကြမလို့လဲ'

မီးသွေးတုံးက ယန်ခွမ်းကို ကြည့်လိုက်လေသည်။

ယန်ခွမ်း သက်ပြင်းချလိုက်၏။

'ငါက လူတစ်ယောက်ကို ရှာမလို့'

ဟု ခပ်တိုးတိုးပြောလိုက်၏။

အဘယ်ကြောင့် အမှန်အတိုင်း စိတ်သိုလက်ရ ပြောလိုက်ကြောင်း သူစဉ်းစားမရချေ။

မီးသွေးတုံးကိုပင် ပြည်မသို့သွားမည်ဟူ၍သာ ပြောသခဲ့သည်မဟုတ်ပါလား။



ယန်ခွမ်း၏စကားကြောင့် ချူးရှာသာမက မီးသွေးတုံးပါ စိတ်ဝင်စားသွားလေသည်။

'မင်းက ဘယ်သူ့ကိုရှာမလို့လဲ'

မီးသွေးတုံး သိလိုစိတ်ဖြင့် အလောတကြီး မေးလိုက်ခြင်း ဖြစ်လေသည်။

ယန်ခွမ်းက....

'ယန်ယင်းပင်ဆိုတဲ့လူပါ'

'သူက ဘယ်မှာနေတာလဲ'

'ပြည်မမှာ'

'ဟာ ပြည်မဟာအကျယ်ကြီးကွ'

ချူးရှာက ပြည်မတွင်နေထိုင်ကြီးပြင်းခဲ့ရသူမို့ ယန်ခွမ်းတို့ ထက်ပို၍ လူရည်လည်ပေသည်။

'ယန်ယင်းပင်ဆိုတဲ့ နာမည်ရှိတဲ့လူတွေလဲ အများကြီးကွ၊ မင်းက သူနေတဲ့နေရာကိုသိမှ ရှာလို့ရမယ်၊ ဒါမှမဟုတ်ရင်တော့ လူတွေ့တိုင်း ယန်ယင်းပင်လားလို့ မေးနေရလိမ့်မယ်'

ယန်ခွမ်း သက်ပြင်းချလိုက်သည်။

'သူက ပြည်မမှာရှိတယ်ဆိုတာပဲ ငါသိတယ်၊ ဒါထက်ပိုပြီး ဘာမှမသိဘူး'

'ဒါဆို ကောက်ရိုးပုံထဲ ကျပျောက်တဲ့အပ်ကို ရှာရတာကမှ လွယ်ဦးမယ်၊ မင်းတွေ့ချင်တဲ့လူကို တစ်သက်လုံးရှာလို့တောင် တွေ့နိုင်မှာ မဟုတ်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



ယန်ခွမ်း ငြိမ်သွားလေသည်။

ချူးရှာသည် သူ့အားကြည့်ကာ ပြန်လည်၍ကူညီလိုစိတ်များ ဖြစ်ပေါ်လာလေသည်။

'တကယ်လို့များ သူနေတဲ့မြို့ကိုသိရင် အကောင်းသား၊ ဘယ်လိုသွားရမယ်ဆိုတာ ငါပြောပြနိုင်မှာ သေချာတယ်၊ ခုတော့ မလွယ်ဘူးကွ၊ တစ်နယ်ဝင် တစ်နယ်ထွက် လိုက်ရှာနေလို့ အကြောင်းထူးမှာ မဟုတ်ဘူး၊ သူနဲ့ပတ်သက်ပြီး မင်းဘာမှ မသိတော့ဘူးလား'

ယန်ခွမ်းသည် ပိုးပဝါတစ်ပိုင်းကို သတိရလာလေသည်။ သို့သော် ပြောမပြလိုတော့သဖြင့် ခေါင်းခါယမ်းလိုက်ပြီး....

'မသိတော့ဘူးကွ'

ဟု ဖြေလိုက်လေသည်။

ချူးရှာက....

'အင်း....မင်းသာအာမခံဌာနပိုင်ရှင်တစ်ယောက်ဖြစ်ရင် သိပ်ကောင်းမှာပဲ'

ယန်ခွမ်း မျက်မှောင်ကုပ်သွား၏။

'ဘာဖြစ်လို့လဲကွ'

'အာမခံဌာနကလူတွေဟာ နေရာအနှံ့ကို သွားနေကြတာကွ၊ သူတို့လောက် သတင်းစုံစုံလင်လင်သိနိုင်တဲ့လူ မရှိတော့ဘူး မင်းသာ အာမခံဌာနပိုင်ရှင်ဆိုရင် မင်းရဲ့လူတွေကို နေရာအနှံ့ လွှတ်ပြီး စုံစမ်းခိုင်းလို့ရတာပေါ့၊ မင်းဘာသာ စမ်းတဝါးဝါးနဲ့လိုက်ရှာနေတာထက်စာရင် တွေ့ရဖို့နီးစပ်သေးတယ်'



ယန်ခွမ်း၏မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပလာလေသည်။

မမျှော်လင့်ဘဲ ချူးရှာထံမှ အကြံဉာဏ်များ ရလာသည် မဟုတ်ပါလား။

ယန်ယင်းပင်သည် သူ၏ဖခင်ဖြစ်သူ၊ ပြည်မတွင်ရှိနေသည်ဟု သူ၏မိခင်မကွယ်လွန်မီ ပြောပြသွားခဲ့ပေသည်။

ထို့ကြောင့် ယန်ခွမ်းသည် ဖခင်အားရှာဖွေရန် ရည်ရွယ်ချက်ဖြင့် ပြည်မသို့စွန့်စားပြီး ခရီးထွက်လာခဲ့ခြင်း ဖြစ်ပေသည်။

ဇာတိရပ်ရွာကို စွန့်ခွာလာခဲ့ပြီးမှ ဖခင်ဖြစ်သူအား စမ်းတဝါးဝါးရှာဖွေနေရသည့်အဖြစ်နှင့် သူမျှော်လင့်သလို တွေ့ရှိဖို့ လွယ်သည့်အဖြစ်ကို သတိပြုမိလာခဲ့လေသည်။

သူ့အတွက် အဓိကအနှောင့်အယှက်ကြီးနှစ်ခုမှာ မျက်နှာမွဲ များ ဖြစ်နေခြင်းကြောင့် အနှိမ်ခံရခြင်း၊ အစော်ကားခံရခြင်းနှင့် ပြည်မဒေသကြီးတစ်ခွင်လုံး နေရာလပ်မကျန် သွားလာနိုင်ရန် မလွယ်ကူခြင်း ဖြစ်ပေသည်။

ဖခင်ဖြစ်သူအား လိုက်လံရှာဖွေနေရုံဖြင့် မပြီးသေး၊ ကြုံတွေ့နေရသည့်အခက်အခဲများအား ရင်ဆိုင်ကျော်ဖြတ်ရန် ထမင်းစားလုပ် အေးအေး ဆေးဆေးစားရဖို့ လိုအပ်ပေသေး၏။

နေရာအနှံ့ ခြေသလုံးအိမ်တိုင် လှည့်လည်ရှာဖွေနေခြင်းဖြင့် အကျိုးထူးမည်မဟုတ်ဟု ဆင်ခြင်မိနေချိန်၌ ချူးရှာပြောလိုက်သည့်စကားက သူ့အတွက် စိတ်ဝင်စားစရာ ဖြစ်လာပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ချူးရှာကို စိုက်ကြည့်ရင်း....

'အာမခံဌာနက သဖောင်းအစုံကြွေးသိရတယ် ဟုတ်လား'

'ဟုတ်တယ်လေ၊ သူတို့ကနေရာအနှံ့ ရောက်နေတာကိုးကွ'
'ငါက သူတို့ကိုသွားမေးရင်ကော'

'ငါပြောပြီးပြီပဲ၊ ယန်ယင်းပင်ဆိုတဲ့ နာမည်ရှိသူတွေ အများ
ကြီးပဲ၊ မင်းတွေ့ချင်တဲ့ ယန်ယင်းပင်မဟုတ်ဘဲ တစ်ခြား
ယန်ယင်းပင်ဆိုရင်တော့ ဘယ်လိုလုပ်မလဲ၊ မင်းက တိတိကျကျ
မပြောနိုင်ဘဲ ဘယ်လိုလုပ် သိရမှာလဲ၊ ပြီးတော့ အာမခံဌာနက
လူတွေဟာ မင်းကို တကူးတက ရှာပေးပါ့မလား'

ယန်ခွမ်း ငြိမ်ကျသွားပြန်လေသည်။

သူ၏စိတ်ထဲ၌ သူ့အား ကူညီမည့်သူ အများအပြားရှိလျှ
အဘယ်မျှ ကောင်းမည်နည်းဟု တွေးတောစဉ်းစားနေမိ၏။

သို့သော် သူ့အား ကူညီမည့်သူမရှိ။ နှိပ်စက်မည့်သူသာ
ရှိသည်ဟု တွေးမိပြန်လျှင် မျက်နှာ ခက်ထန်တင်းမာသွားသေ
တော့သည်။

ချူးရှာက....

'တကယ်လို့များ မင်းက ငွေအိုးကြီးနဲ့ အဆင်ပြေရင် သိ
ကောင်းမှာပဲ၊ သူကလဲ ဇက်ရဲလက်ရဲရှိတဲ့လူတွေကို သိပ်သဘော
[illegible]

ကျတာကွ'

ဟု ပြောလေသည်။



ယန်ခွမ်း မျက်မှောင်ကုပ်သွားပြီး....

'ငွေအိုးကြီးဆိုတာ ဘယ်သူလဲ'
ဟု မေးလိုက်လေသည်။

ချူးရှာက....

'တို့မြို့က ဖြေအောက်ရာဇာကြီးပေါ့ကွာ'

'ဘာ...ဘယ်လို....'

'မြို့ထဲမှာ ဒုစရိုက်လုပ်ငန်းတွေနဲ့ အသက်မွေးနေတဲ့လူတွေ
အများကြီးရှိတယ်၊ ကိုယ့်အုပ်စုကလေးတွေနဲ့ကိုယ်ရှိကြပေမယ့်
ငွေအိုးကြီးနဲ့ လွတ်ကင်းတဲ့လူ မရှိသလောက်ပဲ၊ အားလုံးက
သူ့ကို လေးစားကြတယ်ကွ'

'ဘာဖြစ်လို့လဲကွ'

'သူ့မှာ လူမိုက်တွေအများကြီးရှိလို့ပေါ့'

ယန်ခွမ်း မျက်နှာရှုံ့မဲ့သွားလေသည်။

ချူးရှာ၏ စကားကြောင့် ကြောက်ရွံ့ထိတ်လန့်သွားခြင်း
ကြောင့် မဟုတ်ပါ။ လူမိုက်များ မွေးမြူထားခြင်းကြောင့်
လေးစားရသည်ဆိုခြင်းကို ဘဝင်မကျမိခြင်းပင် ဖြစ်လေသည်။

ချူးရှာက ဆက်ပြောလိုက်သည်။

'ငွေအိုးကြီးက ငါတို့မြို့မှာ မင်းမှုနေရုံမကဘူး တခြား
မြို့ရွာတွေမှာလဲ ဩဇာသက်ရောက်နိုင်တဲ့လူကွ၊ သူကသာ မင်း
ပြောတဲ့ ယန်ယင်းပင်ဆိုတဲ့လူကို တွေ့ချင်တယ်လို့ ပြောလိုက်

www.burmeseclassic.com



ရင် သူ့လူတွေက ယန်ယင်းပင်လို နာမည်ရှိတဲ့လူတွေ တွေ့သမျှ အကုန် သူ့ဆီခေါ်လာမှာပဲကွာ'

ယခုဘစ်ကြိမ် ယန်ခွမ်း လှုပ်လှုပ်ရှားရှားဖြစ်သွားလေသည်။

'ငွေအိုးကြီးကို ငါတွေ့ချင်တယ်'

ဟု ပြောလိုက်လေသည်။

ချူးရှာက....

'သူ့ကို တွေ့ချင်တိုင်း တွေ့လို့ရတာ မဟုတ်ဘူးကွ၊ အဲ.... သူက တွေ့ချင်တယ်ဆိုရင်တော့ မင်းက မြေကြီးထဲ ဝင်ပုန်းရင်တောင် လွတ်မှာမဟုတ်ဘူး၊ သူ့လူတွေက မင်းကို ရှာပြီး သူ့ရှေ့ရောက်အောင် ခေါ်သွားကြမှာပဲကွ'

ထိုသို့ဆိုစေ ယန်ခွမ်းသည် ငွေအိုးကြီးဆိုသူနှင့် တွေ့ဆုံနိုင်ဖို့ ကြိုးစားမည်ဟု ဆုံးဖြတ်လိုက်လေတော့သည်။

သူတို့ စကားကောင်းနေစဉ်မှာပင် ခြေသံများ ထွက်ပေါ် လာ၏။

သမားတော် ဝမ်းယုံသည် သူတို့အနီးသို့ လှမ်းလာနေသည် ကို တွေ့ရ၏။

ချူးရှာက....

'သမားတော်ကြီး၊ ကျွန်တော့်ညီ ဘယ်လို နေသေးသလဲ ဘင်....'

ဟု ကပျာကယာ လှမ်းမေးလိုက်သည်။



သမားတော် ဝမ်းယုံက....

'မင်းတို့က ရောဂါကျွမ်းနေမှ ခေါ်လာပြီး ချက်ချင်း ပျောက်ချင်လို့ ရမလားကွ'

'ငါဘယ်လောက်ပဲကြိုးစားကြိုးစား နောက်သုံးရက်အသက် ရှင် ကံကောင်းပဲ'

'ဟာ....'

ချူးရှာ လွှတ်ခနဲ အော်လိုက်လေသည်။

ယန်ခွမ်း၏မျက်နှာ တင်းမာသွားသည်။

ရောဂါဖြစ်စအချိန်၌ ဆေးကုသခွင့်ရမည်ဆိုလျှင် ချူးရှာ၏ ညီမှာ ယခုကဲ့သို့အဖြစ်မျိုးနှင့်ကြုံရမည် မဟုတ်ဟု ယုံကြည်မိလေ သည်။

စေတနာမေတ္တာဖြင့် ကုသပေးသည့် သမားတော်များ ရှိကြ သကဲ့သို့ ငွေမက်သည့်သမားတော်များလည်း ရှိနေခြင်းကြောင့် ချူးရှာ၏ညီ ရေတိမ်နစ်ရခြင်း ဖြစ်သည်ဟု နားလည်မိလေ၏။

သမားတော်ဝမ်းယုံအား စိုက်ကြည့်နေသည့် ယန်ခွမ်း၏ မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပြောင်လာ သတော့သည်။

ယန်ခွမ်း၏ စိတ်နေသဘောထားကို ရိပ်မိသည့် မီးသွေး ဘာ....

'ယန်ခွမ်း၊ ခုမှတော့ မထူးတော့ဘူးကွ'

ဟု လှမ်းပြီး သတိပေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ ယန်စွမ်းသက်ပြင်းဟင်းခနဲချကာ အဆောက်အအုံ အပြင်ဘက်သို့ လှမ်းထွက်သွားလေသည်။

မီးသွေးတုံးက နောက်မှလိုက်သွား၏။

မကြာပါချေ။ ချူးရှာသည် ညီဖြစ်သူကို ကျောပိုးကာ နောက်မှ လိုက်သွားလေတော့သည်။

...ဝ...

အမိုက်မှောင်

ညာ၏အမှောင်သည် ရောင်နီမပေါ်မီအထိသာ တည်တံ့နိုင်လေသည်။

လွဲမှားသော ခံယူချက်၏ အမှောင်သည် အချိန်အတိုင်းအတာမရှိ ဖုံးလွှမ်းနေတတ်၏။

တစ်နည်း....

လောကသစ္စာကို မသိမှုမြင်ခြင်းသည် အမှောင်မိုက်ဆုံး ဖြစ်လေသည်။

...ဝ...

www.burmeseclassic.com

www.burmeseclassic.com



အဆောက်အအုံပျက်အတွင်းမှ ငိုရှိုက်သံသဲ့သဲ့ ထွက်ပေါ်နေ၏။

ချူးရှာသည် ညီဖြစ်သူ၏နံဘေး၌ထိုင်ကာ တရှုံ့ရှုံ့ ငိုကျွေးနေ၏။

သူ၏ညီမှာ ဖုတ်လှိုက်ဖုတ်လှိုက်ဖြင့် အသက်ကို ခဲယဉ်းစွာ ရှူရှိုက်နေ၏။

သူ့အတွက် နောက်ဆုံးအချိန်သည် မကြာမီကာလအတွင်း ရောက်ရှိလာတော့မည် ဖြစ်လေသည်။

ယန်ခွမ်းနှင့် မီးသွေးတုံးတို့သည် အုတ်ခဲအကျိုးအပဲ့ပုံပေါ်၌ ထိုင်နေကြ၏။

ချူးရှာတို့ညီအစ်ကိုအား မကြည့်ဘဲ ကျောခိုင်းထားကြ သော်လည်း သူတို့၏မျက်လုံးထဲ၌ တွေ့မြင်သကဲ့သို့ ရှိနေ၏။

သူတို့ ဤနေရာ၌ ဆက်နေစရာ အကြောင်းမရှိတော့မှန်း နားလည်ထားကြ၏။

သို့သော် ချူးရှာကို ထားပစ်ခဲ့ပြီး ထွက်သွားရန် မည်သူက စပြီး မပြောကြချေ။ နှစ်ယောက်သား မျက်နှာချင်းဆိုင် ထိုင် နေကြသော်လည်း တစ်ယောက်ကို တစ်ယောက် မမြင်မတွေ့ သည့်အလား အတွေးကိုယ်စီဖြင့် ငြိမ်နေကြသည်။

မရေရာ မသေချာလှသည့် ဘဝခရီးအတွက် နှစ်ယောက် စလုံး အမြဲတွေးနေကြသော်လည်း ယခုအချိန်၌ ချူးရှာ ညီအစ်ကိုအကြောင်းမှလွဲပြီး ဘာမျှတွေးမရဘဲ ဖြစ်နေသည်။

ချူးရှာ၏ဘဝသည် သူတို့နှင့်တူ အကာအကွယ် ကင်း လှသည်။



ဘဝတူချင်းမို့ ချူးရှာအပေါ် ဂရုဏာသက်နေကြလေ တော့သည်။

ချူးရှာ၏ငိုသံ တဖြည်းဖြည်း တိုးတိတ်သွား၏။

လှုပ်ရှားသံသဲ့သဲ့ ထွက်ပေါ်လာပြီး ယန်ခွမ်းတို့ရှေ့သို့ ချူးရှာ ရောက်ရှိလာ၏။

ယန်ခွမ်းနှင့် မီးသွေးတုံးတို့ ခေါင်းငိုက်စိုက်ချထားရာမှ မော့ကြည့်လိုက်သည်။

ချူးရှာက...

'ငါ့ညီ သေသွားပြီ'

ဟု ခပ်တိုးတိုး ပြောလာလေသည်။

ယန်ခွမ်း ခေါင်းညိတ်လိုက်သည်။

'တို့ သွားမြှုပ်ကြမယ်'

မီးသွေးတုံး ထရပ်လိုက်သည်။

ချူးရှာက ဘာမျှမပြောတော့ဘဲ ညီဖြစ်သူ၏ အလောင်း အနီးသို့ လှမ်းသွားသည်။ သုံးယောက်သား လှုပ်ရှားမှုမှာ တိတ်ဆိတ်ငြိမ်သလှန်းလှသည်။

အဆောက်အအုံ အပြင်ဘက်သို့ ထွက်လာသော အခါ အရောင်ပင် ဖြာကျနေသည်ကို တွေ့ရလေသည်။

ချူးရှာသည် ညီဖြစ်သူ၏အလောင်းကိုထမ်းကာ ရှေ့မှ လျှောက်သွားသည်။

ယန်ခွမ်းနှင့် မီးသွေးတုံးတို့ နောက်မှ လိုက်သွားကြလေသည်။

တစ်နေ့လုံး စည်းကားသိုက်မြိုက်ခဲ့သော မြို့ကြီးမှာ ယခု အချိန်တွင် တိတ်ဆိတ်ငြိမ်သက်နေပြီ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



လူတိုင်းလိုလို နွေးထွေးသောအိပ်ရာထက်ဝယ် အိပ်မော
နေကြလောက်ပါပြီ။

သင်းချိုင်းမြေသို့ ဦးတည် သွားနေသည့် အခြေအနေ
ကောင်လေး အချို့၏ အဖြစ်အပျက်ကို မည်သူ သိနိုင်ပ
အံ့နည်း....

တစ်ခဏအကြာတွင် ယန်ခွမ်းတို့ မြို့စွန် သင်းချိုင်းမြေသို့
ရောက်ရှိသွားကြ၏။

သုံးယောက်သား ကိုယ်တင် ယူဆောင်လာသည့် တုတ်ချွန်
ဆူးချွန်များဖြင့် မြေကြွင်းတစ်ကြွင်းအားတူးကာ ချူးရှာ
ညီကို မြှုပ်နှံလိုက်ကြ၏။

ထို့နောက် သင်းချိုင်းမြေမှ တိတ်ဆိတ်စွာပင် ပြန်လည်
ထွက်ခွာလာခဲ့ကြလေသည်။

ချူးရှာသည် ငိုကြွေးခြင်း မရှိတော့ပါ။

သင်းချိုင်းမြေနှင့် အတော်ဝေးဝေးသို့ရောက်လာတော့မှ—

'ယန်ခွမ်း၊ မင်းနဲ့ စောစောစီးစီးတွေ့ခဲ့မယ်ဆိုရင် ငါ ခုလို
ဖြစ်ရမှာမဟုတ်ဘူး၊ ငါ့ညီအတွက် ကူညီခဲ့တာကို ကျေးဇူး
တင်ပါတယ်ကွာ'

ဟု ချူးရှာက ပြောလာလေသည်။

ယန်ခွမ်း ခြေလှမ်း တုန့်ခနဲရပ်သွား၏။

ချူးရှာကို ပြုံးမြရင်း....

'ငါအဲမေလဲ မင်းညီလိုပဲ ဆေးမကုနိုင်လို့ သေသွားတယ်
အဲဒီအချိန်က ငါသာ ပြဿနာမယ်ဆိုရင် အမေ သေသွားမှာ
မဟုတ်ဘူး'



သူ၏အသံ ညင်ညင်သာသာရှိလှသည်။

သို့သော် သူ့စကားနောက်ကွယ်မှအငိုပွားယ်မှာ ခြောက်
ခက်ဖွယ်ကောင်းနေပေတော့သည်။

မီးသွေးတုံးသည် ယန်ခွမ်းအား စိုက်ကြည့်လိုက်၏။

ယန်ခွမ်းနှင့် သူ၏အသက်မှာ မတိမ်းမယိမ်းသာ ဖြစ်သော်
လည်း ယန်ခွမ်းသည် သူ့ထက် လူကောင်ထွားပေသည်။

အသက်ဆယ့်လေးနှစ်ခန့်ရှိသေးသော်လည်း ဆယ့်ခုနစ်နှစ်
ဆယ့်ရှစ်နှစ်ခန့် လူပျိုပေါက်တစ်ယောက်ပမာ ရှိနေ၏။

ယန်ခွမ်း၏ ထွားကျိုင်းပုံမှာ အမှတ်တမဲ့ သိမြင်ရမည့်
မဟုတ်ပါ။

စေ့စေ့ကြည့်မှ ကျစ်လျစ်သန်စွမ်းသူအဖြစ်မြင်တွေ့ရလိမ့်မည်
ဖြစ်ပေသည်။

နောက်ထပ် သုံးလေးနှစ်ခန့်ဆိုလျှင် ယန်ခွမ်းအား သူက
လိုက်၍ မီနိုင်တော့မည်မဟုတ်ဟု သဘောမိ၏။

မီးသွေးတုံး တွေးတောစဉ်းစားနေချိန်မှာပင် ယန်ခွမ်း၏
စကားသံ ထွက်ပေါ်လာသည်ကို ကြားရလေသည်။

'မင်းညီကိုဆေးကုပေးဖို့ မင်းဘက်က ပျက်ကွက်ခဲ့မှာ မဟုတ်
ဘူးဆိုတာ ငါနားလည်ပါတယ်ကွာ၊ ပြီးတာတွေကို မေ့ထား
လိုက်တော့ ဟုတ်လား'

ချူးရှာ အံကြိတ်လိုက်သည်။

'သူတို့သာ ခေါင်းပုံမဖြစ်ဘူးဆိုရင် ငါ့ညီအတွက် ဆေး
အလုံအလောက် ငါဝယ်ပေးနိုင်တယ်ကွ၊ ယန်ခွမ်း မင်းကို ငါ

www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတင်တယ်၊ မင်းက ငါ့ကို သတ္တိတွေပေးခဲ့တာပဲ၊ ကဲ… ငါသွားတော့မယ်’

ယန်ခွမ်းက....

‘မင်း အယ်သွားမှာလဲ’

ချူးရှာက ဘာမှမပြောဘဲ ခပ်သွက်သွက် လျှောက်သွားလေသည်။

ယန်ခွမ်းနှင့် မီးသွေးတုံးတို့ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြ၏။

ထို့နောက် ချူးရှာနောက်သို့ လိုက်သွားကြလေသည်။

မကြာမီ သူတို့သည် မီးရောင်များထွက်ပေါ်နေသည့် အိမ်… ကလေးတစ်လုံးရှေ့သို့ ရောက်သွားကြလေတော့သည်။

...၀...



‘ဒေါက်....ဒေါက်....ဒေါက်’

ချူးရှာ၏ တံခါးခေါက်သံအဆုံး၌ ကျွီခနဲမြည်သံနှင့်အတူ အိမ်တံခါး ပွင့်သွား၏။

မီးရောင်လင်းထိန်နေသည့်ဖြစ်ရာ အိမ်ထဲ၌ အသက်နှစ်ဆယ် အရွယ်မှ နှစ်ဆယ်ကျော်အစိတ်အပိုင်းအထိ အရွယ်အမျိုးမျိုး ရှိသော ကောင်လေးတစ်သိုက် ရှိနေသည်ကို တွေ့မြင်ရလေသည်။

တံခါးလာဖွင့်ပေးသူမှာ သွားခေါခေါနှင့် ကောင်လေး တစ်ယောက်ဖြစ်သည်။

ထိုကောင်လေးသည် ချူးရှာကိုမြင်လျှင်....

‘ဟင်....ချူးရှားပါလား’

ဟု လွှတ်ခနဲ ရေရွတ်လိုက်၏။

သူ၏အသံကြောင့် ကျန်ကောင်လေးများ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

ချူးရှာက အိမ်ထဲသို့ လှမ်းဝင်လိုက်၏။

ယန်ခွမ်းနှင့် မီးသွေးတုံးတို့လည်း ချူးရှာ၏ နောက်မှ တပ်လျက် လိုက်ပါသွားကြလေသည်။

အိမ်ထဲ၌ ရှိနေသည့် ကောင်လေးတစ်သိုက်မှာ ချက်ခြင်း ငိုင်းအုံလာကြ၏။ ထိုကောင်လေးများ၏ ပုံပန်း သဏ္ဌာန်ကို မြင်ရရုံဖြင့် လမ်းပေါ်၌ ကျင်လည် ကျက်စားနေကြသူများ ဖြစ်ကြောင်း သိနိုင်ပေတော့သည်။

ထိုကောင်လေးများ၏ အကြည့်ကြောင့် မီးသွေးတုံးမှာ ရှင်ထဲ အေးစိမ့်လာသည်ဟု ခံစားလာရ၏။

www.burmeseclassic.com

www.burmeseclassic.com



ယန်ဒွန်း အနီးသို့ မသိမသာ ကပ်နေလိုက်လေသည်။

ယန်ခွမ်းမှာ မည်သို့မျှ ခံစားရပုံ မပေါ်ချေ။

တုန်လှုပ်ခြင်း ကင်းပြီး ငြိမ်သက်သော နှိုင်လွန်းလှ၏။

ကောင်လေးတစ်ယောက်သည် ရှေ့သို့ လှမ်းထွက်လာပြီး...

'ချူးရှာ...မင်းကို လိုက်ရှာဖို့ ဆရာဝူးတိက ငါတို့ကို ခေါ်[illegible] တာ၊ အခု မင်းရောက်လာတာနဲ့ အတော်ပဲ'

ဟု ပြောလေသည်။

တစ်ဆက်တည်းပင် ယန်ခွမ်းနှင့် မီးသွေးတုံးအား လက်ညှိုး ညွှန်ပြရင်း...

'အစ်ကိုကြီးထင်းရှိုးကို အမှတ်အသသား လုပ်လိုက်တာ သူတို့ လား'

ဟု မေးလေသည်။

အမာရွတ် ထင်ကျန်ခဲ့မည့် ဒဏ်ရာမျိုးကို သူတို့က အမှတ် အသားဟု ပြောကြလေသည်။

ချူးရှာက...

'မင်းက သူတို့ကို စိတ်ဝင်စားလို့လား'

ဟု ပြန်မေးလိုက်၏။

ဤသို့ မေးမြန်းလာသည့် ကောင်လေးသည် ပခုံးတွန့်က နောက်သို့ ပြန်လှည့်သွားလေသည်။

ထိုသူ၏ ခေါင်းဆောင်သည် ဆရာဝူးတိ ဆိုသူ ဖြစ်ပြီး၊ ထင်းရှိုးသည် ဝူးတိ၏ လက်ရုံး ဖြစ်ကြောင်း ယန်ခွမ်းနှင့် မီးသွေးတုံးတို့ သတိပြုမိလိုက်ကြ၏။



ထင်းရှိုးအား တိုက်ခိုက်ခဲ့သည့်အတွက် သူတို့အပေါ် ကျေနပ် [illegible]မှ မဟုတ်သည့်တိုင် အထင်လည်းသေးရဲကြတော့မည် [illegible]တ်ဟု နားလည်ထားကြလေသည်။

ချူးရှာက...

'ဆရာဝူးတိ ဘယ်မှာလဲ'

ဟု မေးလိုက်၏။

ထိုစဉ်...

'ဟား...ဟား...ဟား...ချူးရှာ၊ ငါရှိပါတယ်ကွာ၊ မင်း တော် အတော်ကောင်းလာပြီပဲ'

ရယ်မောသံနှင့်အတူ အတွင်းဘက် အခန်းတစ်ခုအတွင်းမှ [illegible]ဆက်ဆိုးဆယ်ခန့်ရှိ လူရွယ်တစ်ယောက် ထွက်လာသည်ကို [illegible]ရလေသည်။

ထိုလူရွယ်မှာ မျက်နှာပေါ်တွင် အမာရွတ်အချို့ ရှိပြီး [illegible]ကျက်ရုပ်ပေါက်နေသူ ဖြစ်၏။

ချူးရှာတို့အပေါ် ဗိုလ်ကျစိုးမိုးနေသူဖြစ်ကြောင်း ထင်ရှား[illegible] ပေါ်လွင်နေပေတော့သည်။

ချူးရှာသည် အားတင်းထားသည့်ကြားမှ ဆရာဝူးတိဆိုသည့် [illegible]ရွယ်အားတွေ့မြင်ရလျှင် ထိတ်လန့်သွားဟန်ဖြင့် မျက်နှာပျက် [illegible]သွားသည်ကို မီးသွေးတုံး သတိပြုမိလိုက်လေသည်။

လူရွယ် (ဝူ)ဝူးတိက သူထွက်လာသည့် အခန်းအတွင်းသို့ [illegible]ညွှန်ပြရင်း...

'ထင်းရှိုးတော့ သုံးလလောက် လဲနေမှာ သေချာတယ်။ [illegible]လူတွေက တော်တော် လက်သံပြောင်သွားပဲကွ'

www.burmeseclassic.com

www.burmeseclassic.com



ဟု ရယ်ရယ်မောမောဖြင့် ပြောလေသည်။

ချူးရှာက အံကြိတ်ရင်း....

'တကယ်ဆို ကျွန်တော့်ကို ညှာဖို့ကောင်းတယ်၊ ကျွန်တေ ညီ နေမကောင်းဘူးဆိုတာ အားလုံးသိတာပဲ'

ဟု ပြောလိုက်၏။

သူ၏ အသံ အနည်းငယ် တုန်ခါနေပေသည်။

ဝူးတိ၏မျက်နှာ တည်သွားသည်။ ရှေ့သို့ လှမ်းလာပြီး ရှာနှင့် လက်တစ်ကမ်းအကွာ၌ ရပ်လိုက်၏။

ချူးရှာ၏မျက်နှာကို စေ့စေ့ကြည့်ရင်း...

'မင်းညီ ဘာဖြစ်ဖြစ် ငါနဲ့မဆိုင်ဘူး၊မင်းရသွားတဲ့မှုစည်း ငါ့ဆီ လာမအပ်ဘူးဆိုတာပဲ ငါနားလည်တယ်၊ မင်းက င ဂရုမစိုက်တဲ့ သဘောပေါ့ ဟုတ်လား'

ဟု ခပ်ထန်ထန် မေးလေသည်။

ချူးရှာက...

'ကျွန်တော် ရခဲ့တာနဲ့ ဆေးဝယ်ဖို့တောင် လောက် မဟုတ်ဘူး၊ ဒါကြောင့်....'

'ဖြန်း....'

ချူးရှာ၏ စကား ဆုံးအောင် မပြောလိုက်ရပါချေ။

ဝူးတိက ပါးရိုက်ချလိုက်သဖြင့် ချူခန့် လည်ထွက်သ လေတော့သည်။

ချူးရှာ ကြမ်းပြင်ပေါ် လဲကျမသွားအောင် ယန်ခွမ် ထိန်းပေးထားလိုက်လေသည်။



ယန်ခွမ်သည် ချူးရှာကို မီးသွေးတုံးဘက်တွန်းပို့လိုက်ပြီး ရှ့သို့ လှမ်းထွက်လိုက်၏။

သူ၏အပြုအမူကြောင့် ဝူးတိမှဲ့ပြုံးပြုံးလိုက်လေသည်။

ယန်ခွမ်းအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်ပြီး....

'ထင်းရိ ခံသွားရတာ မင်းလက်ချက်ဟုတ်လား'

ဟု မေး၏။

ယန်ခွမ်းက...

'ခင်ဗျားနားလည်တယ်ဆိုရင် ချူးရှာကိုလက်ဖျားနဲ့တောင် ထိဖို့မကောင်းဘူးဗျ'

'မင်းမဆိုးဘူး၊ ဒါပေမယ့် ငါ့ကိုမရိုသေတတ်သေးတာ ခက် နေတယ်၊ ငါဘယ်သူလဲဆိုတာ မင်းသိရဲ့လား'

'ခင်ဗျားက အချောင်သမားပဲ'

'ဘာ'

ဝူးတိ ဒေါပွသွားလေသည်။

ယန်ခွမ်းမှာ သူနှင့်ယှဉ်လျှင် အပိုကြီးငယ်သူ ဖြစ်ပေသည်။ သူ့အား ကြောက်ရွံ့ရကောင်းမှန်းမသိဘဲ နှုတ်လှန်ထိုးနေ သည် ဖြစ်ရကား....

'မင်းပါးစပ်ထဲကသွားတွေ ငါထုတ်ပစ်မယ်'

ဟု အော်ငေါက်ကာ ယန်ခွမ်း၏မျက်နှာကို လက်သီးဖြင့် ထိုးချလိုက်လေသည်။

သူ၏လှုပ်ရှားတိုက်ခိုက်မှုမှာ လျင်မြန်လွန်းလှသလို အားမာန် ပါလှ၏။

'ခွပ်'

www.burmeseclassic.com

www.burmeseclassic.com



မြည်သံနှင့်အတူ ယန်ခွမ်းမှာဖုန်းခနဲမြည်အောင် ကြမ်းပြ
ပေါ် ဖင်ထိုင်ကျသွားလေသည်။

'ဟား...ဟား...ဟား'

'ဟား...ဟား...ဟား'

ဝိုင်းကြည့်နေသည့် ကောင်လေးတစ်ဘိုက်က လှောင်ပြော
ရယ်မောလိုက်ကြလေသည်။

ချူးရှာ ထိတ်လန့်သွား၏။

'ယန်ခွမ်း'

ဟု ခေါ်ရင်း ဖေးကူရန် ဟန်ပြင်လိုက်၏။

သို့သော် သူ့အား မီးသွေးတုံးက ဆွဲထားလိုက်လေသည်

ချူးရှာက မီးသွေးတုံးအား နားမလည်နိုင်စွာ ကြ
လိုက်သည်။

မီးသွေးတုံး ပြုံးလိုက်ပြီး....

'ဘာလုပ်ရမယ်ဆိုတာ သူသိတယ်၊ ဖြစ်အောင်လဲလုပ်
တယ်'

ဟု ယုံကြည်စိတ်ချထားဟန်ဖြင့် ပြောလေသည်။

ချူးရှာ ငြိမ်ကျသွားတော့၏။

ထိုအချိန်တွင် ယန်ခွမ်းသည် ကြမ်းပြင်ပေါ်မှ ထရပ်လာ
တော့သည်။

ဝူးတိက ရယ်မောရင်း....

'ဘယ်နှယ်လဲကွ အရသာရှိရဲ့လား'

ဟု ခနဲ့လိုက်လေသည်။



တဒင်္ဂ ခံလိုက်ရခြင်းကြောင့် ဘုန်းကောင်လေးများသည်
ယန်ခွမ်းအားလန့်နေကြခြင်း ရှိပုံမိထား၏။

ထို့ကြောင့် အားလုံး၏ရှေ့မှောက်တွင် ယန်ခွမ်းအား ချိုး
နှိမ်ပစ်ရန် ဆုံးဖြတ်ထားလေသည်။

သို့မှသာလျှင် ဒုစရိုက်သမားကလေးများအပေါ် ဆက်လက်
မင်းမူနေနိုင်မည် မဟုတ်ပါလား။

ဝူးတိက ခနဲ့လိုက်သော်လည်း ယန်ခွမ်းက ဘာမျှပြန်
မပြောပါ။

မတ်တတ်ရပ်လာနိုင်သည်နှင့် ရှေ့သို့ တစ်ဟုန်ထိုးပြေးသွား
ပြီး ဝူးတိ၏မျက်နှာကို လက်သီးဖြင့် ထိုးလိုက်လေသည်။

'ဒီလိုသတ္တိ မရှားလေ'

ဝူးတိက ယန်ခွမ်း၏လက်ကောက်ဝတ်ကို ဖမ်းဆုပ်ကာ လိမ်
ချိုးလိုက်၏။

ပြင်းပြသော နာကျင်မှုကြောင့် ယန်ခွမ်း လွှတ်ခနဲအော်လိုက်
မိလေသည်။

ဝူးတိသည် ယန်ခွမ်းကိုချုပ်ကိုင်လိုက်ပြီး....

'သွားစမ်း'

အော်ဟစ်ကာ ဂုတ်ပေါက်ပစ်လိုက်၏။

'ဝုန်း'

ယန်ခွမ်းမှာ ကြမ်းပြင်ပေါ် ခြေပစ်လက်ပစ် ပြုတ်ကျသွား
လေတော့သည်။

ချူးရှာ၏မျက်နှာ ဖြူဖပ်ဖြူလျော် ဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ယန်ခွမ်းအတွက် စိုးရိမ်ပူပန်မိသကဲ့သို့ ဝူးတီအားအံ့တုလို စိတ်များ ကွယ်ပျောက်သွားလေသည်။

မီးသွေးတုံးမှာလည်း ယန်ခွမ်းမရှုမလှခံနေရသည်ကိုမြင်လျှင် ဝင်ကူရကောင်းနိုး၊ အခြေအနေ စောင့်ကြည့်နေရကောင်းနိုး ဝေခွဲမရ ဖြစ်လာလေတော့သည်။

'ဟား....ဟား....ဟား'

'ဟား....ဟား....ဟား....'

ကောင်လေးများ၏ လှောင်ပြောင်ရယ်မောသံများမှာ ပို၍ ကျယ်လောင်လာ၏။ ဝူးတီက ယန်ခွမ်းအား လက်ယပ်ခေါ်ရင်း....

'ဘယ်လိုလဲကွ၊ မထနိုင်တော့ဘူးလား၊ လာလေကွာ' ဟု မထိတရိ ပြောနေ၏။

ယန်ခွမ်းက ကြမ်းပြင်ပေါ်မှ လူးလိမ့်ထလိုက်၏။ ထို့နောက် ဝူးတီထံသို့ လှမ်းသွားလေ၏။

'ခေါင်းမာတဲ့ကောင်လေးပါလားဟ'

ဝူးတီက အော်ပြောရင်း ခြေထောက်ဖြင့် လှမ်းကန်လိုက်၏။

ယန်ခွမ်းမှာ ဗိုက်ကို အကန်ခံလိုက်ရခြင်းကြောင့် အင့်ခနဲ မြည်ကာ ခါးကိုင်းကျသွား၏။

ဝူးတီက ရှေ့တိုးလာပြီး ယန်ခွမ်း၏ ဆံပင်ကို လက်တစ်ဘက်ဖြင့် ခါယမ်းလိုက်သည်။

'ငါ့ကို အံတုချင်သေးသလားကွ၊ မှတ်ထား'

ကြိမ်းမောင်းရင်း လက်သီးဖြင့် ထိုးချလိုက်လေသည်။



ခွပ်ခနဲမြည်သံနှင့်အတူ ယန်ခွမ်း၏မျက်နှာ သွေးများဖြင့် ခနဲ ဖြစ်သွား၏။

ကြမ်းပြင်ပေါ်သို့လည်း အရုပ်ကြိုးပြတ် ပုံလျက်သား လဲကျ သွားလေသည်။

'ဟား....ဟား....ဟား'

ဝူးတီက ရယ်မောရင်း ယန်ခွမ်း၏ရင်ဘတ်ကို ခြေထောက် ဖြင့် ဖိနင်းရင်း....

'ကြည့်ထားကြ၊ ငါ့ကို အာခံရင် ငါက ညှာမှာမဟုတ်ဘူး' သူ၏ ကောင်လေးများကို သင်ခန်းစာပေးသည့်သဘောဖြင့် ပြောလိုက်လေ၏။

ကောင်လေးများ၏ ရယ်မောသံများ တိတ်ဆိတ်သွား၏။ ဝူးတီနှင့် မျက်နှာချင်းမဆိုင်ဝံ့ကြတော့ဘဲ မျက်နှာလွှဲထား ကြလေသည်။

ထိုအချိန်ပင် ယန်ခွမ်းသည် ရှိသမျှအင်အား ဖျစ်ညှစ်ထုတ် ကာ သူ၏ရင်ဘတ်ပေါ် တက်နင်းထားလိုက်သည့် ဝူးတီ၏ သရုံးကို လက်သီးဖြင့် ထိုးချလိုက်လေသည်။

ညိုသကျည်းကို တအားထိုးခံလိုက်ရသဖြင့် ဝူးတီမှာ အသည်း အောင် နာကျင်သွားရပါတော့၏။

'အား'

လွှတ်ခနဲအော်ရင်း ဒယီးဒယိုင်ဖြင့် နောက်ဆုတ်လိုက်လေ သည်။

မျှော်လင့်သော ဖြစ်ရပ်ကြောင့် အားလုံး ဝိုင်းကြည့်လာ သည်။

www.burmeseclassic.com

www.burmeseclassic.com



ယန်ခွမ်းသည် လူးလိမ့်ပြေးလျှင် ဝူးတိ၏ ဝမ်းဗိုက်ကို ဦးခေါင်းဖြင့် ဝင်ဆောင့်လိုက်၏။

'ဗိုန်း'

နှစ်ယောက်စလုံး လုံးထွေးကာ ကြမ်းပြင်ပေါ် လဲကျသွားလေသည်။

ဝူးတိမှာ ခြေစင်းဘက် နာသွားသည့်အပြင် အချိုက်ကို ဦးခေါင်းဖြင့်အဆောင့်ခံလိုက်ရခြင်းကြောင့် အသက်ရှူမှားပြီး ရုတ်တရက် ပြန်မထနိုင်တော့ချေ။

ယန်ခွမ်းသာလျှင် ချက်ချင်း ခုန်ထလာသည်။

တစ်ဆက်တည်းမှာပင် ဝူးတိ၏ နားထင်ကို ခြေအစုံဖြင့် ဝင်လှုံ ထိုး ကန်ကျောက်ပစ်လိုက်လေသည်။

'ဒုပ်'

'အား'

ဝူးတိ စူးရှစွာ အော်ဟစ်လိုက်၏။

ကြမ်းပြင်ပေါ် နှစ်ပတ်သုံးပတ်မျှ လိမ့်သွားပြီး မှောက်ကြီးဖြစ်ကာ ငြိမ်ကျသွားလေသည်။

'ဖြောင်း....ဖြောင်း....ဖြောင်း....'

'ယန်ခွမ်းကွ'

ယခုမှ မီးသွေးတုံးနှင့် ချူးရှာတို့ ဝမ်းသာသွားကြပြီး လက်ခုပ်လက်ဝါးတီးကာ အော်ဟစ်အားပေးနိုင်ကြလေတော့သည်။

လှောင့်ပြောင်ရယ်မောခဲ့ကြသည့် ကောင်လေးတစ်သိုက်မှာ ဝူးတိ၏အဖြစ်ကြောင့် ငြိမ်သွားကြပြီဖြစ်သည်။



ယန်ခွမ်းအား မယုံကြည်နိုင်စွာဖြင့် ငေးကြည့်နေကြလေတော့သည်။

ယန်ခွမ်းက သူတို့အား ဝေ့ကြည့်လိုက်ပြီး....

'ဘယ်သူ ဘာပြောချင်သလဲ'

ဟု မေးလိုက်၏။

သူ့ထက် ကြီးသူကော ငယ်သူများပါ ပါဝင်နေသည့် ကောင်လေး တစ်သိုက်မှာ အလျှိုအလျှို ခေါင်းငုံ့သွားကြလေသည်။

အခွင့်အရေးကို အသုံးချတတ်သည့် ချူးရှာသည် ရှေ့သို့ ခပ်သွက်သွက် လှမ်းထွက်လာပြီးလျှင် အားလုံး ကြားအောင် အသံကျယ်ကြီးဖြင့်....

'ဆရာဝူးတိ ဆိုတာမရှိတော့ဘူး၊ ခုချိန်ကစပြီး ဆရာယန်ခွမ်း ဖြစ်သွားပြီ၊ မင်းတို့ ဘာပြောချင်ကြသေးသလဲ'

ဟု ပြောလိုက်၏။

ကောင်လေးတစ်သိုက်မှာ တုပ်တုပ်မျှမလှုပ်ဘဲ ငြိမ်နေကြပါသည်။

ချူးရှာက....

'ဆရာယန်ခွမ်းဟာ ငါ့နေတဲ့နေရာမှာ အနားယူလိမ့်မယ်။ သူ့ဆီလာပြီး လေးစားကြောင်းပြဖို့ဟာ မင်းတို့တာဝန်ပဲ'

ဟု ပြောလိုက်၏။

ကောင်လေးတစ်သိုက် ငြိမ်နေလိုက်ပါသော်လည်း ချူးရှာ၏ စကားကြောင့် ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝူးတီအား ဖယ်ရှားပြီး ဝူးတီ၏နေရာကို သူကရယူလိုက်သည့်သဘော ဖြစ်နေသည် မဟုတ်ပါလား။

'ချူးရှာ'

ယန်ခွမ်း လွှတ်ခနဲခေါ်လိုက်၏။

ချူးရှာက သူ့အား လှည့်ကြည့်ကာ ပြုံးပြရင်း....

'မင်းအတွက် အာမခံဌာနလိုနေတယ်မဟုတ်လား၊ သူတို့ဟာ အာမခံဌာနကလူတွေကို အသုံးချတာပဲ'

ဟု ပြောလေသည်။

ယန်ခွမ်း ပါးစပ်အဟောင်းသား ဖြစ်သွားရလေတော့သည်။

ချူးရှာက....

'မင်းသာ ငွေအိုးကြီးဖြစ်လာရင် ယန်ယင်းပင်ကို သုံးနှစ်အတွင်း တွေ့ရစေမယ်လို့ ငါအာမခံတယ်'

ဟု ထပ်ပြော၏။

ယန်ခွမ်းမှာ ဝူးတီ၏နေရာကိုရယူဖို့ စိတ်မဝင်စားသည့်တိုင် လမ်းတကာလမ်းသွားနေကြသည့် ကောင်လေးတသိုက်၏ အကူအညီဖြင့် ယန်ယင်းပင်အား ရှာနိုင်လိမ့်မည်ဟု ယုံကြည်မိသဖြင့် ခပ်မဆိတ် နေလိုက်၏။

ချူးရှာက ကောင်လေးတသိုက်ကို အကဲခတ်ကြည့်ရင်း....

'တကယ်လို့များ ဆရာယန်ခွမ်းကို မခေါ်ချင်တဲ့လူရှိရင် အခုကတည်းက ထွက်လာခဲ့ပါ၊ နောက်မှ အဆိုးဆိုလို့ မရဘူး'

ဟု ခပ်ပြတ်ပြတ် ပြောလိုက်၏။

ကောင်လေးတသိုက် ငြိမ်နေမြဲ ငြိမ်နေကြပါ၏။



အရွယ်ငယ်နေသည့်တိုင် ထင်းရှီနှင့် ဝူးတီတို့အား အနိုင်ယူလိုက်သည့် ယန်ခွမ်းအား အထင်ကြီးနေပြီ ဖြစ်လေသည်။

ချူးရှာက...

'မခေါ်ချင်တဲ့လူမရှိဘူးဆိုရင် ဘာကြောင့် မခေါ်ကြသေးတာလဲ'

ဟု ပြောလိုက်၏။

ဤတွင် ကောင်လေးတသိုက် လှုပ်လှုပ်ရှားရှားဖြစ်လာပြီး....

'ဆရာယန်ခွမ်း'

ဟု တညီတညာတည်း ခေါ်လိုက်ကြ၏။

သူတို့၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ထိုအချိန်မှစ၍ ယန်ခွမ်းသည် လောက်ချန်းမြို့၏အရှေ့ပိုင်း၌ ကျင်လည်ကျက်စားနေကြသော ခပ်ပေပေကောင်လေးတသိုက်၏ ခေါင်းဆောင်ဖြစ်လာခဲ့လေတော့သည်။

ဘဝလမ်းခရီးကို စမ်းတဝါးဝါးလျှောက်နေသူတစ်ယောက်အတွက် အမိုက်မှောင် လောကအတွင်းသို့ ရောက်ရှိသွားရန် လွယ်ကူလွန်းလှသည်တကား။

....o....

www.burmeseclassic.com

www.burmeseclassic.com



လောက်ချန်းမြို့သည် အလွန်စည်ကားသိုက်မြိုက်သောမြို့ကြီး တစ်မြို့ ဖြစ်လေသည်။

လမ်းမကြီး အသွယ်သွယ်၊ လမ်းကြား အသွယ်သွယ်၊ အဆောက်အအုံများ ပြည့်ကြပ်နေရကား တစ်နေကုန် တစ်နေ ခမ်း လျှောက်ကြည့်မည်ဆိုလျှင်ပင် တစ်မြို့လုံးအနှံ့ ရောက်ရှိနိုင်လိမ့်မည် မဟုတ်ချေ။

ဝူးတီသည် မြို့အရှေ့ပိုင်း ရက်ကွက်ကြီးနှစ်ခုကို ထိန်းချုပ်ထားသူဖြစ်၏။

သူ့ပိုင်နက်အတွင်း၌ ကျင်လည်ကျက်စားကြသူများသည် ခိုးဆိုးလုယက်၍ရသမျှကို ဝူးတီအား အပ်နှံကြရလေသည်။

ဝူးတီသည် အမြိမ့်သားထိုင်ကာ ခေါင်းပုံဖြတ်နေသူ ဖြစ်ပေတော့သည်။

ဝူးတီအား ယန်ခွမ်းက ဆုံးမလိုက်ပြီးသည့် နောက်ပိုင်း၌ ချူးရှာ၏စနက်ဖြင့် ယန်ခွမ်းမှာ ဝူးတီ၏နေရာကို အလိုလိုရရှိသွားလေသည်။

ဝူးတီ၏ လက်အောက်ရှိ ကောင်လေးများအနက် အရွယ်ခပ်ကြီးကြီး ကောင်လေးများသည် သူတို့ထက်ငယ်သည့် ယန်ခွမ်းအား ကရာဟု ခေါ်ရမည်ကို မနှစ်မြို့သဖြင့် တိတ်တဆိတ် ထွက်သွားကြလေသည်။

ယန်ခွမ်း၏သတ္တိကို သဘောကျသူ၊ ကြောက်ရွံ့သွားသူများသာလျှင် ကျန်ရစ်ခဲ့လေသည်။



ယန်ခွမ်းနှင့် မီးသွေးတုံးတို့သည် မည်သည့်နေရာ သွားရမှန်းမသိကြသေးသဖြင့် ခဝ်မင်မိသည့် ချူးရှာ၏အိမ်ပျက်ကြီး၌ပင် အခြေချနေလိုက်ကြလေသည်။

လောက်ချန်းမြို့သည် သူတို့အတွက် နေရာဒိမ်း ဒေသစိမ်းဖြစ်သော်လည်း ချူးရှာအတွက်ကား ကျင်လည်ကျက်စားနေကျမြို့ကြီးဖြစ်ပေသည်။

ယန်ခွမ်းသည် ဝူးတီနှင့် ရင်ဆိုင်ခဲ့ရသဖြင့် ဒဏ်ရာ ဒဏ်ချက်များ ရရှိခဲ့၏။

ချူးရှာကပင် သမားတော်ဝမ်းယိုထံသို့ သွားကာ ဆေးဝယ်ပေးလေသည်။

ဝူးတီ အရေးနိမ့်သွားသကဲ့သို့ ယန်ခွမ်းလည်း သက်သာလှသည်တော့ မဟုတ်ပေ။

ချူးရှာ၏ အဆောက်အအုံပျက်သို့ ပြန်လည်ရောက်ရှိသွားသည်နှင့် အနိုးအနိုး လဲလေတော့သည်။

ဝူးတီ ကိုင်ပေါက်ခဲ့ခြင်း၊ ခြေထောက်ဖြင့် ကန်ကျောက်ခဲ့ခြင်းတို့ကြောင့် အတွင်းဒဏ်ရာ ရခဲ့ပေသည်။

မီးသွေးတုံးသည် ယန်ခွမ်းအား အနီးကပ်ပြုစုခဲ့သလို ချူးရှာသည်း အစားအသောက်မှအစ ဆေးဝါးအထိ လိုလေသေး မရှိ တာဝန်ယူခဲ့လေသည်။

ထိုသို့ဖြင့် တစ်လခန့်အကြာတွင် ယန်ခွမ်း ထူထူထောင်ထောင် ဖြစ်လာလေသည်

ခြေလက်နှာပေါ်မှ ဒဏ်ရာများမှာသည်း အနာဖေးပင် ကွာနေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယန်ခွမ်းသည် အိပ်ရာထဲမှ ထလာနိုင်သည်နှင့်....

'မီးသွေးတုံး၊ ချူးရှာက သူ့ညီအတွက် ဆေးတောင်ကု ခဲ့တာ မဟုတ်ဘူး၊ ငါတို့အတွက်ကျတော့ ဘာမှလိုလေသေး အောင် စီစဉ်ပေးနိုင်ပါလားကွ၊ အဲဒါဘာကြောင့်လဲ'

ဟု မေးလိုက်လေသည်။

အစားအစာ ဆေးဝါးအလျှံပယ် ပေါများနေသည့်အပြ အဝတ်အစား အသစ်များလည်း ရရှိခဲ့၏။

သူတို့နေထိုင်သည့် အဆောက်အအုံပျက်ကိုပင် လေလုံမိုး ဖြစ်အောင် ကာရံနိုင်ခဲ့ပြီဖြစ်သည်။ အိပ်စက်ရန် ခုတင်၊ စား ကုလားထိုင်၊ မီးအိမ် စသည့် အသုံးအဆောင်ပစ္စည်းများလည် ပြည့်ပြည့်စုံစုံ ဖြစ်လာသည်။

ယန်ခွမ်း၏ အမေးစကားကြားလျှင် မီးသွေးတုံး ရယ်မော လိုက်လေသည်။

'ဟဲ....ဟဲ....ဟဲ....မင်းက ဆရာယန်ခွမ်း ဖြစ်နေပြီလေကွာ'

'မင်းဆိုလိုတဲ့သဘောက....'

'သူတို့က မင်းရဲ့လက်အောက်မှာနေဖို့ သဘောတူကြတော သူတို့ရှာဖွေလို့ရတဲ့အထဲက မင်းအတွက် ပေးကြတယ်လေကွာ ငါတို့အတွက် အေးအေးဆေးဆေး ထိုင်စားနေရုံတင်မကဘူ ပိုတောင်ပိုသေးတယ်'

ယန်ခွမ်း ပါးစပ်ပိတ်သွားလေတော့သည်။

ထိုအချိန်မှာပင် ချူးရှာသည် ပစ္စည်းတစ်ထုပ်တစ်ပိုက်ဖြ လှမ်းဝင်လာသည်ကို တွေ့မြင်ရလေသည်။

ချူးရှာက ဝမ်းသာအားရဖြင့်....



'မင်းတို့အတွက် အဝတ်အစားတွေ ပါလာတယ်ကွ'

ဟု ပြောလေသည်။

မီးသွေးတုံးက....

'မင်း ဒီလိုသာယူလာနေမယ်ဆိုရင် ငါတို့တစ်ထည်ဝတ်ပြီး တာနဲ့ လွှင့်ပစ်လိုက်ပြီး နောက်တစ်ထည်ကောက်ဝတ်ရုံပဲကွ'

'မင်းကြိုက်သလိုဝတ်နိုင်ပါတယ်၊ ဒါပေမယ့် မီးသွေးတုံး တာ မီးသွေးတုံးပါပဲကွာ'

'ဟား....ဟား....ဟား'

'ဟား....ဟား....ဟား'

နှစ်ယောက်သား ပြိုင်တူရယ်မောလိုက်ကြလေသည်။

ယန်ခွမ်းကား မရယ်ပါ။

ချူးရှာအား မျက်တောင်မခတ် စိုက်ကြည့်နေ၏။

ချူးရှာက....

'ယန်ခွမ်း မင်း နေကောင်းသွားပြီလား'

ဟု လှမ်းပြီး နှုတ်ဆက်လိုက်လေသည်။

ယန်ခွမ်းက....

'မင်းကို ငါ မေးစရာတစ်ခုရှိတယ်'

'ဟေ....မင်းက ဘာမမေးမလို့လဲ'

'မင်းရှာလို့ ရလာတဲ့ ပစ္စည်းတွေ အပေါ်မှာ ခေါင်းပုံဖြတ်တော့ မင်း ဘယ်လိုခံစားရသလဲ'

ချူးရှာ ငိုင်ကျသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယန်ခွမ်းက လက်နှစ်ဘက်ကြွောက်ပြရင်း....

'ငါ့မှာ လက်နှစ်ဘက်ရှိတယ်၊ ငါက ဂူးတီမဟုတ်ဘူး'

ဟု ခပ်မြွတ်မြွတ် ပြောလိုက်လေသည်။

ချူးရှာ ခေါင်းငိုက်စိုက်ကျသွား၏။

မီးသွေးတုံး မနေနိုင်တော့ပါ။

'ယန်ခွမ်း ငါတစ်ခုပြောပါရစေကွာ၊ ဂူးတီကခေါင်းပုံလ[...] ဖြတ်သေးတယ် နှိပ်လဲနှိပ်စက်သေးတယ်ကွ၊ ချူးရှာကတော[...] သူတို့ဆီက မတရားမှုအတိ အနည်းအကျဉ်းလောက်ပဲယူတာ မင်[...] သဘောမကျဘူးဆိုရင်လဲ မယူနဲ့ပေါ့ မဟုတ်ဘူးလား'

ဟု ဝင်ပြောလိုက်လေသည်။

ထိုအခါ ချူးရှာက....

'ဟုတ်ပါတယ်ကွာ၊ မင်းမကြိုက်ရင် မယူတော့ပါဘူး၊ ဒါပေ[...] မယ့် သူတို့ဆီက ခုလိုရမှုတဲ့အတွက် သူတို့နဲ့ပတ်သက်ပြီး တာဝ[...] ယူရတယ်ကွ၊ ဒါကြောင့်လဲ သူတို့က ကျေကျေနပ်နပ်ပေးကြ[...] တာပဲ'

ယန်ခွမ်း မျက်မှောင်ကုပ်သွားသည်။

'သူတို့က ကျေကျေနပ်နပ်ပေးတယ် ဟုတ်လား'

မိမိရရှိခဲ့သည့်ပစ္စည်းအား အကြောင်းမဲ့ ခွဲဝေပေးရသည့်[...] မည်သူက ကျေနပ်နိုင်ပါမည်နည်း။

ရရှိခဲ့သည်ဆိုသော်လည်း လမ်းပေါ်၌ ကျင်လည်ကျက်စ[...] နေသူများဖြစ်ကြရာ အသက်အန္တရာယ်နှင့် ရင်ဆိုင်ရယူခဲ့ရ[...] ဖြစ်စေသည်။



မည်သည့်ပစ္စည်းကိုမျှ တန်ဖိုးနည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ လွယ်လင့်တကူရယူနိုင်ခဲ့ကြသည် မဟုတ်ပါ။

အန္တရာယ်နှင့် ရင်ဆိုင်ရယူခဲ့ရသည့် ပစ္စည်းများအပေါ် အဓိပ္ပာယ်မဲ့ခွဲဝေပေးရမည်ဆိုသည်မှာ မည်နည်းနှင့်မျှ သဘောကျနိုင်တော့ပါ။

ယန်ခွမ်းသည် လက်ရဲဇက်ရဲဖြင့် ဘာမဆိုရင်ဆိုင်မည့်သူအဖြစ် ပြောင်းလဲသွားသည့်တိုင် နိုင်ထက်စီးနင်းပြုလုပ်မှုကို သဘောမကျနိုင်ဘဲ ဖြစ်နေ၏။

သူ့အပေါ် နိုင်ထက်စီးနင်းလုပ်လာချင်လည်း ခေါင်းငုံ့ခံမနေဘဲ ချက်ချင်းတုန့်ပြန်တတ်သူ မဟုတ်ပါလား။

ချူးရှာက...

'ဟုတ်တယ်၊ ငါက ဂူးတီယူတာရဲ့ ဆယ်ပုံတစ်ပုံလောက်ပဲ ယူတာဆိုတော့ သူတို့ကျေကျေနပ်နပ် ပေးကြတာပေါ့'

ဟု ရှင်းပြလေသည်။

ယန်ခွမ်း မဲ့ပြုံးပြုံးလိုက်သည်။

'သူတို့ကပေးလဲ ငါမယူနိုင်ဘူးကွ'

ဤတွင် မီးသွေးတုံးက....

'မင်းမယူရင် ငါယူမယ်'

ဟု ဝင်ပြောလေသည်။

ယန်ခွမ်း ချာခနဲလှည့်ကြည့်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မီးသွေးတုံးက....

'ယန်ခွမ်း၊ အခုဆိုရင် မင်းဟာမြို့အရှေ့ပိုင်းက ကောင်လေး
တွေရဲ့ ခေါင်းဆောင်ဖြစ်နေပြီ၊ သူတို့မှာ အခက်အခဲကြုံလာရ
မင်းပဲတာဝန်ယူဖြေရှင်းပေးရလိမ့်မယ်၊ ဒါကြောင့် သူတို့က မင်
အတွက်ပေးတာကို ယူရမှာပဲ၊ ငယ်သားနဲ့ခေါင်းဆောင်ဆိုတာ
တာဝန်ယူရတာချင်း ကွာဟာတယ် မဟုတ်လားကွ'

ဟု ရှင်းပြလိုက်လေသည်။

ယန်ခွမ်းက....

'ငါက သူတို့ခေါင်းဆောင်....'

'မင်းက ယန်ယင်းပင်ကို မတွေ့ချင်ဘူးလား'

မီးသွေးတုံးကြားဖြတ်မေးလိုက်သည့်စကားကြောင့်ယန်ခွမ်း
၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

'ယန်ယင်းပင်'

ဟု လွှတ်ခနဲ ရေရွတ်လိုက်၏။

မှန်ပေသည်။

သူ၏ဘဝတွင် ယန်ယင်းပင်အား တွေ့ရှိဖို့အရေးအကြီး
မဟုတ်ပါလား။

မီးသွေးတုံးက....

'မင်းဘာသာလိုက်ရှာနေတာထက် လူအများစိုင်းရှာကြ
က ပိုမကောင်းဘူးလား၊ မင်းသာ တစ်တိုင်းတစ်ပြည်လုံးမှာရှိ
ကြတဲ့ လမ်းပေါ်ကကောင်လေးတွေကို အမိန့်ပေးနိုင်မယ်ဆို
မင်းတွေ့ချင်တဲ့လူကို ချက်ချင်းတွေ့ရမှာပဲ'

ဟု ပြောလေသည်။



ယန်ခွမ်း သက်ပြင်းချလိုက်သည်။

ယန်ယင်းပင်အား တွေ့လိုစိတ်သည် အရာရာကို အနိုင်ယူသွား
ခဲ့ပြီ ဖြစ်လေသည်။

'သူတို့က ယန်ယင်းပင်ကိုတွေ့အောင် ရှာနိုင်မယ်တဲ့လား'

ဟု သံသယဖြစ်စွာ ရေရွတ်လိုက်၏။

ချူးရှာက....

'မြို့အရှေ့ပိုင်းမှာသာ ရှိတယ်ဆိုရင် တွေ့ကိုတွေ့ရစေမယ်'

ဟု အာမခံလေသည်။

ထိုအချိန်မှာပင် ဆူဆူညံညံ အသံများ ထွက်ပေါ်လာသည်
ကို ကြားလိုက်ရ၏။

ယန်ခွမ်းတို့ လှမ်းကြည့်လိုက်ကြ၏။

ထိုအခါ ဆံပင်စုတ်ဖွားနှင့် ကောင်လေး သုံးယောက် ဝင်
လာကြသည်ကို တွေ့မြင်ရလေသည်။

ချူးရှာ၏မျက်နှာ တည်သွား၏။

'ဘာဖြစ်တာလဲဟေ့'

ဟု လှမ်းမေးလိုက်လေသည်။

ကောင်လေး သုံးယောက်သည် ယန်ခွမ်းအား ဦးညွှတ်လိုက်
ကြ၏။

တစ်ဖန် တစ်ယောက်က ချူးရှာကို ကြည့်ကာ....

'အစ်ကိုလေး ချူးရှာ ရှာခိုင်းထားတဲ့ ယန်ယင်းပင် ဆိုတဲ့
သူကို တွေ့ထားလို့ လာသတင်းပို့တာပါ'

ဟု ပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြားလျှင် ယန်ခွမ်း လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

သူသည် ယန်ယင်းပင်အား ရှာဖွေရန် ဇာတိရပ်ရွာကို စွန့်ခွာထွက်လာခဲ့သည်မှာ တစ်နှစ်နီးပါး ရှိနေပြီ ဖြစ်လေသည်။

ရောက်လေရာ အရပ်တွင် မသိမသာ ရှာဖွေစုံစမ်းကြည့်ခဲ့သော်လည်း သတင်းအစအနပင် မရခဲ့ပါ။

ယခု လမ်းပျော်ကောင်လေးများ၏ ခေါင်းဆောင်ဖြစ်လာမှ သတင်းကြားရပြီ ဖြစ်သည်။

သူတွေ့လိုသည့် ယန်ယင်းပင် ဟုတ်မဟုတ်၊ အမည်တူနေသူ ဟုတ်မဟုတ် မသိရသေးသော်လည်း ယန်ခွမ်းမှာ စိတ်လှုပ်ရှားနေမိလေတော့သည်။

'မင်းတို့ ဘယ်မှာ တွေ့ခဲ့တာလဲ'

ဟု မေးလိုက်လေသည်။

ဆံပင်စုတ်ဖွားနှင့် ကောင်လေးက....

'ဈေးဒေါးက ဝက်သားဆိုင်မှာပါ'

ယန်ခွမ်းက မီးသွေးတုံးကို ကြည့်ကာ....

'ငါသွားကြည့်မယ်'

ဟု ပြောလိုက်ရာ မီးသွေးတုံးက ချက်ချင်း သဘောတူလိုက်လေသည်။

'ကောင်းသားပဲကွာ'



ချူးရှာက....

'အဲဒီ ဝက်သားဆိုင်ကို ငါသိတယ်၊ ငါလိုက်ပြမယ်'

ဟု ပြောလေသည်။

မီးသွေးတုံးနှင့်ချူးရှာတို့ လိုက်လာမည့်ခြင်းကိုယန်ခွမ်းက တားမြစ်ခြင်းမပြုဘဲ သဘောတူလိုက်လေသည်။

ချူးရှာက ဆံပင်စုတ်ဖွားနှင့် ကောင်လေးများအား....

'မင်းတို့ သွားတော့၊ ငါတို့ တွေ့ချင်တဲ့ ယန်ယင်းပင်သာ မှန်ရင် မင်းတို့ကို ဆုချမယ်'

ဟု ပြောလိုက်လေသည်။

ကောင်လေးများ ဝမ်းသာသွားကြပြီး နှုတ်ဆက်ကာ ထွက်သွားကြ၏။

ယန်ခွမ်း၊ ချူးရှာနှင့် မီးသွေးတုံးတို့သည်း ဈေးဒေါးမှ ဝက်သားဆိုင်ဆီသို့ ဦးတည်ကာ ထွက်လာခဲ့ကြလေတော့သည်။

....ဝ....

www.burmeseclassic.com

www.burmeseclassic.com



နေအတော်မြင့်ပြီ ဖြစ်သည်။

ဈေးကွဲချိန်ဖြစ်၍ မြို့အရှေ့ပိုင်း ဈေးအနီးဘွင် လူရှင်းနေလေ၏။

ယန်ခွမ်း၊ ချူးရှာနှင့် မီးသွေးတုံးတို့သည် ဈေးရှေ့သို့ ရောက်လာကြလေသည်။

'ဒီဆိုင်ကို ပြောတာ'

ချူးရှာက ဈေးကို မျက်နှာပြုကာ ဖွင့်ထားသည့် လမ်းတစ်ဘက်မှ ဆိုင်တစ်ဆိုင်ကိုညွှန်ပြကာ ပြောလိုက်လေသည်။

ထိုဆိုင်ကလေး၌ ဝက်အူချောင်းများ အတွဲလိုက် ချိတ်ဆွဲထားပြီး ဈေးခုံပေါ်၌ ဝက်သားအတုံးအစ တစ်ပုံ ရှိနေသည်ကို တွေ့ရ၏။

'သွားကြည့်ကြရအောင်'

မီးသွေးတုံးက လောဆော်လိုက်၏။

သူတို့သည် လမ်းတစ်ဘက်သို့ ကူးကာ ဝက်သားဆိုင်သို့ ဦးတည်သွားကြလေသည်။

ဆိုင်အနီးသို့ ရောက်သွားသောအခါ နှာခေါင်း ကောက်ကောက်၊ မျက်လုံးပြူးပြူးရှိသည့် အသက်ငါးဆယ်ခန့်ရှိ လူကြီးတစ်ယောက်သည် ဝက်သားရောင်းရ ငွေများ တွက်ချက်နေသည်ကို တွေ့မြင်ရလေသည်။

ယန်ခွမ်းတို့ ရောက်လာသောအခါ ဈေးဝယ်မည့်သူ ထင်မှတ်ပြီး ချက်ချင်း မော့ကြည့်လာ၏။

သို့သော် ယန်ခွမ်းတို့အား တွေ့ရလျှင် မျက်မှောင်ကုပ်သွားပြီး....



'ဟော့ကောင်လေးတွေ၊ မင်းတို့ ဘာလာလုပ်ကြမလို့လဲ၊ သွားစမ်း...သွားစမ်း'

ဟု အော်ဟစ်မောင်းထုတ်လေတော့သည်။

ချူးရှာက....

'လာရှုပ်တာမဟုတ်ဘူး၊ ယန်ယင်းပင်ကို လာရှာတာဗျ'

'ဘာ....ဘာပြောတယ်'

'ဒီဝက်သားဆိုင်က ယန်ယင်းပင်ကို တွေ့ချင်တယ်ဗျ'

ဆိုင်ရှင်သည် စဉ်းတီတုံးပေါ် တင်ထားသည့် ဝက်သားခုတ်သောဓားကို ကောက်ကိုင်လိုက်ပြီး....

'ယန်ယင်းပင်ဆိုတာ ငါပဲကွ၊ မင်းတို့ ဘာအကြောင်းရှိလို့ချင်လို့လဲကွ၊ ပြောစမ်းပါဦး၊ မဟုတ်တယုတ်တော့ မလုပ်နဲ့နော်၊ ဝက်သားခုတ်တဲ့ဓားနဲ့ တွေ့သွားမယ်'

ဟု ဟောက်လိုက်လေသည်။

ချူးရှာနှင့် မီးသွေးတုံးတို့က ယန်ခွမ်းကို ကြည့်လိုက်၏။

ယန်ခွမ်း၏ မျက်နှာတွင် စိတ်ပျက်သည့် အရိပ်အယောင်များ အထင်းသား ပေါ်လွင်နေပါသည်။

ထိုလူ၏အမည်သည် ယန်ယင်းပင်ဖြစ်နေ၏။

သူ၏မိခင်မကွယ်လွန်မီက သူ့တွင် ဖခင်ရှိကြောင်း ယန်ယင်းပင်ဟု အမည်ရှိကြောင်း၊ ပြည်မတွင် နေထိုင်ကြောင်း ပြောသွားခဲ့ပေသည်။

ယခုတွေ့နေရသည့် ဝက်သားသည်၏အမည်မှာ ယန်ယင်းပင် ဖြစ်နေရကား သူ၏ဖခင်ပင် ဖြစ်နေသည်လော။

www.burmeseclassic.com

www.burmeseclassic.com



ယန်ခွမ်း မသိမသာ ခေါင်းယမ်းလိုက်၏။

'သူဟာ ငါ့အဖေဆော့ မဖြစ်ပါစေနဲ့'

ဟု ရင်ဆဲမှုကြိတ်ပြီး ရေရွတ်မိလေသည်။

ဝက်သားသည် ယန်ယင်းပင်က....

'ဟော့ ကောင်လေးတွေ၊ မသွားကြသေးဘူးလား'

ဟု ငေါက်ငမ်းလာပြန်သည်။

ချူးရှာက....

'ယန်ခွမ်း၊ မင်းပဲ ယန်ယင်းပင်ကို တွေ့ချင်တယ်ဆို'

ဟု လှမ်းမေးလေသည်။

ခုံးကလေးဖြင့် တရိုတသေသိမ်းဆည်းထားသည့် ပဝါပိုင်းကလေးကို ထုတ်ယူကာ....

'ဒီပဝါလေးကို ခင်ဗျားသိလားဗျ'

ဟု မေးလိုက်လေသည်။

ဝက်သားသည်ယန်ယင်းပင်သည် ယန်ခွမ်းထုတ်ပြသည့် ပဝါပိုင်းကလေးကို မျက်မှောင်ကုပ်၍ကြည့်ကာ....

'ဘာလဲကွ၊ မင်းရဲ့ပဝါအစုတ်ကို ငါက ဘာလုပ်ရမှာလဲ'

ဟု အော်လိုက်၏။

ယန်ခွမ်း ဝမ်းသာသွားလေတော့သည်။

'ဒီပဝါပိုင်းလေးကို ခင်ဗျားမသိတာ ကျေးဇူးပဲဗျို့'

ဟု လိုက်လိုက်လှဲလှဲ ပြောလိုက်၏။

ထို့နောက် မီးသွေးတုံးတို့ဘက် လှည့်ကာ....

'သွားကြစို့'

စကားဆုံးလျှင် အပြေးတစ်ပိုင်း လှမ်းထွက်သွား၏။

မီးသွေးတုံးနှင့် ချူးရှာတို့သည် ကြောင်အမ်းအမ်းဖြင့် နောက်မှ လိုက်ပါသွားကြလေတော့သည်။

....၀....

ယန်ခွမ်း၏မျက်နှာ ပြုံးရွှင်နေ၏။

မီးသွေးတုံးနှင့် ချူးရှာတို့ ယန်ခွမ်းကို ကြည့်ကာ နားမလည်နိုင်အောင် ဖြစ်နေကြလေသည်။

အပြန်လမ်းခရီး၌ ချူးရှာက မအောင့်အည်းနိုင်တော့ဘဲ....

'ယန်ခွမ်း၊ မင်းပဲတွေ့ချင်တယ်ဆိုကွ'

ဟု မေးလိုက်လေသည်။

ယန်ခွမ်းက....

'သူဟာ ငါတွေ့ချင်တဲ့လူ မဟုတ်ဘူးကွ'

'မင်း ဘယ်လိုလုပ်သိတာလဲ'

'သူက ငါထုတ်ပြတဲ့ ပဝါပိုင်းကလေးကိုမှ မသိဘဲ'



www.burmeseclassic.com

www.burmeseclassic.com



ချူးရှာသည် ယန်ခွမ်းအား စိုက်ကြည့်လိုက်ပြီး...,

'ယန်ခွမ်း၊ ယန်ယင်းပင်ဆိုတာ ဘယ်သူလဲ၊ မင်းက ဘာကြောင့် တွေ့ချင်ရတာလဲ၊ ငါ့ကိုပြောပါလားဟင်'

ဟု မေးလိုက်၏။

ယန်ခွမ်း၏မျက်လုံးများ ရီဝေလာသည်။

'ငါ့အမေသေကာနီးမှာ ငါ့အကြောင်း ပြောပြသွားတယ်'

ပြည့်မတွင်ရှိနေသည်ကိုသော သူ၏ဖခင်အကြောင်း ပြောပြလိုက်လေသည်။

မီးသွေးတုံးမှာ ယန်ခွမ်းနှင့် ငယ်ပေါင်း ဖြစ်သော်လည်း ယန်ခွမ်း၏ဖခင် ကွယ်လွန်သွားခဲ့ပြီဟု ထင်မှတ်ထားခဲ့ပေသည်။

ယန်ခွမ်းက ယခုမှ အမှန်အတိုင်း ဖွင့်ပြောပြလိုက်ရာ တအံ့တဩ ဖြစ်သွားရလေသည်။

'ဒါဆို မင်းအဖေရှိနေသေးတာပေါ့၊ ယန်ယင်းပင်ဆိုတာ မင်းအဖေနာမည် မဟုတ်လား'

ယန်ခွမ်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ငါ့အဖေကို ငါသိပ်တွေ့ချင်ပါတယ်ကွာ'

ချူးရှာ သက်ပြင်းချလိုက်လေသည်။

'ဝက်သားသည်ဟာ မင်းပြတဲ့ပဝါကို မသိတာ ကံကောင်းတာပေါ့ကွ၊ နို့မဟုတ်ရင် မင်းက သူ့ကို အဖေတော်နေရမှာပဲ'

'အေး...ငါ့အဖေဟာ နဂါးနဲ့ ခေါင်းပုံပါတဲ့ပဝါကို ထက်ပိုင်း ဆုတ်ဖြဲပြီး ငါ့အမေကို နဂါးပုံပါတဲ့အပိုင်း ပေးခဲ့တယ်၊ သူ့ဆီမှာ ခေါင်းပုံပါတဲ့အပိုင်း ချန်ခဲ့တယ်၊ ဝက်သားသည်သာ



ငါ့အဖေဖြစ်ခဲ့ရင် ငါ့ဆီကပဝါတစ်ပိုင်းကိုတွေ့တာနဲ့ ချက်ချင်း မှတ်မိသွားမှာပဲကွ၊ သူက ဘာမှန်းမသိဘဲ ပဝါစုတ်တစ်ထည် ထင်နေတာ ငါ့အတွက် ကံကောင်းတာပဲ၊ နို့မဟုတ်ရင် မင်းပြောသလို သူ့ကို အဖေတော်နေရဦးမယ်'

'ဝက်သားသည်သာ မင်းအဖေဆိုရင် သိပ်ကြည့်လို့ကောင်းမှာပဲကွ၊ ငါတို့ဝက်သားဟင်း အလကားစားရမှာပဲ'

မီးသွေးတုံးက အရွှန်းဖောက်လိုက်သည်။

'ဟား....ဟား....ဟား'

သုံးယောက်သား အားရပါးရ ရယ်မောလိုက်ကြလေသည်။

ယန်ခွမ်းက....

'ငါ မျှော်မှန်းထားတဲ့ ငါ့အဖေဟာ ဝက်သားသည်လို လူစားမျိုး မဟုတ်ဘူးကွ'

ဟု ပြုံးစစဖြင့် ပြောလေသည်။

ယန်ခွမ်းသည် သူ၏ဖခင်မှာ မည်သို့သော လူစားမျိုးဟု မျှော်လင့်ထားပါသနည်း။

သုံးယောက်သား ပခုံးချင်းယှဉ်ကာ လျှောက်လာခဲ့ကြစဉ် ရှေ့မှ ဆံပင်စုတ်ဖွားနှင့် ကောင်လေးတစ်ယောက် သူတို့ဆီသို့ ဒရောသောပါး ပြေးလာနေသည်ကို တွေ့မြင်ရလေသည်။

ချူးရှာက....

'တစ်ခုခုတော့ဖြစ်ပြီကွ'

ဟု ရေရွတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပင် ဆံပင်စုတ်ဖွားနှင့် ကောင်လေးသည် သူတို့အနီးသို့ ရောက်ရှိလာပြီးလျှင်....

'ဆရာယန်ခွမ်း၊ အနောက်ပိုင်းကကျားတွေ ဝင်မွှေသွားကြတယ်၊ ကျွန်တော်တို့လူတွေ အတော်ခံလိုက်ရတယ်'

ဟု အလောတကြီး ပြောလိုက်လေသည်။

မြေအောက်လောကမှ ဖြစ်ရပ်များနှင့်စိမ်းနေသည့် ယန်ခွမ်းမှာ ရုတ်တရက် နားမလည်နိုင်ဘဲ ဖြစ်သွား၏။

ချူးရှာက...

'ယန်ခွမ်း၊ မင်းရဲ့အရည်အချင်းကို စမ်းသပ်မယ့်လူတွေ ပေါ်လာပြီကွ'

ဟု ပြောလေသည်။

ယန်ခွမ်း ရှင်ထိတ်သွား၏။

ချူးရှာက....

'အနောက်ပိုင်းက ကျားတွေဆိုတာက မြို့အနောက်ပိုင်းမှာ ကျက်စားနေတဲ့ ငါတို့လိုအုပ်စုကိုပြောတာ၊ ဆရာဝူးတို မရှိတော့ဘူးဆိုတော့ ငါတို့နယ်မြေကို ထိပါးလာတာပဲ၊ တို့လူတွေအားလုံးက သူတို့ရှေ့မှာ မင်းက မားမားမတ်မတ် ရပ်တည်လိမ့်မယ်လို့ မျှော်လင့်ကာကြမှာပဲ၊ ကဲ...တို့သွားကြရအောင်'

ဟု ခပ်သွက်သွက် ရှင်းပြလိုက်ပြီး ဆံပင်စုတ်ဖွားနှင့်ကောင်လေးဘက်လှည့်သာ...

'ငါတို့လူတွေ ဘယ်မှာလဲ'

ဟု မေးလိုက်၏။



ထိုကောင်လေးက...

'ကျွန်တော့်နောက်လိုက်ခဲ့ပါ'

ဟု ပြောကာ လျင်မြန်စွာ ပြေးထွက်သွားလေသည်။

ချူးရှာက လိုက်သွားသဖြင့် ယန်ခွမ်းနှင့် မီးသွေးတုံးတို့လည်း မနေနိုင်ကြတော့ဘဲ ပြေးလိုက်သွားကြ လေတော့သည်။

....၆....

www.burmeseclassic.com

www.burmeseclassic.com

နွံထဲကျလျှင် ရုန်း၍ရနိုင်ကောင်း၏။

ဒုစရိုက်နွံထဲ ကျမိပါမူ....

လွတ်လမ်းမမြင်၊ ရုန်းလေ နစ်လေ ဖြစ်ရတတ်ချေသ တကား။

....o....



အသက် ဆယ်နှစ်ခန့်အရွယ်မှသည်အသက် ဆယ့်ခုနစ်နှစ်၊ ဆယ့်ရှစ်နှစ်ခန့်ရှိ ကောင်လေးတစ်ဆိုက်သည် ဆံပင်စုတ်ဖွားနှင့် ကောင်လေးတစ်ယောက်အား ဝိုင်းအုံကြည့်နေကြလေသည်။

ဆံပင်စုတ်ဖွားနှင့် ကောင်လေးမှာ အသွေးအိုင်ထဲ၌ ခွေခွေကလေးလဲနေ၏။

သူ၏ဝမ်းဗိုက်၌ ဓားမြှောင်တစ်လက်စိုက်ဝင်နေပေသည်။

ထိုကောင်လေးသည် ယန်ခွမ်းတို့အားလာခေါ်သည့် ဆံပင်စုတ်ဖွားလေး၏ အစ်ကိုဖြစ်သည်။

သူတို့နှစ်ယောက်သည် အမြဲ တတွဲတွဲရှိကြသဖြင့် စုတ်ဖွားညီနောင်ဟု ချူးရှာက ခေါ်လေသည်။

ယခု အမြစ်အိုးနှင့်ကြုံတွေ့လိုက်ရသူမှာ စုတ်ဖွားကြီး ဖြစ်ပေသည်။

စုတ်ဖွားကြီးကိုဝိုင်းကြည့်နေကြသည့် ကောင်လေးများသည် ယန်ခွမ်းတို့ ရောက်လာကြသည်ကိုတွေ့မြင်ရလျှင် တပျာကယာ လမ်းဖယ်ပေးလိုက်ကြလေသည်။

ယန်ခွမ်းသည် စုတ်ဖွားကြီး၏ အဖြစ်ကို တွေ့မြင်လိုက်ရလျှင် မျက်နှာတည်သွား၏။

မီးသွေးတိုးက....

'စောစောကပဲ ငါတို့ကို ဖက်သားသည့် အကြောင်း လာပြောသွားသေးတယ်၊ အခု ဘယ်လို ဖြစ်ရတာလဲ'

ဟု ယူကြုံးမရဖြစ်စွာ ရေရွတ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မှန်ပေသည်။ ယန်ယင်းပင် ဟူသော အမည်ရှိ ဝက်သားသည် အကြောင်း လာပြောသည်မှာ စုတ်ဖွားညီနောင် မဟုတ်ပါလား။

ချူးရှာက....
'ဘယ်လို ဖြစ်တာလဲ၊ ပြောကြစမ်းပါဦး'
ဟု မေးလိုက်လေသည်။

သူတို့အား လာခေါ်ခဲ့သည့် စုတ်ဖွားလေးက....
'ကျွန်တော်တို့နှစ်ယောက် နဂါးဂေဟာက ပြန်လာပြီးတော့ လမ်းဆုံရောက်တော့ လမ်းခွဲခဲ့ကြပါတယ်၊ စုတ်ဖွားလေးက မြစ်ဆိပ်ကို သွားမယ်လို့ ပြောပြီး ထွက်သွားတာပဲ၊ ကျွန်တော်က ဈေးဘက်ကို ထွက်လာပြီး အခြေအနေကြည့်နေတုန်း စုတ်ဖွားလေး ဒယ်ဒယ်ငွဲနဲ့ ပြေးလာတာ တွေ့ရတာပဲ၊ အနောက်ပိုင်းက ကျားတွေလို့ အော်ပြောပြီး လဲကျသွားတာ'
ဟု အဖြစ်အပျက်ကို ရှင်းပြလေသည်။

သွားခေါ်ခေါ်နှင့် ကောင်လေးတစ်ယောက်က....
'ကျွန်တော်တို့လဲ ဈေးတစ်ဝိုက်မှာရှိနေတော့ စုတ်ဖွားလေးရဲ့ အော်သံ ကြားရတာနဲ့ ပြေးလာကြတာ၊ စုတ်ဖွားကြီး ခံလိုက်ရလို့ စုတ်ဖွားလေးက ဆရာယန်ခွမ်းကို သွားပြောမယ်ဆိုပြီး ထွက်သွားတာနဲ့ စောင့်နေကြတာပါ'
ဟု ဝင်ပြောလေသည်။

ယန်ခွမ်းက ချူးရှာကို ကြည့်လိုက်လေသည်။



ချူးရှာက....
'ဆိပ်ကမ်းဟာ အရှေ့ပိုင်းရဲ့ ပိုင်နက်ထဲမှာရှိတယ်၊ အနောက်ပိုင်းက အုပ်စုဟာ ငွေရှာလို့လွယ်တဲ့ ဆိပ်ကမ်းတစ်ဝိုက်ကို သက်ဝါးကြီးအုပ်ဖို့ အမြဲတမ်း ကြံစည်နေကြတာပဲ၊ သူတို့က ဆရာဝူးတိန့် ထိပ်တိုက်မတွေ့ချင်လို့ ရှောင်နေကြတာ၊ အခု ဆရာဝူးတိလဲ မရှိတော့ဘူး၊ ငါတို့ဆီက ခပ်ကြီးကြီးကောင်လေး တွေလဲ အနောက်ပိုင်းကို ရောက်သွားတယ်ဆိုတော့ အထင်သေးပြီး ရန်စလိုက်တာပဲ'
ဟု ပြောရာ မီးသွေးတုံးက....
'နေစမ်းပါဦး၊ သူတို့က ယန်ခွမ်းကို အသိအမှတ် မပြုကြဘူးလား'
ဟု မေးလိုက်လေသည်။
ချူးရှာက....
'ဒီမြို့မှာ အရှေ့အနောက်၊ တောင်မြောက် လေးပိုင်းထားပြီး အုပ်စု လေးစုက ကိုယ့်နေရာနဲ့ ကိုယ် လုပ်ရှားကြတယ်၊ ငါတို့ အရှေ့ပိုင်းဟာ အင်အားအနည်းဆုံးပဲ၊ ဒါပေမယ့် ဆရာဝူးတိက ကျန်တဲ့အုပ်စုတွေက ခေါင်းဆောင်တွေနဲ့ အဆင်ပြေအောင် ပေါင်းသင်းနိုင်လို့ ပြဿနာ ကြီးကြီးကျယ်ကျယ် မဖြစ်ခဲ့တာပဲ'
ကောင်လေးတစ်သိုက်သည် ယန်ခွမ်းအား အကဲခတ် ကြည့်နေကြ၏။
ယန်ခွမ်းသည် သူတို့၏ အကြီးအကဲနေရာကို ရလိုက်သည် ဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



ယခုကဲ့သို့ ပြဿနာပေါ်ပေါက်လာသောအခါ ဖြေရှင်း...
အကြီးအကဲတွင် တာဝန်ရှိပေတော့သည်။

ယန်ခွမ်းက ဗူးတီအား အနိုင်ယူခဲ့သည်ဖြစ်ရာ အရွယ်ငယ်...
ငယ်ငြားသော်လည်း နဂါးတစ်ကောင်နှင့် တူသည်ဟု သတ်မှ...
တာ ယန်ခွမ်း နေထိုင်သည့် ချူးရှာ၏ အိမ်ဖျက်ကြီးအ...
နဂါးဗေဟာဟု ခေါ်ခဲ့ကြခြင်း ဖြစ်သည်။

ယန်ခွမ်းသည် အမှန်တကယ်ဖင် နဂါးတစ်ကောင်ကဲ့...
အစွမ်းပြနိုင်ပါမည်လော။

ယန်ခွမ်းက အနည်းငယ် တွေးတောစဉ်းစားလိုက်ပြီး...

'အနောက်ပိုင်းက အုပ်စုအကြောင်းကို ပြောပြစမ်းပါ'

ဟု မေးလိုက်လေသည်။

ချူးရှာက...

'အနောက်ပိုင်းက အုပ်စုရဲ့ ခေါင်းဆောင်ဟာ 'ကျားကြီး...
ဆိုတဲ့ လူပဲ၊ ဆရာဗူးဘီထက် ဆယ်ဆလောက် ပိုပြီး ဆိုးမိုက်...
တယ်၊ မကောင်းမှု မှန်သမျှ အကုန်လုပ်တယ်၊ သူ မလုပ်ရဲတ...
ဘာမှ မရှိဘူး'

အနောက်ပိုင်းမှ ခေါင်းဆောင်ကျားကြီး၏ အကြောင်း...
ပြောပြလိုက်လေသည်။

ဘေးမှ နားထောင်နေသည့် မီးသွေးတုံး၏ မျက်နှာ ရှုံ့...
သွား၏။

ကျားကြီးဆိုသူမှာ အလွန်ကြမ်းတမ်း ခက်ထန်သည့် လူ...
ကြီး တစ်ယောက် ဖြစ်ကြောင်း ထင်ရှား ပေါ်လွင်နေသ...
မဟုတ်ပါလော။



ယန်ခွမ်းအတွက် စိုးရိမ်ပူပန်လာမိလေသည်။

စုတ်ဖွားကြီး ခံမိုက်ရသည့်အတွက် ယန်ခွမ်းတွင် တာဝန်ရှိပေသည်။

ယန်ခွမ်းက လက်ပိုက်ကြည့်နေမည် ဆိုပါက အကြီးအကဲအဖြစ် မည်သူကမျှ လက်ခံကြတော့မည်မဟုတ်ပါ။

ကျားကြီးတို့ လူစုသည်လည်း ပို၍အစာင့်ရဲလာကာ အရှေ့ပိုင်းမှအဖွဲ့ကို ဝါးမျိုပစ်လိုက်မည် ဖြစ်ပေသည်။

ယန်ခွမ်းသည် ကျားကြီးနှင့် ရင်ဆိုင်ဖို့ကလွဲပြီး တခြားနည်းလမ်း မရှိတော့ပါ။

မီးသွေးတုံး စိတ်ပူနေသကဲ့သို့ ချူးရှာလည်း စိတ်ပူနေ၏။

ယန်ခွမ်းက ရင်ဆိုင်ရန်ဆုံးဖြတ်လိုက်သည်ထားဦး၊ အရှုံးနိမ့်ပါလျှင် သူတို့အားလုံးသည် ကျားကြီး၏ခြေဖဝါးအောက်တွင် ပြားပြားဝပ်နေရတော့မည့် ဖြစ်ပေသည်။

ယန်ခွမ်းကား ဆက်၍ အသက်ရှင်နိုင်စွမ်း ရှိတော့မည် မဟုတ်ပါ။

ချူးရှာက ယန်ခွမ်းအား စိုက်ကြည့်လိုက်ပြီး...

'ဘာလုပ်ရမယ်ဆိုတာ ထိုတတွေ့ အိမ်ကိုပြန်ပြီး အေးအေးဆေးဆေး စဉ်းစားကြရင် မကောင်းဘူးလား'

ဟု ပြောလိုက်၏။

အကယ်၍ ယန်ခွမ်းက ရင်ဆိုင်လိုစိတ်မရှိလျှင် မြို့ထဲမှ ထွက်သွားနိုင်ရန် ဖန်တီးလိုက်ခြင်းဖြစ်၏။

ယန်ခွမ်းက ခါးကိုင်းကာ စုတ်ဖွားကြီး၏ဝမ်းဗိုက်၌ စိုက်ဝင်နေသည့် ဓားမြှောင်ကို ဆွဲနုတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အားလုံးမြင်သာအောင် ထောင်မြှလိုက်ပြီး...
'ဒီမားမြှောင်ဟာ ကျားကြီးအတွက် ဖြစ်စေရမယ်'
ဟု ပြောလိုက်၏။

သူ၏စကားသံ ကြည်လင်ပြတ်သားလှ၏။

ဝိုင်းကြည့်နေကြသည့် ကောင်လေးတသိုက် ငြိမ်ကျသွားပြီး ချက်ချင်းပင် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြပြီး....

'နဂါးလေးကွ....နဂါးလေး'

ဟု တစ်ခဲနက် အော်ဟစ် ကောင်းချီးပေးလိုက်ကြလေသည်။

သူတို့သည် ယန်ခွမ်းအား နဂါးတစ်ကောင်ဟု ကင်ပွန်းတပ်လိုက်ကြပြီ ဖြစ်လေသည်။

ယန်ခွမ်းက ချူးရှာကိုကြည့်လိုက်ပြီး....

'စဉ်းစားစရာမလိုတော့ဘူးကွ၊ ကျားကြီးနဲ့တွေ့ဖို့ပဲ လိုတော့တယ်၊ သူရှိတဲ့နေရာ ငါ့ကိုလိုက်ပြရင် ကောင်းမယ်'

ဟု ပြောလိုက်၏။

ထိုစကားကြားလျှင် ချူးရှာ၏မျက်နှာမှာ သွေးဆုတ်ကာ ဖြူဖပ်ဖြူလျော် ဖြစ်သွားလေတော့သည်။

ဝ.......



နေဝန်းနီမှာ အနောက်ဘက်တွင် ငုပ်လျှိုးကွယ်ပျောက်သွားတော့မည် ဖြစ်ပေသည်။

လမ်းဘေး တစ်ဘက်တစ်ချက်ရှိအိမ်များ၌ မီးအိမ်များ ထွန်းညှိထားကြပြီ ဖြစ်လေသည်။

မီးရောင်များ သည် လမ်းမပေါ်သို့ ဖြာကျနေ၏။

ယန်ခွမ်း၊ မီးလှေးတုံးနှင့် ချူးရှာတို့သည် လမ်းမကြီးအတိုင်း မြို့အနောက်ဘက်ရှိ ပန်းဥယျာဉ်ကြီး တစ်ခုဆီသို့ ဦးတည်ကာ လျှောက်လာကြလေသည်။

ယန်ခွမ်း၏မျက်နှာ ခက်ထန်နေ၏။

သူ၏ဖခင်အား ရှာဖွေရာ၌ ကူညီခဲ့သည့် စုတ်ဖွားကြီးအတွက် ခံပြင်းနေ၏။

ထို့အပြင် သူ့အား ဆရာတင်ပြီး အားကိုးအားထားပြုခဲ့သည် မဟုတ်ပါလား။

စုတ်ဖွားကြီးနှင့် ပတ်သက်၍ သူ့တွင် တာဝန်ရှိနေသည်ဟု ခံယူမိသည်နှင့် ကျားကြီးအား ရဝ်ဆိုင်ရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်ပေတော့သည်။

ချူးရှာ မျက်နှာပျက်နေ၏။

ဂနာမငြိမ်ဖြစ်ကာ ပတ်ဝန်းကျင်ကို ကြီးကန်းတောင်းမှောက် အကဲခတ်ကြည့်နေ၏။

လမ်းဆုံလမ်းခွတစ်ခုကို ကျော်ဖြတ်ကာ ပန်းဥယျာဉ်ကြီးနှင့် နီးကပ်လာလျှင်....

'ယန်ခွမ်း၊ ငါတို့ အနောက်ပိုင်းကို ရောက်လာကြပြီ'

ဟုပြောကာ ခြေလှမ်းရပ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယန်ခွမ်းက သူ့အား မျက်မှောင်ကုတ်ကာ ကြည့်လိုက်၏။

ချူးရှာက....

'ငါတို့တတွေဟာ တမီယောက်ပိုင်နက်ကို တစ်ယောက် မကျူးကျော်ရဘူးကွ၊ တကယ်လို့များ ကျူးကျော်မိရင်....'

သူ၏စကားမဆုံးမီ မီးသွေးတုံးက ကြားဖြတ် ပြောလိုက် လေသည်။

'သူတို့က စပြီး ကျူးကျော်တယ်၊ စုတ်ဖွားကြီးတို့လဲ ရန်ပြု သွားကြတယ်လေကွာ'

ချူးရှာ ပါးစပ်ပိတ်ထားလိုက်လေသည်။

ယန်ခွမ်းက...

'မင်းပြန်ချင် ပြန်သွားပါတော့ကွာ'

ဟု ပြောလိုက်လေသည်။

ချူးရှာ သက်ပြင်းချလိုက်၏။

'ခုမှတော့ မဆုတ်ပါဘူးကွာ၊ သူတို့ရဲ့ နေရာကို ရောက်အောင် မှာပဲ၊ ငါလိုက်ခဲ့ပါ့မယ်'

'ဒါဖြင့် သွားကြတာပေါ့'

သူတို့သုံးယောက် ရှေ့ဆက်လျှောက်သွားကြ၏။

မကြာပါချေ။ ပန်းဥယျာဉ်ကြီး အတွင်းသို့ ရောက်ရှိသွား ကြလေသည်။

ဥယျာဉ်ထဲ၌ လာရောက် လည်ပတ်သူများဖြင့် စည်စည် ကားကား ရှိနေ၏။

ရုပ်ဆိုးသိုးကောင်လေးတစ်ယောက်သည် သစ်ပင် တစ်ပင် အောက်၌ ရပ်ကာ ယန်ခွမ်းတို့အား အကဲခတ် ကြည့်နေလေ၏။



ယန်ခွမ်းတို့ ဝင်ရောက်လာသည်နှင့် ချာခနဲ လှည့်ကာ ထွက် သွား၏။

ပျော်ပန်းခတ်မျှ လှုပ်ရှားသွားလာနေကြသူများ ကြားဝယ် ခနဲ ကွယ်ပျောက်သွားလေတော့သည်။

ထိုကောင်လေး အား ယန်ခွမ်းတို့ သတိမပြုမိလိုက်ကြ ပေ။

သုံးယောက်သား အနားယူရန် မြှုပ်ထားသည့် ကျောက် ခုံတစ်လုံးပေါ်၌ ထိုင်လိုက်ကြလေသည်။

ချူးရှာက...

'ခုချိန်လောက်ဆိုရင် ငါတို့ ရောက်နေကြတာ သူတို့သိသွား လောက်ပြီ'

ဟု ပြောလေသည်။

ယန်ခွမ်း ပြုံးလိုက်သည်။

'မြန်မြန်သိသွားလေလေ ကောင်းလေလေပေါ့ကွာ'

'ယန်ခွမ်း....ကျွန်းကြီးဟာ ကြောက်စရာ ကောင်းတယ်ကွ၊ သူ့ကို ထိထိကိုက်ကိုက် ရင်မဆိုင်ဘဲ အသိမှသုံးပြီး ဆက်ဆံရင် ကောင်းမယ်'

'ဂုဏ်ဆိုလို့ သူနဲ့ နှာ၊ လှသီမယ်ယှဉ် မင်း ဆိုလိုချင်တာလား'

'ဒီလိုတော့လဲ မဟုတ်ပါဘူးကွာ'

ယန်ခွမ်း ပြုံးလိုက်သည်။

'သူဟာ စုတ်ဖွားကြီးအတွက် အလျော်ပေးသင့်တာပေါ့ကွာ၊ ပြောတာ မဟုတ်ဘူးလားကွ'

'ဒါလဲ ဟုတ်ပါတယ်ကွာ'

www.burmeseclassic.com

www.burmeseclassic.com



ချူးရှာ လေသံပြောင်းသွားလေသည်။

ယန်ခွမ်းအား ဖျောင်းဖျ၍ရတော့မည်မဟုတ်မှန်း နားလ…
သဘောပေါက်ထားသည် မဟုတ်ပါလား။

မီးသွေးတုံးက....

'သူတို့ လာနေပြီကွ'

ဟု ခပ်အုပ်အုပ် ပြောလိုက်၏။

ယန်ခွမ်းက ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်လေသည်
ထိုအခါ ပန်းဥယျာဉ်အစွန်းသို့ သူတစ်စု ခပ်သုတ်သု…
ဝင်လာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ရှမ်ဆိုးဆိုး ကောင်လေးက လှမ်းပြခေါ်လာခြင်း ဖြစ်…
သည်။

လိုက်လာကြသူများမှာ ငယ်ငယ်ရွယ်ရွယ် ကောင်လေးမျ…
မဟုတ်ကြဘဲ အသက်နှစ်ဆယ်ကျော် သုံးဆယ်ခန့် ရှိသူများချ…
ဖြစ်ကြ၏။

စုစုပေါင်း ရှစ်ယောက်တိတိ ဖြစ်လေသည်။

ယန်ခွမ်းတို့ထံသို့ ဦးတည်လာနေကြခြင်း ဖြစ်သည်။

ချူးရှာ မျက်နှာပျက်သွားပြီး...

'ကျားကြီး လာနေပြီ'

ဟု ရေရွတ်လိုက်လေသည်။

ယန်ခွမ်းက ထိုင်ရာမှ ထရပ်လိုက်သဖြင့် ချူးရှာနှင့် မီးသွေ…
တုံးတို့လည်း မနေနိုင်ကြတော့ဘဲ ထရပ်လိုက်ကြ၏။

မိုက်ကန်းကန်း ရုပ်သွင်ရှိသူတစ်စုသည် ယန်ခွမ်းတို့ အနီး
ရောက်ရှိလာကြပြီး ဝိုင်းရံထားလိုက်ကြလေသည်။



'အဝါရောင်ဝတ်ထားတဲ့ လူဟာ ကျားကြီးပဲ'

ချူးရှာက တိုးတိုး ပြောလေသည်။

ယန်ခွမ်းက ထိုလူအား အကဲခတ်ကြည့်လိုက်၏။

ထိုလူမှာ ကြွက်မျက်လုံးကဲ့သို့ သေးငယ်သော မျက်လုံးများ
ရှိပြီး နဖူးမောက်သူဖြစ်သည်။

ကောက်ကျစ်စဉ်းလဲပြီး ရက်စက်ကြမ်းကြုတ်မည့်သူ ဖြစ်
ကြောင်း သိနိုင်ပေတော့သည်။

ယန်ခွမ်းက ကျားကြီးဆိုသူနှင့်မျက်နှာချင်းဆိုင်ကာ ခပ်တည်
တည်ပင် စိုက်ကြည့်လိုက်သည်။

ကျားကြီးတို့လူစုကလည်း ယန်ခွမ်းတို့အား အကဲခတ်ကြည့်
နေကြ၏။

လူကောင်သေးသေး၊ ဟိုမရောက် သည်မရောက် အရွယ်
ကောင်လေးများဖြစ်နေရကား သူတို့အားလုံး ပြုံးလိုက်ကြလေ
တော့သည်။

ကျားကြီးက....

'နဂါးလေးဆိုတာ မင်းလား'

ဟု မေးလိုက်၏။

ယန်ခွမ်းက....

'ခင်ဗျားကကော ကျားကြီးမဟုတ်လား'

ဟု ပြန်မေးလိုက်၏။

'ဟား....ဟား....ဟား'

ကျားကြီး ဝါးလုံးကွဲ ရယ်ချလိုက်သည်။

ယန်ခွမ်းက မရယ်ပေ။

www.burmeseclassic.com

www.burmeseclassic.com



ကျားကြီးသည် အတန်ကြာ ရယ်မောလိုက်ပြီးမှ….

'မဆိုးဘူးဟေ့၊ သတ္တိကိုတော့ကြိုက်သွားပြီ၊ မင်းက ဝူးတိကို ဆုံးမလိုက်တယ် ဟုတ်လား၊ ကောင်းတယ်၊ ဒီကောင်က အမြောက်တိုက် ဘဝင်မြင့်နေတာကွ၊ ငါကြည့်လို့မရတာ ကြာပြီ၊ ခုတော့ မင်းကြောင့် ငါ ပင်ပန်းစရာ မလိုတော့ဘူး၊ ဒါထက် နေ့စမ်းပါဦး၊ မင်းက ဒီနေရာကိုလာတာ ဘာသဘော လဲကွ'

သူတို့အတွက် ကျစ်လည်ကျက်စားစရာ နေရာများ ပိုင်းခြား ထားသည့်ဖြစ်ရာ ကျူးကျော်ခြင်းသည် စော်ကားခြင်းမည်ပေ သည်။

ယန်ခွမ်းက….

'ကျူပ်လူတစ်ယောက် သေသွားပြီ'

ဟု ကားတိတိ ပြောလိုက်၏။

ကျားကြီးက….

'အသုံးမကျတဲ့လူ ခံပေါ့ကွာ၊ ဘာများ ဝမ်းနည်းစရာရှိလို့ လဲကွ'

'ခင်ဗျားလူတွေက မလာသင့်တဲ့နေရာကို လာခဲ့ကြတယ်ဗျ၊ မလုပ်သင့်တာကိုလဲ လုပ်ကြတယ်၊ ဒါကြောင့် ခင်ဗျားမှာတာဝန် ရှိတယ်'

'ဟား….ဟား….ဟား'

ကျားကြီး ဟားတိုက် ရယ်မောလိုက်ပြန်သည်။



သူ၏လက်ရုံးဖြစ်ဟန်ရှိသော လူရွယ်တစ်ယောက်က….

'အစ်ကိုကြီး၊ ဒီကောင်လေးကို သင်ခန်းစာပေးလိုက်မှ ဖြစ် မယ်၊ သူ့ကိုကြည့်ရတာ ဘဝင်မြင့်နေပုံရတယ်'

ဟု ဝင်ပြောလာသည်။

ကျားကြီးက….

'သူက ဝူးတိရဲ့နေရာကို လုယူနိုင်တယ်ဆိုတော့ ဘဝင်မြင့် ချင်လဲ မြင့်နေမှာပေါ့ကွာ၊ သူ့ကိုဆုံးမရမှာ ငါ့လက်တွေကို စောင့် ငါ့အားနာနေတယ်ကွ၊ ဘာပဲဖြစ်ဖြစ် မင်းပြောသလို သင်ခန်းစာပေးရမှာပဲ၊ ဟေ့ ကောင်လေး ငါ့ရှေ့မှာဒူးထောက် ပြီး ငါ့ရဲ့ခြေဖမိုးကို နမ်းရှုံ့မယ်ဆိုရင် မင်းကို ချမ်းသာပေး လိုက်မယ်'

သူ၏စကားမှာ ရင့်သီးလွန်းလှပေသည်။

ယန်ခွမ်း၏မျက်နှာ တင်းမာသွား၏။

'ကျူပ်လူအတွက် ခင်ဗျားတာဝန်ယူရမယ်'

ဟု သွားကြားလေသံဖြင့် ပြောလိုက်၏။

သူတို့သည် ကိုယ့်ခံယူချက်ဖြင့် ကိုယ်ပြောလိုက်ကြခြင်းဖြင့်ရာ အဆီအငေါ်မတည့် ဖြစ်သွားရလေသည်။

ကျားကြီးက….

'မင်းက ဝူးတိကို အနိုင်ရတာနဲ့ ငါ့ကို ယှဉ်လို့ရမယ်များ ထင်နေသလား၊ ခွေးကောင်….ငါ့အကြောင်း သိစေရမယ်'

အော်ပြောက်ကာ လျှပ်တစ်ပြက် ခုန်ဝင်တိုက်ခိုက်လိုက်သော တော့သည်။

သူ၏ဓာတ်ချုပ် ဘွားဘွားကြီးပေါ်လာပြီး မြှစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏လူများကိုပင် အမိန့်ပေးခိုင်းစေခြင်းမပြုဘဲ ကိုယ်တိုင်တိုက်ခိုက်လိုက်ခြင်းဖြစ်၏။

ဝူးတီ အရေးနိမ့်သွားပြီးနောက် ယန်ခွမ်း၏ အမည်သည် လောက်ချန်းမြို့ မြေအောက်လောကတွင် လူအများ ဂရုပြုစရာ ဖြစ်လာပေသည်။

အသက်ဆယ့်လေးနှစ်မျှ ရှိသေးသည့် ကောင်လေးတစ်ဦးက လူဆိုးလူသွမ်း ကလေးများအား ဗိုလ်ကျနေသည့် ဝူးတီအား ဆုံးမလိုက်ခြင်းသည် အံ့သြစရာဖြစ်နေသည် မဟုတ်ပါလား။

ထို့ကြောင့် မြေအောက် အကြီးအကဲအပိုင်းတွင် ယန်ခွမ်းအား စိတ်ဝင်စားနေကြပြီး ဆုံးမလိုစိတ်များ ဖြစ်ပေါ်နေကြပေသည်။

ယန်ခွမ်းအား ဆုံးမလိုက်ခြင်းဖြင့် အရှေ့ပိုင်းနယ်မြေများကို လက်ဝါးကြီးအုပ်နိုင်မည် ဖြစ်သလို လူမိုက်ဂိုဏ်းတက်လာလိမ့်မည်ဟု ယုံကြည်ထားကြ၏။

ကျားကြီးသည် ယန်ခွမ်းနှင့် ထိပ်တိုက် တွေ့လိုခြင်းကြောင့် သူ၏လူများအား အရှေ့ပိုင်းနယ်မြေသို့ ကျူးကျော် ရန်စရန် စေလွှတ်လိုက်ခြင်း ဖြစ်၏။

ယခု သူ၏ဆန္ဒ ပြည့်ဝသွားပြီ ဖြစ်သည်။

ယန်ခွမ်းအား ဦးနှိမ်ပစ်လိုက်မည် ဟူသော ရည်ရွယ်ချက်ဖြင့် ခုန်အုပ်တိုက်ခိုက်လိုက်ခြင်း ဖြစ်ပေသည်။

မီးသွေးလုံးနှင့် ချူးရှာတို့သည် ယန်ခွမ်းအတွက် စိုးရိမ်ပူပန်သွားကြလေသည်။



သို့သော် အကူအညီပေးရန်လည်း မဝံ့ရဲဘဲ လက်ပိုက်ကြည့်နေကြ၏။

ယန်ခွမ်းသာ အရေးနိမ့်သွားလျှင် သူတို့လည်း သက်သာမည် မဟုတ်ရကား ယန်ခွမ်း အနိုင်ရပါစေဟု ကြိတ်၍ ဆုတောင်းနေမိကြလေတော့သည်။

ယန်ခွမ်းသည် မလှုပ်မယှက် ရပ်ရင်း ကျားကြီးအား မျက်တောင်မခတ် စိုက်ကြည့်နေပါ၏။

ကျားကြီးက ဟူးခနဲမြည်အောင် ခုန်အုပ်လာသည်နှင့် သူ၏ လက်တစ်ဘက် အပေါ် မြောက်တက်သွား၏။

ဓားရောင် ဝင်းခနဲ လက်သွား၏။

'ဒုတ်...'

'အင့်...'

ကျားကြီးထံမှ ညည်းညူသံသဲ့သဲ့ ထွက်ပေါ်လာ၏။

သူ၏ခန္ဓာကိုယ်သည် လေထဲ၌ တုံ့ခနဲ ဖြစ်သွားပြီး မြေပေါ်သို့ ဒိုင်းခနဲ ပြုတ်ကျသွား၏။ ထို့နောက် မလှုပ်မယှက် ဖြစ်သွားလေသည်။

ယန်ခွမ်းက ရှေ့သို့တိုးကာ ကျားကြီး၏ ရင်ဝ၌ စိုက်ဝင်နေသည့် ဓားမြှောင်ကို ဆွဲနုတ်လိုက်၏။

ထိုဓားမြှောင်သည် စုတ်ဖွားကြီး၏ ဝမ်းဗိုက်မှ ဆွဲနုတ်လာသည့် ဓားမြှောင် ဖြစ်၏။ ယန်ခွမ်းသည် ဓားမြှောင်ကို လက်မှ ကိုင်ကာ ကျားကြီး၏ လူများကို စေ့ကြည့်လိုက်၏။

ကျားကြီး၏ လူများ ပါးစပ်အဟောင်းသား ဖြစ်နေကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ယန်ခွမ်းက....

'ခင်များတို့ ဘာပြောချင်ကြသေးလဲ'

ဟု မေးလိုက်လေသည်။

ကျားကြီး၏လူများ တုပ်တုပ်မျှပင် မလှုပ်ကြချေ။

ယန်ခွမ်း အနိုင်ရလိုက်သည်ကို တွေ့ရလျှင် ချူးရှာ မီးသွေးကုံးတို့ အားတက်သွားကြလေသည်။

ချူးရှာက...

'အနောက်ပိုင်း နယ်မြေဟာ နဂါးလေးယန်ခွမ်းအတွက်'

ဟု အော်ပြောလိုက်၏။

ကျားကြီး၏လူများ လှုပ်လှုပ်ရွားရွား ဖြစ်သွားကြ၏။

နောက်သို့ တရွေ့ရွေ့ ဆုတ်သွားပြီး ခပ်လှမ်းလှမ်း ရောက်လျှင် ချာခနဲ လှည့်ကာ ထွက်ပြေးသွားကြလေ သည်။

...၀...



ရှူးတို့သည် လည်းကောင်း၊ ကျားကြီးသည် လည်းကောင်း လောက်ချန်မြို့မှ ကွယ်ပျောက်သွားကြပြီ ဖြစ်လေသည်။

သူတို့၏နေရာတွင် 'နဂါးလေး ယန်ခွမ်း' ဆိုသည့် အမည် အစားထိုး ဝင်ရောက်လာ၏။

မြို့အရှေ့ပိုင်းနှင့် အနောက်ပိုင်းမှ ဒုစရိုက်သမားများသည် ယန်ခွမ်းအား ဆရာတင်လာကြလေသည်။

တစ်နှစ်အတွင်း သတင်း ကြီးလာသော ယန်ခွမ်းအား တောင်ပိုင်းနှင့် မြောက်ပိုင်း နယ်မြေများတွင် စိုးမိုးနေကြသည့် အကြီးအကဲများသည် ဂရုမစိုက်ဘဲ မနေနိုင်အောင် ဖြစ်လာကြ ပေတော့သည်။

ယန်ခွမ်းကား မည်သူက မည်သို့ သ[illegible]ာရှိသည်ကို အရေး ထားမိပါ။ အချိန်ရတိုင်း ဖခင်ဖြစ်သူ ယန်ယင်းပင်အား ရှာဖွေ နိုင်သာ ကြိုးစားအားထုတ်နေပေသည်။

မြို့အရှေ့ပိုင်း၌လည်းကောင်း၊ အနောက်ပိုင်း၌လည်းကောင်း ယန်ယင်းပင်ဟု အမည်ရှိသူ သုံးယောက် တွေ့ခဲ့ရလေသည်။

သို့သော် ထိုလူသုံးယောက်စလုံးမှာ ယန်ခွမ်း ထုတ်ပြသည့် ပါပိုင်း အကြောင်း မသိကြချေ။ ဤတွင် ယန်ခွမ်းသည် တောင်ပိုင်းနှင့် မြောက်ပိုင်းတို့၌ ရှာဖွေ ကြည့်လိုစိတ်များ ပေါ်လာလေတော့သည်။

တစ်နေ့...

နှင်းဖွဲများ ကျဆင်းနေ၏။

www.burmeseclassic.com

www.burmeseclassic.com



အရိုးကွဲမတတ် အေးစိမ့်မှုသည် ဝန်းကျင်တစ်ခုလုံး လွှမ်းခြ
ထား၏။

ယန်ခွမ်း၊ ချူးရှာနှင့် မီးသွေးတုံးတို့သည် အိမ်ရှေ့ မြေ
ကွက်သပ်တွင် မီးပုံတစ်ခုဖိုကာ မီးလှုံနေကြလေသည်။

ချူးရှာနှင့် မီးသွေးတုံးတို့သည် အဝတ်ထူထူ ဝတ်ထားကြ
သော်လည်း ယန်ခွမ်းမှာ ချည်အညိုပါးပါးကိုသာ ဝတ်ထား
လေသည်။

သူ၏အသားအရည်မှာ ကြေးနီရောင် တောက်ပနေ၏။

ထယ်ကောင်းလှသည် မဟုတ်သော်လည်း ပါးပါးလျှပ်လျှပ်
နှင့် ကျစ်လျစ်သန်မာသူ ဖြစ်ကြောင်း ကြွက်သားစိုင်များက
ဖော်ပြနေ၏။

သူ၏မျက်နှာသည် တည်ငြိမ်ရင့်ကျက်သည့်အသွင် ဆော
င်နေသလို ယောကျ်ားပီသစွာ ချောမောသူဖြစ်ကြောင်း ပေါ်
လွင်နေ၏။

တစ်နှစ်ကျော် ကာလတွင် ယန်ခွမ်းသည် ပြောင်းလဲသွား
လေသည်။

လောက်ချန်းမြို့သို့ ရောက်ကာစ ညစ်ပေပေ ကောင်လေး
တစ်ယောက်အသွင်မျိုး မရှိတော့ပါ။

ကျန်းမာသန်စွမ်းသည့် လုလင်တစ်ယောက်အဖြစ်သို့ ပြော
င်းလဲသွားခဲ့ပြီ ဖြစ်လေသည်။



သူ၏အသက်မှာ ဆယ့်ခြောက်နှစ်ကျော်ရုံသာ ရှိသေးသော်
လည်း အမှတ်တမဲ့ ဆိုလျှင် အသက်နှစ်ဆယ်ကျော် လူရွယ်
တစ်ယောက်ဟု ထင်ရမည်ဖြစ်လေသည်။

ယန်ခွမ်း ပြောင်းလဲလာသကဲ့သို့ မီးသွေးတုံးနှင့် ချူးရှာ
တို့လည်း ပြောင်းလဲလာကြပြီဖြစ်သည်။

သုံးယောက်သား ဘက်ညီသော လူရွယ်များ ဖြစ်လာကြ
လေသည်။

ချူးရှာသည် ပိန်ညှက်ညှက်ကောင်လေးတစ်ယောက် မဟုတ်
တော့ပါ။

ကြံ့ခိုင်သန်စွမ်းသူတစ်ယောက် ဖြစ်လာသည်။

ထို့အတူ သူ၏ဦးခေါင်းထဲမှ အကြံညဏ်များသည်လည်း
ရှို ထက်မြက်လာလေတော့သည်။

မီးသွေးတုံးမှာမူ ယန်ခွမ်း၏လူသက်သက်ဖြစ်၏။

ယန်ခွမ်းလုပ်သမျှ အပြစ်မမြင်သူဖြစ်၏။

မီးသွေးတုံးနှင့် ပတ်သက်သည့် ထူးခြားချက်မှာ သူ၏စကား
ကို ယန်ခွမ်းက လက်ခံလေ့ရှိခြင်း ဖြစ်ပေတော့သည်။

သူတို့သည် မြို့အရှေ့ပိုင်းကိုသာမက မြို့အနောက်ပိုင်းကိုပါ
ယ်ကိုင်နိုင်ခဲ့ကြသဖြင့် သူတို့၏ နယ်မြေများတွင် ကျင်လည်
ကျက်စားနေသည့် မြေအောက်လောကသားများ၏ ရှိသေမှုနှင့်
စုကို မှန်မှန်ရရှိခဲ့ကြပေသည်။

ထမင်းတစ်လုတ် နပ်မှန်အောင်စားရဖို့ ထစ်နေကုန် ...နေ
း ရှုန်းကန်ခဲ့ရသည့် ဘဝမှသည် ကြိုက်သလို စားသောက်နိုင်
ည့် အခြေအနေသို့ ရောက်ရှိလာလေသည်။

www.burmeseclassic.com



ထိုအခြေအနေနှင့် ရရှိသောငွေကို ယန်ခွမ်း သဘောမ
သော်လည်း လျစ်လျူရှုထားလိုက်ပြီဖြစ်သည်။

အေးအေးဆေးဆေး နေနိုင်သည့်အခြေအနေသည် သူ
မျှော်မှန်းချက်အတွက် လိုအပ်မှုဖြစ်သည်ဟု သဘောပိုက်ထ
လိုက်ပြီ မဟုတ်ပါလား။

ယန်ခွမ်း၏ဦးခေါင်းထဲ ထာဝစဉ်စိုးမိုးနေသည်မှာ ဖခင်ဖြ
သူအား ရှာဖွေဖို့ပင် ဖြစ်လေသည်။

စားဝတ်နေရေး အတွက် ပူပန်စရာ မလိုအပ်သောအ
ရှာဖွေဖို့ အချိန်ပြည့် ကြိုးစားအားထုတ်နိုင်သည် မဟုတ်ပါလား

သူ့ အား ဝိုင်းဝန်းကူညီရှာဖွေပေးမည့် အင်အားစုတ
အပေါ် ဩဇာသက်ရောက်နေခြင်းသည်ပင် သူ့ အတွက်ခွန်အ
တစ်ရပ် ဖြစ်လာလေသည်။

မီးသွေးတုံးသည် ယန်ခွမ်းအား ကူညီရန် အသင့်ရှိနေပြ
ချူးရှာကား ယခုထက် ပို၍တိုးတက်နိုင်မည့်နည်းလမ်းတွေ တွေ
တော ကြံဆနေလေသည်။

သုံးယောက်စလုံး၏ သဘောတူညီချက်ဖြင့် သူတို့ချုပ်က
ထားသည့် နယ်မြေအတွင်း၌ မြေအောက် လောကသားများ
ရှာဖွေရရှိမှုအပေါ် မတရားခေါင်းပုံဖြတ်ခြင်းမပြုဘဲ ထိုက်သ
သလောက်သာ လက်ခံယူခဲ့၏။

ထိုအခါ သူတို့၏လူများသည် သူတို့အပေါ် မျိုးလေး
လာကြသည်။ ယုံကြည်အားကိုးလာကြသည်။



ချူးရှာသည် ရယူထားသည့် ခနအင်အားကို အပိုဖြုန်းတီး
ပစ်ခြင်းမပြုဘဲ စနစ်တကျ စုဆောင်းထားခဲ့သည်။

တစ်နေ့တွင် ကြီးပွားချမ်းသာရမည်ဟူသော ရည်ရွယ်ချက်
ဖြင့် သူ၏ အကြံအစည်များကို အကောင်အထည် ဖော်နိုင်ရန်
ကြိုးစားလေသည်။

မည်သို့ပင်ဖြစ်စေ သူတို့၏ အောင်မြင် ကျော်ကြားမှုသည်
လောကချန်းမြို့၏ အရှေ့ပိုင်းနှင့် အနောက်ပိုင်း ကွက်ကွက်
ကလေးမှာပင် ဖြစ်ပေတော့သည်။

မီးသွေးတုံးက မီးပုံကို တုတ်တစ်ချောင်းဖြင့် ထိုးဆွလိုက်
လေသည်။

မီးတောက်မီးလျှံများ အားကောင်းလာသည်။
မီးအပူရှိန်ကြောင့် နွေးနွေးထွေးထွေး ဖြစ်လာကြလေသည်။
ချူးရှာက ယန်ခွမ်းကိုကြည့်ကာ...
'ယန်ခွမ်း၊ မင်းကို ငါပြောစရာရှိတယ်'
ဟု စကားစလိုက်လေသည်။

ယန်ခွမ်း ခေါင်းညိတ်လိုက်၏။
'ပြောလေ'
'ငါတို့ ဒီလိုပဲနေလို့ မဖြစ်ဘူးထင်တယ်ကွ'
ယန်ခွမ်း ပြုံးလိုက်၏။
'ပြောစမ်းပါဦး၊ မင်းက ဘာတွေများ တွေးမိလို့လဲ'
ချူးရှာသည် စိတ်အားထက်သန်စွာဖြင့် ပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ငါတို့လူတွေက လမ်းပေါ်မှာ ကျင်လည် ကျက်စားပြီး စွန့်စွန့်စားစား ရှာဖွေနေကြတယ်မဟုတ်လား'

'အေးလေ...ဒါကို အားလုံးသိတာပဲ၊ ဘာဖြစ်လို့လဲ'

'မင်းစဉ်းစားကြည့်စမ်း၊ သူတို့က အလစ်သုတ်မယ်၊ လိမ်မယ်၊ ခိုးမယ်၊ အချောင်းရမယ်ဆို ဘာမဆိုလုပ်မယ်၊ တကယ်လို့များ သူတို့ တစ်ခုခုဖြစ်သွားရင် ဘယ်သူက တာဝန်ယူမလဲ'

ယန်ခွမ်းက...

'သူတို့ရလာတော့ တချို့တစ်ဝက် ငါတို့ကို ပေးနေတာပဲ၊ သူတို့အတွက် ငါတို့တာဝန်ယူရမှာပေါ့'

ချူးရှာ ခေါင်းညိတ်လိုက်၏။

'ကောင်းပြီ၊ သူခိုးလက်က သူဝှက်လုစာမျိုး မဖြစ်ရုံက လွဲပြီး ငါတို့ ကာကွယ်နိုင်ပါ့မလား၊ ပြောပါ'

ယန်ခွမ်း မျက်မှောင်ကုတ်သွားသည်။

'မင်း ဘာကိုဆိုလိုတာလဲကွ'

ဟု မေးလိုက်၏။

ချူးရှာက...

'ဥပမာ-သူတို့က အလစ်သုတ်ရင်း လူမိသွားလို့ အရိုက်ခံရမယ်၊ မြို့တော်ဝန်လက်ထဲ ရောက်သွားမယ်၊ အချုပ်ချခံရမယ်ဆိုရင်ကော ငါတို့ ဘာလုပ်နိုင်မလဲ'

ယန်ခွမ်း ပါးစပ်ပိတ်ထားလိုက်လေသည်။



ချူးရှာ၏ စကားအဆုံးမှာယ် လေးနက်နေမှန်း နားသည် သဘောပေါက်သွားပြီ ဖြစ်လေသည်။

ချူးရှာပြောသည့်အတိုင်း မကြာခဏဖြစ်ပျက်ခဲ့သည်မဟုတ် ပါလား။

လူမိသွားသဖြင့် ရိုက်ပုတ်ခံရခြင်း၊ အကျဉ်းချခံရခြင်းတို့ အတွက် သူတို့သည်း ဘာမျှမတတ်နိုင်ကြဘဲ လက်ပိုက်ကြည့်နေ ရသည်ချည်းပင်။

ချူးရှာက...

'နောက်တစ်ခုက တို့လူတွေအားလုံး နေ့တိုင်းဝင်ငွေကောင်း နေမယ်လို့ အာမခံနိုင်တဲ့အချက်ပဲ'

ထိုအချက်သည်လည်း အရေးပါလှပေသည်။

အခြေအနေမပေးသဖြင့် ငွေရအောင်မရှာနိုင်သည့် နေ့ရက် များစွာရှိကြပေသည်။

ဝူးတိနှင့် ကျားကြီးတို့သာဆိုလျှင် သူတို့အတွက် တစ်နေ့ မပေးနိုင်လျှင် တစ်နေ့ရန်ရှာကြမည်။ နှိပ်စက်ကြမည်ဖြစ်သည်။

သူတပါး၏အခက်အခဲကို ထည့်သွင်းစဉ်းစားကြမည် မဟုတ် ပါချေ။

ယန်ခွမ်းတို့မှာမူ အခြေအနေ အရပ်ရပ်ကို နားလည်ထား သဖြင့် သူတို့အတွက် ပေးနိုင်ခြင်းမရှိသူများအား အမေ [illegible] သည်ချည်းပင်။

www.burmeseclassic.com

www.burmeseclassic.com



ချူးရှာက....

'အားလုံးကိုခြုံပြီးပြောရမယ်ဆိုရင် ငါတို့ဟာ မသေချာတဲ့ ကိစ္စကို မျှော်လင့်ပြီး ရပ်တည်နေကြတာပဲ၊ ကောင်းကင်ပေါ်က ဖိုးလမင်းကို တောင်းတတဲ့ ကလေးတွေနဲ့ ဘာမှမခြားဘူး'

ယန်ခွမ်းသာမက မီးသွေးတုံးသည်လည်း ချူးရှာ၏စကားကို စိတ်ဝင်စားလာ၏။

တစ်ချိန်လုံး ငြိမ်သက်စွာ နားထောင်နေရာမှ....

'မင်းဘာကြံစည်ထားတယ်၊ ဘာလုပ်ချင်တယ်ဆိုတာ ပွင့်ပွင့် လင်းလင်းပြောရင် ကောင်းမယ်'

ဟု ဝင်ပြောလိုက်လေသည်။

ဟိုအခါ ချူးရှာက....

'ငါက သေချာတဲ့အလုပ် ပြောင်းလုပ်မလားဆို့ စဉ်းစား ထားတယ်'

'သေချာတဲ့အလုပ်က ဘာလဲကွ၊ ပြောစမ်းပါဦး'

မီးသွေးတုံးက စိတ်မရှည်နိုင်သလို မေးလေသည်။

ချူးရှာက သူ၏ အကြံအစည်များကို ပြောပြလိုက်လေသည်။

ယန်ခွမ်းနှင့် မီးသွေးတုံးတို့ စိတ်ဝင်စားစွာဖြင့် နားထောင် နေကြ၏။

ချူးရှာက ဘယ်အချိန်က ကြိုတင်တွေးတောထားမှန်းမသိ။ သူ၏အကြံအစည် တပုံတပင်ကြီးကို မမောနိုင်မပန်းနိုင် ပြောပြ လေသည်။



ယန်ခွမ်းနှင့် မီးသွေးတုံးတို့ နားထောင်ရင်း တအံ့တဩ ဖြစ်လာကြ၏။

သူတို့ လုံးဝ မစဉ်းစားမိသည့် အကြောင်းချင်းရာများကို ချူးရှာက အကွက်စေ့စေ့ တွေးတောထားခြင်း ဖြစ်ကြောင်း ဆင်ခြင်မိကြလေသည်။

'ကဲ...မင်းတို့ ဘယ်လိုသဘောရသလဲ'

ဟု သဘောထား တောင်းခံလိုက်၏။

ယန်ခွမ်းနှင့် မီးသွေးတုံးတို့ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြ၏။

မီးသွေးတုံးက....

'သူပြောတဲ့အတိုင်း တကယ်တမ်းဖြစ်လာနိုင်မယ်ဆိုရင် ငါတို့ လူတွေအတွက် ခုထက် ပိုပြီးအန္တရာယ် ကင်းသွားလိမ့်မယ်၊ ပြီး တော့ ငွေမှန်မှန်ရမှာ ပူစရာမလိုတော့ဘူး'

ဟု ပြောလေသည်။

ချူးရှာက....

'ဒါဟာ အရေးအကြီးဆုံးအချက်ပဲကွ'

ဟု အခိုင်အမာ ပြောလိုက်၏။

မီးသွေးတုံးက....

'ကျယ်ကျယ်ပြန့်ပြန့်သာ လုပ်နိုင်မယ် ဆိုရင်တော့ ခုထက် ပိုပြီးဝင်ငွေကောင်းလာမှာ သေချာတယ်'

'ဒါပေါ့ကွ၊ ငါတို့ ဩဇာဖြန့်ကျက်နိုင်လေလေ ဝင်ငွေ ကောင်းလေလေပဲပေါ့၊ ရင်မပူရဘဲ ငွေတွေ တရစပ်ဝင်လာ တော့'

www.burmeseclassic.com

www.burmeseclassic.com



ယန်ခွမ်းသည် ချူးရှာနှင့် မီးသွေးတုံးတို့အား အကဲခတ်ကြည့်လိုက်ပြီး....

'မီးသွေးတုံး၊ မင်းဘယ်လိုသဘောရသလဲ'

ဟု မေးလိုက်၏။

မီးသွေးတုံးက....

'အခုအခြေအနေထက် ပိုကောင်းနိုင်တဲ့ အစီအစဉ်ပဲကွ၊ ငါ သဘောတူတယ်'

ဟု ချူးရှာဘက်မှ ထောက်ခံလိုက်၏။

ယန်ခွမ်းက....

'တရားမျှတမှုဆိုတာက....'

မီးသွေးတုံးက ပြုံးလိုက်၏။

'ငါတော့ မတွေ့ဖူးသေးဘူးကွ၊ ကိုယ့်နည်း ကိုယ့်ဟန်နဲ့ မတရားလုပ်နေကြတာချည်းပဲ'

ယန်ခွမ်း သက်ပြင်းချလိုက်၏။

'ဒါဆိုလဲ ပြီးတာပဲပေါ့'

သူ၏ စကားသည် ချူးရှာ၏ အကြံအစည်ကို သဘောတူလိုက်သည့် သဘောပင် ဖြစ်လေသည်။

သူတို့ သုံးယောက်သည် ဖိနှိပ်မှု၊ နိုင့်ထက်စီးနင်း မတရားပြုလုပ်မှုများနှင့်သာ ကြုံတွေ့ခဲ့ရသည် ဖြစ်ရာ ဘဝ၏ အတွေ့အကြုံကို အခြေခံပြီး လွဲမှားသော ခံယူချက်များ ခံယူမိကြသူများ ဖြစ်ပေသည်။



သူတို့ စကားကောင်းနေစဉ်မှာပင်....

'ခွပ် ခွပ်...ခွပ် ခွပ်'

မြင်းခွာသံများထွက်ပေါ်လာပြီး မြင်းလှည်းတစ်စီး သူတို့ထံဦးတည် မောင်းနှင်လာနေသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

....ဝ....

www.burmeseclassic.com

www.burmeseclassic.com

၆

သစ္စာတရား

မှန်သောစကားကို ဆိုခြင်းသည် 'သစ္စာ' ဖြစ်သည်။

သစ္စာတရား၏ သဘောသည် နက်ရှိုင်းလှ၏။

ထို့ကြောင့် မိုက်မဲသူများတွင် ကိန်းအောင်းခြင်းမရှိသကဲ့သို့ ထိုက်တန်ခြင်းလည်း မရှိနိုင်တော့ချေ။

...၀...



'ခွပ် ခွပ်....ခွပ် ခွပ်'

မြင်းခွာသံ စည်းချက်ဝါးချက်ကျကျ ထွက်ပေါ်လာလေသည်။

ဖန်းကနုတ်များ ဖော်ထားသည့် အဖိုးတန် မြင်းလှည်းတစ်စီးသည် ယန်ခွမ်းတို့ရှိရာသို့ ဦးတည်မောင်းနှင်လာနေ၏။

ယန်ခွမ်းတို့ မြင်းလှည်းကို လှမ်းကြည့်လိုက်ကြလေသည်။

မြင်းလှည်းသည် တစ်စထက်တစ်စ နီးကပ်လာသည်။

ရုတ်တရက် ချုံးရှာ မျက်လုံးပြူးသွားပြီး...

'တောင်ဘီလူး မုအီ'

ဟု လှတ်ခနဲ ရေရွတ်လိုက်လေသည်။

ထိုစကားကြားလျှင် မီးဆွေးတုံးလည်း လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

တောင်ဘီလူး မုအီမှာ လောက်ချန်းမြို့တောင်ပိုင်းမှ အကြီးအကဲ ဖြစ်သည် မဟုတ်ပါလား။

မြောက်ပိုင်း၌ 'မြေခွေး လုထိန်'သည် မင်းမူလျက် ရှိလေသည်။

အရှေ့ပိုင်းနှင့် အနောက်ပိုင်းကို ယန်ခွမ်းက စိုးမိုးထားပြီးနောက် လောက်ချန်းမြို့၏ မြေအောက်လောက ...င် တော...ဘီလူး မုအီနှင့် မြေခွေး လုထိန်တို့သည် ပြိုင်ဘက်ကြီးများ...ယ် ဖြစ်လာခဲ့ကြသည် မဟုတ်ပါလား။

သူတို့နှင့် တစ်နေ့ ရင်ဆိုင်တွေ့ရမည်ဟု ယန်ခွမ်းတို့ သုံးဦးသုံး ယုံကြည်ထားခဲ့ကြပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခု တောင်ဘီလူး မှအိသည် သူတို့ထံ ရောက်ရှိလာပြီ ဖြစ်လေသည်။

ယန်ခွမ်းတို့ သုံးယောက်သား ထိုင်ရာမှ ထရပ်လိုက်ကြလေသည်။

မြှင်းလှည်း ရပ်တန့်သွား၏။

မြှင်းလှည်းသမားသည် ပေါ့ပါးစွာ ခုန်ဆင်းလာပြီး တံခါး ဖွင့်ပေးလိုက်၏။

မြှင်းလှည်းအတွင်းမှ အဖိုးတန် ပိုးဖဲအင်္ကျီ ဝတ်ဆင်ထားသူ အစ်ယောက် ဆင်းလာလေသည်။

ထိုလူမှာ အသက်လေးဆယ်ခန့်ရှိပြီး အစားကျူးသော ဝက်တစ်ကောင်ကဲ့သို့ ဝဝဖိုင့်ဖိုင့် ရှိလေသည်။

တောင်ပိုင်း၌ နာမည်ကြီး လူဆိုးကြီးတစ်ယောက် ဖြစ်သော်လည်း လူဆိုးနှင့် မတူဘဲ ကုန်သည်ပွဲစား တစ်ယောက်နှင့် တူနေပေတော့၏။

မှအိသည် ပြုံးရွှင်သောမျက်နှာထားဖြင့် ယန်ခွမ်းတို့အနီးသို့ လျှောက်လာပြီးလျှင်...

'ငါ့ညီလေး ယန်ခွမ်းနဲ့ တွေ့မှ တွေ့ရပါ့မလားလို့ စိတ်ပူနေလိုက်ရတာ၊ ခုမှပဲ စိတ်အေးရတော့တယ်'

ယန်ခွမ်းအား ဦးတည်ကာ ပြောလာလေသည်။

သူတို့နှစ်ယောက် တစ်ကြိမ်တစ်ခါမျှ တွေ့ဖူးခဲ့ကြသည်မဟုတ်ပါ။ သို့တိုင် မှအိက ယန်ခွမ်းအား သိနေခြင်းကြောင့် မျက်ခြည်မပြတ် စောင့်ကြည့်နေခဲ့ကြောင်း ထင်ရှားပေါ်လွင်နေပေတော့သည်။



ယန်ခွမ်းက...

'နောင်ကြီးက ကျုပ်ဆီကို တကူးတက အလည်လာမယ်လို့ မထင်ပါဘူးဗျာ၊ ဘာကိစ္စလဲဆိုတာ ပြောပါ'

ဟု ခပ်ပြတ်ပြတ်ပင် မေးလိုက်လေသည်။

မှအိ ရယ်မောလိုက်သည်။

'ဟဲ...ဟဲ...ဟဲ... တို့တစ်တွေဟာ တစ်မြေတည်းနေ၊ တစ်ရေတည်း သောက်ကြသူတွေပါကွာ၊ သူစိမ်းတွေလို မနေသင့်ဘူးလို့ အစ်ကိုကြီး ယူဆတယ်လေ၊ ငါ့ညီကော ဘယ်လို သဘောရသလဲ'

ဟု ပြန်မေးလာလေသည်။

ယန်ခွမ်း ကြောင်အမ်းအမ်း ဖြစ်သွား၏။

ရုတ်တရက်မို့ မည်သို့ ပြန်ဖြေရမှန်းမသိ ဖြစ်သွားလေသည်။

မီးသွေးတုံးနှင့် ချူးရှာတို့အား လှမ်းကြည့်လိုက်မိ၏။

ချူးရှာက...

'အစ်ကိုကြီးမှအိ ခုလို ရောက်လာတဲ့အတွက် ဝမ်းသာမိပါတယ်ဗျာ၊ ကျွန်တော်တို့က ငယ်ရွယ်သူတွေမို့ အမှားရှိရင် ခွင့်လွှတ်ပါ၊ ကျွန်တော်တို့ စိတ်ထဲမှာ အစ်ကိုကြီးဟာ တောင်ပိုင်းမှာ စည်းစိမ်အပြည့်နဲ့ ရှိနေလိမ့်မယ်လို့ ထင်နေမိကြပါတယ်၊ ခုလို ရောက်လာမယ်လို့ လုံးဝ မတွေးမိကြပါဘူးဗျာ၊ ဘာကြောင့်လဲဆိုရင် ဒီနေရာဟာ နဂါးလေးရဲ့ နေရာ ဖြစ်နေလို့ပါ'

ပရိယာယ်ကြွယ်ကြွယ်ဖြင့် ပြောလိုက်သည့် ချူးရှာ၏စကားကို မီးသွေးတုံးကော ယန်ခွမ်းပါ သဘောကျသွားကြလေသည်။

မှအိ ရယ်မောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'အဆိပ်ပြင်းတဲ့ နဂါးလေးရဲ့ နေရာဆိုတာ ကျုပ်သိပါတယ်၊ ကျုပ်က မိတ်ဆွေအဖြစ်နဲ့လာခဲ့တာပါ'

ယန်ခွမ်း၊ ချူးရှာနှင့် မီးသွေးတုံးတို့ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်မိကြလေသည်။

မုအိက...

'ငါ့ညီဘာ နောက်မှ ရောက်လာပြီး လှောင်ချိန်းမြို့ တစ်ဝက်လောက်ကို ထိန်းချုပ်ထားတယ်လို့ မနာလို မဖြစ်မိပါဘူးကွာ၊ ငါ့ညီရဲ့ အရည်အချင်းကိုပဲ ချီးကျူးနေမိတာပါ။ တကယ်လို့များ ငါ့ညီ သဘောတူမယ်ဆိုရင် ကျုပ်က ညီနောင် ဖွဲ့ချင်လို့ လာခဲ့တာပါ'

သူ ရောက်လာရသည့် အဓိက အကြောင်းရင်း ပေါ်လွင်လာပြီ ဖြစ်လေသည်။

မုအိသည် ယန်ခွမ်းနှင့် ထိပ်တိုက်ရင်မဆိုင်ခဲ့ နာ၊ လည်းမ ယူကာ သင့်သင့်မြတ်မြတ်နေထိုင်သွားလိုသည့် ဆန္ဒရှိကြောင်း ထုတ်ဖော်ပြောနေခြင်း မဟုတ်ပါလား။

ချူးရှာက...

'နောင်ကြီးရဲ့စိတ်ကူး မဆိုးပါဘူး၊ ကောင်းတဲ့ရည်ရွယ်ချက် ဆိုတော့ ကျွန်တော်တို့ဘက်က လက်ခံဖို့ အလားအလာ ရှိပါ တယ်ဗျာ'

ဟု မယုတ်မလွန် ဝင်ပြောလိုက်လေသည်။

မုအိက...

'ကျုပ်ရောက်လာပြီးမှတော့ ကျုပ်အပေါ် သံသယကင်း အောင် ရှင်းရှင်းပဲပွင့်ပြောခဲ့ပါမယ်၊ ညီလေးနဂါးက နယ်မြေ



နှစ်ခုကို ချုပ်ကိုင်ထားနိုင်တာကို အားကျပြီး မြွေခွေးက ကျုပ်ရဲ့နယ်မြေကို ဝါးမျိုဖို့ကြံစည်နေတယ်၊ ဒါကြောင့် ငါ့ညီ တို့နဲ့ လာပြီး မိတ်ဖွဲ့တာပါ၊ သူ့ကို ကျုပ် ရင်ဆိုင်နိုင်ပါတယ်၊ ငါ့ညီတို့ သူ့ဘက်မပါမသွားရင်တော်ပါပြီ၊ ကျုပ်ဘက်က ဝင်ကူ စရာ မလိုပါဘူး'

ဟု ပြောလေသည်။

ယန်ခွမ်းက ချူးရှာကို ကြည့်လိုက်၏။

သူတို့သုံးယောက်တွင် ချူးရှာသည် ဉာဏ်အများဆုံး မဟုတ် ပါလား။

မုအိအား ချူးရှာမှယုံ တာဝန်ယူနိုင်မည်ဟု ယန်ခွမ်း ယုံကြည်ထားပေတော့သည်။

ချူးရှာက...

'အစ်ကိုကြီးရဲ့နယ်မြေကိုသိမ်းဖို့ကြိုးစားမယ်ဆိုရင် မြွေခွေး ကြီးလောက်မိုက်မဲတဲ့လူ လောကပေါ်မှာ ရှိနိုင်တော့မှာ မဟုတ် ပါဘူးဗျာ'

ဟု ပြောလိုက်လေသည်။

ထိုစကားကြားလျှင် မုအိ၏ မျက်နှာတွင် ကျေနပ်နှစ်သိမ့် သည့် အရိပ်အယောင်များ ဖြစ်ပေါ်လာလေသည်။

'ဟုတ်တယ်၊ မြွေခွေးက လောကပေါ်မှာနေရတာ ပျင်းနေ ပြီ ထင်ပါရဲ့ကွာ၊ ကျုပ်က သူ့ကို ဆုံးမပြီးရင် ငါ့ညီတို့ကို မမေ့ ပါဘူး၊ ထိုက်ထိုက်တန်တန် ဂုဏ်ပြုမှာပါ'

'အစ်ကိုကြီးကိစ္စ ဒါပဲလား၊ တစ်ခြား ဘာရှိသေးသလဲ'

မုအိ ခေါင်းခါယမ်းလိုက်လေသည်။

www.burmeseclassic.com

'ဒါပါပဲ....ဒါပါပဲ၊ ငါညီတို့ ခေါင်းရှောင်နေမယ်ဆိုရင် ကျုပ်က ကျေးဇူးတင်လို့ဆုံးမှာ မဟုတ်ပါဘူး'

'ကောင်းပြီလေ၊ ကျွန်တော်တို့ ဝင်ပါစရာအကြောင်းလဲ မရှိပါဘူး၊ အစ်ကိုကြီး ပူမနေပါနဲ့တော့ဗျာ'

မုအီက...

'ဒါဖြင့် ကျုပ်သွားလိုက်ဦးမယ်၊ နောက်မှ တွေ့ကြသေးတာပေါ့'

'ကောင်းပါပြီ ခင်ဗျာ'

မုအီသည် နှုတ်ဆက်ပြီးသည်နှင့် မြင်းလှည်းပေါ် ပြန်တက်သွားလေသည်။

မြင်းလှည်းသမားက တံခါးပိတ်လိုက်ပြီးလျှင် မြင်းလှည်း မောင်းသည်နေရာသို့ ခုန်တက်ကာ မောင်းနှင်ထွက်ခွာသွားလေတော့သည်။

....o....



မုအီ ထွက်သွားပြီးဖြစ်လေသည်။

ယန်ခွမ်းနှင့် မီးသွေးတုံးတို့က ချူးရှာကို ကြည့်လိုက်ကြလေသည်။

ချူးရှာက...

'သူက ဝူးတိန်နဲ့ ကျားကြီးတို့ကိုတောင် အထင်ကြီးခဲ့တာ မဟုတ်ဘူးကွ၊ အခုလိုလာပြီး မိတ်ဖွဲ့တာ ကံကောင်းတာပဲ'

ဟု ပြောလေသည်။

ယန်ခွမ်းက ဘာမျှမပြောဘဲ ငြိမ်နေ၏။

မီးသွေးတုံးက...

'သူက ယန်ခွမ်းကို အထင်ကြီးသွားတယ်ဆိုပါတော့'

ဟု ပြန်မေးလိုက်သည်။

ချူးရှာက...

'ဖြစ်နိုင်တယ်၊ သူတို့က တစ်ယောက်ကိုတစ်ယောက် ရှင်းပြီး …မြေလုဖို့ ကြံစည်နေကြတာ၊ ဝူးတိန်နဲ့ ကျားကြီးကို ရှင်းဖို့ …သေးလို့ စောင့်ကြည့်နေတာ၊ ယန်ခွမ်းက သူတို့နေရာကို လိုက်စတော့ ရုတ်တရက် အထင်မသေးရဲတော့ဘူးပေါ့'

မီးသွေးတုံး ပြုံးလိုက်၏။

'အထင်မသေးရဲဘူးဆိုတာ ငါလက်ခံပါတယ်၊ ဒါပေမယ့် …ခွမ်းက နောက်မှပေါက်လာတဲ့ ရွှေကြာပင်မဟုတ်လား …အတွက် မျက်စိစပါးမွေးစူးစရာ ဖြစ်မနေဘူးလားကွ'

www.burmeseclassic.com



'သေချာတာပေါ့ကွာ'

'သူက စပြီးမိတ်ဖွဲ့လာတာ ထူးဆန်းမနေဘူးလား'

ချူးရှာ သက်ပြင်းချလိုက်သည်။

'ငါမတွေးမိပါဘူးကွာ၊ သူနဲ့အဆင်ပြေရင် ငါတို့အတွင်း အန္တရာယ်တစ်ခု လျော့သွားနိုင်တာမို့ ဝမ်းသာအားရ ပြော တာပါကွာ၊ တကယ်ဆိုရင် သူ့မှာ အကြံအစည်တစ်ခုခု ရှိ လိမ့်မယ်ဆိုတာ ငါရိပ်မိပါတယ်'

မီးသွေးတုံးက....

'သူက အချုပ်သပ်တာ မဖြစ်နိုင်ဘူးလား'

'သိပ်ဖြစ်နိုင်တာပေါ့ကွာ'

'ငါတို့ ဘာလုပ်ကြမလဲ'

ဤတွင် တစ်ချိန်လုံး စကားမပြောဘဲ ငြိမ်သက်နေသ ယန်ခွမ်းက....

'အခြေအနေစောင့်ကြည့်ဖို့ပဲ ရှိတာပေါ့'

ဟု ဝင်ပြောလိုက်၏။

မီးသွေးတုံးနှင့် ချူးရှာတို့ ငြိမ်ကျသွား၏။

ထိုအချိန်မှာပင်....

'ခွပ်....ခွပ်........ခွပ်....ခွပ်'



မြင်းခွာသံများ ထွက်ပေါ်လာပြီး မြင်းလှည်းတစ်စီး သူတို့ ထံသို့ ဦးတည် မောင်းနှင်လာနေသည်ကို တွေ့မြင်လိုက်ရလေ တော့သည်။

....၀....

ယန်ခွမ်း၊ မီးသွေးတုံးနှင့် ချူးရှာတို့ မျက်မှောင်ကုတ်ကာ ကြည့်လိုက်ကြ၏။

မြင်းလှည်းတစ်စီးမှာ သူတို့နှင့် မလှမ်းမကမ်းသို့ ရောက်ရှိ လာပြီး ရပ်တန့်သွားလေသည်။

မြင်းလှည်း မောင်းလာသူက ခုန်ဆင်းလာပြီး မြင်းလှည်း တံခါးကို ဖွင့်လိုက်၏။

မြင်းလှည်းပေါ်မှ လူတစ်ယောက် ဆင်းလာလေသ

ထိုလူမှာ ဝတ်ကောင်းစားလှ ဝတ်ဆင်ထားပြီး

ရှိသူ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



'မြေခွေး လွှေကုန်းပဲ'

ချူးရှာက တိုးတိုးပြောလိုက်၏။

ယန်ခွမ်း ဗိုဂျ် ဆတိထားနေလိုက်၏။

မကြာသေးမီကပင် တောင်ပိုင်းအီလုံး မှအီ ရောက်ရှိလာခဲ့ပေသည်။

ယခု မြောက်ပိုင်းမှ မြေခွေးလွှေကုန်း ရောက်ရှိလာပြန်ပြီ မဟုတ်ပါလား။

ထူးခြားမှု တစ်ခုခု ရှိနေပြီဖြစ်ကြောင်း သတိပြုမိလိုက်လေတော့သည်။

လွှေကုန်းသည် ဟန်ပါပါဖြင့် သူတို့အနီးသို့ လှမ်းလာ၏။

အနီးသို့ ရောက်လာလျှင် ချူးရှာနှင့် မီးသွေးတုံးတို့အား လုံးဝ ဂရုမစိုက်ဘဲ ယန်ခွမ်းအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်လေသည်။

ယန်ခွမ်းက မလှုပ်မယှက် ရှိနေ၏။

ခံစားချက်ကင်းမဲ့သည့် ကျောက်ရုပ်တစ်ရုပ်နှင့် တူလှပေတော့သည်။

လွှေကုန်း ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

'မင်းမဆိုးဘူး'

ဟု ချီးကျူးလိုက်၏။



ချူးရှာက....

'ခင်ဗျားက နဂါးလေးကို ချီးကျူးဖို့သက်သက် လာခဲ့တာလားဗျ'

ဟု ဝင်မေးလိုက်လေသည်။

လွှေကုန်းသည် ကိုယ့်နေရာမဟုတ်ဘဲ ဝင်ရှုပ်ရန်ကောဟူသော အကြည့်ဖြင့် ချူးရှာကို လှမ်းကြည့်လိုက်၏။

ချူးရှာက မသိချင်ဟန် ဆောင်နေလိုက်၏။

လွှေကုန်းက....

'ဒူးတို့နဲ့ ကျားကြီးကို လုံးနှံနိုင်တယ်ဆိုတာ တော်ရုံတန်ရုံနဲ့ မရဘူးဆိုတာ ငါနားလည်တယ်၊ မင်းက အရှေ့ပိုင်းနဲ့ အနောက်ပိုင်းမှာ မင်းမှုနေတာကို ငါအာမမပြောချင်ဘူး၊ အေး...ဒူးတို့ မြောက်ပေးတာနဲ့ သူနဲ့ပေါင်းပြီး ငါ့ကိုဒုက္ခပေးဖို့တော့ မကြံစားနဲ့၊ အမှားကြီး မှားသွားလိမ့်မယ်'

ဟု ခပ်မာမာပြောလေသည်။

ချူးရှာ ရယ်မောလိုက်၏။

'လက်စသတ်တော့ ခင်ဗျားက သတိပေးဖို့လာခဲ့တာကိုး'

'ဟုတ်တယ်၊ မင်းတို့ ခေါင်းဆောင်နေတာ အကောင်းဆုံးပဲ၊ မကြာခင် ငါက မှအီကို အပြတ်ရှင်းပစ်မယ်၊ မင်း ဝင်ရှုပ်ပို့ကြံရင် ဒုက္ခရောက်ဖို့ပဲရှိတယ်'

ချူးရှာ ဝမ်းသာသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လွှကုန်းနှင့် မုံအိုတို့ ထိပ်တိုက် ရင်ဆိုင်ကြမည် ဆိုပါက တစ်ယောက်ယောက်တော့ အရေးနိမ့်သွားကြမည်ဖြစ်ပေသည်။

ဤသို့ဆိုလျှင် ယန်ခွမ်းအတွက် ဖြိုပ်ဘက်တစ်ယောက် လျော့သွားသည်ဟု ဆိုနိုင်သည်မဟုတ်ပါလား။

'သိပ်ကောင်းတာပေါ့ဗျာ'

ဟု လှတ်ခနဲပြောလိုက်လေသည်။

လွှကုန်းက....

'ဘာ....ဘာပြောတယ်ကွ'

'ဪ.... ခင်ဗျားတို့ချင်း စာရင်း ရှင်းကြမယ် ဆိုရင် အကောင်းဆုံးပေါ့ဗျာ၊ ကျုပ်တို့နဲ့ ဘာဆိုင်သလဲ၊ လက်ပိုက်ကြည့်နေရုံပေါ့'

လွှကုန်း နှာခေါင်းရှုံ့လိုက်သည်။

'အေး....လက်ပိုက်ကြည့်မနေဘဲ ဝင်ရှုပ်မယ်ဆိုရင်လဲ ဒုက္ခရောက်မယ်လို့ ငါသတိပေးတာပဲ၊ ဒီကနေ့ည မြို့ပြင်ရေကန်ကြီးဘေးမှာ ငါတို့ အလုပ်ကြီးတစ်ခုလုပ်ကြမယ်၊ မင်းက အေးအေးဆေးဆေး နေမယ်ဆိုရင် ငါက မင်းအကြောင်း စဉ်းစားမှာမဟုတ်ဘူး၊ ငါပြောတာ မြဲမြဲမှတ်ထား'

စကားဆုံးလျှင် ချာခနဲလှည့်ကာ မြင်းလှည်းရှိရာသို့လျှောက်သွားလေသည်။

ယန်ခွမ်း၊ ချူးရှာနှင့် မီးသွေးတုံးတို့ လက်ပိုက်ကြည့်နေပြီး တားမြစ်ခြင်း မပြုကြပါချေ။



လွှကုန်း မြင်းလှည်းပေါ်တက်ကာ တံခါးပိတ်လိုက်သည်နှင့် မြင်းလှည်းသမားသည် မြင်းကိုအော်ငေါက်ကာ မောင်းနှင်သွားလေသည်။

တစ်ခဏအတွင်းမှာပင် မြင်ကွင်းမှ ကွယ်ပျောက်သွားလေတော့သည်။

....ပ....

ချူးရှာနှင့် မီးသွေးတုံးတို့က ယန်ခွမ်းကို ကြည့်လိုက်ကြလေသည်။

ယန်ခွမ်းက....

'သူတို့နှစ်ယောက် ယှဉ်ပြိုင်ကြမယ်ဆိုရင် အတော်ကြည့်လို့ကောင်းမှာပဲကွ'

ဟု ရေရွတ်လိုက်လေသည်။

ချူးရှာက....

'လွှကုန်းက လိမ်ပြောတာပဲဖြစ်မယ်လို့ ငါထင်တယ်'

www.burmeseclassic.com



'ဆိုစမ်းပါဦး'

'မှအိက လှေကူနိုးကို သုံးလေးကြိမ် မကဘူး ရှန်စခဲ့ဖူးတယ်ကွ၊ ဒါပေမယ့် လှေကူနိုးက လက်တုန့်ပြန်တယ်လို့ ငါမကြားဖူးဘူး'

'အေးလေ.... သူက မခံနိုင်တဲ့အဆုံး ရန်ဆိုင်ဖို့ကြိုးစားတာတော့ ဖြစ်နိုင်တာပေါ့'

'ငါထင်တာ သူတို့နှစ်ယောက်မှာ အကြောင်းတစ်ခုခုတော့ ရှိနေကြလိမ့်မယ်ကွ'

'ဘာယ်လိုအကြောင်းမျိုးလဲ'

ချူးရှာ ခေါင်းကုပ်လိုက်သည်။

'ဘာလဲဆိုတာ ပြောရခက်တယ်၊ သူတို့နှစ်ယောက် ပေါင်းပြီး မင်းကို ရှင်းပစ်ဖို့ အကွက်ဆင်တာလဲ ဖြစ်နိုင်တာပဲ'

ယန်ခွမ်း ပြုံးလိုက်လေသည်။

မီးသွေးတုံးက....

'မင်းပြောတော့ သူတို့ နှစ်ယောက်ဟာ စားကျက်လုပြီး တစ်ယောက်ကိုတစ်ယောက် ချောင်းနေကြတယ်ဆိုကွ'

ဟု ဝင်မေးလေသည်။

ချူးရှာက....

'ဟုတ်တယ်လေ၊ ခုချိန်မှာ မင်းရှိနေရာကိုလိုက်ယူဖို့ အလွယ်ဆုံးလို့ သူတို့တွက်ထားကြမှာပဲကွ'



မီးသွေးတုံး မျက်နှာပျက်သွားလေသည်။

'သူတို့နှစ်ယောက်ပေါင်းပြီး ယန်ခွမ်းကို ရှင်းမယ်ဆိုပါတော့'

'ဒါအဖြစ်နိုင်ဆုံးပဲကွ'

မီးသွေးတုံးက ယန်ခွမ်းကိုကြည့်လိုက်လေသည်။

ယန်ခွမ်းကား မည်သို့မျှခံစားရပုံမပေါ်ချေ။

မီးသွေးတုံးက....

'ယန်ခွမ်း၊ သူတို့ကတော့ မင်းကို မျက်စိနောက်နေကြပြီ၊ မင်းဘယ်လိုလုပ်မလဲ'

ဟု မေးလိုက်လေသည်။

ယန်ခွမ်းက....

'ငါ့ကိုရှင်းချင်တယ်ဆိုရင် သူတို့နှစ်ယောက် အပင်ပန်းခံပြီး လာနေစရာမလိုပါဘူး၊ သူတို့ခိုင်းစရာလူတွေ တစ်ပုံတစ်ပင်ကြီး ရှိနေတာပဲ၊ မြို့ပြင်ရေကန်ဘေးမှာ အလုပ်ကြီးတစ်ခု လုပ်ကြမယ်ဆိုတာ ဘာလဲလို့ ငါသိချင်တယ်'

ချူးရှာ မျက်လုံးပြူးသွားလေသည်။

'ဟာ မင်းသွားလို့ မဖြစ်ဘူးထင်တယ်'

ယန်ခွမ်း ရယ်မောလိုက်လေသည်။

'ဘာကြောင့် မဖြစ်ရမှာလဲကွ'

www.burmeseclassic.com

www.burmeseclassic.com



'အေး...အေး နေပါဆိုတဲ့ကြားက မင်းသွားမယ်ဆိုရင်သူတို့လက်ခံကြမှာမဟုတ်ဘူးနော်'

'ငါက အေးအေး ဆေးဆေးနေရင်ကော သူတို့လက်ခံကြမှာလား'

ချူးရှာ ပါးစပ်ပိတ်ထားလိုက်လေသည်။

မီးသွေးတုံးက....

'ယန်ခွမ်းကိုရှင်းပစ်ဖို့ သူတို့ကြံစည်နေမှာပဲလို့ မင်းပြောခဲ့တယ် မဟုတ်လား၊ ဘာထူးမှာလဲကွာ၊ ငါတို့မြို့ပြင်ရေကန်ကို သွားကြတာပေါ့'

ဟု ဝင်ပြောလေသည်။

ချူးရှာ သက်ပြင်းချလိုက်သည်။

'အကြောင်းမယ်မယ်ရရမရှိဘဲ သွားကြည့်ရုံဆိုရင်တော့ ငါမလိုက်ချင်ဘူး၊ သွားမယ်ဆိုရင် ရည်ရွယ်ချက်တစ်ခုခုတော့ ရှိသင့်တယ်'

ယန်ခွမ်း ရယ်မောလိုက်သည်။

'ချူးရှာ ဘာလုပ်ရမယ်ဆိုတာ ငါသိပါတယ်ကွာ'

ဟု ပြောလိုက်၏။

ထိုအခါမှ ချူးရှာလည်း သဘောကျသွားပြီး ရယ်မောလိုက်လေသည်။

မီးသွေးတုံးသည် သူတို့နှစ်ယောက်အားကြည့်ကာ နားမလည်နိုင်အောင် ဖြစ်လာ၏။



ယန်ခွမ်းသည် အသက်တစ်နှစ်ကြီးလာသည်နှင့်အမျှ လူကောင်ကြီးလာသလို ဉာဏ်လည်းပိုထက်လာသည် မဟုတ်ပါလား။

ယန်ခွမ်းနှင့် ချူးရှာတို့သည် အရိပ်ပြလျှင် အကောင်ထင်ကြသူများ၊ အကွက်မြင်ကြသူများ ဖြစ်နေ၏။

သူသည် ယန်ခွမ်းတို့ကဲ့သို့ ဉာဏ်မမီဟုတွေးကာ မီးသွေးတုံး ပါးစပ်ပိတ်ထားလိုက်လေတော့သည်။

....၀....

www.burmeseclassic.com

www.burmeseclassic.com

ဘဝတံခွန်

ကြံ့ကြံ့ခိုင်ခြင်းသည် အောင်မြင်မှု၏လမ်းစဖြစ်သည်။

ကြိုးစားခြင်းသည် တက်လမ်းမဟုတ်ပါလား။

အချိန့်အရေးအသုံးချနိုင်ပါက ဘဝတံခွန်လွှင့်ထူနိုင်မည် ဖြစ်ပေသည်။

....o....



ကောင်းကင်ပေါ်၌ ထ၀န်းထိန်ထိန်သာနေ၏။

အေးမြသော လရောင်သည် သစ်ပင်သစ်ရွက်များပေါ်သို့လည်းကောင်း၊ လမ်းများပေါ်သို့လည်းကောင်း၊ ရေကန်ကြီးတစ်ဝိုက်၌လည်းကောင်း ဖြာကျလျက်ရှိပေသည်။

ယန်ခွမ်း၊ ချူးရှာနှင့်မီးသွေးတုံးတို့သည် ရေကန်ကြီးအနီးသို့ ရောက်ရှိလာကြပြီး ဖြစ်လေသည်။

ချူးရှာက....

'ငါတို့ဖြောင့်ကျူကျူသွားလို့ တော့မကောင်းဘူးကွ'

ဟု ဘာတိပေးလိုက်လေသည်။

ယန်ခွမ်းက ဘာမှမပြောချေ။

မီးသွေးတုံးက....

'သူတို့ရောက်နေပြီဆိုရင် ငါတို့တွေ့ရမှာပေါ့ကွာ၊ ဘယ်သူမှမရောက်သေးလို့ပဲ ဖြစ်လိမ့်မယ်၊ လာ ရေကန်ဘေးမှာသွားပြီးနေရာယူကြရအောင်'

ပြောပြောဆိုဆို ခပ်သွက်သွက် လှမ်းထွက်သွားလေသည်။

ယန်ခွမ်းနှင့်ချူးရှာတို့နောက်မှ လိုက်သွားကြ၏။

ရေကန်ကြီးအနီးသို့ရောက်သွားကြသည့်တိုင်လူရိပ်လူယောင်မတွေ့ရပါချေ။

မီးသွေးတုံးက....

'သူတို့အချင်းချင်းတွေ့ရင် ဒီနေရာလောက်မှာပဲ ဖြစ်မယ်'

ရေကန်ဘေးမှ မြေကွက်လပ်ကြီးကိုညွှန်ပြရင်း ပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ချူးရှာက....

'လာ' ငါတို့ ဟိုသစ်ပင်အောက်မှာ နေရာယူကြရအောင်'

မြေကွက်လပ်ဘေးရှိ သစ်ပင်ကြီးအနီးသို့ လျှောက်သွားလေသည်။

ယန်ခွမ်းနှင့် မီးသွေးတုံးတို့ လိုက်သွားကြ၏။

သစ်ပင်ခြေရင်း၌ တောပန်းရုံများ ခပ်စုစုကလေးရှိနေပါ၏။ သစ်မြစ်ဆုံကြီးပေါ်၌ သုံးယောက်သား ထိုင်ချလိုက်သောအခါ ပန်းရုံများကွယ်သွားသဖြင့် မြေကွက်လပ်မှကြည့်လျှင်ရုတ်တရက် မြင်တွေ့နိုင်တော့မည် မဟုတ်ပါချေ။

ယန်ခွမ်းတို့သုံးယောက်မှာမူ သစ်မြစ်ဆုံပေါ် ထိုင်လျက်မှပင် မြေကွက်လပ်ဆီသို့ တွေ့မြင်နေရလေသည်။

မီးသွေးတုံးက....

'ငါတို့ကို သတိပေးထားတဲ့ကြားထဲက ငါတို့လာခဲ့ကြတယ်ဆိုတော့ သူတို့နဲ့တွေ့ရင် ဘယ်လိုမှရှင်းလို့ရတော့မှာ မဟုတ်ဘူးကွ'

ဟု ပြောလေသည်။

ချူးရှာ ရယ်မောလိုက်သည်။

'ရှင်းလို့ မရတော့လဲ ဘာအရေးလဲကွ၊ သူတို့မရှိတော့ရင် ပိုတောင်ကောင်းသေးတယ်၊ လောကချုန်းတစ်မြို့လုံး ယန်ခွမ်းလက်ထဲ ရောက်လာမှာပဲကွ'

'မင်းက ယန်ခွမ်းကိုမုန်းနေပြီ ထင်တယ်'

'ဘာဆိုင်လို့လဲကွ၊ ငါတို့ တစ်နေ့ရင်ဆိုင်ရမှာပဲမဟုတ်လား အခွင့်အရေးဆိုတာ အမြဲတမ်း ရနိုင်တာမှမဟုတ်တာ'



မီးသွေးတုံးက....

'မင်းက သူတို့နဲ့ ယန်ခွမ်းကို ထိပ်တိုက်တွေ့စေချင်တယ်ပေါ့၊ ဟုတ်လား'

'ခုမတွေ့လဲ နောက်တွေ့မှာပဲ၊ ဘာထူးလို့လဲ၊ ဒီကနေ့ သူတို့နှစ်ယောက် ရောက်လာတာကိုကြည့်ရင် အခက်အခဲတစ်ခု ကြုံနေကြတာ ထင်ရှားတယ်၊ သူတို့ရဲ့ အကြပ်အတည်းဟာ ငါတို့ရဲ့ အခွင့်အရေးပေါ့ကွာ၊ လောကချုန်းမြို့ တစ်မြို့လုံးကိုသာ ချုပ်ကိုင်နိုင်မယ်ဆိုရင် ကိုယ်လုပ်ချင်တဲ့ အလုပ်တွေကို ဖြောင့်ဖြောင့်ဖြူးဖြူး လုပ်နိုင်တော့မယ်ဆိုတာ မှတ်ထားပေတော့'

မီးသွေးတုံးက ယန်ခွမ်းအား ကြည့်လိုက်၏။

ယန်ခွမ်းက ဘာမျှမပြောဘဲ မြေကွက်လပ်သို့ ငေးကြည့်နေ၏။

ချူးရှာက....

'ငါ လူမှန်းသိတတ်ကတည်းက လမ်းပေါ် ရောက်နေခဲ့တာ၊ အခုဆိုရင် ငါ့အသက် ဆယ့်ခုနစ်နှစ်ရှိပြီ၊ ယန်ခွမ်းနဲ့တွေ့မှ ထမင်းတစ်လုတ်ကို အေးအေးဆေးဆေး စားနိုင်တဲ့အခြေအနေ ဖြစ်လာတယ်၊ ငါ့ညီတစ်ယောက် ဘယ်ဘဝ ရောက်ခဲ့တယ်ဆိုတာ မင်းတို့သိပါတယ်ကွာ၊ သူတို့နဲ့ပတ်သက်လာရင် ငါဘယ်တော့မှ ကျေနပ်နိုင်ဦးမှာ မဟုတ်ဘူးကွ၊ မြို့တောင်ပိုင်းနဲ့ မြောက်ပိုင်းမှာ ငါတို့လိုအဖြစ်မျိုး ကြုံရတဲ့လူတွေ ဘယ်လောက်များများ ရှိနေဦးမလဲမှ မသိတာ'

www.burmeseclassic.com

www.burmeseclassic.com



ယန်ခွမ်း၏ မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပလာသည်။

ချူးရှာ၏ရင်ထဲမှ ခံစားချက်ကို သိလိုက်ရပြီမဟုတ်ပါလား။

ချူးရှာသည် သူ့အား လူပေလူတေများ၏ ခေါင်းဆောင်ဘဝသို့ ရောက်ရှိလာအောင် တွန်းပို့ခဲ့ပေသည်။

ပတ်ဝန်းကျင်အခြေအနေများကလည်း ဖန်တီးပေးခဲ့၏။

ထို့ကြောင့် မြို့အရှေ့ပိုင်းနှင့် အနောက်ပိုင်းတွင် အကြီးအကဲနေရာကို သွေးနှင့်ရင်းပြီး ရရှိလာခဲ့လေသည်။

ယခု မုအိနှင့် လေ့ကုန်းတို့သည် သူ့အား ဂရုစိုက်လာကြပြီ ဖြစ်သကဲ့သို့ အကြပ်အတည်းတစ်ခုနှင့် တွေ့နေပုံရှိရကား သူတို့အား ဖယ်ရှားပစ်ရန် အခွင့်ကောင်းရရှိလာပြီဟု ယုံကြည်မျှော်လင့်ထားပုံ ရလေသည်။

ယန်ခွမ်းသည် ချူးရှာအား ကိုယ်ချင်းစာမိလေသည်။

ရက်စက် ကြမ်းကြုတ်သည့် မုအိနှင့် လေ့ကုန်းတို့၏ လက်အောက်တွင် သူတို့ကဲ့သို့ ဘဝတူ လူငယ်လူရွယ်လေးများ များစွာရှိနေလိမ့်မည် ဖြစ်ပေသည်။

ထိုလူငယ်လေးများ၏ ဘဝအား ကူညီရန်မှာ မုအိနှင့် လေ့ကုန်းအား ဖယ်ရှားပစ်ဖို့သာ ဖြစ်ပေတော့သည်။

ချူးရှာသည် သူ့အပေါ် ယုံကြည် အားကိုးသော်လည်း မုအိနှင့် လေ့ကုန်းတို့အား ရင်ဆိုင်ရန် မလွယ်မှန်းသိသဖြင့် ပွင့်လင်းလင်း မပြောဘဲနေခြင်း ဖြစ်ပေတော့သည်။



ယခု လေ့ကုန်းနှင့် မုအိတို့ အကြပ်အတည်းတစ်ခုနှင့် ကြုံတွေ့နေရသည်မှာ သတ်ပြုမိခြင်းကြောင့်သာလျှင် သူ၏နှုတ်ဖျားမှ ပွင့်အန်လာခြင်း ဖြစ်ပေတော့သည်။

ယန်ခွမ်း တွေးတောစဉ်းစားနေစဉ်မှာပင် ချူးရှာ၏အသံထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ချူးရှာက....

'ဟုတ်ပြီ၊ လွန်ခဲ့တဲ့နှစ်ရက်က ငါကြားခဲ့တဲ့သတင်းကြောင့်ပဲ ဖြစ်မယ်'

ဟု လွတ်ခနဲအော်လိုက်ခြင်း ဖြစ်လေသည်။

ယမ်ခွမ်းနှင့် မီးသွေးတုံးတို့ ချူးရှာအား မျက်မှောင်ကုတ်ကာ ကြည့်လိုက်ကြလေသည်။

ချူးရှာက....

'ငါတို့မြို့ကို သိုင်းသမားကြီးတစ်ယောက် ရောက်လာတယ်လို့ ငါပြောခဲ့တာ မင်းတို့မှတ်မိသေးသလား'

ဟု မေးလိုက်၏။

မီးသွေးတုံးက....

'မကောင်းသူပယ်၊ ကောင်းသူကယ်တဲ့ အဖြူရောင် သိုင်းသမားကြီးတစ်ယောက် ရောက်လာတယ်လို့ မင်းပြောခဲ့တာလား၊ သူ့နာမည်ကို 'တရားမား' ယန်ချင်းလို့ တောင် ပြောခဲ့သေးတယ်လေ'

www.burmeseclassic.com

www.burmeseclassic.com



ချူးရှာ ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်... ဟုတ်တယ်၊ ငါပြောတာ တရုတ်ဘုရား ယန်ချင်းပဲ'

'ပြောစမ်းပါဦး၊ သူက ဘာဖြစ်လို့လဲ'

'မုအိနဲ့ လေကုန်းတို့ လှုပ်လှုပ်ရှားရှားဖြစ်နေကြတာ တရုတ်ဘုရား ယန်ချင်းကြောင့်ပဲဖြစ်မယ်'

ယန်ခွမ်းနှင့် မီးသွေးတုံးတို့ စိတ်ဝင်စားလာကြသည်။

ချူးရှာက ဆက်ပြောလိုက်သည်။

'တရုတ်ဘုရားယန်ချင်းဟာ မြေအောက်လောကကနာမည်ကြီး ထိပ်သီးတွေကို ရှာဖွေသုတ်သင်နေတဲ့လူပဲကွ၊ သွေးဝိညာဉ်ဂိုဏ်းကို ဖော်ထုတ်ချေမှုန်းဖို့ အပြင်းအထန်ကြိုးစားနေတဲ့ လူပေါ့၊ သူ ရောက်လေရာနေရာတိုင်းမှာ မြေအောက်လောကသားတွေ ဖမ်းမိ ဖရဲဖြစ်ပြီး ကျန်ရစ်ခဲ့ကြတာပဲ'

မီးသွေးတုံး မျက်လုံးပြူးသွားလေသည်။

'တရုတ်ဘုရား ယန်ချင်း ဒီမြို့ကိုရောက်လာတယ်ဆိုတော့ သူက ဒီမှာ မင်းမူနေတဲ့ မြေအောက် လောကသားတွေကို နှိမ်နင်း သွားဦးမယ်ဆိုတဲ့ သဘောလား'

'သေချာတာပေါ့ကွာ၊ သူက ခရီးသွားဟန်လွှဲ ဆိုးမသွား တတ်တာချည်းပဲကွ'

မီးသွေးတုံးက ယန်ခွမ်းကို ကြည့်လိုက်လေသည်။

ယန်ခွမ်း မည်သို့မျှ ခံစားရပုံမပေါ်ချေ။



သူ၏ စိတ်နေသဘောထားသည် ကြုံတွေ့ခဲ့ရသည့် ဘဝ သင်ခန်းစာများအရ တင်းမာခက်ထန်သည့် လူတစ်ယောက် အဖြစ်သို့ သိသိသာသာကြီး ပြောင်းလဲသွားခဲ့ပြီ ဖြစ်လေသည်။

ချူးရှာက....

'တရုတ်ဘုရား ယန်ချင်းအတွက် မုအိတို့ လှုပ်လှုပ်ရှားရှား ဖြစ်နေကြတာ သေချာပြီကွ'

ဟု ပြောလေသည်။

'မင်းဆိုလိုတာ သူတို့ဟာ ရေကန်ကြီးနားမှာ...'

မီးသွေးတုံး ကြားဝင်ပြောလိုက်သော်လည်း စကားဆုံး အောင် မပြောလိုက်ရပါချေ။

အကြောင်းကား လူရိပ်တစ်ခု ရေကန်ကြီးဆီသို့ ဦးတည် ပြေးလွှား လာနေသည်ကို လရောင်ဖြင့် တွေ့မြင်လိုက်ရခြင်း ကြောင့် ဖြစ်လေသည်။

'လူလာနေတယ်'

ယန်ခွမ်းက ပြောလိုက်သည်။

သူတို့သုံးယောက် နောက်ထပ် စကားမပြောဖြစ်ကြတော့ဘဲ တိတ်ဆိတ်ငြိမ်သက်စွာဖြင့် ရေကန်ကြီးအနီးသို့ ပြေးလွှား[illegible] [illegible]အား အကဲခတ်ကြည့်နေလိုက်ကြလေတော့သည်။

လရောင်ဖြာကျနေပါ၏။

ရေကန်နံဘေးမှမြေကွက်လပ်သို့ရောက်ရှိလာ[illegible] [illegible] [illegible]တစ်ယောက် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



‘လေ့ကုန်းပါလား’

ချူးရှာက တီးတိုးရေရွတ်လိုက်၏။

ယန်ခွမ်းနှင့် မီးသွေးတုံးတို့ အသာအယာ ခေါင်းညိတ်လိုက်ကြလေသည်။

ထိုလူမှာ မြေခွေးလေ့ကုန်းဖြစ်ကြောင်း သူတို့လည်း မှတ်မိလိုက်ကြသည် မဟုတ်ပါလား။

လေ့ကုန်းသည် ဝဝဖိုင့်ဖိုင့်ရှိသည့်တိုင် မြေခွေးတစ်ကောင်ကဲ့သို့ လျင်မြန်စွာ ပြေးလွှားလာခြင်းဖြစ်ပေသည်။

လေ့ကုန်းသည် ရေကန်ကြီးအနီးသို့ရောက်သည်နှင့် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ပြီး....

‘မုအိ၊ ခင်ဗျား ရောက်မလာသေးဘူးလားဗျ’

ဟု မေးလိုက်လေသည်။

သူ၏အသံနှင့် မရှေးမနှောင်းမှာပင်....

‘ကျုပ် လာပါပြီဗျာ’

စကားသံနှင့်အတူ လူတစ်ယောက်ပြေးလွှားလာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူမှာ တောင်ဘီလူးမုအိ ဖြစ်လေသည်။

မုအိသည် ရေကန်ကြီးအနီးသို့ရောက်ရှိလာပြီး လေ့ကုန်းနှင့် မျက်နှာချင်းဆိုင် ရပ်လိုက်လေသည်။

ချူးရှာက....

‘ပွဲကြီးပွဲကောင်းပဲ’

ဟု တီးတိုးရေရွတ်လိုက်၏။



ယန်ခွမ်းနှင့် မီးသွေးတုံးတို့ ငြိမ်နေကြသည်။

မြေကွက်လပ်ဆီသို့ မျက်တောင်မခတ် စိုက်ကြည့်နေကြလေသည်။

လေ့ကုန်းသည် မုအိရောက်ရှိလာသည်ကိုတွေ့လျှင်....

‘ဘယ်လိုလဲဗျ၊ ခင်ဗျားက တရားခံယန်ချင်းကို ရှင်းပစ်ဖို့ အစီအစဉ်လုပ်ထားတယ်ဆို’

ဟု မေးလေသည်။

မုအိ ရယ်မောလိုက်သည်။

‘စိတ်ချစမ်းပါဗျာ၊ သူဟာ အသက်ရှင်လျက် ကျုပ်တို့မြို့က ထွက်သွားလို့ ရမှာ မဟုတ်ပါဘူး’

‘နေဦး၊ ခင်ဗျားက နဂါးလေးဆီကို သွားခဲ့သေးတယ် မဟုတ်လား၊ ဒါ ဘာသဘောလဲ’

‘ဟဲ...ဟဲ....ဟဲ.... ကျုပ်တို့ တိုင်ပင်ထားကြတဲ့အတိုင်း သူ့ရဲ့အခြေအနေကို သွားကြည့်တာ သူ့ကို လျော့တွက်လို့ မရဘူးလေဗျ၊ ကျုပ်တို့က တရားခံယန်ချင်းကို ရှင်းပစ်ဖို့ စီစဉ်ထားကြတာကိုများ သူသတင်းရသွားခဲ့ရင် ယန်ချင်းဆီကို အကြောင်းကြားပြီး ကျုပ်တို့ မျက်စီးအောင် လုပ်နိုင်တယ်မဟုတ်လား ကျုပ်တို့က သူ့ကို ရှင်းပစ်ချင်သလို သူကလဲ ကျုပ်တို့ကို ရှင်းဖို့ ကြံစည်နေမှာပဲ မဟုတ်လားဗျ’

မုအိက အကျိုးအကြောင်း ရှင်းပြလိုက်လျှင် လေ့ကုန်း ကျေနပ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်လဲ သူ့ဆီကို ရောက်ခဲ့သေးဘယ်၊ သူ့ကို ဖိဟောက်ခဲ့တယ်ဗျ၊ ယန်ချင်းကို ရှင်းပြီးတာနဲ့ သူ့ကိုပါ ရှင်းရမှာပဲ'

'ဒီကောင်လေးဟာ မှုစရာမလိုပါဘူးဗျာ'

လွှေကုန်း ခေါင်းယမ်းလိုက်သည်။

'သူ့ကို အထင်သေးရင် ခင်ဗျား မှားသွားမှာပေါ့၊ ဝူးတီနဲ့ ကျားကြီးတို့ ခံလိုက်ရတာကို မေ့ထားလို့ ဘယ်ဖြစ်မလဲ'

'မပူစမ်းပါနဲ့ဗျာ၊ ဒီကောင်လေးဟာ မန္တးမနပ်လေးပါ၊ ကျုပ် ရှင်းပြပါ့မယ်ဗျာ၊ ကဲ...ခင်ဗျားဘက်က အသင့်ဖြစ်ပြီလားဗျ'

လွှေကုန်းက...

'စိတ်ချစမ်းပါ၊ သူရောက်လာတာနဲ့ နောင်တ ရသွားစေမယ်'

'ဟဲ...ဟဲ...ဟဲ... ကျုပ်တို့နှစ်ယောက် ပေါင်းလိုက်ရင် သူ ဘာတတ်နိုင်မှာလဲဗျာ'

သူတို့နှစ်ယောက်သည် ရေကန်ကြီးဆီသို့လာရာလမ်းအတိုင်း လှမ်းမျှော်ကြည့်လိုက်ကြလေသည်။

ထိုအချိန်မှာပင် လူတစ်ယောက်လှမ်းလာနေသည်ကို တွေ့ရလေသည်။

နှစ်ယောက်သား လူချင်းခွဲလိုက်ကြ၏။

အသင့်ဆောင်ထားသည့် ဓားများပေါ်သို့ လက်တင်ကာ မျက်တောင်မခတ် စိုက်ကြည့်နေကြလေသည်။



ယန်ခွမ်းတို့လည်း စိတ်ဝင်စားသွားကြသည်။

လျင်မြန်စွာ လှမ်းလာနေသူအား အကဲခတ်ကြည့်လိုက်ကြလေသည်။

ချူးရှာက...

'တရားခေး ယန်ချင်း ထင်တယ်'

ဟု တီးတိုးပြောလေသည်။

မီးသွေးတုံးကား အသက်ပင်ရှဲရှဲမရှူဝံ့အောင် ဖြစ်သွား၏။

သူတို့သည် လမ်းမှားနေကြသူများဖြစ်သည်။

မြေအောက်လောက၌ ကျင်လည်ကျက်စားနေကြသူများ ဖြစ်သည်။

ထို့ကြောင့် အလိုလိုနေရင်း စိတ်ထဲ၌ သိမ်ငယ်နေမိသည်။ တရားမျှတမှုကို ကိုယ်စားပြုနေသူများ၊ အများအကျိုး၊ သိုင်းလောကအကျိုးအတွက် အနစ်နာခံကာ ဆောင်ရွက်နေသူများနှင့် ရင်ဆိုင်ရသောအခါ အလိုလို မဝံ့မရဲ ဖြစ်နေတတ်သည် မဟုတ်ပါလား။

မုအိနှင့် လွှေကုန်းတို့ စောင့်ဆိုင်းနေကြစဉ်မှာပင် လှမ်းလာနေသူသည် သူတို့နှင့် မလှမ်းမကမ်းသို့ ရောက်လာလေသည်။

မုအိက...

'ကျုပ်တို့ သူ့ကို ဟန်ဆောင်တိုက်ခိုက်ပြီး တောင်ဘက်ကို ပြေးမယ်၊ တောင်ဘက်မှာ ကျုပ်တို့လူတွေ စောင့်နေကြတယ် ဆိုတော့ ကျုပ်တို့ရဲ့ ထောင်ချောက်ထဲကို သူရောက်လာမှာပဲ'

www.burmeseclassic.com

www.burmeseclassic.com



'ကဲ...စကြစို့'

စကားဆုံးလျှင် ဓားဆွဲထုတ်လိုက်လေသည်။

လေ့ကုန်းကလည်း ဓားဆွဲထုတ်လိုက်သည်။

သူတို့နှစ်ယောက်သည် တဖြည်းဖြည်းနီးကပ်လာသူထံ ဖြေး ဝင်တိုက်ခိုက်ရန် ဟန်ပြင်လိုက်ကြလေသည်။

လေ့ကုန်းသည် လှမ်းလာနေသည့် လူရိပ်ထံ ခုန်ဝင်တိုက်ခိုက် လုဆဲဆဲအချိန်တွင် ထူးခြားမှုတစ်ရပ် ရုတ်တရက် ဖြစ်ပေါ်လာ သည်ကို သတိပြုမိလိုက်လေသည်။

မုအိ၏ လှုပ်ရှားမှုသည် ရိုးသားမှုမရှိကြောင်း ချက်ချင်း သတိပြုမိလိုက်ခြင်း ဖြစ်လေသည်။

ထို့ကြောင့် မုအိကို လှည့်ကြည့်လိုက်၏။

မုအိသည် ရှေ့မှလာနေသူအား တိုက်ခိုက်ရန် ဟန်ပြင်နေ ရာမှ ချာခနဲလှည့်ကာ လေ့ကုန်းအား တိုက်ခိုက်လိုက်လေ၏။

လေ့ကုန်း ထိတ်လန့်သွားပြီး....

'ခင်ဗျား ဘာလုပ်တာလဲ'

ဟု အော်လိုက်သည်။

ဝဲဘက်သို့ ခုန်ရှောင်ရန် ဟန်ပြင်လိုက်လေသည်။

ရှေ့ဘက်မှ လှမ်းလာနေသူကလည်း....

'ယား'

ဗြောသံပေးကာ ခုန်ဝင် တိုက်ခိုက်လာလေသည်။

လေ့ကုန်း ဘေးကျပ်နံကျပ် ဖြစ်သွား၏။



'တောက်....ခင်ဗျား ယုတ်မာလှချည်လား'

ဟု အော်ငေါက်ကာ ရှောင်၍မလွတ်နိုင်တော့သည့်အတူတူ ပြန်လည်တိုက်ခိုက်ရန် ကြိုးစားလိုက်လေသည်။

သို့သော် သူ့အတွက် နောက်ကျသွားပြီ ဖြစ်လေသည်။

မုအိ၏ ဓားသည် သူ၏ ဝဲဘက် နံကြားသို့ ခုတ်ချမိလိုက်ပြီး ရှေ့မှ ခုန်ဝင်လာသူ၏ ဓားသည် သူ၏ ပခုံးကို ထိုးစိုက်မိလိုက် လေ၏။

'အား....'

လေ့ကုန်း စူးရှစွာ အော်ဟစ်လိုက်ပြီး မြေပေါ် လဲကျသွား လေသည်။

မုအိက ချက်ချင်းပင် ရှေ့တိုးသွားပြီး လေ့ကုန်း၏ ရင်ဝကို ဓားဖြင့် ထောက်ထားလိုက်လေသည်။

'မလှုပ်နဲ့'

လေ့ကုန်း ဒေါသခြောင်းခြောင်း ထွက်သွားလေသည်။

'မုအိ....မင်း ယုတ်မာလှချည်လားကွ'

မုအိ ရယ်မောလိုက်လေသည်။

'ဟား....ဟား....ဟား....မင်းက ညံ့တာကိုးကွ၊ ခင်ပေါ [illegible] တရားဓား ယန်ချင်း ရောက်လာတယ်လို့ ကြားတာနဲ့ [illegible] ကြောက်လန့်ပြီး ငါနဲ့ လာပူးပေါင်းတာကိုး၊ ယန်ချင်း [illegible] နေမှန်း မသိသေးဘူး၊ ထိတ်လန့်နေတာ မင်းအ[illegible]

www.burmeseclassic.com

www.burmeseclassic.com



ဒေတာ့ ထိပ်တိုက် မတွေ့ရမချင်း ဂရုမစိုက်ဘူး၊ သတင်းကြားရုံ ဒလောက်နဲ့ ကြောက်နေရမယ်ဆိုရင် နေစရာရှိပါဦးမလားကွ

လေကုန်း ခံပြင်းသွားပြီး....

'ယား....'

ငြာသံပေးကာ ခုန်ထလိုက်၏။

မုအိအား တိုက်ခိုက်ရန် ကြိုးစားလိုက်လေသည်။

သို့သော် မုအိမှာ လက်ဦးမှုရနေပြီဖြစ်ရကား ဓားကိုင်ထားသည့် လက်ကို ခပ်သွက်သွက် လှုပ်ရှားလိုက်သည်နှင့်....

'အား....'

လေကုန်း စူးရှစွာ အော်ဟစ်လိုက်၏။

တစ်ကိုယ်လုံး သွေးချင်းချင်းနီရဲသွားပြီး မြေပေါ် ခွေပစ်လက်ပစ် လဲကျသွားလေတော့သည်။

....ဓ....



'ဟား....ဟား....ဟား'

မုအိ၏ ရယ်မောသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေတော့သည်။

သူ့အား ကူညီခဲ့သူကလည်း ရယ်မောလိုက်လေသည်။

ထိုလူမှာ တရားခံ ယန်ချင်း မဟုတ်ဘဲ မုအိ၏ မြင်းလှည်းမောင်းသမား ဖြစ်နေပါ၏။

သူတို့သည် လေကုန်းအား လှည့်စားကာ သုတ်သင်ရှင်းလင်းပစ်လိုက်ခြင်း ဖြစ်လေသည်။

ယခု လေကုန်းသည် မြေပေါ်၌ စန့်စန့်ကြီး လဲကျနေပြီ မဟုတ်ပါလား။

မုအိက သဘောကျစွာ ရယ်မောလိုက်ပြီးမှ...

'တရားခံ ယန်ချင်းရဲ့ နာမည်ကြားရုံနဲ့ သေလုမျောပါး ကြောက်လန့်ပြီး ငါ့ဆီ လာမိတ်ဖွဲ့တာ၊ ဟဲ....ဟဲ...ငါက ယန်ချင်းထက် ကြောက်စရာကောင်းတယ်ဆိုတာ သူ သိသွားရပြီပေါ့'

ဟု ကျေနပ်စွာ ပြောလေသည်။

အဖြစ်အပျက်ကို အစအဆုံး တွေ့မြင်ခဲ့ရသည့် ယန်နွမ်းတို့ သုံးယောက်မှာ ဒေါသဖြစ်နေကြပေသည်။

လူဆိုးဓားပြများသည် သစ္စာမရှိကြဘဲ မိမိ[illegible] အကျိုးရှိမည်ဆိုလျှင် ဘာမဆို လုပ်ရဲတတ်ကြသည် မဟုတ်ပါလား။

တစ်နည်းဆိုရလျှင် အခွင့်အရေးရသည်နှင့် လက်လွှတ်[illegible] မိမိအကျိုးအတွက် မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ [illegible]

www.burmeseclassic.com

www.burmeseclassic.com



သော နည်းလမ်းမျိုးကိုမဆို အသုံးပြုရန် ဝန်မလေးဘဲ ရယူတတ်ကြလေသည်။

မိုက်မဲမှု တံခွန်ရဲရဲကြီး လွှင့်ထူတတ်ကြပေသည်။

ချူးရှာက....

'မအိက အပြောချိုပေမယ့် လှေကုန်းထက်တောင် ကြောက်စရာ ကောင်းပါသေးလား'

ဟု တီးတိုး ညည်းညူလိုက်လေသည်။

မီးသွေးတုံးက....

'လောက်ချန်းမြို့က အကြီးအကဲ တစ်ယောက်တော့ လျော့သွားပြန်ပြီ'

ဟု ဆိုလေသည်။

ဤတွင် ချူးရှာ၏ မျက်လုံးများ အရောင် တဖိတ်ဖိတ် ဝင်းလက်တောက်ပလာပြီးလျှင်....

'ဟုတ်တယ်ကွ၊ ခုဆိုရင် မအိနဲ့ ယန်ခွမ်း နှစ်ယောက်ပဲရှိတော့တယ်၊ မအိကိုသာ ရှင်းပစ်နိုင်ရင် လောက်ချန်းမြို့မှာ ယန်ခွမ်းမော့ကြည့်ရဲတဲ့လူ ရှိတော့မှာ မဟုတ်ဘူး'

ဟု အားတက်သရော ပြောလေသည်။

ယန်ခွမ်း၏ ခန္ဓာကိုယ် ခါတ်ခနဲ တုန်ခါသွား၏။

ချူးရှာက....

'သူက လှေကုန်းကို ရှင်းပစ်လိုက်တာ မင်းအမြင်ပဲ၊ မင်းကိုတော့ချာပေါက် ရှင်းပစ်မှာပဲကွ၊ သူ့အကြောင်း ကိုယ်ကသိ



တာ တပန်းသာတယ်၊ သူများလက်ချက်ကို ခေါင်းငုံ့ခံမယ့်အစား ကိုယ်က လက်ဦးမှုယူထားမှ ဖြစ်မယ်'

ဟု တိုက်တွန်းလေသည်။

အခြေအနေအရ ယန်ခွမ်းအား မအိနှင့် ရင်ဆိုင်ရန် ဖန်တီးလာပြီ ဖြစ်လေသည်။

ယန်ခွမ်း ကိုယ်တိုင်လည်း မအိအား သဘောမကျနိုင်ဘဲ ဖြစ်လာ၏။

'သူ့ကို စောင့်ကြည့်နေရမှာပဲ'

ဟု တီးတိုး ရေရွတ်လိုက်လေသည်။

မီးသွေးတုံး မျက်နှာပျက်သွား၏။

မအိသည် သူတစ်ချက် ကိုယ်တစ်ချက် ထိုးကြိတ်တိုက်ခိုက်မည့် လူစားမျိုး မဟုတ်ပါ။ မြင်ဘက်အပေါ် အကောက်ကြံကာ အလစ်တွင် ဓားတစ်ချက်ဖြင့် သုတ်သင်ရှင်းလင်းပစ်မည့်သူ ဖြစ်ပေသည်။

ယန်ခွမ်းသည် လက်အလွန်မြန်သူဟုကား ယုံကြည်ထားပါ၏။

သို့သော် ကောက်ကျစ်သည့် မအိနှင့်ရင်ဆိုင်ရလျှင် သက်သာမည် မဟုတ်ဟု တွေးမိသဖြင့် ထိတ်လန့်သွားခြင်း ဖြစ်ပေသည်။

'ယန်ခွမ်း....သူနဲ့ ရင်ဆိုင်မယ်ဆိုရင်တော့ သတိထားမှ ဖြစ်မယ်၊ သူဟာ ကျားကြီးတို့၊ ဝံပုလွေတို့လို မဟုတ်ဘူးကွ'

ဟု သတိပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယန်ခွမ်းက....

'ငါနားလည်ပါတယ်ကွာ'

မီးသွေးတုံး ဘာမျှမပြောတော့ဘဲ ပါးစပ်ပိတ်ထားလိုက်လေသည်။

ထိုအချိန်တွင် မုအိနှင့်မြစ်းလှည်းမောင်းသမားတို့၏ စကားသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

မုအိက....

'ငါတို့လူတွေကို အဆင်သင့်လုပ်ထားခိုင်းရဲ့လား၊ လှေကူးကိုရှာဖိုးတာနဲ့ မပြီးသေးဘူး၊ သူ့တပည့်အချို့ကိုလဲ ရှင်းပစ်ဖို့ဖြစ်မယ်ကွ'

'စိတ်ချပါဆရာ၊ ကျွန်တော်တို့လူတွေ အဆင်သင့်ဖြစ်နေကြပါပြီ၊ ညတွင်းချင်းမဲ မြောက်ပိုင်းကို သိမ်းပိုက်နိုင်ပါတယ်'

'ကောင်းတယ်....ကောင်းတယ်၊ တရားမဲ့ ယန်ချင်းကိုတော့ ကျေးဇူးတင်ရဦးမယ်၊ နို့မဟုတ်ရင် လှေကူးက ငါနဲ့အဆက်အသွယ်လုပ်မှာလဲ မဟုတ်ဘူး၊ ငါချိန်းထားတဲ့နေရာကို တစ်ယောက်တည်းလာမှာလဲ မဟုတ်ဘူးကွ၊ ခုတော့လောက်ချင်းတစ်မြို့လုံး ငါ့လက်ထဲရောက်လာအောင် လုပ်ပေးသလို ဖြစ်နေတာပေါ့ကွာ'

သူ၏တပည့်က....

'ဆရာ၊ အရှေ့ပိုင်းက နဂါးလေးရှိသေးတယ်'

ဟု သတိပေးလိုက်လေသည်။



မုအိ ရယ်မောလိုက်လေသည်။

'ဟား....ဟား....ဟား..... ဓါးလောက်လေး မလောက်စားကောင်လေးတစ်ယောက်ကို ငါက ဂရုစိုက်နေရမှာလားကွာ၊ အရက်ထဲအဆိပ်ခတ်ပြီး မိတ်ဖွဲ့ဆွေဖြစ်တိုက်တာပါဆိုရုံနဲ့ တစ်ခါတည်းကိစ္စပြတ်သွားမှာကွ၊ ခွေးတစ်ကောင်လောက်နဲ့ ထွက်စရာမလိုဘူး၊ ဒီကောင်လေးအကြောင်း ခေါင်းထဲထည့်ပြီး စဉ်းစားမနေစမ်းပါနဲ့ကွာ၊ ကဲလာ ငါတို့သွားကြရအောင်'

စကားဆုံးလျှင် မုအိက ခပ်သွက်သွက် လှမ်းထွက်သွား၏။

မြင်းလှည်းသမားက နောက်မှလိုက်သွား၏။

တစ်ခဏအတွင်းပင် သူတို့နှစ်ယောက် မြင်ကွင်းမှကွယ်ပျောက်သွားကြလေတော့သည်။

....ဝ....

www.burmeseclassic.com

www.burmeseclassic.com



မင်းလမ်းမကြီးတစ်လျှောက် စည်ကား သိုက်မြိုက်နေလေသည်။

အရောင် အသွေးစုံလင်စွာ ဝတ်ဆင် ထားကြသူများသည် ပျားပန်းခတ်မျှ လှုပ်ရှားသွားလာနေကြလေသည်။

မင်းလမ်းမကြီးအတိုင်း အဖြူရောင် ဝတ်ဆင်ထားသူ တစ်ယောက် လျှောက်လာ၏။

ထိုလူသည် အသက်လေးဆယ်ခန့်ရှိပြီး ဥပဓိရုပ် တည်ကြည်ခန့်ညားသူဖြစ်၏။

သူ၏ခါး၌ အနီရောင် ပန်းပွားကလေးများ ထပ်ဆင်ထားသည့် ဓားတစ်လက် ချိတ်ဆွဲထား၏။

ထိုလူ၏ပုံပန်းသဏ္ဌာန်ကို တွေ့မြင်ရရုံဖြင့် သိုင်းသမားတစ်ဦး ဖြစ်ကြောင်း သိနိုင်ပေသည်။

ထိုလူသည် ပတ်ဝန်းကျင်ကိုငေးမောကြည့်ရှုရင်း လှမ်းလာခဲ့ရာ မြို့လယ်ဘုံကျောင်းရှေ့သို့ ရောက်ရှိလာလေသည်။

ဘုံကျောင်းသို့လာရောက်ကြသူများ၊ ဘုံကျောင်းထဲမှပြန်ထွက်လာကြသူများဖြင့် စည်စည်ကားကား ဖြစ်နေ၏။

ထိုလူသည် အတန်ကြာ ငေးကြည့်ပြီးမှ ဘုံကျောင်းဆီသို့ ရှေ့ရှုလျှောက်သွား၏။

အခြားသော လာရောက် ဂါရဝပြုကြသူများနှင့်အတူ ဘုံကျောင်းအတွင်းသို့ လှမ်းဝင်လိုက်လေသည်။



ဘုံကျောင်းအတွင်းဘက်၌ 'ကွမ်ရင်မယ်တော်'၏ ရုပ်တုရှိနေပြီး ပန်း၊ ဆီမီး၊ အမွှေးတိုင်များဖြင့် ပူဇော်ထားသည်ကို တွေ့ရလေသည်။

ထိုလူသည် ကွမ်ရင်မယ်တော်ရုပ်တုရှေ့သို့ လှမ်းသွားပြီး ဒူးထောက်ကာ ရှိခိုးကန်တော့လိုက်လေသည်။

ထိုသို့ ရှိခိုးကန်တော့နေချိန်၌ သူ၏မျက်လုံးများ ရီဝေနေသည်။

တစ်စုံတစ်ခုသောအရာအား တမ်းတမှုဖြင့် ကြေကွဲနေဟန်ရှိလေသည်။

ရှိခိုးကန်တော့ရင်း သူ၏နှုတ်ခမ်းများ တလှုပ်လှုပ် ဖြစ်လာပြီး...

'တပည့်တော် သူ့ကိုပြန်တွေ့ပါရစေ၊ တပည့်တော်ရဲ့အပြစ်တွေကို ခွင့်လွှတ်ဖို့ သူ့ရှေ့မှာဒူးထောက်တောင်းပန်ခွင့် ပေးသနားတော်မူပါ'

ဟုဆုတောင်းလိုက်လေသည်။

ထိုတစ်ခဏအတွင်းထိုလူမှာတစ်စုံတစ်ခုသောဝေဒနာခံစားလိုက်ရဟန်ဖြင့် မျက်နှာတစ်ခုလုံး ရှုံ့မဲ့သွားပြီး ချက်ချင်းပင် ဒူးထောက်ရာမှ ထလိုက်၏။

ထို့နောက် ဒယီးဒယိုင်ဖြင့် ဘုံကျောင်းအပြင်ဘက်သို့ လူများကြားမှ တိုးဝှေ့ပြေးထွက်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကျောင်းဝသို့ ရောက်သောအခါ ဘုန်းကြီးကျောင်းတံခါးကို လက်ဖြင့်ထောက်ရင်း အားပြု၍ရပ်လိုက်၏။

ထိုသို့မရပ်ဘဲ ရှေ့ဆက် ပြေးထွက်သွားမည်ဆိုလျှင် လမ်းပေါ်၌ ရှပ်မျက်ဆင်းဖျက်ဖြစ်အောင် လဲကျသွားမည်လား မခန့်မှန်း နိုင်ပါ။

ထိုလူ၏မျက်နှာတစ်ခုလုံး ချွေးသီး ချွေးပေါက်များ စို့ လာ၏။

တံခါးကိုမှီကာရပ်ရင်း အသက်ပြင်းပြင်း ရှူရှိုက်နေမိ၏။

ဘုန်းကျောင်းသို့ရောက်လာသူများက သူ့အား မသိမသာ အကဲခတ်ကြည့်သွားကြပါ၏။

ထိုလူသည် မျက်လုံးမှိတ်ကာ စိတ်တည်ငြိမ်မှုရရှိရန် ကြိုးစား လိုက်၏။

အတော်ကလေး ကြာသောအခါ သူ၏ အသက်ရှူ မှန်လာ၏။ ပုံမှန် အနေအထားသို့ တဖြည်းဖြည်း ပြန်လည် ရောက်ရှိလာလေသည်။

ထိုအခါမှ ပင့်သက်ရှိုက်ကာ မျက်လုံးဖွင့်လိုက်လေသည်။

တံခါးပေါ်၌ ပန်းကနုတ်များဖော်ထားပြီး မှန်လာရှိ အထိမ်းအမှတ်အဖြစ် နဂါးတစ်ကောင်နှင့်ဒေါင်းတစ်ကောင် ရုပ်ပုံ ရေးဆွဲထားပေသည်။

ထိုလူ မျက်လုံးဖွင့်လိုက်သည်နှင့် နဂါးရုပ်ပုံကို သ သွား၏။



ထိုလူ၏ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွား၏။ ယောင်ယမ်းပြီး အင်္ကျီရင်ဘတ်ကြား လက်နှိုက်လိုက်၏။ လက်ပြန်ထုတ်လိုက် သောအခါ ပိုးပဝါတစ်ပိုင်း ပါလာသည်ကို တွေ့မြင်နိုင်ပေ သည်။

ထိုလူသည် ပိုးပဝါကလေးကို လက်နှစ်ဘက်ဖြင့် ဖြန့်ကြည့် လိုက်၏။

ပဝါတစ်ထည်ကို အလယ်မှ ထက်ပိုင်း ဆုပ်ဖြဲထားခြင်း ဖြစ်ပေသည်။

ပဝါပေါ်၌ ဒေါင်းတစ်ကောင်၏ရုပ်ပုံကို ရွှေချည်ငွေချည် ဖြင့် ထိုးထားလေသည်။

ထိုလူသည် ပဝါပိုင်းလေးကို အတန်ကြာအောင် ငေးမော ကြည့်ပြီးမှ....

'ကျစ်းလန်ရယ်.... မင်း ဘယ်ရောက်နေပြီလဲကွယ်'

ဟု တိုးတိုး ရေရွတ်လိုက်လေသည်။

ပဝါပိုင်းကလေးကို အမြတ်တနိုး နမ်းရှုံ့လိုက်ပြီး အင်္ကျီ ရင်ဘတ်ကြား၌ တယုတယ ပြန်သိမ်းထားလိုက်လေသည်။

ဝေဒနာခံစားရသည့် အရိပ်အယောင်များ ကွယ်ပျောက် သွားပြီး မျှော်လင့်ခြင်း၊ အားတက်ခြင်း စသည့် အသွင် သဏ္ဌာန် ဖြစ်ပေါ်လာ၏။

ငေးငိုင်နေသည့်အသွင်မှ တက်ကြွရွှင်လန်းသည့် အသွင် ပြောင်းလဲသွား၏။

www.burmeseclassic.com

www.burmeseclassic.com



'ငါတွေအောင်ရွာမယ်'

ဟန်မပါပါဖြင့် တိုးတိုးရေရွတ်လိုက်ပြီး ဘုံကျောင်းမှ ထွက်လာခဲ့၏။

သူ၏ခြေထောက်အစုံ လမ်းမကြီးပေါ် ချမိလိုက်သည်နှင့် ရုတ်ရုတ်သဲသဲ အခြေအနေတစ်ခုကို တွေ့မြင်လိုက်ရလေတော့သည်။

လ

ယန်ခွမ်း၊ ချူးရှာနှင့် မီးသွေးတုံးတို့သည် လမ်းမကြီးအတိုင်း လျှောက်လာခဲ့ကြလေသည်။

သူတို့သုံးယောက်မှာ ယခင်ကလို ညစ်ပေပေကောင်လေးများ မဟုတ်ကြတော့ပါ။ လူကြားထဲ ဝင်ဆံ့နိုင်သည့် ဝတ်ကောင်းစားလှ ဝတ်ဆင်နိုင်ကြပြီ ဖြစ်ပေသည်။

ကိုယ်လုံးကိုယ်ထည် ထွားကျိုင်း လာခြင်းကြောင့်လည်း အသက်ဆယ့်ခြောက်နှစ်၊ ဆယ့်ခုနစ်နှစ်ခန့်သာ ရှိသေးသည့်တိုင်



အမှတ်တမဲ့ကြည့်လျှင် အသက်နှစ်ဆယ်ကျော် လူရွယ်များဟု ထင်မှတ်ရပေတော့သည်။

လမ်းမကြီးတစ်လျှောက် တွေ့ရသည့်လမ်းဘေး၌ ကျင်လည် ကျက်စားနေကြသူများသည် ယန်ခွမ်းတို့အား ဦးညွှတ် အရိုအသေ ပေးကြလေသည်။

ယန်ခွမ်းကအသိအမှတ်ပြုသည့်သဘောဖြင့် ဦးခေါင်းအသာအယာ ညိတ်ပြရုံမှလွဲ၍ ဘာမှမပြောဘဲ ဆက်၍ လျှောက်လှမ်းသွား၏။

သူတို့သည် ထမင်းတစ်လုတ် စားရဖို့အရေး လမ်းပေါ်၌ ပင်ပန်းကြီးစွာ ကျင်လည်ကျက်စားနေစရာမလိုတော့ပါ။

အရှေ့ပိုင်းနှင့် အနောက်ပိုင်း၌ ကျင်လည်ကျက်စားနေသူများထဲမှ ရှိရှိသမျှသည် စားမကုန် သောက်မကုန် ဖြစ်နေသည် မဟုတ်ပါလား။

သို့တိုင် ယန်ခွမ်းရယူသည့်ပမာဏသည် ဝူးတီနှင့်ကျားကြီးတို့ ရယူသည့် ပမာဏနှင့်စာလျှင် အပုံငါးဆယ်ပုံ တစ်ပုံမျှသာ ရှိပေသည်။

ထို့ကြောင့်လည်း အရှေ့ပိုင်းနှင့် အနောက်ပိုင်း မြေအောက် လောကသားများသည် ယန်ခွမ်းအား နှစ်သက်သဘောကျနေကြပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယန်ခွမ်း၏သတ္တိကိုလေးစားပြီး အားကိုးကြသည်။ သူတို့၏ခေါင်းဆောင်အဖြစ် ကျေကျေနပ်နပ်ကြီး လက်ခံကြပေတော့သည်။

မထင်မှတ်တဲ့ လောက်ချန်းမြို့မြေအောက်လောက၌ ယန်ခွမ်းအောင်မြင်လာခဲ့ခြင်း ဖြစ်လေသည်။

ယနေ့....

ယန်ခွမ်းတို့လည်း ညက မုအိနှင့် လေကုန်းတို့၏အဖြစ်ကိုသိရှိခဲ့ရခြင်းကြောင့် အခြေအနေ မည်သို့ရှိသည်ကို သိလိုသဖြင့် စနည်းနာရန် ထွက်လာခဲ့ကြခြင်း ဖြစ်ပေသည်။

သူတို့သုံးယောက် မြို့လယ်ဘုံကျောင်းနှင့် မနီးမဝေးသို့ရောက်လျှင် ချူးရှာက....

'ဟိုမှာကြည့်စမ်း၊ စုတ်ဖွားလေး တစ်ခုခုလုပ်တော့မယ်'

ဟု တစ်နေရာသို့ညွှန်ပြကာ ပြောလိုက်လေသည်။

ယန်ခွမ်းနှင့် မီးသွေးတုံးတို့ လှမ်းကြည့်လိုက်ကြ၏။

မှန်ပေသည်။ စုတ်ဖွားလေးသည် အမျိုးသမီးကြီး တစ်ဦးအနီးသို့ ချဉ်းကပ်သွားပြီး သူမ၏လက်ဆွဲခြင်းတောင်းထဲမှပိုက်ဆံအိတ်ကို နှိုက်ယူရန် ကြိုးစားနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ယန်ခွမ်း ရင်ထိတ်သွား၏။



'တော်တော်အတင့်ရဲပါလား'

ဟု စိုးရိမ်စွာ ရေရွတ်လိုက်၏။

ချူးရှာက....

'လမ်းပေါ်မှာ ကျင်လည်ကျက်စားနေတာပဲကွာ၊ သတ္တိရှိရမှာပေါ့ကွာ၊ ဒီလိုမှ အရဲစွန့်ပြီး မလုပ်ရဲဘူးဆိုရင် သူတို့အတွက် ဘာမှရနိုင်မှာမဟုတ်ဘူး'

ယန်ခွမ်း ပါးစပ်ပိတ်ထားလိုက်သည်။

မီးသွေးတုံးက စုတ်ဖွားလေးအား မျက်လုံးပြူးကြီးဖြင့် စိုက်ကြည့်နေရာမှ....

'ဟိုက်...ဒုက္ခပဲ၊ ပိုက်ဆံအိတ်က ခြင်းတောင်းနဲ့ ငြိနေတာနဲ့ ဟိုအဒေါ်ကြီး သိသွားပြီ'

ဟု လွှတ်ခနဲ ပြောလိုက်၏။

ယန်ခွမ်းနှင့် ချူးရှာတို့ လှုပ်လှုပ်ရှားရှားဖြစ်သွားကြ၏။

ကပျာကယာ လှမ်းကြည့်လိုက်ကြလေသည်။

ထိုအခါ မီးသွေးတုံး ပြောသကဲ့သို့ အမျိုးသမီးကြီးသည် စုတ်ဖွားလေး၏လုပ်ရပ်ကို သတိပြုမိသွားလေတော့သည်။

'ဟဲ့ကောင်လေး၊ နင်ဘာလုပ်တာလဲ၊ ငါ့ပိုက်ဆံအိတ်ကို [illegible]တ်တယ်မပေါ့လေ'

ချက်ချင်း ရန်တွေ့လိုက်၏။

www.burmeseclassic.com



စုတ်ဖွားလေးသည် လူမိသွားပြီဖြစ်၍ အခြေအနေ ဟန်မှန်း သိသော်လည်း ပိုက်ဆံအိတ်ကို လိုချင်မက်မောနေပြီ ဖြစ်ရာ အတွင်းပင် ဆွဲလိုက်သည်။

ပိုက်ဆံအိတ် လက်ထဲရောက်လာသည်နှင့် ချာခနဲလှည့်ကာ ထွက်ပြေးလေတော့သည်။

အမျိုးသမီးကြီးမှာ ပိုက်ဆံအိတ်ပါသွားသည်ဖြစ်ရာ...

'လုပ်ကြပါဦး၊ ပိုက်ဆံအိတ် လုပြေးသွားပြီ၊ လုပ်ကြပါဦး' ဟု အသံကုန် ဟစ်အော်လိုက်၏။

သူမ၏အသံကြောင့် လမ်းသွားလမ်းလာများ သတိပြုမိသွားကြလေသည်။

'သူခိုး တဲ့ကွ'

'ဟိုမှာ....ဟိုမှာ'

'ဟေ့...အဲဒီကောင်လေးကို မလွှတ်စေနဲ့'

'လိုက်ဟ....လိုက်ဟ'

ဆူဆူညံညံအသံများ တစ်ခဲနက် ထွက်ပေါ်လာသည်။

လူအုပ်ကြီးသည် စုတ်ဖွားလေးအား ဝိုင်းဝန်းဖမ်းဆီးရန် ကြိုးစားကြလေသည်။

ယန်ခွမ်း ထိတ်လန့်သွား၏။

'အကွာ... စုတ်ဖွားလေး လွတ်မှာမဟုတ်ဘူး'

ဟု ညည်းညူလိုက်၏။



မီးသွေးတုံးက....

'ငါတို့ ဝင်ကူရင်ကောင်းမှာ'

ဟု ပြောလေသည်။

ချူးရှာတူ ကမျှာကယာ တားမြစ်လိုက်၏။

'ဟာ...မဖြစ်ဘူး၊ စုတ်ဖွားလေးကိုဝင်ကူရင် လူအုပ်ကြီးက ငါတို့ကိုပါ ချမ်းသာပေးမှာမဟုတ်ဘူးကွ၊ စုတ်ဖွားလေး လွတ်မှာမဟုတ်တဲ့အပြင် ငါတို့တောင် ဒုက္ခရောက်ရဦးမယ်'

ယန်ခွမ်းနှင့် မီးသွေးတုံးတို့ အားမလိုအားမရ ဖြစ်သွားကြသော်လည်း ကူသင့် မကူသင့် ဝေခွဲမရ ဖြစ်သွားကြလေသည်။

ထိုအချိန်မှာပင်...

'မင်းဘယ်ပြေးမလဲကွ'

လူအုပ်ကြီးသည် စုတ်ဖွားလေးအား ဝိုင်းမိသွားကြပြီး အတင်းဝင်ရောက် ဖမ်းဆီးကြလေသည်။

စုတ်ဖွားလေး မည်သည့်နည်းနှင့်မျှ မလွတ်နိုင်တော့ပါ။

ယန်ခွမ်းတို့၏ မျက်စိရှေ့မှောက်၌ပင် လူအုပ်ကြီးလက်ထဲ ရောက်ကာ အဖမ်းခံလိုက်ရလေတော့သည်။

'ခွေးကောင်...မင်းကို ဆုံးမရမယ်'

'ဟိုတစ်ခါ ငါ့ပိုက်ဆံအိတ်ပျောက်သွားတာ ဒီကောင်သာ ခိုးတာ ချက်ပဲနေမယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်ဟေ့၊ ငါ့ဆိုင်ကပစ္စည်းတွေပျောက်တာ ဒီကောင့်လက်ချက် ဖြစ်မယ်'

'တောက်...နွေခင်းကြောင်တောင် အတင့်ရဲလိုက်တာ၊ မှတ်သွားအောင် ဆုံးမကြစမ်းကွာ'

'ဟုတ်တယ်၊ ချစမ်းကွာ'

တစ်ယောက်နှင့်တစ်ယောက်အော်ပြောလိုက်ကြပြီး ဝိုင်းဝန်းထိုးကြိတ်ကန်ကျောက်လိုက်ကြလေသည်။

'ဖုန်း'

'ခွပ်'

'အောင်မယ်လေး...သေပါပြီဗျ'

စုတ်ဖွားလေးမှာ မြေပေါ်လိမ့်ကာ ယော်သံပါအောင်အော်ဟစ်နေလေသည်။

ယန်ခွမ်း မျက်နှာပျက်သွား၏။

'ငါတို့ သွားကူမှပဲ'

မီးသွေးတုံး ထောက်ခံလိုက်လေသည်။

'ဟုတ်တယ်၊ သူသေသွားလိမ့်မယ်ကွ'

ချူးရှာတူမှု ကန့်ကွက်လေသည်။

'တို့သွားကူရင် လူတွေကဝိုင်းပြီး ရန်လုပ်မှာပေါ့'

ယန်ခွမ်းက သူ့အား စိုက်ကြည့်လိုက်ပြီး....



'ချူးရှာ၊ သူက ပိုက်ဆံအိတ်ကို ခိုးမယ်ဆိုရင် ငါတို့အတွက်ကော ဝေစုမရဘူးလား'

ဟု မေးလိုက်၏။

ချူးရှာ ပါးစပ်ပိတ်ဆွဲလိုက်လေသည်။

မီးသွေးတုံးက....

'ပိုက်ဆံအိတ်ထဲပါတဲ့ ငွေရဲ့ ဆယ်ပုံတစ်ပုံကို ငါတို့ ကျိန်းသေရမှာပေါ့ကွာ'

ဟု ဝင်ပြောလေသည်။

ယန်ခွမ်းက....

'သူက အသက်နဲ့ရင်းပြီး ယူလာတာကို ငါတို့က အမြိုင်သားယူပြီး သူ့ဒုက္ခရောက်တဲ့အခါ လျစ်လျူရှုထားလို့ တရားပါမလား'

ချူးရှာ ဘာမျှမပြောချေ။

ယန်ခွမ်း ပြုံးလိုက်သည်။

'ငါက ဘယ်တော့မှ လက်ပိုက်ကြည့်နေမှာမဟုတ်ဘူး'

စကားဆုံးလျှင် လှမ်းထွက်သွားရန် ခြေလှမ်း ပြင်လိုက်လေသည်။

ချူးရှာ လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။

'ယန်ခွမ်း၊ ခဏနေပါဦးကွာ'

ဟု ကပျာကယာ ဟန့်တားလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယန်ခွမ်းက လှည့်ကြည့်လိုက်လေသည်။

ချူးရှာက....

'ခုလိုအဖြစ်မျိုးတွေ ရှိနေပါပြီကွာ၊ တစ်ခုပဲရှိတယ်၊ မင်းက သူ့ကို ကူညီချင်တယ်ဆိုရင်တော့ အကြမ်းနည်းမသုံးဘဲ အနုနည်းနဲ့ ကူညီရမှာကွ'

'မင်း ဘာပြောချင်သလဲ၊ ရှင်းရှင်းပြောစမ်းပါကွ'

'ငါ ရှင်းပြရင် အချိန်ကုန်နေမယ်၊ ကဲ...မင်းတို့ စောင့်ကြည့်နေကြပေါ့၊ ငါ သူ့ကို သွားကူညီမယ်'

'မင်း ဘာလုပ်မလို့လဲ'

'စိတ်ချစမ်းပါကွ၊ သူလွတ်သွားရင်ပြီးရော မဟုတ်လား'

'ငါလဲ လိုက်မယ်'

ယန်ခွမ်းက ရှေ့သို့ လှမ်းထွက်လိုက်၏။

ချူးရှာက လက်ကာပြလိုက်သည်။

'ယန်ခွမ်း...မင်းက ခေါင်းဆောင်ကွ၊ ခေါင်းဆောင်ဆိုတာ ကိုယ့်ဒုနာနဲ့ကိုယ် နေရတာ၊ ခုလိုနေရာမျိုးမှာ မင်းကိုယ်တိုင် ဝင်ပါစရာမလိုဘူး၊ မင်းရဲ့ အခကာတာဝန်ဟာ မှုအိုကို ရှင်းဖို့ပဲ'

ယန်ခွမ်း ငိုင်သွားလေသည်။

မီးသွေးတုံးက....

'ယန်ခွမ်း လိုက်လို့ မဖြစ်ဘူးဆိုရင် ငါလိုက်မယ်'

ဟု ပြောလေသည်။



ချူးရှာက....

'ခေါင်းဆောင်နားမှာ ကူညီမယ့်လူတစ်ယောက် အမြဲ ရှိရတယ်ကွ၊ ဒီလိုမှမရှိရင် ခေါင်းဆောင်ဟာ အသေးအဖွဲ့တွေက အစ ကိုယ်တိုင်ထလုပ်နေရတော့မှာပေါ့'

မီးသွေးတုံး ငြိမ်သွားလေတော့သည်။

ချူးရှာက....

'ကဲ...မင်းတို့ကြည့်နေ၊ စုတ်ဖွားလေးကို ငါ တယ်ထုတ်ပြမယ်'

ဟု ပြောကာ ခပ်သွက်သွက် ထွက်သွား၏။

ယန်ခွမ်းနှင့် မီးသွေးတုံးတို့ ငေးကြည့်ရင်း ကျန်ရစ်ခဲ့လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အဖြူရောင်ဝတ်ဆင်ထားသူသည် ရုတ်ရုတ်သဲသဲအခြေအနေကြောင့် မျက်မှောင်ကုပ်သွားလေသည်။

လူအုပ်ကြီးသည် စုတ်ဖွားလေးအား ဝိုင်းဝန်း ထိုးကြိတ် ကန်ကျောက်နေကြလေသည်။

စုတ်ဖွားလေးကား အော်ပင် မအော်နိုင်တော့ပါချေ။

မျက်နှာတစ်ခုလုံး သွေးချင်းချင်း နီရဲသွားပြီး ဖျော့ဖျော့ကလေး ကျန်တော့၏။

အဖြူရောင်ဝတ်ထားသူ မနေနိုင်တော့ပါချေ။

ရှေ့သို့ ခပ်သွက်သွက် လှမ်းထွက်လိုက်ပြီး....

'ရပ်လိုက်စမ်း'

ဟု ငေါက်လိုက်လေသည်။

သူ၏ အသံကြောင့် လူအုပ်ကြီး ရှဲသွား၏။

ချက်ချင်းပင် လှည့်ကြည့်လာကြလေသည်။

ထိုလူက....

'ခင်ဗျားတို့ ဆက်ပြီး ရိုက်နှက်နေမယ်ဆိုရင် သေသွား[illegible] ရှိတော့တယ်၊ တော်လောက်ဖို့ကောင်းပြီ'

ဟု ပြောလိုက်လေသည်။

ထိုအခါ အချို့ လူများ နောက်ဆုတ်သွားကြသော်[illegible] အချို့က မကျေမနပ် ဖြစ်သွားကြသည်။



'ခင်ဗျားနဲ့ ဘာဆိုင်လို့လဲ'

'သူခိုး...ချမိုးလေးတွေကို ဒီလို မဆုံးမဘဲ ထိုင်ရှိခိုးရမှာလား ဗျ'

'ဆန်ကုန်မြေလေးတွေ၊ သေသွားလဲ အေးတာပဲ'

ဟူ၍ တစ်ယောက်တစ်ပေါက် ပြောလိုက်ကြလေသည်။

အဖြူရောင်ဝတ်ထားသူက...

'သူသေသွားရင် ခင်ဗျားတို့ အားလုံး အပြစ်ပေးခံရလိမ့်မယ်'

'ဘာ...ဘာပြောတယ်'

'မင်းက ဘယ်သူလဲ၊ ဘာရှုပ်တာလဲ'

'အို...သူလဲ သူခိုးလေးရဲ့ အပေါင်းအဖော် ဖြစ်မှာပေါ့'

မကျေမနပ် ပြောဆိုသံများ ကျက်ကျက်ညံသွားလေသည်။

အဖြူရောင်ဝတ်ထားသူက....

'ကျုပ် ဘယ်သူဆိုတာ အရေးမကြီးဘူး၊ သူက မကောင်းတာလုပ်ရင် တရားဥပဒေအရ သူ့ကို ထိုက်တန်တဲ့ အပြစ်ဒဏ်ပေးရမှာပါ၊ ဒီလိုပေးရင်ဖို့ မြို့တော်ဝန်မှာပဲ အခွင့်အာဏာရှိတယ်၊ ခင်ဗျားတို့ လုပ်ချင်တိုင်း လုပ်လို့မရဘူး၊ သူ့ကို ဝိုင်းနှက်[illegible] ဆက် မြို့တော်ဝန်ဆီပို့ပြီး တရားဥပဒေရဲ့ အဆုံးအမခံယူခိုင်းတာ တရားမျှတမှု အရှိဆုံးပဲ၊ ခင်ဗျားတို့ ကိုယ့်သဘောနဲ့ကိုယ် လုပ်ချင်ရာ လုပ်မယ်ဆိုရင် ခင်ဗျားတို့မှာလဲ အပြစ်ရှိလာလိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com



သူ၏ စကားကြောင့် မကျေမနပ် ဖြစ်နေသူများ ငြိမ်ကျသွားလေသည်။

ထိုလူက...

'ဘုရင်မင်းမြတ်ရဲ့ ဘုန်းရိပ်အောက်မှာ ခိုလှုံနေကြတဲ့လူတိုင်း တရားဥပဒေကို လေးစားလိုက်နာကြရမယ်၊ ဥပဒေဘောင်ကို ကျော်ပြီး ကိုယ်လုပ်ချင်ရာ လုပ်လို့မရဘူး၊ ကဲ...သူ့ကို မြို့တော်ဝန်ဆီ ခေါ်သွားကြပေတော့'

ဟု ပြောလိုက်လေသည်။

ထို့နောက် ချာခနဲ လှည့်ထွက်သွား၏။

လူအုပ်ကြီးသည် ထိုလူအကြောင်း တီးတိုး ဝေဖန်ပြောဆိုရင်း ကျန်ရစ်ခဲ့လေသည်။

ထိုအချိန်မှာပင် ချူးရှာသည် လူအုပ်ကြီးအတွင်းသို့ တိုးဝှေ့ဝင်လာပြီး စုတ်ဖွားလေး အနီးသို့ ရောက်ရှိလာလေသည်။

စုတ်ဖွားလေးမှာ လူအုပ်ကြီး လက်ချက်ကြောင့် သွေးသံရဲရဲဖြင့် သတိလစ်နေပြီ ဖြစ်လေသည်။

ချူးရှာသည် ဟိုဟိုသည်သည် အကဲခတ် ကြည့်လိုက်ပြီးလျှင်....

'ဒုက္ခပဲ....ဒီကောင် သေသွားပြီဗျ'

ဟု အော်ပြောလိုက်၏။

သူ၏အသံကြောင့် လူများ ဝိုင်းကြည့်လာကြ၏။



စုတ်ဖွားလေးမှာ မလှုပ်မယှက်ငြိမ်သက်နေရကားအမှတ်တမဲ့ကြည့်လျှင် သေဆုံးသွားပြီဟု ထင်မှတ်ရလေသည်။

'ဘယ်သူ့ လက်ချက်ကြောင့် သူသေသွားရတာလဲ'

ချူးရှာက ခပ်တည်တည် အော်မေးလိုက်၏။

ဤတွင် လူအုပ်ကြီး လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

သူမဟုတ်ဘူး၊ ငါမဟုတ်ဘူးဖြင့် ဝိုင်း၍ ထိုးကြိတ်ခဲ့သူများကော ရပ်ကြည့်နေခဲ့သူများပါ ခါးခါးသီးသီး ငြင်းဆန်ကြလေသည်။

ချူးရှာနှင့် စုတ်ဖွားလေးတို့ နှစ်ယောက်သာ ကျန်ရစ်ခဲ့ကြလေတော့သည်။

ထိုအခါမှ ချူးရှာသည် စုတ်ဖွားလေးကို ပခုံးပေါ် ထမ်းလိုက်ပြီး ယန်ခွမ်းတို့ထံသို့ ခပ်သွက်သွက် လျှောက်သွားလိုက်လေတော့သည်။

....၀....

www.burmeseclassic.com

www.burmeseclassic.com



နေဝန်းနီမှာ အနောက်ဘက်၌ ငုပ်လျှိုး ကွယ်ပျောက်သွားတော့မည် ဖြစ်ပေသည်။

ဆည်းဆာရောင်ခြည်သည် သမားတော် ဝမ်းယုံ၏ ခြံဝင်းအတွင်းသို့ ထိုးကျနေ၏။

ယန်ခွမ်းသည် အိမ်ရှေ့ ကျောက်လှေကားထစ်ပေါ်၌ ထိုင်နေသည်။ အိမ်ထဲတွင် သမားတော်ဝမ်းယုံသည် စုတ်ဖွားလေးကို အစွမ်းကုန် ကုသပေးနေပြီ ဖြစ်လေသည်။

ချူးရှာနှင့် မီးသွေးတုံးတို့သည် သမားတော် ဝမ်းယုံအား ကူညီရန် အသင့်ရှိနေကြပေလိမ့်မည်။

သမားတော်ဝမ်းယုံ၏ ဆေးပညာအစွမ်းကို ယုံကြည်စိတ်ချထားသဖြင့် စုတ်ဖွားလေးအတွက် ယန်ခွမ်း မပူတော့ပါ။

ထို့အပြင် သူ့အတွက် တွေးတောစဉ်းစားစရာများ ရှိနေသည် မဟုတ်ပါလား။

သမားတော်ဝမ်းယုံ၏ အိမ်ရှေ့ ကျောက်လှေကားထစ်များပေါ်၌ တစ်ယောက်တည်း ထီးရှင်း ငိုင်နေမိ၏။

သူ၏ မျက်ဝန်းထဲ၌ အဖြူရောင် ဝတ်ဆင်ထားသူအား မြင်ယောင်နေမိလေသည်။ ထိုလူမှာ ဥပဓိရုပ် တည်ကြည်ခန့်ညားလှသည်။

မျှတသော စိတ်ထားရှိသူ၊ ရဲဝံ့သူဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေ၏။

ထိုလူအား တွေ့မြင်လိုက်ရသည်နှင့် သူ၏စိတ်ထဲ၌ အလိုလိုသိယောဇဉ်တွယ်တာလာမိလေသည်။



ထိုလူနှင့် ခင်မင်ရင်းနှီးလိုစိတ်များလည်း ဖြစ်ပေါ်လာလေသည်။

ယန်ခွမ်းသည် တွေးရင်းတွေးရင်း ပဝါပိုင်းကလေးကို သတိရလာပြန်သည်။

ထို့ကြောင့် အင်္ကျီရင်ဘတ်ကြားသို့လှက်နှိုက်ကာဘူးကလေးကို ထုတ်ယူလိုက်၏။

ဘူးထဲ၌ ပဝါပိုင်းတစ်ခု ရှိနေပါ၏။

ယန်ခွမ်းသည် ပဝါပိုင်းကလေးကို တမာတယ ကိုင်ရင်း စိုက်ကြည့်မိ၏။

ပဝါပေါ်မှ နဂါးရုပ်ပုံသည် ယခုချက်ချင်းပင် ဆက်ဝင်လှုပ်ရှားလာတော့မည် ထင်မှတ်ရပေသည်။

ယန်ခွမ်းသည် ပဝါကလေး၏ စုတ်ပြဲနေသည့် အနားစကို လက်ဖြင့် ပွတ်သပ်မိပြန်ပါသည်။

ပဝါတစ်ထည်ကို အလယ်မှ တစ်ဝက်ပိုင်းဖြတ်ထားသည် ဖြစ်ရာ သူ့တွင် တစ်ပိုင်းရှိနေသလို အခြားတစ်ယောက်၌လည်း ပဝါတစ်ပိုင်း ရှိနေပေလိမ့်မည်။

သူ၏ပဝါတွင် နဂါးရုပ်ပုံအခုတ်အသားပါရှိပြီး ကျန်ပဝါတစ်ပိုင်း၌ ဒေါင်းရုပ်ပုံ ပါရှိလေသည်။

နဂါးနှင့် ဒေါင်းရုပ်သည် မင်္ဂလာရှိသော အမှတ်အသား မဟုတ်ပါလား။

ယန်ခွမ်း၏နားထဲ၌ မိခင်ဖြစ်သူပြောသွားသည့် စကားများ ပဲ့တင်ထပ်မြည်ဟည်းလာသည်။

www.burmeseclassic.com

www.burmeseclassic.com



'သား....မင်းဖေဖေရဲ့နာမည်ဟာ ယန်ယင်းပင်လို့ခေါ်တယ်၊ သားဖေဖေဆီမှာ ခေါင်းရုပ်ပဝါတစ်ပိုင်းရှိတယ်ကွယ့်၊ ပြည်မကို သွားပါ၊ သားဖေဖေကို တွေ့အောင်ရှာပါ'

ယန်ခွမ်းသည် ယောင်ယမ်းပြီး နားနှစ်ဘက်ကို လက်ဖြင့် ပိတ်ထားမိသည်။

'သား တွေ့အောင်ရှာပါ့မယ် မေမေရယ်'

ဟုလည်း လွှတ်ခနဲ ပြောလိုက်မိသည်။

ထိုအချိန်မှာပင် ခြေသံများ ထွက်ပေါ်လာ၏။

အခေါက်အအုံအတွင်းမှ မီးသွေးတုံးနှင့် ချူးရှာတို့ ထွက်လာကြလေသည်။

ယန်ခွမ်း သတိပြန်ဝင်လာသည်။

ပဝါပိုင်းကလေးကို သိမ်းဆည်းထားလိုက်ပြီး....

'အခြေအနေ ဘယ်လိုလဲ'

ဟု လှမ်းမေးလိုက်၏။

မီးသွေးတုံးက....

'သတိရလာပြီကွ၊ တစ်လလောက်တော့ အိပ်ရာထဲမှာ နေရမယ်လို့ ပြောတယ်၊ စိုးရိမ်စရာ မရှိတော့ပါဘူး'

'ဟူး....တော်ပါသေးရဲ့'

ယန်ခွမ်း သက်ပြင်းချလိုက်မိသည်။

ချူးရှာက....

'ယန်ခွမ်း၊ ငါတို့တောင်လေးတွေက ဘာပြောနေသလဲ မင်းသိသလား'



ယန်ခွမ်း မျက်မှောင်ကြုပ်သွား၏။

'ဘာတွေများ ပြောနေကြလို့လဲကွ'

'မင်းအကြောင်းပေါ့၊ မင်းဟာ ခေါင်းဆောင် ပီသတယ်၊ ကိုယ့်လူတစ်ယောက် ဒုက္ခရောက်နေတာကို ပစ်မထားဘဲ ကယ်တင်ခဲ့တယ်၊ အရင်က ခေါင်းဆောင်တွေနဲ့ လုံးလုံးမတူတဲ့ ခေါင်းဆောင်ဖြစ်လို့ မင်းရဲ့လက်အောက်မှာ နေရတာကိုပဲ ကျေနပ်စရာကောင်းလှပြီလို့ ပြောနေကြတယ်'

ယန်ခွမ်း သက်ပြင်းချလိုက်မိ၏။

သူ၏ဘဝသည် မမျှော်လင့်ဘဲ မြေအောက်လောက၏ခေါင်းဆောင်တစ်ယောက်အဖြစ်ကို ရရှိခဲ့သည့်ဘဝ ဖြစ်ပေသည်။

လူကောင်းများကြား၌ မျက်နှာမလှဘဲ လူဆိုးများကြား၌ ချီးကျူးထောပနာပြုခြင်း ခံရသည့်အဖြစ်မှာ ရယ်စရာကောင်းလှသည်ဟု တွေးမိလေသည်။

ချူးရှာ ဆက်ပြောလိုက်သည်။

'မြောက်ပိုင်းက လူတွေဟာ မင်းလက်အောက်ကို ဝင်လာချင်တယ်လို့ သတင်းလွှင့်နေကြတယ်၊ လေ့ကုန်းမရှိတော့တဲ့ နောက်ပိုင်း မုအိနဲ့ မပေါင်းချင်ကြဘူး၊ ဆရာမတင်ချင်ကြဘူး၊ မင်းကိုပဲ သဘောကျနေကြတယ်၊ မုအိကို အံတုနိုင်တာ မင်းပဲရှိလို့ အားကိုးနေကြတယ်လို့ သတင်းတွေထွက်နေတယ်'

မီးသွေးတုံးက....

'မင်းက ခေါင်းဆောင် ဆိုပေမယ့် ကိုယ့်လူတွေအပေါ် ဘယ်လို သဘောထားတယ် ဆိုတာ လူတိုင်း သိနေကြပြီကွ

www.burmeseclassic.com



ဒါကြောင့် မင်းကိုသဘောကျနေကြတယ် ယန်ငွမ်း၊ မင်းအတွက် ဘဝတိခွန်လှုင့်ဖို့ အခွင့်အရေးပေါ်လာပြီ၊ မုအိုကို ဖယ်ရှားပစ်လိုက်ရုံ လောက်ချန်းမြို့ တစ်မြို့လုံး မင်းရဲ့ ဩဇာအောက်ကို ရောက်လာရတော့မှာပဲ'

ယန်ငွမ်း ပခုံးတွန့်လိုက်သည်။

'ငါက လောက်ချန်းမြို့ရဲ့ မြေအောက်ရာဇာကြီး ဖြစ်လာမယ် ဆိုပါတော့'

ချူးရှာ ခေါင်းညိတ်လိုက်လေသည်။

'မှန်တာပေါ့ကွ၊ အခုအချိန်ကစပြီး ကြီးတင့်မြင့်ဆင်မှုတွေ လုပ်သွားရတော့မယ်၊ ငါ တစ်ခါပြောပြခဲ့တဲ့ အကြံအစည်တွေကို မှတ်မိတယ်မဟုတ်လား၊ ငါတို့ဟာ ပိုရမ်းပတာမနေဘဲ စည်းနဲ့ကမ်းနဲ့ စည်းလုံးညီညွတ်ကြမယ်ဆိုရင် ရေရှည်သွားနိုင်မယ်၊ တို့ကို လွယ်လွယ်နဲ့ ဖြိုခွဲလို့ မရနိုင်တော့ဘူး၊ စုဘ်ဖွား လေးလိုက်စွမ်းတွေလဲ ဖြစ်လာစရာအကြောင်း မရှိတော့ဘူး'

မီးသွေးတုံးက ချူးရှာအား စိုက်ကြည့်ရင်း...

'ဘာလဲ... နှလုံးရည်ကော လက်ရုံးရည်ပါ ပြည့်စုံသူတွေနဲ့ အနစ်တကျဖွဲ့စည်းပြီး တရားမဝင် စီးပွားရေးလုပ်ငန်းတွေလုပ်မယ့် လူဆိုးဂိုဏ်းကြီးတစ်ဂိုဏ်းကို ထူထောင်ဖို့ဆိုတဲ့ အကြံအစည် မဟုတ်လား'

ချူးရှာ ပြောပြခဲ့သည့် အကြံအစည်ကို မမေ့သေးဟန်ဖြင့် မေးလိုက်၏။



ချူးရှာက...

'မှန်တာပေါ့ကွာ၊ ငါတို့ဟာ လမ်းပေါ်မှာ ကျင်လည်ကျက်စားနေတဲ့ အပေါစားလူဆိုးလေးတွေဘဝကနေ တကယ့် စည်းကမ်း စနစ်တကျ ဖွဲ့စည်းထားတဲ့ ဂိုဏ်းကြီး တစ်ဂိုဏ်းကို ဦးဆောင်နေသူတွေ ဖြစ်လာရမယ်၊ လောက်ချန်းတစ်မြို့လုံးကို ဩဇာလွှမ်းမိုးနိုင်ပြီဆိုရင် ငါပြောသလိုလုပ်ဖို့ လွယ်သွားပါပြီ၊ အဓိကကတော့ မုအိုပဲ'

အဲဒီစကားအဆုံးတွင် ယန်ငွမ်းက...

'သူ့ကို ငါ ဖယ်ရှားလိုက်ပါမယ်'

ဟု တိုးတိုးပြောလိုက်၏။

မီးသွေးတုံး၏ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွားသည်။

ယန်ငွမ်းအား တစ်ကြိမ်တစ်ခါမှ မမြင်ဖူးသည့် သူစိမ်းတစ်ယောက်အဖြစ် မျက်လုံးပြူးကာ ကြည့်လိုက်လေသည်။

ယန်ငွမ်းအား ရောမလူဆိုးဂိုဏ်းကြီး တစ်ခု၏ ခေါင်းဆောင် အဖြစ် မြင်ယောင်လာဖြင်းဖြစ်ပေသည်။

သူ ငေးမောကြည့်နေစဉ်မှာပင် ယန်ငွမ်းက...

'လောက်ချန်းမြို့မှာ လူဆိုးတွေ ရှိနေဦးမှာပဲ၊ ဒါပေမယ့် ခိုးဆိုးတိုက်ခိုက်နေတဲ့ လူဆိုးတွေ မဟုတ်တော့ဘူး၊ ကိုယ်ဆိုး ကိုယ့်အနန်နဲ့ စီးပွားရှာနေတဲ့ လူဆိုးတွေပဲဖြစ်လိမ့်မယ်၊ ဒီလို ပြောင်းလဲသွားတာနဲ့ အများ အမြင်မရှိတဲ့ မြို့သူမြို့သားတွေ အေးအေးချမ်းချမ်းနေရလိမ့်မယ်၊ သူတို့အိတ်ထဲကငွေ ရှစ်ပြား

www.burmeseclassic.com



တစ်ချပ်တောင် မတရား ဆိုးရွားစရာအကြောင်း မရှိတော့ဘူး၊ နိုင်ငံထက်စီးနင်း လုပ်တာတွေလဲ လျော့ပါးသွားလိမ့်မယ်'

ဟု စကားအရှည်ကြီး ပြောလိုက်၏။

ချူးရှာ၏အကြံအစည်ကို သူက စိတ်ပါလက်ပါ သဘောတူလိုက်ပြီ ဖြစ်လေသည်။

ချူးရှာ၏မျက်နှာ ပြုံးရွှင်သွား၏။

'ယန်ခွမ်း၊ ငါတို့ရဲ့ အဖွဲ့အစည်းကို နာမည်တစ်ခုတော့ ပေးထားမှဖြစ်မယ်၊ ဒါမှ နာမည်ကြားတာနဲ့ လူတိုင်းသိနေမယ်၊ လေးစားလာကြလိမ့်မယ်'

'နာမည်...ဟုတ်လား'

'ဟုတ်တယ်၊ နာမည်တစ်ခုလိုနေတယ်'

မီးသွေးတုံးက...

'မင်းက ဉာဏ်ကြီးရှင်ပဲ၊ မင်းပဲစဉ်းစားပါလား'

ဟု ဝင်ပြောလေသည်။

စုတ်ဖွားလေးအား ဖြစ်ထိုးဉာဏ်သုံးတာ ကယ်တင်နိုင်ခဲ့ခြင်းကြောင့် ချူးရှာအား မီးသွေးတုံးကော၊ ယန်ခွမ်းကပါ သဘောကျနေကြလေသည်။

ချူးရှာ ခေါင်းယမ်းလိုက်သည်။

'ငါစဉ်းစားလို့ မရသေးဘူးကွ'

ဤတွင် ယန်ခွမ်းက....

'ဒေါင်းနဂါးဆိုရင်ကော....'

ဟု လွတ်ခနဲ ပြောလိုက်၏။



သူ့ဘာဝအတွက် အမှတ်အသားသည် ပဝါမိုင်းနှစ်ခုပေါ်မှ ဒေါင်းပုံနှင့် နဂါးပုံ ဖြစ်လေသည်။

ဒေါင်းနှင့်နဂါးသည် သူနှင့်ခွဲခြားမရသည့် အမှတ်အသားများ ဖြစ်နေသည် မဟုတ်ပါလား။

ချူးရှာ၏ မျက်လုံးများ အရောင်တွာဖိတ်ဖိတ် ဝင်းလက်တောက်ပလာလေသည်။

'ဒေါင်းနဂါး ဟုတ်လား၊ တကယ့်ကို မင်္ဂလာရှိတဲ့ အမှတ်အသားပေါ့ကွာ၊ ငါတို့ဒေါင်းနဂါးအဖွဲ့ဟာ လောကချန်းမြို့မှာသာမက ပြည်မတစ်ခွင် လျှမ်းလျှမ်းတောက် ကျော်ကြားမယ့် အဖွဲ့ကြီးဖြစ်လာမယ်လို့ ငါပြောရဲတယ်ကွ'

ဟု ဝမ်းသာအားရ ပြောလိုက်လေသည်။

'ဒေါင်းနဂါး' ဆိုသည့်အမည်ကို ချူးရှာက ထောက်ခံလိုက်သကဲ့သို့ မီးသွေးတုံးကလည်း လက်ခံလိုက်လေသည်။

မီးသွေးတုံးက....

'ဒေါင်းနဂါးဆိုတဲ့နာမည် အသုံးပြုဖို့ အခက်အခဲတစ်ခုပဲ ကျန်တော့တယ်၊ မှတ်ထားကွာ၊ သူ့ကိုဖယ်ရှားပြီးမှ ဒီနာမည်ကို သုံးတာ ပိုကောင်းမယ်'

ဟု ပြောလိုက်၏။

ယန်ခွမ်း ခေါင်းညိတ်လိုက်သည်။

'စိတ်ချပါကွာ၊ ငါသူ့ကို ဖယ်ရှားပစ်လိုက်ပါမယ်'

'နေဦး၊ မင်းသေသေချာချာစဉ်းစားဖို့ လိုတယ်နော်၊ မှိုအိကအင်မတန်ပါးနပ်တယ်ကွ၊ လွေ့ကုန်းကို ဘယ်လိုရှင်းလိုက်တယ်ဆိုတာ မင်းလဲမြင်ခဲ့သားပဲ'

www.burmeseclassic.com

www.burmeseclassic.com



ယန်ခွန်းက....

'သူဟာသိုင်းပညာတတ်တယ်၊ ကောက်ကျစ်တယ်၊ ငါ့အနေနဲ့ သူ့ကိုဘယ်နည်းနဲ့မှ ယှဉ်နိုင်မှာမဟုတ်ဘူး၊ ဒါပေမယ့် သူ့ကို ငါအနိုင်ရမှာပါ၊ ဘာ့ကြောင့်လဲဆိုတာ မင်းတို့သိသလား'

ချူးရှောင်နှင့် မီးသွေးတားတို့ ပြိုင်တူခေါင်းခါယမ်းလိုက်ကြလေသည်။

'မသိဘူး၊ ပြောစမ်းပါဦး'

ယန်ခွန်းက....

'သူက ငါ့ကိုအထင်သေးနေလို့ပဲ'

ဟု ပြောလိုက်၏။

ရန်သူ၏ချို့ယွင်းချက်ကို သိရှိထားပြီး ရရှိသည့်အခွင့်အရေးကို အကျိုးရှိရှိ အသုံးချနိုင်မည်ဆိုပါက အောင်မြင်မှုသရဖူဆောင်းကာ ဘဝတံခွန်လွှင့်ထူနိုင်လိမ့်မည် မဟုတ်ပါလော။

....o....



ဖိတ်စာပေါ်၌...

မိတ်ဆွေနဂါးလေး ယန်ခွန်း....

မိတ်ဆွေနှင့် ခင်မင်ရင်းနှီးရသည့်အတွက် ထင်းမြောက်ဂုဏ်ယူသည့် အထိမ်းအမှတ်အဖြစ် ညစာဒါန်းမွေးလိုပါသဖြင့် ယနေ့နံနက်ပိုင်းအချိန်တွင် ရှင်ပျော်ပျော်စားသောက်ဆိုင်သို့ ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားပါသည်။

မှအာ—

လောက်ချန်းမြို့

ဟု ရေးသားထားလေသည်။

ဖိတ်စာကိုရရှိပြီးသည်နှင့် ယန်ခွန်း၊ မီးသွေးတားနှင့် ချူးရှောင်တို့သည် မြို့လယ်သို့ထွက်လာခဲ့ကြလေသည်။

ရှင်ပျော်ပျော် စားသောက်ဆိုင်မှာ မြို့လယ်၌တည်ရှိပေသည်။

လောက်ချန်းမြို့ကို လေးပိုင်းခွဲကာ ကိုယ့်နေရာနှင့်ကိုယ် မင်းမူနေခဲ့ကြသည့် ရူးတိ၊ ကျားကြီး၊ လွှကုန်းနှင့်မှဆိုးထံသို့ ပြဿနာတစ်စုံတစ်ခုပေါ်ပေါက်လာလျှင် ရှင်ပျော်ပျော်စားသောက်ဆိုင်ကို ဗဟိုချက်ထားကာ ကိုက်တစ်ရာပတ်လည်ကို အေးချမ်းသောနယ်မြေအဖြစ် သဘောတူ သတ်မှတ်ထားခဲ့ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအေးချမ်းသော နယ်မြေအတွင်းသို့ မည်သူမဆိုဝင်ရောက်မှင့် ရှိကြသော်လည်း အုပ်စုတစ်ခုနှင့်တစ်ခု ခိုက်ရန်ဖြစ်ပွားခြင်းနှင့်ဖြစ်စေရန် ရှောင်ရှားကြရပေသည်။

မည်သူကမျှ ထိုနယ်မြေတွင် ဒုစရိုက်မှု ကျူးလွန်ခြင်း မပြုရချေ။

အေးချမ်းသောနယ်မြေသည် လောက်ချန်းမြို့၏ မြေအောက်လောကသားများအတွက် ထင်ရှားသောနယ်မြေ ဖြစ်ခဲ့ပေသည်။

ယန်ခွမ်းတို့သည် အေးချမ်းသောနယ်မြေသို့ ဦးတည်ထွက်လာခဲ့ကြပေသည်။

သူတို့သုံးယောက် ရှင်ပျော်ပျော်စားသောက်ဆိုင်နှင့် မလှမ်းမကမ်းသို့ရောက်လာသောအခါ သူတို့ရှေ့မှဖြတ်သွားသည့် မြင်းစီးသမားတစ်ယောက်အား သတိပြုမိလိုက်ကြလေသည်။

ထိုမြင်းစီးသမားသည် အဖြူရောင်ဝတ်ဆင်ထားပြီး အနီရောင်ပန်းပွားများပါရှိသည့် ဓားတစ်လက် ခါး၌ချိတ်ထား၏။

ချူးရှောက ထိုလူအားမှတ်မိလိုက်ဟန်ဖြင့်....

'သူသာ လူအုပ်ကြီးကို ဝင်မတားရင် စုတ်ဖွားလေး စိစိညက်ညက်ကြေသွားမှာပဲ'

ဟု ရေရွတ်လိုက်လေသည်။



မီးသွေးတုံးက....

'ဟုတ်တယ်၊ သူ့ကိုကျေးဇူးတင်ရမှာပဲကွ'

သူတို့နှစ်ယောက်သည် ယန်ခွမ်း၏ သဘောထားကိုသိလိုသဖြင့် အကဲခတ်ကြည့်လိုက်ကြ၏။

အဖြူရောင် ဝတ်ဆင်ထားသူမှာ တရားဥပဒေကို ရှိသေလေးစားရန် ပြောသွားခဲ့သည် မဟုတ်ပါလား။

ဥပဒေ ဘက်တော်သားတစ်ယောက်အား ချီးကျူးနေမိကြခြင်း ဖြစ်သည်။

သူတို့သည် ဒုစရိုက်လောကသားများဖြစ်ကြ၍ ထိုလူအား ချီးကျူးနေခြင်းမှာ ရယ်စရာဖြစ်နေမည်ဟု နားလည်ထားကြသည်။

ယန်ခွမ်းကသာ သူတို့လက်ခံသလို ထိုလူအပေါ် လေးစားလက်ခံမည်ဆိုပါက ရယ်စရာဖြစ်နေသည့်တိုင် မည်သူမျှရယ်မောဝံ့ကြမည်မဟုတ်ဟု ယုံကြည်ထားကြလေသည်။

ယန်ခွမ်းသည် တဖြည်းဖြည်းဝေးသွားသည့် အဖြူရောင်ဝတ်ထားသူအား ငေးကြည့်ရင်း....

'ငါ့ရှာနေတဲ့ ယန်ယင်းပင်ဟာ ဒီလိုလူစားမျိုးဖြစ်ပါစေလို့ ငါဆုတောင်းပါတယ်ကွာ'

ဟု တီးတိုးရေရွတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



မီးသွေးတုံးနှင့် ချူးရှာတို့သည် ယန်ယင်းပင်ဆိုသည့် ဝက်သားသည့်အကြောင်း တွေးကာပြုံးမိလိုက်ကြ၏။

ထို့နောက် သုံးယောက်သား ရှင်ပျော်ပျော်စားသောက်ဆိုင်ဆီသို့ ဦးတည်လျှောက်သွားကြလေတော့သည်။

(ပထမပိုင်း-ပြီး၏)

ဒုတိယပိုင်း ဆက်လက်ဖတ်ရှုပါရန်

ရွှေအောင်

www.burmeseclassic.com